www.burmeseclassic.com

စာပေလောက အကျော်အမော်စာအုပ်

BURMESE CLASSIC

# မင်းလူ

# အကက်ဆေးချစ်သူ

(ဒုတိယအကြိမ်)

www.burmeseclassic.com

www.burmeseclassic.com

စာအုပ်စာတမ်း စာနယ်ဇင်း ခွင့်ပြုအမှတ်
[ ၅၀၀၉၉၁၀၅၀၈ ]
စာအုပ်စာတမ်း မျက်နှာဖုံး ခွင့်ပြုအမှတ်
[ ၅၀၁၂၄၅၀၅၁၀ ]

●

မျက်နှာဖုံး
ဖေညွန့်ဆဲ

---

ပုံနှိပ်ခြင်း
ပထမအကြိမ်
ဖေဖော်ဝါရီ၊ ၂၀၀၁
ဒုတိယအကြိမ်
(၅၀၀)

---

ထုတ်ဝေခြင်း
မတ်၊ ၂၀၀၇

---

စာအုပ်ချုပ်
ဖူးပွင့်မွှေး

●

ဦးမျိုးညွန့် (၇၁၄) စာပေလောက စာအုပ်တိုက်
အမှတ် ၁၇၃၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်
ရန်ကုန်မြို့က ထုတ်ဝေ၍
ဒေါ်ခင်လှ (၀၁၅၇၈)၊ စာပေလောကပုံနှိပ်တိုက်
အမှတ် ၁၇၃၊ ၃၃ လမ်း၊ ရန်ကုန်မြို့တွင်
မျက်နှာဖုံးနှင့် အတွင်းစာသားများ ပုံနှိပ်သည်။

## မာတိကာ


| | | |
|---|---|---|
| ၁။ | အက်ဆေးအကြောင်း အက်ဆေး | ၁ |
| ၂။ | လက်ဖက်ရည် | ၇ |
| ၃။ | လျှာ နှင့် ဆေး | ၁၇ |
| ၄။ | ကျွန်တော် နှင့် သတ္တဝါတစ်ခု | ၂၃ |
| ၅။ | ကဗျာနှင့် စတင် သိကျွမ်းရခြင်း | ၃၁ |
| ၆။ | အိမ်သာတစ်လုံး အလိုရှိသည် | ၄၂ |
| ၇။ | အလုံးကလေးတွေ | ၄၉ |
| ၈။ | အော့ / အော် | ၅၉ |
| ၉။ | ဝန်းဆိုးတန်းလမ်းလျှောက် | ၆၃ |
| ၁၀။ | ခန်းသလား မခန်းဘူးလား | ၆၉ |
| ၁၁။ | ဝရိသတ်အဖြစ် | ၇၅ |
| ၁၂။ | ကျွန်တော်နှင့်အစွယ် | ၈၂ |
| ၁၃။ | နှာမည်တစ်လုံးနှင့်လူ | ၉၂ |
| ၁၄။ | အိပ်မက်စာမေးပွဲ | ၁၀၃ |
| ၁၅။ | စိန်အလွမ်း | ၁၁၂ |
| ၁၆။ | အဖေ၊ ကျွန်တော်၊ ဆေးလိပ် | ၁၂၂ |
| ၁၇။ | သွားများကိုမနာအောင် နှုတ်ပေးမည် | ၁၃၆ |
| ၁၈။ | စာဖတ်သူ | ၁၄၅ |
| ၁၉။ | လူတို့၏ ဥယျာဉ် | ၁၅၄ |
| ၂၀။ | လောင်စာ | ၁၆၂ |
| ၂၁။ | ရှိုရင်ကော်င်းမယ် | ၁၇၀ |


www.burmeseclassic.com

www.burmeseclassic.com

## အက်ဆေးအကြောင်း အက်ဆေး

အက်ဆေးနှင့် ပတ်သက်၍ ပြည့်ပြည့်စုံစုံသိချင်လျှင် စာပေဗိမာန်မှ ထုတ်ဝေသော 'စာတမ်းငယ် စာတမ်းများ' စာအုပ်ကို ဖတ်ကြည့်သင့်သည်။ ဤဆောင်းပါးငယ်မှာတော့ အက်ဆေးအကြောင်းကို တစ်သလောက် မှတ်သလောက် ပြောပြပါမည်။

* * *

အက်ဆေးဆိုသည်မှာ အင်္ဂလိပ်ဘာသာစကား ဖြစ်၏။ မြန်မာလို စာစီစာကုံးဟု အများစုက နားလည်ထားကြသည်။ ကျောင်းသုံး ဝေါဟာရအဖြစ် သိနေကြခြင်းဖြစ်၏။ တကယ်တော့ ဒီ့ထက်မက အဓိပ္ပာယ်ကျယ်နိုးသည်။

တစ်ချိန်က အက်ဆေးကို 'အစမ်းစာ' ဟု ဘာသာပြန်ခဲ့ကြဖူးသည်။ သိပ်တော့ မတွင်ကျယ်ခဲ့။ နောက်တော့ 'စာတမ်း' ဟူသော အသုံးအနှုန်း

www.burmeseclassic.com

www.burmeseclassic.com



က တွင်ကျယ်လာခဲ့သည်။ သို့တိုင်အောင် ပညာရပ်နှင့်ပတ်သက်၍ ဖတ် ကြားသော စာတမ်းများနှင့် ရောထွေးသွားမှာစိုးသောကြောင့် ထင်သည်၊ စာပေဗိမာန်က 'စာတမ်းငယ်'ဟု အမည်သစ်ပေးသည်။

ဆရာအောင်သင်းကတော့ အက်ဆေးမှာ ရသပါလေ့ရှိသောကြောင့် 'ရသစာတမ်းငယ်'ဟု ဖြည့်စွက်သုံးနှုန်းလေသည်။ ဆရာ၏အယူအဆကို ထောက်ခံပါသည်။ အက်ဆေးမှာ ရသပါ ကိုပါရမည်ဟု မဆိုဝံ့သော်လည်း ရသပါသော အက်ဆေးများသည် ပို၍ ဖတ်လို့ကောင်းတာတော့ အမှန်ပဲ ဖြစ်၏။

ကျွန်တော်ကဖြင့် အခါအခွင့်သင့်လျှင် အက်ဆေးထဲမှာ ဟာသလေး တောင်မှ ထည့်လိုက်ချင်သေးသည်။ ခပ်သောသော ခပ်ထေ့ထေ့ရေးလေ့ ရှိသော ဆရာ သစ္စာနီ၏'စကားပြောအက်ဆေးများ'ကို တော်တော်သဘော ကျသည်။ (ထို့ကြောင့် 'ဟာသစာတမ်းငယ်များ'ဆိုပြီး နာမည်သစ်တစ်ခု ထွင်ဖို့တော့ စိတ်ကူးမရှိပါ။)

တချို့စာပေပညာရှင်ကြီးများကတော့ အက်ဆေးကို ဘာသာပြန် မနေတော့ဘဲ အက်ဆေးဟူ၍ပင် တိုက်ရိုက်အသံဖလှယ် သုံးစေချင်ဟန် တူသည်။ အယ်ဒီတာ၊ ဒါရိုက်တာ၊ မဂ္ဂဇင်း၊ ဂျာနယ်စသော စကားလုံးများ လိုပင် အပြီးအပိုင် မွေးစားလိုက်ဖို့ အကြံပြုကြသည်။

ဒါကိုလည်း ကျွန်တော် ထောက်ခံပါသည်။ ထို့ကြောင့် ကျွန်တော် ၏ စာအုပ်ကို 'အက်ဆေးချစ်သူ' (ရသစာတမ်းငယ်များ)ဟုညီညွတ်မျှတ သော အမည်ကို ပေးလိုက်ခြင်းဖြစ်ပါသည်။

* * *



ဆရာသိပ္ပံမောင်ဝ၊ ဆရာဇေယျ၊ ဆရာတက္ကသိုလ်မောင်မောင်ကြီး၊ ဆရာ တက်တိုး၊ ဆရာတိုက်စိုး၊ ဆရာမင်းနွယ် တို့၏ စာများမှာ ကျွန်တော်တို့ အတုယူခဲ့ရသည့် အဖိုးတန် အက်ဆေးများပင် ဖြစ်ပါသည်။ စာပေနယ်တွင် အက်ဆေးရေးသူ နည်းပါးသည်။ အက်ဆေးရေးဆရာအဖြစ် သီးသီးသန့် သန့် ရပ်တည်သောသူမှာ ပိုလို့တောင် ရှားသေးသည်။ ထိုဆရာမျိုးကိုတော့ အက်ဆေးသူရဲကောင်းများအဖြစ် ဂုဏ်ပြုချင်ပါသည်။

ကျွန်တော်သည် ဆရာကြီးများ၏ အက်ဆေးများကို ဖတ်ပြီး စွဲလမ်း ခဲ့ရသည်။ ထိုရေးဟန်တွေက ကျွန်တော့်ကို လွှမ်းမိုးခဲ့ဟန် တူသည်။ ကျွန်တော်၏ တချို့ ဝတ္ထုတိုများကို အက်ဆေးဆန်သည်ဟု ရေးဖော် ရေးဖက်များက ပြောကြသည်။

ဆရာအောင်ပြည့် ချယ်ရီမဂ္ဂဇင်းကိုင်နေစဉ် 'ချယ်ရီရောင် အတွေး သစ်စာတမ်းများ'ဆိုသော ကဏ္ဍတစ်ခုဖွင့်သည်။ ထိုကဏ္ဍတွင် ကျွန်တော် လည်း ဝင်ရေးသည်။ ထိုအခါ ကျွန်တော်၏အက်ဆေးများကို ဝတ္ထုဆန် သည်ဟု မှတ်ချက်ပြုခြင်းခံရပြန်သည်။

ဒါဆိုလျှင် ဝတ္ထု နှင့် အက်ဆေး ဘာတွေ ကွာခြားပါသနည်း။

* * *

အစဉ်အလာအတိုင်းပြောရလျှင် ဝတ္ထုသည် ဇာတ်လမ်းပါသည်။ ဇာတ်ဆောင် တွေပါသည်။ ဇာတ်ဆောင်တို့၏ စရိုက်ကို ပီပြင်အောင် ဖော်ရသည်။ ဇာတ်ရှိန်တက်အောင် လုပ်ရသည်။ ဇာတ်ထွတ် တင်ရသည်။ ဇာတ်ကို ဖြေပေးရသည်။ စ၊ လယ်၊ ဆုံး အကွက်လည်အောင် ဆင်ပြရသည်။

www.burmeseclassic.com

www.burmeseclassic.com



အက်ဆေးမှာကျတော့ ဇာတ်လမ်းဟူ၍ ပါချင်မှပါသည်။ တချို့ပါချင်လည်းပါမည်။ သို့ရာတွင် ဇာတ်လမ်းတွေ ဇာတ်ဆောင်တွေကို ငုံကွက်စရာမလို။ ဇာတ်ကြောင်းကို အဆုံးထိပြောချင်မှ ပြောမည်။ ပြချင်သည့်အပိုင်းကိုသာ ကွက်၍ ပြချင်ပြမည်။ ဇာတ်ဆောင်တွေနှင့်ပတ်သက်ပြီးတော့လည်း တာဝန်ယူစရာ မလို။

အက်ဆေးသည် ဆောင်းပါးနှင့်လည်း မတူ။ ဆောင်းပါးက အချက်အလက်ကို အားကိုးသည်။ တင်ပြသည့် အကြောင်းအရာက တိကျနိုင်မာရမည်။ ကောင်း၏ဆိုးမှား ခွဲခြားပေးရမည်။ ရည်ရွယ်ချက်ကို ရောက်အောင် ရှင်းရှင်းလင်းလင်း ဖော်ပြပြီး နိဂုံးချုပ်ပေးရမည်။

အက်ဆေးကျတော့ အချက်အလက်ကို အားမကိုး။ စိတ်ကူး စိတ်သန်းကို အားကိုးသည်။ ခိုင်မာတိကျသည့် အထောက်အထား အကိုးအကားတွေ ပါချင်မှပါမည်။ ဗဟုသုတဖြစ်စရာတွေ၊ ပညာပေးတွေ၊ အကျိုးပြုတာတွေ ရှိချင်မှလည်း ရှိမည်။ စာရေးသူက စိတ်ကူးအလျဉ်းသင့်သလို ချရေးသွားမည်သာ ဖြစ်၏။

ထို့ကြောင့် အက်ဆေးရေးရတာ လွတ်လပ်သည်ဟု ဆိုနိုင်သည်။ လွယ်သည် ဟူ၍တော့ ပြောလို့မရ။ တစ်ခါတလေ ချောချောမွေ့မွေ့ ဖြစ်တတ်သော်လည်း တစ်ခါတလေကျတော့ အတွေးသာရှိပြီး ချရေးလို့မရဘဲ ဖြစ်နေတတ်သည်။ စာတစ်ကြောင်းအတွက် တစ်နေ့ကုန်ချင် ကုန်တတ်သည်။

ပြီးတော့ အက်ဆေးမှာ ဦးတည်ချက် ရည်ရွယ်ချက်တွေမပါဘဲ စိတ်ကူးတည့်ရာ လျှောက်ရေးနေခြင်းမျိုးဖြစ်သည်ဟူ၍လည်း တစ်ဖက်သတ်ပြောလို့ မဖြစ်ပြန်။



တစ်ခါတစ်ရံ မိုးရွာလို့ ရေစီးကြောင်းလေးတွေ ဖြစ်ပေါ်လာပုံကိုပင် တခမ်းတနား ရေးချင်ရေးသည်။ တစ်ခါတလေ အလွန် ခက်ခဲနက်နဲသော စကြဝဠာကြီးအကြောင်း ဖြစ်ချင်ဖြစ်နေပြန်သည်။ တစ်ခါတလေကျတော့လည်း သာမန်အသေးအဖွဲ့မျှသာဖြစ်သော ပုရွက်ဆိတ်ကလေးတစ်ကောင်အကြောင်းကို အစပြုပြီး သဘာဝလောကကြီးအကြောင်း နက်နဲသည့် အဘိဓမ္မာအကြောင်းတို့ကို ဆက်စပ်ဆွဲယူ တင်ပြတတ်သေးသည်။

အက်ဆေးရေးရသည့်အရသာမှာ ကိုယ့်ခံစားချက်၊ ကိုယ့်အတွေ့အကြုံ၊ ကိုယ့်စိတ်ကူး၊ ကိုယ့်အတွေးအခေါ်ကို ကိုယ့်အရင်းနှီးဆုံး မိတ်ဆွေအား ရင်ဖွင့်ပြောပြခြင်းနှင့် တူသည်။

အက်ဆေးဖတ်ရတာကျတော့ အနီးစပ်ဆုံးဥပမာပေးရလျှင် တစ်နေ့လုံးအိမ်ထဲမှာ ကုပ်နေရသဖြင့် ညနေစောင်း အညောင်းပြေ လမ်းလျှောက်ထွက်ရသည့် အရသာမျိုးပင်ဖြစ်၏။

အက်ဆေးဖတ်ရာမှာ တပန်းသာသည့် အချက်တစ်ချက်လည်း ရှိသေးသည်။ အက်ဆေးသည် စာဖတ်သူကို လှည့်စားခြင်း၊ ညွှန်ကြားခြင်း၊ ဆုံးမခြင်း၊ ပညာပေးခြင်းတို့ မပြုလုပ်ခြင်းပင် ဖြစ်၏။ များသောအားဖြင့် အက်ဆေးတို့သည် စာဖတ်သူကို တိုင်ပင်ခြင်း၊ ညှိနှိုင်းခြင်း၊ တင်ပြခြင်းသာ ပြုလေ့ရှိ၏။

* * *

အချို့ဝတ္ထုများသည် အက်ဆေးဆန်ကြပြီး တချို့အက်ဆေးတွေက ဝတ္ထုဆန်ကြသည်။ အထူးသဖြင့် ခုနောက်ပိုင်းရေးကြသည့် မော်ဒန်ဝတ္ထုအချို့

www.burmeseclassic.com

www.burmeseclassic.com



သည့် ပို၍ အက်ဆေးဆန်လာကြ၏။ အက်ဆေးနှင့် ဝတ္ထုကြား စည်းခြားထားသော မျဉ်းကြောင်းသည် တဖြည်းဖြည်း မှေးမှိန်လာသည်။ ဝတ္ထုတွေသာမက ဆောင်းပါးတချို့ပင် အက်ဆေး ပုံစံမျိုးဖြင့်တင်ပြလာကြလေသည်။ ယခုအက်ဆေးအကြောင်း ရှင်းပြနေပုံကပင်လျှင် အက်ဆေးဆန်ကောင်းဆန်နေပေလိမ့်မည်။

မင်းလူ

## လက်ဖက်ရည်

'လက်ဖက်ရည် အဖန်သောက်လျှင်ဖြင့်၊ ကျက်သရေ အမှန်ရောက်ပေလိမ့်၊ ကြသလောက် ပြီးတဲ့ရည်'

ဟု စလေဆရာကြီး ဦးပုညက ရေးခဲ့ပါသည်။ စာကြောင်း သုံးကြောင်း၊ စာလုံးရေ အနည်းငယ်သာ ပါသော်လည်း အလွန် အဓိပ္ပာယ်ပြည့်ဝသော စာဖြစ်လေသည်။ လက်ဖက်ရည်ကြမ်းကိုသောက်လျှင် အလှကျက်သရေ တိုးသည့်အပြင် အကြံအစည်လည်း ထမြောက်အောင်မြင်သည်ဟု အဓိပ္ပာယ်ကောက်နိုင်၏။ ချဲ့ထွင် စဉ်းစားလျှင် ဆင့်ပွားအနက်တွေရနိုင်ပါသေးသည်။

ဦးပုညတို့ခေတ်တွင် လက်ဖက်ရည်အကြမ်းကိုသာ သောက်လေ့ရှိသဖြင့် လက်ဖက်ရည်အဖန်ဟုဆိုလိုက်ခြင်း ဖြစ်ပါလိမ့်မည်။ ယခုခေတ်လိုမျိုး ဆိုလျှင်တော့ ....

'လက်ဖက်ရည် အချိုသောက်လျှင်ဖြင့်၊ ကျက်သရေ အလိုရှိရောက်ပေလိမ့်၊ ဆိုသလောက် ပြီးတဲ့ရည်'

www.burmeseclassic.com

www.burmeseclassic.com



ဟု ရေးစပ်ကောင်း ရေးစပ်ပေလိမ့်မည်။

အခုအခါတွင် လက်ဖက်ရည် ဆိုလျှင် လက်ဖက်ရည် အချိုကို ဆိုလိုကြောင်း အားလုံး သိပြီးဖြစ်သည်။ လက်ဖက်ရည်အကြမ်းကိုတော့ ရေနွေးကြမ်းဟု ခေါ်ကြ၏။

ကျွန်တော်တို့ငယ်ငယ်ကဆိုလျှင် ကာကာကုလားများနှင့် တရုတ်များသာ လက်ဖက်ရည်ဆိုင် ဖွင့်လေ့ရှိကြသည်။ ဤသည်မှာလည်း သူဌေးဖြစ်လုပ်ကြသော လုပ်ငန်းမျိုး မဟုတ်သေး။ လက်ဖက်ရည်ကို ဆိုင်ရှင်ကိုယ်တိုင်ဖျော်ပြီး စားပွဲထိုးကောင်လေးတစ်ယောက် ငှားထားလျှင် ပြီးနိုင်သည်။ သောက်သူတွေကလည်း ဆိုင်မှာ ထိုင်သည်ထက် အိမ်ဝယ်သောက်တာက များသည်။ လက်ဖက်ရည်ဆိုင် ထိုင်တတ်သူများမှာ အဘိုးကြီးများနှင့် အလုပ်မရှိ အကိုင်မရှိသူများသာဖြစ်သည်။ ကျွန်တော်တို့ ဆယ်တန်းလောက်အထိ ဆရာ၊ ဆရာမများ လူကြီးမိဘများက လက်ဖက်ရည်ဆိုင်ထိုင်သည့်အကျင့်ကို အားမပေးကြသေးချေ။

ခုကျတော့ လက်ဖက်ရည်ဆိုင်လုပ်ငန်းသည် တွင်ကျယ်လာသည်။ သတင်းစာတစ်စောင်ရှိလျှင် ပြီးသည့်အခြေအနေမှ ရေဒီယိုထားရသည့်အခြေအနေ၊ ခုကျတော့ ကက်ဆက်ဖွင့်မှ လက်ဖက်ရည်ဆိုင်ပီသသလို ဖြစ်လာသည်။လက်ဖက်ရည်လုပ်ငန်းကို စီးပွားဖြစ်အကြီးအကျယ်လုပ်လာကြသည်။

မြို့လယ်ခေါင်တွင် တိုက်ခန်းကြီးများနှင့် ငွေ လေးငါး ခြောက်သိန်း ရင်းပြီး လုပ်ကြသည်။ လမ်းဘေး လက်ဖက်ရည်ဆိုင်ကလေးတွေကလည်း စာရေးဆရာဆိုသူတွေ ပေါများသလိုပင် ပေါများလှသည်။ လမ်းဘေးဆိုင်ဆိုပြီး အထင်သေးလို့တော့ မရ။ သူတို့ ဝင်ငွေကလည်း မသေးလှချေ။ နာမည်ကြီးလက်ဖက်ရည်ဆိုင်များဖြစ်ကြသော မှတ်ဆိတ်ဆိုင်၊ ရွှေလမင်း၊



လက်ရွေးစင်၊ ဘားလမ်းထွန်းရီ၊ မောင်ထော်လေးလမ်း ရွှေညာ၊ ပန်းဆိုးတန်းရွှေမင်းသား၊ မြစ်ပယ် စသည်တို့မှာ ဝတ္ထုတွေထဲ ထည့်ရေး၊ သီချင်းတွေထဲ ထည့်ဆိုရလောက်အောင် အရေးပါနေကြလေသည်။

ထို့အပြင် ဘောလုံးလောက၌ 'ခေါက်ဆွဲ စားသည်' ဆိုသော ဝေါဟာရ ဖြစ်လာသလို ရုံးလောက၌လည်း 'လက်ဖက်ရည်ဖိုး'ဆိုသော ဝေါဟာရတစ်ခု တိုးလာသည်။ ထို့ကြောင့်ပင် 'ကြံသလောက် ပြီးတဲ့ရည်' သို့တည်းမဟုတ် 'ဆိုသလောက် ပြီးတဲ့ရည်' ဟု ခေါ်ထိုက်ပါပေ၏။

လက်ဖက်ရည်သည် ခုခေတ်မှာတော့ 'စူပါစတား' စာရင်းဝင် ဖြစ်လာလေသည်။ အဘယ့်ကြောင့်နည်း။ ရှင်းပါ၏။ လက်ဖက်ရည်ကြိုက်သူတွေ များလာသောကြောင့် ဖြစ်သည်။ လက်ဖက်ရည်မကြိုက်သော်လည်း လက်ဖက်ရည်ဆိုင် ထိုင်တတ်သူတွေ များလာသောကြောင့် ဖြစ်သည်။

လက်ဖက်ရည်ဆိုင် ဆိုသည်မှာ လက်ဖက်ရည် သောက်ရုံမျှသာ မဟုတ်တော့။ စတီရီယိုသီချင်းတွေ နားထောင်ချင်သူများလည်း လာသည်။ သူငယ်ချင်းတွေ စုပြီး စကားပြောချင်လျှင်လည်း လာသည်။ လူမှုရေးကိစ္စ တိုင်ပင်ဆွေးနွေးချင်လျှင်လည်း လာသည်။ အလုပ်ကိစ္စ၊ ငွေအပေးအယူကိစ္စ လုပ်ချင်လျှင်လည်း လက်ဖက်ရည်ဆိုင်မှာပင် ဆုံကြသည်။ သတင်းထူး၊ သတင်းဦးများကိုလည်း လက်ဖက်ရည်ဆိုင်မှာပင် ကြားရ၊ အလှယ် ကြသည်။ လက်ဖက်ရည်ဆိုင်သည် ဆက်သွယ်ရေးစခန်း တစ်ခုလို ဖြစ်လာ၏။

ယင်းအတွက် အပြစ်ဆိုစရာမလိုပါ။ လက်ဖက်ရည်ဆိုင်မှာ ရန်ဖြစ်ပြီး ထထိုးကြသည် ဟူ၍ ကြားရခဲဘိခြင်း။ အရက်ဆိုင်မှာ ဖြစ်ရသည့် ရန်ပွဲကိုပင် လက်ဖက်ရည်ဆိုင်မှာ ဖြေငြိမ်းလို့ ရနိုင်ပါသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့လည်း လက်ဖက်ရည်ဆိုင်ဆိုသည်မှာ လူမစည်ကား အပ်သော နေရာ စာရင်းထဲတွင် မပါဝင်ချေ။

* * *

ကျွန်တော်တို့သည် ချိုးနှင့်ရိုးနှင့် လက်ဖက်ရည်ကြိုက်ကြခြင်း ဖြစ်သည်။

ကျွန်တော်တို့အဘိုးသည် လစ်ပတန်လက်ဖက်ခြောက်ကို ကျကျ လေးနှပ်၊ နို့ဆီမထည့်ဘဲ သကြားအနည်းငယ်နှင့် 'ဘလက်တီး' ဖျော် သောက်လေ့ရှိသည်ဟု ဆိုသည်။

ကျွန်တော်တို့ ကြီးတော်သည် လက်ဖက်ရည်ကို တစ်နေ့လုံး သောက်သည်။ ကျွန်တော်တို့နားမှာ ရှိသော ကာကာဆိုင်၊ ရာရာဆိုင်နှင့် ဦးချမ်းဆိုင်တို့မှာ တစ်လှည့်စီ ဝယ်သောက်၏။

ကျွန်တော့်အထက်က အစ်ကိုအား သူ့ယောက်ျားဝင်စားသည်ဆို ပြီး ကြီးတော်ကြီးက အလွန်ချစ်သည်။ ထို့ကြောင့် ကျွန်တော့်အစ်ကိုသည် ကြီးတော်ကြီးထံမှ လက်ဖက်ရည်စွဲသည့် အမွေကို ရခဲ့လေသည်။ ယခုအခါ သူသည် မှတ်ဆိတ်လက်ဖက်ရည်ဆိုင်၏ ဂုဏ်ထူးဆောင် သောက်သုံးသူ စာရင်းထဲမှာ ပါနေလေသည်။

ကျွန်တော့် အစ်ကို အကြီးနှစ်ယောက်ကား လက်ဖက်ရည်အပေါ် သစ္စာဖောက်ပြီး အခြားသော အရည်တစ်မျိုးကို မှီဝဲခဲ့ဖူးသည်။ ခုကျတော့ အမြင်မှန် ရကုန်ကြပြီ။ ဟိုအရည်ကို အဆက်ဖြတ်ကာ ငယ်ချစ်ဦးနှင့် လည်း တူသော၊ မယားကြီးနှင့်လည်း တူသော လက်ဖက်ရည်ဘက်သို့ ပြန်၍ စိတ်လည်လာကြပြီ ဖြစ်ပါသည်။



အဖေသည် လက်ဖက်ရည်ကို မာတ်ဘူးနှင့်ထည့်ပြီး တစွတ်စွတ် သောက်ရင်း စာရေးခဲ့ဖူးသည်။ နောက်တော့ လေနာရောဂါရလာသဖြင့် လက်ဖက်ရည် ဖြတ်လိုက်သည်။ ရေနွေးကြမ်းကိုတော့ ခုထိတိုင် စွဲစွဲမြဲမြဲ သောက်တုန်းပင်။ 'လက်ဖက်ရည် အကြမ်းသောက်လျှင်ဖြင့် ကျက်သရေ အချမ်းရောက်ပေလိမ့်၊ မှန်းသလောက် ပြီးတဲ့ရည်' ဟု အဖေက ယူဆဟန် ရှိပါသည်။

အမေ လက်ဖက်ရည်သောက်ပုံမှာလည်း 'ရှုပ'စာရင်းထဲ ဝင်လေ သည်။ မနက်အိပ်ရာမှ နိုးလျှင် ကျွန်တော့်မိန်းမ ဖျော်ပေးသော လက်ဖက် ရည်ကို သူ၏ ခမ္မမိတ်ဆွေ အဘွားကြီးတစ်ယောက်၊ အဝတ်လျှော်သည့် ဆော်လီများတို့နှင့်အတူ သောက်ပြီး ဈေးသို့ ထွက်သွားသည်။

ဈေးက ပြန်လာသောအချိန်တွင် အောက်ထပ်မှာနေသော ကျွန်တော့် အစ်ကိုတစ်ယောက်က ကြောင်အိမ်ထဲမှာ အဆင်သင့် ထည့်ပေးထားသော လက်ဖက်ရည်တစ်ခွက်ကို ထပ်သောက်ပြီး ထမင်းဟင်း ချက်သည်။

ချက်ရင်း ပြုတ်ရင်းမှာပင် ကျွန်တော့်အစ်ကို အကြီးဆုံးက ပို့ လိုက်သော လက်ဖက်ရည်ချိုင့် ရောက်လာသည်။ ထိုလက်ဖက်ရည်ချိုင့်ကို နေ့စဉ်တာဝန်ယူပြီး လာပို့သော ကုလားမကြီးတစ်ယောက်နှင့်သူ တစ်ဝက်စီ သောက်ကြပြန်သည်။

နေ့လယ်ကျတော့လည်း နေ့စဉ် လာလည်တတ်သော ရပ်ကွက်ထဲ မှ 'လက်ဖက်ရည် မိတ်ဆွေ' အဘွားကြီးနှစ်ယောက် သုံးယောက်တို့နှင့်အတူ ဖျော်သောက်ကြပြန်သည်၊ သည်ကြားထဲ ဝယ်သောက်တာလည်း ရှိသေး သည်။ ညကျတော့လည်း လက်ဖက်ရည်ကလေး ငုံလိုက်ရမှ နှစ်နှစ် ခြိုက်ခြိုက် အိပ်ပျော်သတဲ့။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်၏ အစ်ကိုတစ်ယောက်မှာ အနေဝေးသောကြောင့်သာ တော်တော့သည်။ ဒါတောင် သူသည်လည်း အမေ၏ လက်ဖက်ရည် စက်ကွင်းမှ ပြေးမလွတ်နိုင်ရှာ။ 'ဟဲ့၊ အမေ့ကို လက်ဖက်ရည်ဖိုး လာပို့စမ်း' ဟု မကြာခဏ တောင်းခြင်း ခံရသည်။ အမေတောင်းသော လက်ဖက်ရည်ဖိုးသည် အချို့ဝန်ထမ်းတွေ တောင်းသော လက်ဖက်ရည်ဖိုးထက် မနည်းချေ။

ကျွန်တော်ရသော မိန်းမသည်လည်း လက်ဖက်ရည်သောက်ရာတွင် 'တန်း'မီသူဖြစ်သည်။ သူ့အကျင့်ကလည်း တစ်မျိုး။ မနက်အိပ်ရာက နိုးလို့ လက်ဖက်ရည် မသောက်ရလျှင် ဝမ်းချုပ်တတ်သတဲ့။

ကျွန်တော်သည် အိပ်ရာမှ နိုးနိုးချင်း အတော့်တဆုံးသော အရာ သုံးခုရှိပါသည်။ လက်ဖက်ရည်၊ ဆေးပေါ့လိပ်နှင့် သတင်းစာတို့ ဖြစ်၏။ အားလပ်သော နေ့လယ်ခင်း အချိန်များတွင် စာအုပ်ကောင်းကောင်းလေး တစ်အုပ်ကို ဖတ်ရင်း လက်ဖက်ရည်ကလေး တစ်ငုံငုံလိုက်၊ ဆေးပေါ့လိပ်ကလေး တစ်ဖွာဖွာလိုက် လုပ်နေရလျှင် မိန်းမကိုပင် မေ့ချင်ချင်။

အိမ်မှာဖျော်သောက်ဖို့ လက်ဖက်ခြောက်အမျိုးမျိုးကို ကိုယ်တိုင် စမ်းသပ်ကြည့်သည်၊ ရွှေပလောင်၊ မြင်းပျံ၊ မင်လုံ၊ ဆင်ဖြူ စသည်တို့ကို တစ်မျိုးချင်းဖြစ်စေ၊ တစ်မျိုးနှင့်တစ်မျိုး အချိုးအစား အဖုံဖုံ ရောစပ်၍ ဖြစ်စေ စမ်းသပ်ကြည့်လေ့ရှိပါသည်။

* * *

လက်ဖက်ရည်တစ်ခွက်နှင့် မုန့်ဟင်းခါးတစ်ပန်းကန်ကို ဗိုက်ဝတာရော အာဟာရ တန်ဖိုးရော ယှဉ်ကြည့်လျှင် မုန့်ဟင်းခါးက အဘက်ဘက်မှသာ သည်။ သို့ရာတွင် လက်ဖက်ရည်ကို ပို၍ ကြိုက်တတ်ကြ၏။



ဟုတ်လည်း ဟုတ်ပါသည်။ မုန့်ဟင်းခါးတစ်ပန်းကန်ကို တစိမ့်စိမ့် ဆွဲပြီး စားလို့ မရ။ ပြီးတော့ မုန့်ဟင်းခါးဆိုင်ဆိုသည်မှာ ကြာရှည် ထိုင်လို့ကောင်းသောနေရာ မဟုတ်။ စားပြီးလျှင် ထ လစ်ရုံသာ။

လက်ဖက်ရည်ကျတော့ တစ်ငုံချင်း စိမ်ဆွဲသောက်လို့ ရသည်။ လက်ဖက်ရည်ကုန်လျှင်လည်း ရေနွေးကြမ်းတစ်အိုးနှင့် ကြိုက်သလောက် ထိုင်လို့ရသည်။ ငွေတစ်ကျပ်ပေးရုံဖြင့် လက်ဖက်ရည်လည်း သောက်ရ၊ ရေနွေးကြမ်းလည်း သောက်ရ၊ ထိုင်စရာ တစ်နေရာလည်းရ ဆိုတော့ ဘယ်လောက်ဟန်သလဲ။

* * *

ကျွန်တော်တို့ မိတ်ဆွေအပေါင်းအသင်းတစ်စုသည် မြို့ထဲက အလုပ်တိုက် တစ်ခုမှာ ရုံးပိတ်ရက်မှလွဲ၍ နေ့စဉ်ဆုံမိကြသည်။ လွတ်လွတ်လပ်လပ် ထိုင်လို့ရသော လမ်းဘေး နံရံကပ် လက်ဖက်ရည်ဆိုင် တစ်ဆိုင်မှာ နေ့စဉ်လို ထိုင်ဖြစ်ကြသည်။

အစပိုင်းတွင် လက်ဖက်ရည်ဖိုးကို တစ်ယောက်ယောက်က အားလုံး အတွက် ရှင်းလေ့ရှိသော်လည်း နောက်ပိုင်းကျတော့ ပုံစံပြောင်းလိုက် သည်။ ကိုယ့်အတွက်ကိုယ်ပေးရသော 'အမေရိကန် စစ်စတမ်' မဟုတ်။ ပိုက်ဆံများများရှိသူက များများထုတ်၊ နည်းနည်းရှိသူက နည်းနည်းထုတ် ပြီး လုံးဝမရှိသူက တစ်ပြားမှ မထုတ်ဘဲ လက်ဖက်ရည်ဖိုးကို စုပေါင်း ရှင်းကြသည့် 'ခေတ်သစ် မြန်မာ စစ်စတမ်' ဖြစ်သည်။

ကျွန်တော်တို့ ဝိုင်းတွင် လူရှင်းအားလုံးလိုလိုမှာ ပိုက်ဆံထုတ်ကြ သည်ချည်း ဖြစ်သည်။ သို့ရာတွင် ပိုက်ဆံထုတ်နိုင်ဖို့ မသင့်သော

www.burmeseclassic.com

www.burmeseclassic.com



ညွှန်သည် နှစ်ယောက် သုံးယောက်ကတော့ အမြဲလိုလို ပါနေသည်သာ ဖြစ်၏။

ကျွန်တော်သည် ဘဝင်လေးမြင့်သလိုလို ဖြစ်နေပါသည်။ သူငယ်ချင်း တစ်ယောက်ကိုတော့ နေ့တိုင်း လက်ဖက်ရည် တိုက်နိုင်ပါတယ်ဟု ကိုယ့်ကိုယ်ကိုယ် အထင်ကြီးနေမိခြင်း ဖြစ်၏။ ထို့ကြောင့် လက်ဖက်ရည် ဝိုင်းများတွင် နှစ်ကျပ် သုံးကျပ်လောက် ထုတ်လေ့ရှိသည်။

*　　*　　*

ကျွန်တော့်တို့ လင်မယားနှစ်ယောက်သည် ညားခါစတုန်းက အခြေအနေ မဆိုးလှချေ။ တစ်လအတွက် သတ်မှတ်ထားသော အသုံးစရိတ်မှာ လစဉ် လိုလို လေးငါးဆယ်လောက် ပိုနေတတ်သည်။ သူကလည်း သူ စနစ်တကျ သုံးတတ်လို့ဟု ဆိုသည်။ ကျွန်တော်ကလည်း ငါ ထိန်းသိမ်းမှုကောင်း လို့ဝါကွာဟု ပြောသည်။

နောက်ပိုင်းကျတော့ ပိုငွေမပြတော့ချေ။ တဖြည်းဖြည်း လိုငွေသာ ပြလာခဲ့သည်။ ကလေးရလာသောအခါ ကုန်ကျစရိတ်က ပိုတက်လာပြန် ၏။ လိုငွေ ထပ်ဆင့်၍ ပြလာ၏။

ထို့ကြောင့် ကျွန်တော့် မိန်းမက အသုံးစရိတ်ကို ပြန်လည်စိစစ် ကြည့်ရအောင်ဟု ဆိုသည်။ စာရင်းစစ်လျှင် ကျွန်တော် ခံရမည်ကို သိ သဖြင့် ဟိုယောင်ယောင် သည်ယောင်ယောင် လုပ်ရင်း ရှောင်တိမ်း နေသည်။



တစ်နေ့ကျတော့ သူ က သူ့ဘာသာပြုလုပ်ထားသော စာရင်းတစ်ခု ကို တင်ပြလာသည်။ ပြီးတော့ လက်ဖက်ရည်စရိတ်ဆိုသော ခေါင်းစဉ်ကို ထောက်ပြ၏။

ကျွန်တော်တို့အိမ်မှာ အမေရယ်၊ ကျွန်တော်တို့ လင်မယားရယ် လူခံသုံးယောက်သာ ရှိသော်လည်း အမေ၏ ‘လက်ဖက်ရည်မိတ်ဆွေ’ တွေက များသဖြင့် တစ်လလျှင် ချက်နို့ဆီ နှစ်ပိဿာ၊ သကြား နှစ်ပိဿာ၊ လက်ဖက်ခြောက် နှစ်ပေါင်ကုန်သည်ဟု ဆိုသည်။ ဒါကပင် တစ်ရာကျော် လောက်ကျနေသည်။ ကျွန်တော်မြို့ထဲမှာ သောက်သည့် လက်ဖက်ရည်ဖိုး က တစ်လ ခုနစ်ဆယ့်ငါးကျပ်လောက်ရှိသည်ဟု သူခန့်မှန်းထားသည်။ သူ့ရုံးမှာ သောက်တာနှင့်ပါဆိုလျှင် စုစုပေါင်း တစ်လတစ်လ လက်ဖက် ရည်ဖိုးချည်း နှစ်ရာကျော်လောက်ကျနေသည်ဟု တွက်ပြ၏။

‘ဒီတော့ အိမ်မှာ လက်ဖက်ရည်ကို လျှော့ဖျော်ပေါ့ကွာ’

ဟု ကျွန်တော်က ဦးအောင် ပြောလိုက်သည်။ သူကလည်း ကျွန်တော် မြို့ထဲမှာသောက်သည့် လက်ဖက်ရည်ဖိုးကို လျှော့သင့်သည်ဟု ပြန်လည် ချေပ၏။ ဤသို့လျှင် ကျွန်တော်တို့နှစ်ယောက် အငြင်းပွားနေကြတုန်း

‘ဟဲ့၊ ဟဲ့၊ လာကြည့်ကြစမ်း၊ လာကြည့်ကြစမ်း’

အမေက လှမ်းခေါ်သည်။ ကျွန်တော်တို့ ထွက်ကြည့်သောအခါ အမေသည် လေးလသမီးအရွယ် သူ့မြေးကို ချီထားရင်းက ဘာတွေ သဘောကျနေသည်မသိ။

‘အသင်းဝင် တစ်ယောက် တိုးလာပြီဟေ့’

ဟုလည်း ပြောသည်။ ပြီးတော့ ကြည့်ကြနော်ဆိုပြီး ပန်းကန်လုံး ထဲမှ လက်ဖက်ရည်ကို ဇွန်းကလေးဖြင့် ခပ်ကာ သမီးပါးစပ်ထဲ ထည့်

www.burmeseclassic.com

www.burmeseclassic.com



ပေးလိုက်သည်။ သမီးသည် ပါးစပ်ကို တပျပ်ပျပ်မြည်အောင် လုပ်ရင်း အရသာခံနေသည်။ ထို့နောက် ကျွန်တော့်ကို ရယ်ပြလိုက်လေသည်။

ကျွန်တော်တို့သည် လက်ဖက်ရည်လောကကြီးထဲ၌ ကျင်လည်၍ နေကြလေကုန်သတည်း။

[ သဘင်မဂ္ဂဇင်း။ ၈ ဇူလိုင်၊ ၁၉၈၄။ ]

## လျှာနှင့် ဆေး

ဆေးဆိုလျှင် အရသာဆိုးသည်သာ များ၏။ ပို၍ အစွမ်းထက်လေ ပို၍ ခါးသီးလေပင်။ ဤသဘောတရားကား သဘာဝကျလေသည်။

ဆေး၏ ရည်ရွယ်ချက်မှာ ရောဂါပိုးတို့ကို တိုက်ဖျက်သတ်ဖြတ်ရန် ဖြစ်သည်။ ရောဂါပိုးများ ဆိုသည်မှာလည်း သွေးနှင့်ကိုယ် သားနှင့်ကိုယ်။ ချိုမြိန်သော အရသာကို ကြိုက်နှစ်သက်ပြီး ခါးသီးမှုကို ကြောက်ရွံ့ပေလိမ့်မည်။ ခါးသီးခြင်းသည် ပိုး၏ရန်သူ၊ လူ၏မိတ်ဆွေဟုပင် ဆိုကြပါစို့။

ငယ်ငယ်က နေမကောင်းဖြစ်လျှင် ငန်းဆေးခါးခါးကြီးနှင့် ကွမ်းရွက်ပြုတ်ရည် ပူပူစပ်စပ်ကြီးကို ကြိတ်မှိတ်၍ မျိုခဲ့ရသည်။

တစ်ခါတစ်ရံ ကပြားဆရာဝန်ကြီး ဒေါက်တာ ဘာတာချာချီဆီ သွားရ၏။ သူကိုယ်တိုင် ဖော်စပ်ထားသော ဆေးရည်များကို ပေးတတ်သည်။ ဆေးငါးခွက်ပေးလျှင် သုံးခွက်လောက်သာ ဝမ်းထဲရောက်သည်။ နှစ်ခွက်က အန်ထွက်ကုန်သောကြောင့် ဖြစ်၏။ လူကြီးတွေက ဆေးပတ်

www.burmeseclassic.com

www.burmeseclassic.com



မပြည့်မည်စိုးသောကြောင့် ဆရာဝန်ကြီးဆီသွားပြီး ဆေးထပ်တောင်းသည်၊ သူက ရယ်၍ 'ဆေးထပ်ပေးစရာ မလို၊ စကတည်းက အန်ထွက်မည့် ဆေးတွေအတွက်ပါ ခန့်မှန်း၍ ကျွန်ုပ် ပိုပိုသာသာ ထည့်ပေးလိုက်ပါသည်' တဲ့။

ဆေးတစ်ခါသောက်ဖို့အတွက် လက်တွေခြေတွေ ချုပ်သည့်လူက ချုပ်၊ နှာခေါင်းပိတ်သူက ပိတ်၊ ဆေးခွန်းကိုင်သူက ကိုင်။ အရပ်ကူပါ လူဝိုင်းပါ။

ငယ်ငယ်က သောက်ခဲ့ရသည့် ဆေးခါးကြီးများ၏ အရသာဆိုး ကိုတော့ ဘယ်တော့မှ မမေ့။ လျှာပေါ်မှာ တစ်သက်လုံး စွဲနေသည်ဟု ထင်သည်။

* * *

တိုင်းရင်းဆေးများသည် အသီး၊ အရွက်၊ အပွင့်၊ အခေါက်၊ အမြစ် ပဥ္စငါးပါးကို အမှုန့်ပြု၍ လည်းကောင်း၊ သုံးခွက် တစ်ခွက်တင် ကျို၍လည်းကောင်း အသုံးပြုနေကြတုန်းပင် ဖြစ်၏။

အနောက်တိုင်း ဆေးဝါးထုတ်လုပ်မှု နည်းပညာကား များစွာ တိုးတက်လာသည်။

ဆာလဖာ၊ ကွီနိုင် စသည်တို့ကို ဆရာဝန်ကိုယ်တိုင် အချိုးအစား အတိုင်း ရောနှောဖော်စပ်နေစရာ မလိုတော့ပြီ။ အဆင်သင့်အသုံးပြုနိုင် အောင် ထုတ်လုပ်လာကြသည်။

မျိုချရလွယ်အောင် အခဲ လုပ်လာကြသည်။ အချို့ ဆေးများကို သကြားအုပ်ထားသည်။ ကက်ပဆူး ခေါ် ပလတ်စတစ် ကြွတ်ကလေးတွေထဲ



သွတ်သွင်းလာကြသည်။ ဆေးကို ဝန်ကျဉ်းနိုင်သမျှကျဉ်းအောင် အနှစ် ထုတ်၍ ချုံ့နိုင်လာကြသည်။

အမြင်လှအောင် ဆေးရောင်အမျိုးမျိုး ခြယ်သထားသေးသည်။ သောက်ချင့်စဖွယ်။ မည်သို့ဖြစ်စေ ဆေး၏ မူလ အာနိသင်ကတော့ ခါးသီးခြင်းပင် ဖြစ်နေတုန်း။

ကလေးများအတွက် အားဆေးရည်များ၊ ချောင်းဆိုးပျောက် ဆေး ရည်များကို အဝင်မဆိုးအောင် စီမံနိုင်လာကြ၏။ သို့ရာတွင် ကလေးများ များနာလျှင်မူ လူကြီးများအတွက် ပြုလုပ်ထားသော ဆေးများကိုပင် လေးပုံ တစ်ပုံ သုံးပုံတစ်ပုံခွဲ၍ တိုက်နေကြရ၏။

လသားအရွယ်၊ အခါလည်သားအရွယ် ကလေးများသည် ဆေးခဲ ဆေးတောင့်များကို မျိုချနိုင်ကြသေးသည်မဟုတ်။ ထို့ကြောင့် ဆေးခဲကို ကြိတ်၊ ဆေးတောင့်ထဲမှ ဆေးမှုန့်ကိုထုတ်၍ ရေနှင့် ဖျော်ပြီး တိုက်ရသည်။

ဆေးတွေက အကြီးအကျယ် အစွမ်းထက်လာသည်နှင့်အမျှ ခါးသီး မှုကလည်း ကမ်းကုန်အောင်ပင်။ ကိုယ်တိုင် မျိုချရရှာသော ကလေး၏ လျှာမပြောနှင့်။ ဆေးဖျော်သော လူကြီး၏လက်မှာပင် အခါးဓာတ်က နာရီပေါင်းများစွာ ကြာအောင် စွဲနေတတ်သည်။

ထိုအခါ ကလေးကို ဆေးတစ်ခါတိုက်လျှင် ခြေချုပ်၊ လက်ချုပ်၊ နှာခေါင်းပိတ် ဒုံရင်းအတိုင်း ဖြစ်ရပြန်လေ၏။

* * *

ကလေးနေမကောင်းဖြစ်မည်ကို အလွန်ကြောက်သည်။ ကလေး၏ ကျန်းမာ ရေးအတွက် စိုးရိမ်မှုပါသလို ဆေးတိုက်ရမည်ကို ဝန်လေးသောကြောင့် လည်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပထမဆုံးအကြိမ် ဖျားစဉ်က အဦးဆုံးသော ဆေးတစ်ခွက်ကို လွယ်လွယ်ကူကူ တိုက်လို့ ရခဲ့သည်။ ကလေးက ဆေးဆိုသည်ကို မကြုံဘူးသေး။ ဆေးခွန်းကို ပါးစပ်နား တေ့ပေးသောအခါ ပါးစပ်ကို ဟပေး၏။ ပထမဆုံးသော 'အတွေ့အကြုံ' ကို ဘုမသိဘမသိနှင့် ကြိတ်မှိတ် မျိုချရှာ၏။

နောက်တစ်ခါကျ မရတော့ချေ။ ဆေးခွန်းကို မြင်သည်နှင့် နှုတ်ခမ်းကို တင်းတင်းစေ့ထားသည်။ မျက်နှာကို တစ်ဘက်သို့ လွှဲထားသည်။ ရှုန်းကန် အော်ဟစ်သည်။ မတတ်နိုင်။ ရှေးရိုးနည်းအတိုင်း ချုပ်ကိုင်နှာခေါင်းပိတ်ပြီး တိုက်ရတော့သည်။

ဆေးဝင်သွားပြီးနောက် ကလေးမျက်နှာသည် ရှုံ့မဲ့နေ၏။ တော်တော်နှင့် ခေါ်နိုင်ရှာ။ ငယ်စဉ်က သောက်ခဲ့ရသော ဆေးခါးကြီးများ၏ အရသာကို မှတ်မိနေသောကြောင့် ကလေးကိုယ်စား ရင်ထဲက ပျို့လာလေ၏။ ဖြစ်လိုရာဖြစ်စေတော့၊ နောက်တစ်ခါ ဒီဆေးတွေကို မတိုက်တော့ဟုပင် ဆုံးဖြတ်ချင်လာသည်။

ကလေးသည် နေကောင်းသွားသည့်တိုင်အောင် ဆေးတွေက လျှာပေါ်မှာ စွဲနေတုန်းဖြစ်၍ နို့တောင် ကောင်းကောင်း မစို့နိုင်ရှာ။ ဇွန်းကိုမြင်တိုင်း မျက်စိမျက်နှာပျက်ပြီး ကြောက်လန့်နေရှာသည်။ ခံတွင်းကောင်းသွားသည့်တိုင် အစားအသောက်ကို ဇွန်းနှင့်ကျွေးလျှင် မစားတော့။ ကလေးသည် ဇွန်းကို မုန်းသွားလေပြီ။

ရောဂါကြောင့် ခံစားရသည့် ဝေဒနာထက် ဆေးသောက်ရသည့် ဒုက္ခက ပို၍ ကြီးမားလေသလား မသိ။

* * *



ကလေးသည် မနက်ကတည်းက ကိုယ်ပူငွေ့ငွေ့ ရှိသည်။ အိပ်ဆေးကလေး အုပ်ပြီး နွေးနွေးထွေးထွေး ထားသော်လည်း မရ။ ညနေစောင်းတွင် နှာစေးချောင်းဆိုးပါ ဖြစ်လာ၏။ ရင်လည်း ကျပ်ချင်လာသည်။

ဆေးခန်း သွားပြရ၏။ ဆရာဝန်က စမ်းသပ်ပြီး ပါရာစီတမော နှင့် အမ်ပီစီလင် တိုက်ရမည်ဟု ဆိုသည်။ စိတ် မကြည်မသာ ဖြစ်ရသည်။

ပါရာစီတမောသည်လည်း ခါးသက်သက် အရသာရှိ၏။ ထို့ထက်ဆိုးသည်ကား အမ်ပီစီလင်။ ဆေးတောင့်ထဲမှာပါသော ဆေးမှုန့်များသည် ခါးလန်နေရုံမျှမက အနံ့ကလည်း ကြောင်သေးစော် နံသည်။ ထိုဆေးတွေကို ကြိတ်ပြီး အရည်ဖျော်တိုက်ဖို့ဆိုသည်မှာ စိတ်ကူးရုံနှင့်ပင် အော်ဂလီဆန်လာ၏။

ထိုအကြောင်းကို ညည်းမိသဖြင့် ဆရာဝန်က အကြံဉာဏ်တစ်ခု ပေးသည်။ ကလေးများအတွက် အထူးစပါယ်ရှယ် ထုတ်လုပ်ထားသော အလားတူဆေးများ ရှိပါသတဲ့။

ဈေးတော့ နည်းနည်းကြီးသည်။ ဆေးနှစ်မျိုးအတွက် ကျသင့်ငွေမှာ ဝတ္ထုတိုတစ်ပုဒ် စာမူခလောက် ရှိသည်။ မတတ်နိုင်။ ကလေးအတွက်မို့ နှုတ်မှိတ်ပြီး ဝယ်လိုက်ရသည်။

ဆာဗီဂျက်ဆစ်က သကြားရည်ရောထားပြီးသား။ အမ်ပီလင်ဆိုသော ဆေးကတော့ အမှုန့်။ ရေကျက်အေးနှင့် ဖျော်ရသည်။

ဆေးနှစ်မျိုးကို ရောလိုက်သောအခါ ပန်းနုရောင် ခပ်ပျစ်ပျစ်ဆေးရည်ကိုရသည်။ အနံ့က သင်းသင်းကလေး။ နှင်းရည်လိုအနံ့မျိုး။ အရသာ က ချိုမြမြ။ အရည်ပျော်နေသော ရေခဲမုန့်နှင့် ခွဲမရအောင် တူသည်။ နည်းနည်း မြည်းကြည့်ပြီး ကလေးတောင်မှ ပြန်ဖြစ်ချင်စိတ်ပေါ်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



[illegible] [illegible]ပြင်သည်။ ဆေးဇွန်းကို မြင်သောအခါ [illegible] ပြ[illegible] ဟန်ပြင်သည်။ ဇွန်းကို မျက်လုံးရွဲကြီးများဖြင့် [illegible] ကြည့်နေသည်။ သူ့အမေက 'ခါးပါဘူး သမီးရဲ့' ချိုချို [illegible] သွားပေါ်တစ်တို့တင်ပြီး လျက်ပြသည်။

[illegible] ခဏခဏ ဖြစ်သွား၏။ ငြင်းလည်း မထူးဘူး၊ ခွတ်အောင်ချုပ်ပြီး တိုက်ကြမှာပဲဟု အားလျှော့လိုက်ဟန်တူသည်။ ပါးစပ် ဟလေး၏။

ပါးစပ်ထဲ ဆေးဝင်သွားသောအခါ မျက်နှာကို ရှုံ့မဲ့မည်ပြုပြီးမှ တန့်သွား၏။ ကြည်လင်ဝင်းပလာသည်။ ထို့နောက် ရေ့သွားကလေးတွေပေါ်အောင် ပြုံးရယ်ပြလေ၏။

ဈေးကြီးပေး ဝယ်ရကျိုး နပ်ပါပေသည်။ တန်သည်။ ဆေးတိုက်ရသည့်ဒုက္ခ၊ ဆေးသောက်ရသည့် ဒုက္ခက ကင်းလွတ်ပြီ။

သို့ရာတွင် ...

ဆေးပုလင်းကို သိမ်းမည်ပြုသောအခါ ကလေးက ငိုလေတော့သည်။ ပုလင်းကို လက်ညှိုးထိုးပြီး ပါးစပ်က 'တပြတ်ပြတ်' လုပ်ပြသည်။

ကလေးက ဆေးကို ထပ်တောင်းနေပါပြီကော။ မတည့်သော အစားအစာတစ်ခုကို ကလေးမစားစေလိုလျှင် 'အဲဒါ မုန့်မဟုတ်ဘူးကွယ့်၊ ဆေး တွေ'ဟု လူကြီးတွေက ညာပြောလေ့ရှိသည်။

ခုတော့ ...

'အဲဒါ မုန့်မဟုတ်ဘူးသမီး၊ ဆေး၊ ဆေး'ဟု အမှန်အတိုင်းပြောသော်လည်း ကလေးက မယုံတော့ချေ။

[ ချယ်ရီမဂ္ဂဇင်း။ ။ ဇွန်၊ ၁၉၈၅။ ]

## ကျွန်တော်နှင့် သတ္တဝါတစ်ခု

ညမှ ညလူ သူခိုးများပုသဖြင့် နိုးနိုးကြားကြား အိပ်ရသည်။ သို့တိုင်အောင် အိပ်ပြီဆိုမှတော့ ပျော်သွားသည်ချည်းပင်ဖြစ်သည်။ တစ်ရေးနိုးသည့် အချိန်ကျမှသာ နားစွင့်နိုင်သည်။ ခုတစ်လောရပ်ကွက်ထဲမှာ ဟိုအိမ်သည် အိမ်တို့မှ စိန်တံချူမိသွားကြောင်း၊ လူကပ်ကြောင်း စသည်တို့ ကြားနေရသည်။

ကိုယ့်အိမ်မှာ ခိုးစရာပစ္စည်း ကြီးကြီးကျယ်ကျယ် ရှိသည်တော့ မဟုတ်ချေ။ သို့ရာတွင် ဆင်းရဲသားနှင့် လူလတ်တန်းစား ကပြားတို့များသော ရပ်ကွက်တွင် လူလတ်တန်းစားအစစ်ဖြစ်သော ကျွန်တော်တို့အိမ်ကို မျက်စိကျကောင်း ကျနိုင်သည်ဟု တွက်ရသည်။ ပုဆိုးတစ်ထည် ထဘီတစ်ကွင်း စိန်တံချူမိသွားလည်း နည်းတာမဟုတ်။

* * *

www.burmeseclassic.com

www.burmeseclassic.com



[illegible] အိမ်နောက်ဖေးဘက်မှ အသံတစ်သံကြားရသည်။ ထရုံကို တစ်စုံတစ်ခုနှင့် ခြစ်သလိုလို၊ သစ်သားကို လှီးဖြတ်နေသလိုလို [illegible]၊ တဂျိဂျိအသံ။

ခုတင်ပေါ်မှ အသာလျှောဆင်းသည်။ နံရံမှာ ကပ်ထောင်ထားသော ပျဉ်းကတိုးသားတုတ်ကို ယူသည်။ မီးဖိုဘက်သို့ခြေသံမကြားအောင် သွားသည်။ သွားရင်းက တစ်ခုစဉ်းစားမိ၏။

သူခိုးကို တွေ့ပြီဆိုလျှင် တုတ်နှင့်ရိုက်ရတော့မည်။ မတော်တဆ လက်လွန်သွားနိုင်သည်။ နောက်တစ်ခုက သူခိုးဆိုသည်မှာ မှောင်ထဲ၌ မျက်စိကျင့်သားရပြီးသား။ ကိုယ်ကမမြင်မီ သူကကိုယ့်ကို အရင်မြင်နိုင်သည်။ ဒါဆို သူက အရင်ဦးအောင် လုပ်ထည့်လိုက်လျှင် —။

ခြေလှမ်းတုံ့သွားသည်။ အကြံတစ်ခုရသည်။ မီးခလုတ်ကို ဖွင့်လိုက်သည်။ လူနိုးလာပြီဟု သတိပေးလိုက်ခြင်းဖြစ်သည်။ သူခိုးက သူ့ဘာသာသူ ပြန်လစ်ပြေးလိမ့်မည်။

တဂျိဂျိ မြည်နေသောအသံ ရပ်သွား၏။ ချောင်းတစ်ချက် ဟန့်လိုက်သည်။ အိမ်သာဘက် သွားသည်၊ ရေအိုးအဖုံးကို အသံမြည်အောင်ဖွင့်ပြီး ရေသောက်သည်။ ပြီးမှ မီးပြန်ပိတ်ပြီး အိပ်ခန်းထဲ ပြန်ဝင်သည်။ မအိပ်သေးဘဲ နားစွင့်နေလိုက်သည်။

အတော်ကြာအောင် ငြိမ်သက်နေသည်။ ထို့နောက် တဂျိဂျိမြည်သံ ပြန်ပေါ်လာပြန်သည်။ ခုတင်ပေါ်ကဆင်း၊ တုတ်ကို ပြန်ကိုင်သည်။ ပြီးမှ တွေးလိုက်မိ၏။

သူခိုးဆိုလျှင် လူနိုးနေမှန်းသိလျက်နှင့် နောက်တစ်ကြိမ်ထပ်ပြီး မိုက်မိုက်မဲမဲ စွန့်စားမည်မဟုတ်။ ကျွန်တော် မီးပြန်ပိတ်လိုက်တာ ဆယ်မိနစ်လောက်သာ ရှိသေးမည်။ တစ္ဆေ သရဲများလား၊ ဒါတော့ ကျွန်တော် မယုံ။ သို့ဆိုလျှင် —။



တုတ်ကို ကိုင်လျက် နောက်ဖေးဘက် အသာလျှောက်သွားသည်။ မီးလည်း မဖွင့်၊ ခြေလှမ်းကိုလည်း ဖော့နင်းသည်။ မီးဖိုခန်းနား ရောက်လာသည်။ တဂျိဂျိ အသံကို ကြားရတုန်း။ နားကို အစွမ်းကုန် စွင့်သည်။ အသံလာရာကို မှန်းကြည့်သည်။ မီးဖိုကြမ်းပြင်ဆီမှ မြည်နေသော အသံ။

ဖျတ်ခနဲ မီးဖွင့်လိုက်သည်။ အသံရပ်သွား၏။ ငါးမိနစ်လောက် ငြိမ်နေလိုက်သည်။ ပြန်မြည်လာ၏။

အသံမြည်ရသည့် အကြောင်းရင်းကိုတော့ ခန့်မှန်းလို့ ရပြီ။ ကြမ်းပြင့်ကဆွေးနေသော နေရာတစ်နေရာကို ကြွက်ဖောက်နေခြင်း ဖြစ်မည်။ ဘယ်နေရာဆိုတာကတော့ အတိအကျ မသိရ။ ဖောက်နေသော ကြွက်ကလည်း နားလိုက်၊ ဖောက်လိုက် လုပ်နေသဖြင့် အသံက ပေါ်လာလိုက် ပျောက်သွားလိုက်။

အသံမြည်နေသည်ဟု ထင်ရသောနေရာကိုမှန်း၍ တုတ်နှင့် နှစ်ချက် သုံးချက် ရိုက်လိုက်သည်။ သတ္တဝါငယ်တစ်ကောင် ထွက်ပြေးသွားသော အသံကို ကြားရသည်။

ကျွန်တော်လည်း အိပ်ခန်းထဲ ပြန်ဝင်ပြီး အိပ်သည်။ နောက်တစ်ကြိမ် မြည်သံလိုလို ကြားရသောအချိန်တွင် ကျွန်တော် အိပ်တစ်ဝက် နိုးတစ်ဝက် ဖြစ်နေပြီ။ ထ မကြည့်ဖြစ်တော့။

နောက်နေ့မနက် အိပ်ရာမှ နိုးသောအခါတွင် အတိအကျ သိရသည်။ မိန်းမက ခေါ်ပြသည်။ မီးဖိုကြမ်းပြင်မှာ ချထားသည့် ဆန်ခြောက်ပြည်ထည့်ထားသော အိတ်ကို ဆွဲဖယ်သည်။ ကြွက်က ဆန်အိတ်အောက်တည့်တည့်က ကြမ်းပြင်ကို ဖောက်ထားခြင်း ဖြစ်သည်။ အပေါက်က လက်ဖက်ရည်ပန်းကန် တစ်လုံးစာလောက်ရှိသည်။ ဆန်အိတ်ကိုလည်း အောက်က လှိုက်ပြီး ဖောက်စားထားသဖြင့် ပေါက်ပြဲပြီး ဆန်တွေထွက်ကျနေသည်။

www.burmeseclassic.com

www.burmeseclassic.com



'အိတ်က အသစ်ကြီး၊ ဟိုတစ်နေ့ကမှ ဝယ်ထားတာ'

ဟု မိန်းမက နှမြောသံဖြင့် ပြောသည်။ ပြီးတော့ ဆန်က သူတို့ ရုံးမှရသည့် ဆန်ကောင်း၊ ညှော်မထဖြစ်သည်။ သမဝါယမဆိုင်က ပေးသော ငစိန်ဆန်နှင့်ရောပြီး စားရသည်။ လူကိုသာ အစော်ကားခံချင် ခံနိုင်မည်။ ဆန်ကိုတော့ အထိမခံနိုင်။

'ဒီကြွက် ဒုက္ခပေးနေတာ ကြာပြီ၊ ဆန်ကာထဲ ထည့်ထားတဲ့ ခရမ်းချဉ်သီးတွေ ချီသွားလိုက်၊ အာလူးတွေ စားသွားလိုက်နဲ့ အုပ်ထားလဲ မရဘူး၊ ဆန်ကာပါ ဖောက်ပြီး နှိုက်တယ်။ ဟိုနေ့ကလဲ ထဘီတစ်ထည် ကိုက်သွားပြီးပြီ'

ဟု ဆက်ပြောသည်။ ကျွန်တော်သည် ထိုကြွက်ကို တော်တော် စိတ်ဆိုးသွားလေပြီ။ အပြတ်ရှင်းပစ်မည်ဟု ဆုံးဖြတ်လိုက်၏။

ကြွက်ထောင်ခြောက် တစ်ခု ဝယ်သည်။ လှောင်အိမ်ပုံစံ ပြုလုပ်ထားသော ထောင်ခြောက်ဖြစ်သည်။ စပရိန်နှင့်ဆွဲထားသော တံခါးကို အစာချိတ်သည့် သံချိတ်နှင့် ချိတ်ထားရသည်။ ကြွက်က အစာကိုဆွဲလျှင် မောင်းပြုတ်ပြီး တံခါးပိတ်၊ ထောင်ခြောက် လှောင်အိမ်ထဲ ပိတ်ပြီးသား ဖြစ်သွားသည့်စနစ်။

ကြွက်တို့သည် လာနေကျ လမ်းကြောင်းအတိုင်း လာတတ်သည်ဟု ကြားဖူးသည်။ ထို့ကြောင့် မနေ့ညက ဖောက်ထားသော ကြမ်းပေါက် အဝမှာ ထောင်ခြောက်ကို ချထားသည်။ မျှားစာအဖြစ် အာလူးခပ်သေးသေး တစ်လုံးကို သံချိတ်မှာ ချိတ်ထားလိုက်သည်။

ထိုညက တော်တော်နှင့် အိပ်မပျော်။ ထောင်ခြောက်မောင်းကျသံ ဂျိမ်းခနဲ ကြားရမလားဟု နားစွင့်နေသောကြောင့် ဖြစ်သည်။ ညဉ့်နက် သည်ထိ ဘာသံမှ မကြား။ ထိုညက သူ မလာချေ။



နောက်တစ်နေ့ညတွင် အစာ အသစ်လဲသည်။ ငါးခြောက်သေး သေးလေးတစ်ကောင် ချိတ်သည်။ ကြမ်းပေါက်ထဲသို့ ဆန်စေ့ အနည်းငယ် ချသည်။ ထောင်ခြောက် လှောင်အိမ်ထဲတွင်လည်း ဆန်စေ့နည်းနည်း ထည့်ပြီး လမ်းကြောင်း လုပ်ပေးထားသည်။ ကြွက်ကို ပိုပြီး မြူဆွယ် နိုင်စေရန် ငါးခြောက်မှာ ဟင်းဆီ နည်းနည်း သုတ်ထားလိုက်သေး သည်။

* * *

ခနဲ အိပ်ပျော်သွားချိန်တွင် ဂျိမ်းခနဲ မြည်သံကြောင့် ဖျတ်ခနဲ ပြန် နိုး သည်။ ကြွက်၏ အော်သံ တကျွိကျွိကိုလည်း ကြားရသည်။ ကြွက် မိနေပြီ။

အိပ်ရာမှ လူးလဲထပြီး နောက်ဖေးဘက် သွားသည်။ မီးဖွင့်လိုက် ၏။ မှန်သည်။ ထောင်ခြောက်ထဲမှာ မိနေပြီ။ မြေကြွက်ကြီး၊ အကောင် တော်တော်ကြီးသည်။ လှောင်အိမ်နှင့် ပြည့်လုနီးပါး။ သူ့အမြီးကတော့ လှောင်အိမ်တံခါးနှင့်ညပ်ပြီး အပြင်မှာ တန်းလန်းထွက်နေသည်။

သူသည် တကျိကျိ အော်ရင်း ရုန်းကန်နေသည်။ အတော်သန်သည့် အကောင်။ သူရုန်းလိုက် တိုးလိုက်လျှင် လှောင်အိမ်က တဝုန်းဝုန်း မြည် ပြီး လှုပ်ခါသွားတတ်သည်။ သူ့ထံမှ ညှီစို့စို့ အနံ့ရသည်။ ကျွန်တော် သည် သုပ်စွာ နှာခေါင်း ရှုံ့လိုက်၏

ထိုစဉ်မှာပင် တစ်ချိန်လုံး ကျွန်တော် မစဉ်းစားခဲ့မိသည့် အချက် တစ်ချက်ကို သတိရလိုက်သည်။ ကြွက်ကိုတော့ မိပြီ။ ဘာလုပ်မလဲ။ စဉ်းစားမိခဲ့ရှိသည်။ ဘယ်လိုနည်းနှင့် သတ်မလဲ။

www.burmeseclassic.com

www.burmeseclassic.com



သံချွန်တစ်ခုနှင့် ထိုးသတ်။ တွေးသာ တွေးသည်။ ကျွန်တော် ဒီလောက်ထိတော့ လက်မရဲချေ။ ပြီးတော့ တစ်ချက်တည်းနှင့် မသေဘဲ အော်နေလျှင် ခက်သည်။ တခြားနည်း စဉ်းစား။

လှောင်အိမ်ကို ရေထဲနှစ်ထားလျှင် ရေမွန်းပြီး သေသွားလိမ့်မည်။ သို့ရာတွင် ရက်စက်လွန်းရာကျသည်။

တစ်ခု တွေးမိပြန်သည်။ လှောင်အိမ်မှာ သံတန်းကလေးတွေ ပါသည်။ ထိုသံတန်းမှာ ဓာတ်ကြိုးစ တစ်ခုကို သွယ်ထားမည်။ သံတန်းကို ကြွက် ထိမိသည့်အချိန်တွင် မီးခလုတ်ဖွင့်ပြီး လျှပ်စစ်ဓာတ် လွှတ်လိုက်မည်။

မဖြစ်သေး။ ဓာတ်လိုက်ပြီး ဆန့်ငင်ဆန့်ငင် ဖြစ်နေသည်ကို ကြည့်ရဲမည်မဟုတ်။ မချိမဆန့်အော်သည့်အသံကိုလည်း မကြားချင်။

အညင်သာဆုံး အသက်ထွက်မည့်နည်းကို ရှာကြည့်သည်။ ဘာမီ တွမ်နှစ်ပြားလောက် အရည်ဖျော်ပြီး တိုက်လိုက်လျှင် အိပ်ပျော်သွားလိမ့်မည်။ ထိုအခါကျမှ လှောင်အိမ်ထဲကထုတ်ပြီး တုတ်နှင့် ရိုက်သတ်ရင်ကော။ ဟုတ်တော့ ဟုတ်ပါပြီ။ ထိုဘာမီတွမ်အရည်ကို ကြွက်ပါးစပ်ထဲကို ဘယ်နည်းနဲ့လောင်းထည့်မလဲ။

ပြီးတော့ သွားတွေးမိတာ တစ်ခုရှိသေးသည်။ ဒီကြွက်မှာ အပြစ် ရှိ မရှိ ဆိုတာ။

သူတစ်ပါးပိုင်နက်ကို ဖောက်ထွင်းဝင်ရောက်ခြင်း မပြုရဆိုသော ဥပဒေကို သူ နားမလည်။ သူတစ်ပါး၏ ပစ္စည်းဥစ္စာကို ပိုင်ရှင်မသိအောင် ယူငင်ခြင်းသည် ခိုးမှုမြောက်ကြောင်း သူ မသိ။



သူ သိသည်မှာ သူ့အသက် ဆက်လက်ရှင်သန်နေဖို့ အစာရှာရသည်။ အစာရှာရဖို့အတွက် မြေကြီးကိုသော်လည်းကောင်း၊ ကြမ်းပြင်ကို သော်လည်းကောင်း၊ ခြင်းတောင်း၊ ဆန်ကာ စသည်တို့ကို လည်းကောင်း ဖောက်ချင် ဖောက်ရမည်။ ဒါကြွက်တို့၏ သဘောသဘာဝ။

ပြီးတော့လည်း ဥပဒေကို သိနားလည်လျက် ခိုးမှုကို ကျူးလွန်သော သူတို့ကိုပင် သေဒဏ်ပေးသည် ဟူ၍ မရှိချေ။

ကျွန်တော်သည် သူ့ကို အခွင့်အရေးတစ်ခုပေးရန် ဆုံးဖြတ်လိုက်သည်။ လှောင်အိမ်ကို ဖွင့်ပေးမည်။ သူ ထွက်လာလျှင် တုတ်နှင့်ရိုက်မည်။ ထိလျှင်လည်းသေ၊ မထိလျှင်လည်းလွတ်။ ဒါတရားမျှတသည်ဟုတွက်သည်။

လှောင်အိမ်နားမှာ ဆောင့်ကြောင့်ထိုင်ချလိုက်သည်။ ညာဘက် လက်က တုတ်ကို အသင့်ကိုင်ထားသည်။ ဘယ်ဘက်လက်က လှောင် အိမ်တံခါးလက်ကိုင်ကို ကိုင်မည်အပြု —

ကြွက်သည် အမြီးကို တံခါးညပ်သည့်ဒဏ်ကို ခံစားနေရပါလျက်၊ လှောင်အိမ်ထဲမှာ ပိတ်မိပြီး အကျဉ်းအကျပ်ကျနေပါလျက် သံချိတ်မှာ ချိတ်ထားသော ငါးခြောက်ကို တရှိုက်မက်မက် ကိုက်ဖဲ့စားနေသည်ကို တွေ့လိုက်ရလေသည်။

ကျွန်တော်သည် လက်ထဲက တုတ်ကို အလိုလို လွှတ်ချလိုက်သည်။ ထို့နောက် လှောင်အိမ်တံခါးကို ဖွင့်ပေးလိုက်သည်။ သူသည် အမြီး လွတ်လပ်သွားသောအခါ အပေါက်ဝဘက်သို့ ကိုယ်ကို ခဲယဉ်းစွာ လှည့်သည်၊ ချက်ချင်း မထွက်သေး။ ခေါင်းတစ်ခြမ်းလောက် အပြင်ကို ထုတ်ကြည့်သည်။ ကျွန်တော်က လှောင်အိမ်ကို လှုပ်ပေးလိုက်သည်။ ထိုအခါကျမှ ဗိုးခနဲနေအောင် တစ်ဟုန်ထိုး ထွက်ပြေးသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ငြိမ်းခဲ့သည်။ သူ့ကို လွှတ်ပေးလိုက်သည့်အတွက် ကျွန်တော် ကုသိုလ်ရသည်လား မပြောတတ်ချေ။

[ သတင်းမဂ္ဂဇင်း ။ ဒီဇင်ဘာ၊ ၁၉၉၆ ။ ]

## ကဗျာ နှင့် စတင်သိကျွမ်းရခြင်း

ကျွန်တော်သည် ဤစာအုပ်တွင် စာတစ်ပုဒ် ရေးပေးရန် တာဝန်ပေးခြင်း ခံရပါသည်။ စီစဉ်သူများက ထိုအကြောင်းပြောသောအခါ ဝတ္ထုတစ်ပုဒ် ရေးပေးရမည်ဟု ထင်လိုက်မိသည်။ ကဗျာအကြောင်း ရေးရမည်ဟုဆို သောအခါ ကျွန်တော် လန့်ပြီး ဝမ်းသာသွားလေသည်။

လန့်ရသည့်အကြောင်းမှာ ကဗျာသည် စာပေအမျိုးအစားများထဲ တွင် ပြဿနာအတက်ဆုံး၊ အငြင်းအပွားရဆုံး၊ အကြောင်းအရာပိုင်းရော ပုံသဏ္ဌာန်ပိုင်းပါ အထွေပြားဆုံးဖြစ်သောကြောင့် မရေးရဲခြင်းပင် ဖြစ်သည်။ ကဗျာနှင့် ပတ်သက်၍ ကဗျာပုံစံသစ်များကိုလည်း ကြိုက်သလို၊ ရှိပြီးသား ကဗျာပုံစံများကိုလည်း ကြိုက်သည်။ ကဗျာဆိုလျှင် ဟောင်းဟောင်းသစ်သစ် ကို ငြိလျှင် ကြိုက်သည်ချည်းဖြစ်သည် ဆိုသလောက်သာ ပြောတတ် သည်။

ပြီးတော့ ကျွန်တော်သည် ဝတ္ထုရော ကဗျာပါ ရေးသူဖြစ်သည်။ တွင် ကျွန်တော့်ကို ဝတ္ထုရေးသူ အဖြစ်သာ လူသိများသည်။ ကဗျာ ရေးသူအဖြစ် သိသူနည်းသည်။ ကျွန်တော်ကလည်း ကဗျာအရေးနည်း

www.burmeseclassic.com

www.burmeseclassic.com



သွားသည်။ တချို့က ကျွန်တော့်ကို ကဗျာဆရာအဖြစ် သတ်သတ်မှတ်မှတ် [illegible]ချင်း အားကြလိမ့်မည် ထင်သည်။ ထို့ကြောင့် ကဗျာ [illegible] သက်တွန့်ပါသည်။

[illegible]သွားသည့်အကြောင်းမှာ ဤစာအုပ် စီစဉ်သူများက ကျွန်တော့်ကို ကဗျာသမားတစ်ယောက်အဖြစ် အသိအမှတ်ပြုတာဝန်ပေးလာကြသောကြောင့်ပင် ဖြစ်သည်။ နယ်သို့ စာပေဟောပြောပွဲတွေ သွားရင်း ကဗျာဝါသနာရှင် လူငယ်များနှင့် တွေ့ရသည်၊ သူတို့က ကျွန်တော့်ကို ကဗျာသမားတစ်ယောက်အဖြစ် လိုလိုလားလား လက်ခံဆွေးနွေးကြသောအခါ အလွန်ဝမ်းသာရသည်။ တချို့သော မြို့နယ်များတွင် ကျွန်တော့်ကို ကဗျာဆရာဟု ကြေညာသည်ကို တွေ့ရသောအခါ စာမေးပွဲအောင်စာရင်းထဲက ကိုယ့်နာမည်ကို မြင်ရသကဲ့သို့ ကြည်နူးချမ်းမြေ့ရလေသည်။

ဘာပဲဖြစ်ဖြစ် ကဗျာနှင့် ပတ်သက်၍ စာတစ်ပုဒ်ရေးရန် တာဝန်ယူခဲ့ပြီ။ ထို့ကြောင့် ကျွန်တော်နှင့် အသင့်တော်ဆုံး ဖြစ်မည်ထင်သော ကဗျာရေးရာတွင် ကြုံရတွေ့ရသော အဖြစ်အပျက်ကလေးများကိုသာ ရေးမည်ဟု စိတ်ကူးသည်။

* * *

ချိုးနှစ်ကောင်
ထနောင်းပင်ညီနောင်က
လွမ်းအောင်ကူချွဲ။
ပန်းတော်ပြု
ပင်မြက်နေစာထူလှ
ဖိုးတောင်သူတဲ။ — ။



ကလေးဘဝတုန်းက ထိုကဗျာလေးကို ကျောင်းမှာ သင်ရသည်။ မျက်စိထဲတွင် ထနောင်းပင်၊ ချိုးနှစ်ကောင်၊ တောင်သူတဲကလေးတွေကို တကယ်ကို မြင်ယောင်လာသည်။ ချိုးကူသံကို ကြားယောင်လာသည်။ အမျိုးအမည်မသိသော ခံစားမှုကို ခံစားရသည်။ ထိုစဉ်ကစ၍ ကဗျာကို စိတ်ဝင်စားမိသည်ဟု ထင်သည်။

ငါးတန်းခြောက်တန်းလောက်တွင် ‘ကဗျာရေးချင် စာစပ်သင်’၊ ‘ကဗျာပရိယာယ်’၊ ‘ခေတ်သစ်ကဗျာမိတ်ဖွဲ့’ စသော စာအုပ်များကို ဖတ်ရသည်။ နှစ်သက်သော ကဗျာများကို မှတ်စုစာအုပ်ထဲမှာ ကူးယူထားသည်။ တချို့ကဗျာတွေကျတော့ ကူးရုံနဲ့ အားမရ၊ အခြားသူများကိုပါ ပေးဖတ်ချင်သည်။ ‘သူမှာတမ်း’ ကဗျာကို လေးငါး ဆယ်ရွက်လောက် ကူးပြီး အတန်းထဲက သူငယ်ချင်းတွေကို လိုက်ဝေသည်။ (ခုထိလည်း ထိုကဗျာကို အကြိုက်နှစ်သက်ဆုံး ဖြစ်ပါသည်။ ထိုကဗျာထဲက အဖြစ်အပျက်အတိုင်း အိပ်မက်ထဲမှာ ထည့်မက်မိသည်အထိ စွဲလမ်းခဲ့ပါသည်။)

ကျွန်တော်သည် ကဗျာတွေ ဖတ်ရာမှ ကိုယ်တိုင်လည်း ကဗျာရေးချင်သည့် ဆန္ဒပြင်းပြလာသည်။ ကျွန်တော် စ ရေးသည့် ကဗျာများမှာ ‘သံယောဇဉ်’ဟူသော အမည်ဖြင့် ‘အမှျင်သေးသေး၊ အမြင်ဆွေးလည်း၊ ချောင်ပြေးမလွတ်သာတကား’ဆိုသော ကဗျာမျိုး၊ ‘အသည်းတစ်ခြမ်း၊ နီးဆောင်ကျွမ်းစဉ်၊ တစ်ခြမ်း လူခိုးခံရသည်’ ဆိုတာမျိုး၊ ဘုရားစင်မှာ အမြောက်ကျည်ဆန်ခွံများကို ညောင်ရေအိုးအဖြစ် အသုံးပြုထားသည်ကို မြင်ရသောအခါ အတွေးပေါက်ပြီး —

‘အမြောက်ဆန်ခွံများ
ဘုရားပန်းထိုး
ညောင်ရေအိုးလို

www.burmeseclassic.com

www.burmeseclassic.com



တစ်မျိုးဆန်းသစ်

တီထွင်ပစ်ပြီ

စစ်ဆိုသည်မှာ ကိုးကွယ်ရာလား' ဆိုသော ကဗျာကို ရေးဖြစ်သည်။

ဆယ်တန်းရောက်သောအခါ ကျောင်းက စာပေဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့မှာ အတွင်းရေးမှူးဖြစ်လာသည်။ နံရံကပ်စာစောင်တွေ ထုတ်သည်။ ကဗျာလည်း ဝင်ရေးသည်။

* * *

တက္ကသိုလ်စတက်သောနှစ်တွင် ကဗျာတွေ အမြောက်အမြား ရေးသည်။ ကလောင်အမည် မျိုးစုံတပ်၍ မဂ္ဂဇင်းတွေကို ပို့သည်။ အားလုံးအပယ်ခံရသည်ချည်း ဖြစ်၏။

နောက်တော့ ရန်ကုန်တက္ကသိုလ် အနုပညာအသင်း ပန်းချီဌာနစိတ်၏ နံရံကပ်စာစောင်တွင် ကဗျာတွေ ဝင်ရေးသည်။ ကလောင်နာမည်က တောကျောင်းဘုန်းကြီး။ ထိုစဉ်က ပန်းချီခန်းမသည် ဝိဇ္ဇာခန်းမ၏ နောက်ဘက်ရှိ အခန်းရှည်ကလေးထဲမှာ ဖြစ်သည်။ တာဝန်ခံ(အတွင်းရေးမှူး)က မောင်မောင်စနေ။ နံရံကပ်စာစောင်စာတည်းအဖွဲ့မှာ သားကြီးမောင်ဇေယျ၊ တိုးမိုး၊ အနီမောင်၊ တင်လေးမြိုင်၊ ခင်မြဇင်၊ မစံတို့ ဖြစ်၏။ မြင့်ကောင်း၊ မျိုးရာဇာညွှန့်နှင့် ကျွန်တော်တို့က ကဗျာများရေးပြီး ပို့ကြသည်။

ကျွန်တော်တို့ ကဗျာတွေ ရေးကြသည်။ ပုံစံအမျိုးမျိုး၊ အကြောင်းအရာအမျိုးမျိုး၊ တချို့က ကာရံမဲ့၊ တချို့က ကာရံရှိ၊ တချို့က လွတ်လပ်ကာရံ၊ တချို့က အချစ်အကြောင်း၊ တချို့က ဘဝ၊ တချို့က အတွေးအခေါ်၊ တချို့က သဘာဝအလှအကြောင်း၊ ကိုယ်သန်ရာ ကိုယ်ရေးကြ



သည်။ ပုံစံချင်း၊ အကြောင်းအရာချင်း ကွဲပြားသော်လည်း တစ်ယောက်နှင့်တစ်ယောက် ပဋိပက္ခမဖြစ်ကြ။ ကျွန်တော်တို့သည် နေရပ်ဒေသအသီးသီးမှ လာပြီး ကျောင်းမှာ ဆုံကြခြင်းဖြစ်၏။ သို့ရာတွင် ဒေသစွဲ မရှိကြ။ ပုဂ္ဂိုလ်စွဲ မရှိကြ။ ကဗျာကို ချစ်သော အစွဲသာ ရှိကြသည်။ ကဗျာရေးနေရလျှင် ပျော်နေကြသည်။

သူငယ်ချင်းတစ်ယောက်ဆိုလျှင် ရည်းစားထက် ကဗျာကို ပို၍ချစ်မိသဖြင့် ချစ်သူ၏ စွန့်ပစ်ခြင်းကို ခံလိုက်ရရှာသည်။ ကျွန်တော့်ကိုကော 'ရည်းစား နှင့် ကဗျာ ဘယ်သူ့ကို ပိုချစ်သလဲ' ဟု ထိုစဉ်က မေးခဲ့လျှင် 'ထောင့်ငါးရာနဲ့ ငါးရာနှစ်ဆယ့်ရှစ် တစ်မျိုးစီပေါ့'ဟု ဖြေမိပါလိမ့်မည်။

ကဗျာတွေကို မဂ္ဂဇင်းတိုက်သို့ ပို့မြဲပို့သည်။ သို့ရာတွင် အရွေးမခံကြရ။ ထိုစဉ်ကာလက မဂ္ဂဇင်းအများစုသည် ပုံစံသစ် ကဗျာများကို လက်မခံကြချေ။ ဖော်ပြခြင်း မရှိကြ။ ပုံစံသစ်ကဗျာကို သုံးသောမဂ္ဂဇင်း အနည်းငယ်ကိုလည်း ကျွန်တော်တို့ မတိုးနိုင်။

သို့ဖြင့် ကျွန်တော်တို့သည် လက်ရေးကဗျာစာအုပ်ကလေးတွေ ရေးသားထုတ်ဝေရင်း အာသာဖြေကြရသည်။ လက်ရေးကဗျာစာအုပ်တစ်အုပ် ထုတ်ဝေရသည်မှာ လွယ်ကူသည် မဟုတ်ချေ။ သာမန်အားဖြင့် ကြည့်လျှင်တော့ လွယ်လွယ်ကလေးဟု ထင်ရသည်။ ဖယောင်းစက္ကူပေါ်မှာ ကညစ်နှင့်ရေးပြီး စာကူးစက်ဖြင့်လှည့်၊ ပြီးတော့ ခေါက်ပြီး ချုပ်လိုက်ရုံသာ။ တကယ်တမ်းလုပ်ကြည့်တော့မှ လက်ဝင်သော အပိုင်းတွေရှိကြောင်း တွေ့ရသည်။

ထည့်ချင်သော ကဗျာအရေအတွက်နှင့် စာမျက်နှာကိုက်ညီမှုရှိစေရန် တွက်ချက် ချိန်ဆရခြင်း၊ စာကြောင်း အစိတ်အကျဲ၊ စာလုံးကြီးအသေး ညှိရခြင်း၊ စာမျက်နှာ မမှားအောင် ဂရုစိုက်ရခြင်း။ ပြီးတော့

www.burmeseclassic.com

www.burmeseclassic.com



အဆောင်းတွေ့ချိန်ပါမှာ ရေးရတာ လွယ်သောအလုပ်မဟုတ်။ ရေးနေကျ ရောက်လျှင် ကျွမ်းကျင်ပြီသွားနိုင်သည်။

စာကူးစက်လှည့်ရာတွင် ကြုံရသည့် အခက်အခဲကလည်း ရှိသေးသည်။ ကဗျာစာအုပ်ဆိုလျှင် ပြဿနာတက်တတ်သည်ဆိုပြီး စာကူးစက်တွေက လှည့်မပေးချင်ကြ။ တစ်စက်ပြီး တစ်စက် ခြေတိုအောင် လှည့်ပြီး ညည်းရုံးရသည်။ ဘာမှ ပြဿနာတက်စရာ မပါပါဘူး၊ ရိုးရိုးပါ၊ ယုံရင် ဖတ်ကြည့်ပါဆိုပြီး တောင်းတောင်းပန်ပန် ခယယ လုပ်ရသည်။

စာကူးစက်လှည့်ပြီး၊ ချုပ်ပြီး စာအုပ်ဖြစ်ပြန်တော့ ရောင်းဖို့က ရှိသေးသည်။ တချို့ကို ကျောင်းက ပန်းဝတီလိုဆိုင်မျိုးမှာ တင်ရောင်းခိုင်းပြီး ကျန်တာကို ကိုယ်တိုင်လက်ဖွေ့လိုက်ရောင်းကြရသည်။ ကဗျာစိတ်ဝင်စားသူတွေက ဝယ်သည်။ စိတ်မဝင်စားသူတွေက လှောင်သလို ပြောင်သလို လုပ်လွှတ်တတ်သည်။ တချို့က အားနာပါးနာ ဝယ်သည်။ ကိုယ်နှင့်နီးစပ်ရာကို အတင်းတွန်းထိုး ရောင်းရသည်။ ဒီကြားထဲ ဈေးဆစ်သည့်လူ၊ အကြွေးဝယ်သည့်လူ၊ နောက်သလို ပြောင်သလိုနှင့် အလကားဆွဲသွားသည့် လူတွေ ရှိသေးသည်။ မိန်းကလေးအဆောင်တွေ သွားရောင်းသောအခါ ကဗျာစာအုပ်တော့ မဝယ်ဘဲ သူတို့အဆောင် ဖန်ဖဲယားလက်မှတ် ပြန်ရောင်းခံလိုက်ရတာမျိုး၊ ဖန်ဖဲယားလက်မှတ်နှင့် ကဗျာစာအုပ် လဲလိုက်ရတာမျိုးလည်း ရှိသည်။

ကဗျာစာအုပ် လိုက်ရောင်းရသည့်အလုပ်မှာ ကောင်မလေးတစ်ယောက်ကို ရည်းစားစာ လိုက်ပေးရတာထက်တောင် မျက်နှာပိုပြောင်ဖို့ လိုလေသည်။

* * *



ဤစာအုပ် စီစဉ်သူများက ပြောသည်။ ယခု လက်ရှိကျောင်းထဲမှာ လက်ရေးကဗျာစာအုပ်ကလေးတွေ ရေးထုတ်နေကြသူများနှင့် တွေ့ဆုံဆွေးနွေးခန်း သဘောမျိုးလည်း လုပ်ချင်သည်ဟု ဆိုသည်။ အလွန်သင့်လျော်ကောင်းမွန်သော အစီအစဉ်ပင် ဖြစ်သည်။

ကျွန်တော်သည် လက်ရေးကဗျာစာအုပ်များကို စိတ်ဝင်စားသည်။ အဆန်းသစ်ဆုံးအတွေး၊ အဆန်းသစ်ဆုံး အရေးအဖွဲ့များကို ထိုစာအုပ်များတွင် တွေ့နိုင်သောကြောင့် ဖြစ်သည်။ လက်ရေး ကဗျာစာအုပ်ကလေးများကိုလည်း ရနိုင်သလောက် စုဆောင်းထားသည်။

ကျွန်တော်၏စိတ်ကူးမှာ တစ်နေ့နေ့ကျလျှင် လက်ရေးကဗျာစာအုပ်ပြပွဲကလေးတစ်ခု လုပ်ချင်ခြင်းပင် ဖြစ်သည်။ တကယ်ဖြစ်လာနိုင်ဖို့တော့ မလွယ်၊ စိတ်ကူးယဉ်ဆန်သော စိတ်ကူးပင် ဖြစ်သည်။ သို့ရာတွင် ထိုစိတ်ကူးကပင် စိတ်ကူးယဉ်လို့ကောင်းလှသည်။

သင့်တော်သော နေရာတစ်ခုတွင် ပြပွဲခင်းကျင်းမည်။ ကဗျာစာအုပ်အရောင်းကောင်တာလည်း ရှိမည်။ ပြခန်း၏အပြင်ဘက် ဥယျာဉ်တွင်းရှိ သစ်ပင်ရိပ်များတွင် ကဗျာထိုင်ဖတ်ရန် ခုံတန်းလျားကလေးများ ထားရှိမည်။ အခန်းတစ်ခန်းတွင် နာမည်ကျော် ကဗျာများကို အသံနေ အသံထားဖြင့် ရွတ်ဆိုသွင်းယူထားသော တိပ်ခွေများ နားထောင်နိုင်ရန် စီစဉ်ထားမည်။

ထိုစိတ်ကူးသည် တစ်နေ့နေ့ ဖြစ်မလာဘူးဟူ၍တော့ အတပ်မပြောနိုင်ချေ။

* * *

၁၉၇၈ ခု နှစ်ဦး၏ နေ့တစ်နေ့တွင် စာအုပ်လုပ်ငန်းလုပ်သူတစ်ဦးနှင့်တွေ့သည်။ သူက လက်ရေးကဗျာစာအုပ်ကလေးများတွင် ပါဝင်သော ကျွန်တော့်

www.burmeseclassic.com

www.burmeseclassic.com



ကဗျာများကို ဖတ်ဖူးကြောင်း၊ ထိုကဗျာများကို စုပြီး ပုံနှိပ်ထုတ်ဝေချင်ကြောင်း ပြောသည်။ 'စာမူခကတော့ ထုံးစံအတိုင်းပေါ့ဗျာ'ဟုလည်း ဆိုသည်။ ထုံးစံအတိုင်းဆိုသည်မှာ တစ်ပြားမှ မပေးနိုင်ဟု ဆိုလိုခြင်း ဖြစ်၏။

ကျွန်တော်က ဝမ်းသာအားရပင် သဘောတူလိုက်၏။ ကဗျာတွေ စုပြီး ပေးလိုက်သည်။ နောက်တော့ ငွေကြေး အခက်အခဲကြောင့် သူ မထုတ်နိုင်ဟု ဆို၏။

ကိုယ့်ဘာသာ ထုတ်ဖို့ကလည်း ထိုအချိန်က ကျွန်တော့်မှာ ငွေ သုံးဆယ်ငါးကျပ်သာ ရှိသည်။ တကယ်ကုန်ကျမည့်ငွေက ထောင်နှင့်ချီသည်။ မိဘကိုလည်း ဒုက္ခ မပေးချင်တော့။ ကိုယ့်ပြဿနာ ကိုယ်ရှင်းမည်ဟု ဆုံးဖြတ်သည်။

သုံးဆယ့်နှစ်လမ်းမှာ ကာလာရိုက်သည့် ပုံနှိပ်စက်အစုတ်ကလေး တစ်လုံးဖြင့် အလုပ်လုပ်နေသော သူငယ်ချင်းအေးမြင့်ဆီ သွားသည်။ အခက်အခဲကို ပြောပြသည်။ မင်းက စာအုပ်အဖုံးအတွက် တာဝန်ယူပါ။ ထိုအတွက်ကျသင့်ငွေကို စာအုပ်ထဲမှာ အစုရှယ်ယာပါသည်ဟု သဘောထားပါဟု ပြောလိုက်သည်။ ကဗျာစာအုပ်ဆိုလျှင် ရှုံးဖို့ ကျိန်းသေကြောင်း သူ သိသည်။ သို့ရာတွင် သူက ကျွန်တော့်ကမ်းလှမ်းချက်ကို လက်ခံလိုက်၏။

စက္ကူဖိုးအတွက် အတိုးဖြင့် ငွေချေးရသည်။ ဘလောက်အကြွေး လုပ်သည်။ အတွင်းစာသားရိုက်သည့် ပုံနှိပ်တိုက်ကို အကြွေးရိုက်ခိုင်းသည်။

စာအုပ်အဖုံးအတွက် စက္ကူကို အကောင်းအသစ် မသုံးနိုင်။ ဖြတ်စတွေ ဝယ်သုံးရသည်။ စက္ကူအရောင်က မဖြူတော့၊ ဝါကျင့်ကျင့် ဖြစ်နေ၏။ နှစ်ကာလ ဘယ်လောက်ကြာအောင် သိမ်းဆည်းသိုလှောင် ထားသော ပစ္စည်းမှန်း မသိရ။ ကြာရှည်အထားခံအောင် ဖြန်းရသည့်ပိုးသတ်



ဆေးနံ့က တသင်းသင်း။ ပိုးသတ်ထားသော ကဗျာစာအုပ်အဖြစ် ကြဲဖန် ဇာထ်ယူလျှင်တော့ ရနိုင်ဖွယ် ရှိပေသည်။

စာအုပ်ကြော်ငြာများကို တက္ကသိုလ်နယ်မြေမှာ အထူးပြု၍ ကပ်ခဲ့၊ ချိတ်ခဲ့ ကြသည်။ စက်မှုတက္ကသိုလ်မှာလည်း ကပ်ပေး ချိတ်ပေးရန် ထို တက္ကသိုလ်ရှိ သူငယ်ချင်းများကို အကူအညီတောင်းရသည်။ သူတို့ကလည်း အားတက်သရော ကူညီကြပါသည်။ ဘယ်လောက်အထိလဲဆိုလျှင် ကဗျာ စာအုပ် ကြော်ငြာများကို လက်ဖက်ရည်ဆိုင်မှာသာမက စက်မှုတက္ကသိုလ် ဆင်ဝင်ကြီးအောက်ရှိ ကြော်ငြာသင်ပုန်းကြီးတစ်ခုလုံး ပြည့်သွားအောင် ကပ်ပစ်လိုက်ခြင်းပင်တည်း။

ဤသို့ဖြင့် ကျွန်တော်၏ ပထမဆုံးကဗျာစာအုပ်ဖြစ်သော 'အချစ် လားဟေ့ ဝင်ခဲ့လေကွယ်'ထွက်ခဲ့သည်။

စာအုပ်အခြေအနေမှာ မဆိုးလှပါ။ အုပ်ရေ နှစ်ထောင်ရိုက်နှိပ်ရာ ခြောက်လလောက်အကြာတွင် ကုန်သလောက် ရှိသွားသည်။ (မေတ္တာ လက်ဆောင်ပေးတာ အုပ်သုံးရာလောက်ပါသည်။)

ထိုစာအုပ်အောင်မြင်သောကြောင့် သူငယ်ချင်းတွေက အားတက်လာ သည်။ သူငယ်ချင်းတစ်စုပေါင်းပြီး ကဗျာစာအုပ်များ ဆက်လက် ရေးသား ထုတ်ဝေသွားကြဖို့ ဆုံးဖြတ်ကြသည်။ အရင်းအနှီးရစေရန် ရှာကြဖွေကြ သည်။ ကျွန်တော်တို့၏ အရင်းအနှီးများကား လက်ပတ်နာရီ၊ အဘွားက ခမဲ့ပေးထားသော လက်စွပ်၊ အိမ်မှာ အသုံးမလိုတော့သော ဗလာစာအုပ် အဟောင်း၊ မီးလုံးမီးသီးအကျွမ်း၊ ပုလင်းခွံများ စသည်တို့ပင် ဖြစ်ပါ သတည်း။ ထပ်မံလိုအပ်သော ငွေကို အတိုးဖြင့် ချေးကြရသည်။

ချစ်ဒုက္ခ၊ အချစ်မြို့သားများ၊ နွေသစ်ရွက်၊ ရွှေနှလုံးသား ကဗျာ စာအုပ်များ ထွက်ပေါ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်က ခုချိန်လို စာပေဝေဖန်ရေး အရှိန်အဟုန် မပြင်းထန်သေးသဖြင့် စာနှင့်ပေနှင့် ဝေဖန်ခြင်းကိုတော့ မခံရ။ တစ်ဆင့်စကားဖြင့်လည်းကောင်း၊ တိုက်ရိုက်လည်းကောင်း ဝေဖန်ခြင်းကိုတော့ ကြားနာကြရသည်။ တချို့ဆရာများက 'မင်းတို့မို့ တွေးတတ် ရေးတတ်ပလေကွာ'ဟု ချီးကျူးကြသည်။ တချို့ဆရာများက 'ကဗျာနဲ့စကားပြေကြားမှာ အစိက ခြားနားထားတဲ့ စည်းကို မင်းတို့ ချိုးဖောက်ဖျက်ဆီးပစ်လိုက်ကြတာပဲ'ဟု အပြစ်တင်သည်။ လူငယ်စာဖတ်ပရိသတ်ကတော့ နှစ်သက်လက်ခံကြသည်။

ကျွန်တော်တို့၏ ကဗျာများသည် ထူးခြား ဆန်းသစ်နေသည်။ ဤသည်မှာ သက်သက်စတန့်ထွင်ခြင်း မဟုတ်ပါ။ ကဗျာ ပုံစံသစ်များထွင်ရန် လူငယ် အများအပြားတို့ ကြိုးစားအားထုတ်နေကြသည့် လှုပ်ရှားမှုထဲတွင် တစ်စိတ်တစ်ပိုင်းအဖြစ် စီးဝင် ပျော်ပါခဲ့ကြခြင်းသာ ဖြစ်ပါသည်။

ကဗျာပုံစံသစ်သည် ခုမှ ရှိသည်မဟုတ်။ လွန်ခဲ့သည့် နှစ်ပေါင်းအတော်ကြာကပင် သူ့ခေတ်နှင့်သူ ဆန်းသစ်ခဲ့မှုတွေ ရှိခဲ့ကြသည်။ ကျွန်တော်တို့ကလည်း ကျွန်တော်တို့ခေတ်အလျောက် တီထွင်ဆန်းသစ် ကြည့်ခဲ့ကြခြင်း ဖြစ်သည်။ နောက်ထပ် တက်လာမည့် ကဗျာသမားလူငယ်များကလည်း သူတို့ခေတ်အလျောက် ထပ်မံဆန်းသစ် တီထွင်ကြလိမ့်ဦးမည် ဖြစ်သည်။

ကျွန်တော်တို့ ရေးသော ကဗျာတွေကို ထောက်ခံအားပေးခဲ့သော ဆရာအချို့သည် ယခုအခါ မဂ္ဂဇင်းအချို့တွင် အယ်ဒီတာများ ဖြစ်နေကြပြီ။ ပုံစံသစ်ကဗျာများကို မဂ္ဂဇင်းစာမျက်နှာပေါ်တွင် ထည့်သွင်းဖော်ပြလာကြပြီ။ ကျေးဇူးတင် ဝမ်းမြောက်ဖွယ်ပင်။

* * *



နိဂုံးချုပ်အားဖြင့် ပြောစရာတစ်ခုရှိပါသည်။ ကဗျာနှင့်ပတ်သက်၍ ကျွန်တော် မသိကျွမ်းတာတွေ အများကြီး ရှိနေသေးသည်။ အချိန်ကြာလာသည်နှင့်အမျှ ပို၍ သိလာရမည်ဖြစ်ပါလျက် ကြာလေ မသိသေးတာတွေက တိုးတက်များပြားလာလေဖြစ်ကြောင်း အံ့သြဖွယ် တွေ့ရှိရပါသည်။ ထို့ပြင် ကျွန်တော့်မှာ အကြီးမားဆုံး ပြဿနာတစ်ခု ဖြစ်လာသည်။

'ငါ ကဗျာရေးတတ်ပြီလား၊ မရေးတတ်သေးဘူးလား'ဟု ကိုယ့်ကိုယ်ကို ပြန်မေးမိခြင်းပင် ဖြစ်၏။

[မန်းတက္ကသိုလ်။ ။ ဇူလိုင်၊ ၁၉၈၇။]

www.burmeseclassic.com

www.burmeseclassic.com

## အိမ်သာတစ်လုံး အလိုရှိသည်

'အိမ်သာ'ဆိုသော ဝေါဟာရ၏ အဓိပ္ပာယ်ကို တစ်ခါမျှ နက်နက်နဲနဲ မစဉ်းစားမိခဲ့ဖူးချေ။

ဆိုးသွမ်းသောလူကို လူဆိုးဟု ခေါ်ကြသည်။ ရှူးနေသော ခွေးကို ခွေးရူးဟု ခေါ်ကြသည်။ သို့ဖြစ်လျှင် အိမ်သာဆိုသည်မှာ သာယာသော အိမ်ကလေး။

အိမ်သာတဲ့။ ဘယ်လောက်လှသော နာမည်ကလေးပါလဲ။ အကယ်၍သာ ထိုစကားလုံးကလေးသည် ယခုလက်ရှိ အသုံးပြုနေသော အနက်အဓိပ္ပာယ်မျိုး မဟုတ်ခဲ့လျှင် ကလေးနာမည်အဖြစ်တောင် မှည့်ခေါ်ဖို့ကောင်းသေးတော့သည်။ 'မောင်အိမ်သာ'။ ကဗျာဆန်လိုက်လှပေသည်။ ကိုယ်ကိုယ်တိုင်ပင် ထိုကလေးအမည်ကို ယူချင်ယူဖြစ်ခဲ့ပါလိမ့်မည်။

ခုတော့ အညစ်အကြေးစွန့်သော နေရာကိုမှ ထိုနာမည်လှလှကလေး ပေးထားခဲ့ကြသည်။ ဘာကြောင့်လဲ။

မြန်မာတို့သည် အလွန် ယဉ်ကျေးဖွယ်ရာသော လူမျိုး၊ စိတ်မချမ်းသာစရာကိုပင် နားခံသာအောင် ပြောတတ်သည့်လူမျိုးဖြစ်သည်။ သေဆုံး



ခြင်းကို ကွယ်လွန်သည်၊ အနိစ္စရောက်သည်ဟု သုံးနှုန်းကြသည်။ ဘဝ အဓိပါးသို့ ပြောင်းသွားသည်ဟူ၍ ကျန်ရစ်သူတွေ စိတ်ဖြေသာအောင် ပြောတတ်ကြသေးသည်။ ယုတ်စွအဆုံး အလွန်စက်ဆုပ်ဖွယ်ကောင်းသော ဒုဒ်မ ၃၇၆ ကိုတောင် အဓမ္မပြုကျင့်မှုဟု နားဝင်ချိုအောင် ဆိုတတ်ပေသေးသည်။

အိမ်သာကိစ္စမှာလည်း ထို့အတူပင် ဖြစ်လိမ့်မည်။ အညစ်အကြေးစွန့်ပစ်ရာ ရွံရှာဖွယ်ကောင်းသော နေရာကို မသတီစရာ မဖြစ်အောင် စကားလုံးလှလှဖြင့် ဖုံးကွယ် တန်ဆာဆင်ပေးလိုက်ခြင်း ဖြစ်နိုင်၏။

နောက်တစ်ချက်က ချစ်ခြင်းမယား ရည်းစားလှူလှုတာလို ခံရခက်သော ဝေဒနာထဲတွင် ဝမ်းထဲက ရစ်ရစ်နာနေပြီး မအောင့်နိုင်မအည်းနိုင် ဖြစ်နေစဉ် စွန့်ပစ်စရာ နေရာရှာလို့ မတွေ့ခြင်းသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ ထိုသို့သော အချိန်အခါမျိုးမှာ အိမ်သာတစ်လုံးကို တွေ့လိုက်ရလျှင် စိတ်ထဲမှာ ဘယ်လောက် ကြည်နူးသွားသည်ကို လူတိုင်းကြုံဖူးကြပါလိမ့်မည်။ ထို့ကြောင့်လည်း အိမ်သာမည်ပေသည်။ အိမ်သာဆိုသော ဝေါဟာရကို စတင် တီထွင်ခဲ့သူကို ချီးကျူးထိုက်ပါ၏။

*  *  *

ကျွန်တော်သည် ငယ်ငယ်ကတည်းက အိမ်သာကို စိတ်ဝင်စားခဲ့သည်။ ထလေးဘဝနောက်ဖေးကို အိုးကလေးနှင့် ထိုင်ခဲ့ရစဉ်က လူကြီးတွေလို အိမ်သာထဲ ဝင်ချင်လိုက်သည်မှာ ကျွန်တော်၏ အကြီးမားဆုံး ရည်မှန်းချက်တွေထဲမှာ တစ်ခုအပါအဝင်ဟု ဆိုလောက်သည်။

ပထမဆုံး အကြိမ် အိမ်သာထဲ ဝင်ထိုင်ခွင့် ရခဲ့စဉ်က စိတ်ပျော်ရွှင်ရမှုသည် ကျောင်းစတက်သောနေ့၊ ချစ်သူနှင့် စတွေ့ရသောနေ့တို့နှင့်

www.burmeseclassic.com

www.burmeseclassic.com



နိုင်းယှဉ်နိုင်သည်။ ကျောင်းမှာ သူငယ်ချင်းနှင့်အတူ အိမ်သာတစ်ပေါက်တည်းမှာ ကျောချင်းကပ်ထိုင်ရင်း စကား တပြောပြောလုပ်ရခြင်းကိုလည်း ဘယ်တော့မှ မမေ့။

အလုပ်ကို အပြင်းအထန်လုပ်ခြင်း၊ စည်းစနစ်ကြီးခြင်းတို့တွင်အဖေ့အမွေကို မရရှိခဲ့သော်လည်း အိမ်သာတက်ရာမှာတော့ အဖေ့ခြေရာကို နင်းနိုင်သူဖြစ်လေသည်။ အဖေသည် အိမ်သာတက်လျှင် သတင်းစာတွေ ယူသွားပြီး ကုန်အောင်ဖတ်လေ့ရှိသည်။ နာရီဝက် တစ်နာရီကြာသည်။ နောက်ပိုင်း သတင်းစာတွေ စာမျက်နှာ လျှော့လိုက်သောအခါ တိုင်း၊ နယူးစ်ဝိ မဂ္ဂဇင်းများဖြင့် အားဖြည့်ခဲ့သည်။

ကျွန်တော်သည်လည်း အိမ်သာသွားလျှင် တစ်ခုခုတော့ ဖတ်လိုက်ရမှ ကျေနပ်တတ်လေသည်။ ကျွန်တော့်အကျင့်က ဆေးလိပ် မသောက်ရသေးလျှင် အိမ်သာသွားချင်စိတ် မပေါ်။ သတင်းစာ မလာသေးလျှင်လည်း အိမ်သာဝင်လို့မရ။ မနေ့ကပိတ်ရက်မို့ ဒီနေ့သတင်းစာမလာလျှင် အတော်ဒုက္ခရောက်သည်။ မဂ္ဂဇင်းဖြစ်ဖြစ်၊ တခြားစာအုပ်ဖြစ်ဖြစ် ဖတ်စရာ တစ်ခုခု တွေ့လျှင် တော်သေးသည်။ ဘာမှဖတ်စရာမရှိလျှင် ကျွန်တော် ဝမ်းချုပ်သောနေ့ပင် ဖြစ်၏။

အိမ်သာထဲမှာ စာဖတ်ရခြင်းသည် ပက်လက်ကုလားထိုင်ပေါ်မှာ ဖတ်ရခြင်းလောက် သက်သောင့်သက်သာ မရှိတာ မှန်သည်။ သို့ရာတွင် သူ့ကလည်း တစ်မျိုးသော ရသကိုဖြစ်ပေါ်စေသည်။

ကျွန်တော် အိမ်သာသွားလျှင် လွတ်လွတ်လပ်လပ် နားအေးပါးအေး သွားချင်သည်။ အပြင်က ဆူဆူညံညံ အသံတွေ ကြားနေလျှင် စိတ်မဖြောင့်။ တစ်ခါတစ်ရံ ည လူခြေတိတ်ချိန်ကျမှ စာအုပ်တစ်အုပ်ကို စိမ်ပြေနပြေ ဖတ်ရင်း အိမ်သာဝင်ရတာကို သိပ် သဘောကျသည်။



အိမ်သာတစ်လုံးအနေဖြင့် ကျွန်တော်အကြိုက်ဆုံး အနေအထားကား အိမ်နောက်ဘက် မလှမ်းမကမ်းရှိ မြေကွက်လပ်တစ်ခုတွင် ဝါးထရံကာ အထပ်သားမိုးထားသော ပုံစံဖြစ်သည်။ အိမ်သာသို့သွားရာ လမ်းကြောင်းကလေးသည် ကွေ့ကွေ့ကောက်ကောက်ကလေး။ စိန်ပန်း သို့တည်းမဟုတ် မှယ်တော်ပင် တစ်ပင်က အုပ်မိုးနေရမည်။ မိုးကလေး တဖြောက်ဖြောက် ရွာနေလျှင် ပိုကောင်းသည်။ ကျွန်တော်စိတ်ကူးဖြင့် ဆောက်ထားသော အိမ်သာကလေး တစ်လုံးပင်တည်း။

* * *

လူအတော်များများသည် လူပျိုပေါက်၊ အပျိုပေါက်ဘဝက အိမ်သာထဲမှာ ညည်းစားစာ ခိုးဖတ်ခဲ့ဖူးကြပါလိမ့်မည်။ ရေမွှေးနံ့သင်းပျံ့သော၊ ပန်းပွင့်ပုံ လိပ်ပြာပုံတို့ပါသော အပြာရောင်၊ အဝါရောင် စာရွက်ကလေးများသည် အိမ်သာနှင့် မလိုက်ဖက်လှသော်လည်း ထိုထက်လုံခြုံစိတ်ချရသောနေရာ မရှိပြီ။

ကျွန်တော်ငယ်စဉ် ကဗျာ စရေးခါစတုန်းက တခြားလူတွေ မြင်မှာ၊ သိမှာကို ရှက်သည်။ ကျွန်တော့်ကဗျာတွေကို ဖတ်ပြီး ဟားတိုက်ရယ်မောကြမှာကို ကြောက်သည်။ ထို့ကြောင့် အိမ်သာထဲဝင်၍ ချစ်သူ၏ ပါးပြင်မှ သနပ်ခါးမှုန့်များအကြောင်း သွယ်လျသော လက်ချောင်းကလေးများနှင့် ရွှေဝါရောင် မွေးညင်းကလေးများ အကြောင်းကို ကဗျာ ရေးခဲ့လေသည်။

ကျွန်တော့်သူငယ်ချင်း ပန်းချီဆရာတစ်ယောက်ဆိုလျှင် လူကြီးတွေ မသိအောင် အိမ်သာထဲမှာ ပန်းချီခိုးဆွဲရင်း လေ့ကျင့်ခဲ့ရသည်ဟု ပြောဖူးသည်။ ခုတော့ သူသည် နာမည်ကျော် ပန်းချီဆရာတစ်ယောက်ဖြစ်နေပြီ။

www.burmeseclassic.com

www.burmeseclassic.com



နောက်သူငယ်ချင်း ဝန်းချီဆရာတစ်ယောက်ကတော့ သူ့အတွက် လုံခြုံမှု၊ စိတ်ချရမှု၊ ကိုယ်ပိုင် လွတ်လပ်ခွင့်ရှိမှုတို့ကို ပေးခဲ့သောအိမ်သာကို ဂုဏ်ပြုသောအားဖြင့် အိမ်သာတစ်လုံး၏ အတွင်းပိုင်း ရှုခင်းပုံကို ဆီဆေးပန်းချီကားတစ်ချပ်အဖြစ် တခမ်းတနား ရေးဆွဲဂုဏ်ပြုခဲ့သည်။

ကျွန်တော်သည် မီးရထားဖြင့် အကြိမ်ကြိမ် ခရီးသွားခဲ့ဖူးသည်။ တွဲသစ်၊ တွဲဟောင်း၊ တွဲအို ဗျိုးစုံအောင် စီးဖူးသည်။ ရိုးရိုးတန်း၊ အထက်တန်း၊ အထက်တန်းအိပ်ခန်းတို့ကိုလည်း စုံအောင် စီးဖူးသည်။

ရိုးရိုးတန်း ထိုင်ခုံများသည် ထိုင်ရတာ သက်သောင့်သက်သာမရှိ။ ညရထားဆိုလျှင် အိပ်ဖို့ အခက်အခဲရှိသည်။ အရမ်းအိပ်ချင်လွန်းတော့မှ ကြမ်းပြင်ပေါ် တစ်ခုခုခင်းပြီး မသက်မသာ အိပ်ရသည်။ တချို့ရထားတွေကျတော့ ခုံတန်းနှစ်ခုကြားမှာပါ လူတွေ၊ ကုန်တွေ အပြည့်အသိပ်ပါလာတတ်သည်။ ထိုင်ရတာတောင် မလှုပ်သာ မလွန့်သာ။

အထက်တန်းတွဲတွေကျတော့ ဇိမ်ကျကျသွားနိုင်သည်။ ခုံတွေက ကျယ်သည်။ တွဲသစ်က ခုံတွေဆိုလျှင် ဆိုဖာက အိအိစက်စက် ခုံတစ်ခုတိုင်းမှာ ဆေးလိပ်ခွက်၊ စားပွဲငယ် အရှင်တစ်ခုပါသည်။ ရှေ့မှာ ခြေတင်စရာ ပါသည်။ အိပ်ချင်လျှင် ထိုင်ခုံနောက်မှီကို ပက်လက်ကုလားထိုင်လို လှန်ချလို့ရသည်။

အိပ်ခန်းဆိုတာကတော့ ပြောစရာတောင် မလို၊ ကိုယ့်အခန်းနှင့်ကိုယ် လေးယောက် တစ်ခန်း၊ နှစ်ယောက် တစ်ခန်း သီးသီးသန့်သန့်၊ အိပ်ချင်လျှင် စင်ပေါ်တက်ပြီး အိပ်လိုက်ရုံပင်။ အိမ်မှာ အိပ်ရတာနှင့်မခြား။ တစ်ခုပဲ ကွာသည်။ ရထားက ဘယ်ညာယိမ်းထိုးနေသဖြင့် ပုခက်ထဲထည့်ပြီး ချော့သိပ်ခြင်းကို ခံရသလို ငြိမ့်နေသည်။ ရထားသံ ဂျုံးဂျုံးဂျက်ဂျက်ကလည်း စည်းဝါးကျကျ သီချင်းဆိုပြနေသလို အတော် စည်းစိမ်ကြီးလေသည်။



ရိုးရိုးတန်း၊ အထက်တန်း ဘယ်လိုပဲကွာကွာ၊ တူညီတာတစ်ခုတော့ရှိသည်။ တွဲတိုင်း တွဲတိုင်းမှာ ရှိသော အိမ်သာများသည် ကြွေကျောက်ခြေနင်းခုံများနှင့် မြေပြင်ကို ဒိုးယိုပေါက်မြင်နေရသော ပြွန်ပေါက်တစ်ခုတပ်ထားသည်ချည်းဖြစ်ခြင်းပင်။

မှန်၏။ အိမ်သာမှာ ဆိုဖာတပ်လို့မှ မရတာပဲလေ။

* * *

'ကျုပ်ကို အိမ်သာလို သဘောထားကြတယ်၊ အရေးကြုံမှပဲသတိရတတ်ကြတယ်၊ ကိစ္စလဲ ပြီးရော အမြန်ဆုံး ပြန်ထွက်ချင်ကြတယ်၊ လှည့်ကြည့်ဖော်တောင် မရတော့ဘူး'

ဥပမာဆောင်၍ ပြောတတ်ကြသည်။ လူတို့ကသာ အိမ်သာနှင့်နှိုင်း၍ ပြောကြသော်လည်း အိမ်သာကိုယ်တိုင်ကတော့ ဘယ်သောအခါမှ စိတ်မဆိုးတတ်ချေ။ သူ့ကို မေ့နေလို့လည်း စိတ်မနာ။ သူ့ဆီ ရောက်လာသူကိုလည်း စကားနာမထိုး။ အရေးပေါ် ရောက်ရှိလာသူတိုင်းကို သဘောထားကြီးစွာ ဆီးကြိုသည်ချည်း ဖြစ်သည်။

အိမ်သာသည် မျက်နှာကြီးငယ်မလိုက်တတ်။ မည်သူ၏ ပစ္စည်းကို နေရာကောင်းကောင်းပေးမည်၊ မည်သူ့ပစ္စည်းတော့ ချောင်ထဲပို့ထားမည်ဟူ၍ မရှိချေ။

သုသာန်တွေမှာမှ နေရာကောင်း မကောင်း၊ တွင်းအတိမ်အနက်ခွဲခြားမှု ရှိတတ်သေးသည်။ မီးသင်္ဂြိုဟ်ရာမှာလည်း အရိုးကျရုံလောက်သာ ရှိချင်ရှိလို့ရသည်။ အရိုးပြာကို ပြန်လိုချင်လို့ ရသေးသည်။အိမ်သာမှာတော့ မည်သူ၏ပစ္စည်းကိုမှ ပြန်လည် ထုတ်ပေးရိုး ထုံးစံမရှိ။

www.burmeseclassic.com

www.burmeseclassic.com



အိမ်သာသည် တစ်ပါးသူ၏ရွံရှာဖွယ် အညစ်အကြေးမှန်သမျှကို ကြည်ဖြူစွာ လက်ခံသည်။ သူ့ကိုယ်သူ အညစ်အနွမ်းခံ၍ လူအများ၏သန့်ရှင်းရေး၊ စိတ်ချမ်းသာရေးအတွက် ကိုယ်ကျိုးစွန့်ဆောင်ရွက်ပေးသည်။

သူသည် သစ္စာရှိသည်။ ရိုးသားသည်။ နားလည်တတ်သည်။ အနစ်နာခံသည်။ ခွင့်လွှတ်တတ်သည်။ အဆင့်အတန်း ခွဲခြားမှု လုံးဝမရှိ။

ကျွန်တော်သည် အိမ်သာတစ်လုံး အလိုရှိပါသည်။

[ ချယ်ရီမဂ္ဂဇင်း။ ။ ဩဂုတ်၊ ၁၉၈၇။ ]

## အလုံးကလေးတွေ

ကျွန်တော်တို့သည် မျိုးနှင့်ရိုးနှင့် စာရေးဝါသနာပါကြသူများ ဖြစ်၏။ စာရေးဝါသနာပါသည်ဆိုရာတွင် ဝတ္ထု၊ ကဗျာ၊ ဆောင်းပါးစသော စာပေကို ဆိုလိုခြင်းမဟုတ်။ အိမ်မှာ သတိပေးကြော်ငြာစာများ ရေးခြင်း၊ ချိတ်ဆွဲခြင်း၊ ကပ်ခြင်းကို ဆိုလိုသည်။ လွယ်လွယ်ဥပမာပေးရလျှင် 'အလိုက်သိပါ'၊ 'လူကိုခင်လျှင် ငွေမချေးပါနှင့်'ဆိုသော စာမျိုးပင် ဖြစ်၏။

အဖေ၏ အဘိုးက စပြောလျှင် ကောင်းမည်ထင်သည်။

အဖေ၏အဘိုးဆိုတော့ ကျွန်တော့်နေရာက ခေါ်လျှင်(လွယ်လွယ်ကူကူ အဖေ ခေါ်သလို အဘိုးဟု ခေါ်တာပဲ ကောင်းပါလိမ့်မည်။)

အဘိုးသည် လူပျော်ကြီးတစ်ယောက်ဖြစ်၏။ လူပျော်ပီပီ ကတ်သီးကတ်သတ်လည်း တွေးတတ်သည်။ သူ့အတွေးတွေက အပျော်အပျက်ဆန်သော်လည်း အဖိုးတန်တတ်သည်။

အဘိုးက အိမ်သာတံခါးမှာ စာရေးထားသည်။

'အိမ်သာထဲက ဘယ်သူလဲဟု မမေးပါနှင့်'တဲ့။

www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက်ကြည့်လျှင် ဘာမျှထူးခြားမှု မရှိ။ စေ့စေ့စပ်စပ် တွေးကြည့်လျှင်တော့ လူတို့၏ စပ်စပ်စုစု လုပ်တတ်သော သဘောသဘာဝကို လှောင်ပြောင်ထားခြင်း ဖြစ်ကြောင်း သိရသည်။

လူတချို့မှာ အကျင့် တစ်ခုရှိသည်။ အိမ်သာတက်ဖို့အလာ တံခါးပိတ်ထားတာမြင်လျှင် တံခါးကိုခေါက်ကြည့်၊ လူရှိလျှင် ပြန်ခေါက်လိမ့်မည်။ သို့မဟုတ် 'လူရှိလား' မေးလိုက် 'ရှိတယ်' ဆိုလျှင် စောင့်နေ။ ဒီလိုမဟုတ်။

'အိမ်သာထဲက ဘယ်သူလဲ'

ဟု မေးတတ်သည်။ ထိုမေးခွန်းမှာ စေ့စေ့တွေးလေ အဓိပ္ပာယ်မရှိလေပင် ဖြစ်၏။ အိမ်သာထဲက လူသည်ဘယ်သူဘယ်ဝါဟု သိလိုက်ရသဖြင့် ဘာအကျိုးထူးလာမည်နည်း။ ဘာမျှ မထူး။ အိမ်သာထဲက လူအဖို့သာ အနေရ အထိုင်ရခက်ပြီး မလွတ်မလပ် ဖြစ်သွားစရာအကြောင်းရှိသည်။ လူတစ်ယောက်၏ လွတ်လပ်စွာ အိမ်သာသွားခွင့်ကို စော်ကားရာရောက်သည်။

အဘိုး၏ အိမ်သာတံခါးမှ စာတန်းကလေးသည် လူ့သဘောသဘာဝကို ဖော်ပြနေသည်။

တယ်လီဖုန်း စကားပြောရာတွင် ဖြစ်တတ်တာမျိုးနှင့် ဆင်သည်၊ ဖုန်းမှားခေါ်မိပြီး ဘယ်ကပါလားဆို၍ မဟုတ်ပါဘူး၊ ဖုန်းမှားနေပါတယ် ဆိုလျှင် ပြီးရောပေါ့။ မဟုတ်၊ ဒါဆို အခု ပြောနေတာက ဘယ်ကပါလဲဟု ဆက်မေးတတ်သည်။ ဘယ်ကို မှားဆက်မိတာလဲလို့ သိချင်လိုက်ကြသေးသည်။

* * *



အဘိုး၏သမီး ကျွန်တော့်အဖေ၏ အမေကျတော့ အိမ်မှာ စာကပ်တာတို့ဘာတို့ လုပ်လေ့မရှိ။ အဘယ့်ကြောင့်ဆိုသော် အဘွားက စာမတတ်သောကြောင့် ဖြစ်၏။

အဘွား၏သား ကျွန်တော့်အဖေကျတော့ စာကပ်တာ ဝါသနာပါသလား မမေးနှင့်။ သူ့တစ်အိမ်လုံး နေရာတကာမှာ ရှိသည်။ လှေကားအတက်မှ စသည်။

'အရည်မရ အဖတ်မရ စကားတွေပြောပြီး နှောင့်ယှက်ဖို့ဆိုရင် ဒီနေရာက ပြန်ကြွပါ'

သူ့ဧည့်ခန်းမှာတော့ –

'အချိန်ရှိသရွေ့ အလုပ်ရှိသည်၊ ကိစ္စပြီးက ပြန်'

သူ့အိပ်ခန်းအဝတွင် –

'မဝင်နဲ့'

အကယ်၍ မလိုက်နာဘဲ ဇွတ်ဝင်သွားလျှင် အထဲက စာတန်းတစ်ခုက ဆီးကြိုနေလိမ့်မည်။

'မဝင်နဲ့ဆိုတာ ဘာဖြစ်လို့ဝင်လာသလဲ၊ ဒါသိပ်ရိုင်းစိုင်းတဲ့အပြုအမူ'

ကျွန်တော့်အစ်ကိုတွေ အရက်သောက်တာ သူ သိသွားသောအခါ ပိုစတာတိုက်ပွဲဆင်ပြီး သတိပေးသည်။

'နာနာမှတ်၊ ဖိနပ်ဖြစ်မယ်'

'ငါ့အဖေသည် အရက်မသောက်တတ်သဖြင့် အရက်သမားသားဟု အခေါ်မခံခဲ့ရသည်ကို ဂုဏ်ယူခဲ့ရသည်၊ ယခု အရက်သမားအဖေဟု အခေါ်မခံရလျှင် ဂုဏ်တစ်ခု ထပ်တိုးလိမ့်ဦးမည်'

အဖေသည် ငယ်ငယ်ကတည်းက စာကပ်ဝါသနာပါသူဖြစ်၏။ အင်္ဂလိပ်ခေတ်က အင်္ဂလိပ်ကုမ္ပဏီများ၏ ဘတ်စ်ကားလိုင်းများနှင့် မြန်မာ

www.burmeseclassic.com

www.burmeseclassic.com



လူမျိုးတို့၏ ဘတ်စ်ကားများ အပြိုင်ပြေးဆွဲကြရသည်။ သူတို့က ကုမ္ပဏီဖြစ်၍ စနစ်ကျသည်။ ဘတ်စ်ကားအသစ်တွေ သုံးနိုင်သည်။ သူတို့လူမျိုးက အုပ်ချုပ်နေခြင်းဖြစ်၍ အခွင့်အရေးတွေ ပိုရသည်။ မြန်မာ ဘတ်စ်ကားတွေက စုတ်လည်း စုတ်သည်၊ စနစ်တကျလည်း မရှိ။ ထို့ကြောင့် မြန်မာကားတွေ လူစီးနည်းသည်။

ဒါကို အဖေက မကျေနပ်။ ဘာပဲဖြစ်ဖြစ် ကိုယ့်လူမျိုး ကိုယ်အားပေးရမည်။ သို့ဖြင့် သူ့ပိုက်ဆံနှင့်သူ ပိုစတာကြော်ငြာစာတန်းတွေ ရိုက်ပြီး မြန်မာပိုင် ဘတ်စ်ကားတွေမှာ လိုက်ကပ်သည်။ စာသားက–

'မြန်မာဘတ်စ်ကားတွေကို မြန်မာလူမျိုးမှ မစီးရင် ဘယ်သူက စီးပါ့မလဲ ခင်ဗျာ' ဟူ၍ ဖြစ်၏။

* * *

ကျွန်တော်တို့ ညီအစ်ကိုတစ်တွေ လူပျိုဘဝက အခန်းတစ်ခုတည်းတွင် ခုတင်တစ်လုံးစီဖြင့် အိပ်ကြရသည်။ အစ်ကိုတွေက အခန်းနံရံမှာ ကဗျာတွေရေးကြသည်။ မြေဖြူနှင့်ရေး၊ စာရွက်နှင့်ရေးပြီး ကပ်တာရော။ သူတို့သူငယ်ချင်းတွေက အိမ်မှာ တစ်လ ကိုးသီတင်း၊ တချို့ဆို နှစ်နှင့်ချီ၍ လာနေကြသည်။ ထိုအခါ သူတို့လည်း နံရံကပ်ကဗျာတွေ ဝင်ရေးကြသည်။ တစ်ခါတစ်ရံ အပြန်အလှန် ကဗျာရေးပြီး တိုက်ပွဲဆင်ကြသည်။

ကျွန်တော်လည်း သူတို့လို ကဗျာတွေ ရေးချင်သည်။ မရေးရဲ။ သူတို့ဖတ်ပြီး ဟားမှာ ကြောက်သည်။ သို့ဖြင့် သူတို့ရေးသောကဗျာများကိုသာ ဖတ်နေရသည်။ ထိုအခန်းသည် ကျွန်တော်၏ ကဗျာသင်တန်းခန်းမ ဖြစ်သည်။ ကဗျာတွေ ရေးကပ်ထားသော နံရံသည် ကျောက်သင်ပုန်း ဖြစ်သည်။

* * *



အိမ်ထောင်အသီးသီး ကျသွားသောခါ အစ်ကိုတွေက အိမ်ခွဲနေကြသည်။ ကျွန်တော်က အမေနှင့် ကျန်ခဲ့သည်။

ကျွန်တော် အိမ်ထောင်ကျခါစတွင် အတော်အသင့် အဆင်ပြေသည်ဟု ဆိုရမည်။ နာမည်ရကာစ စာရေးဆရာကလေး။ ဝင်ငွေကများလှသော်လည်း အမေရယ် လင်မယားနှစ်ယောက်ရယ် စားလောက်သောက်လောက် ရှိသည်။ တစ်ခါတစ်ရံ နည်းနည်းပါးပါး ပိုသဖြင့် စုနိုင်ဆောင်းနိုင်သေးသည်။

ကလေးတစ်ယောက်ရလာတော့လည်း ပြဿနာ သိပ်မရှိ။ ဝင်ငွေကလေး ပိုလာသဖြင့် ခုမိကာမိ ရှိသေးသည်။

ကလေးနှစ်ယောက်။ နည်းနည်း ကြပ်လာသည်။ ဝင်ငွေက ဒီအတိုင်း၊ ထွက်ငွေက တိုးလာသည်။ စားဝတ်နေရေးသာမက အမေ၏ ကျန်းမာရေး၊ ကလေးနှစ်ယောက်၏ ကျန်းမာရေး၊ ပြီးတော့ အသက်အရွယ် အချိန်အခါအရ လူမှုရေး ကိစ္စတွေ ရှိလာသည်။ ကူညီရတာ၊ သောက်ပံ့ရတာ။

နောက်တစ်ကြောင်းက အရေးအကြီးဆုံးဖြစ်၏။ လူကနေပေမယ့် ဘုန်းဈေးနှုန်းက မနေဘူးဆိုသည့် ကိန်းပင်။

အိမ်ထောင်ကျခါစ အချိန်တုန်းက လက်ဖက်ရည်တစ်ခွက် ဘယ်ကျပ်၊ ခု–နှစ်ကျပ်၊ နှစ်ကျပ်ခွဲ။ ဟိုတုန်းက ဆီတစ်ပိဿာ သုံးဆယ်၊ ခု ငါးဆယ်ကျော် ခြောက်ဆယ်။ ဆေးတွေဆိုလျှင် ပြောမနေနှင့်တော့။ ဘားရှိုးဘက်ကလာသော ဆေးတွေရှိနေလို့သာ တော်တော့သည်။ မနက်အိပ်ရာထတစ်ကြိမ်၊ ညအိပ်ရာဝင် တစ်ကြိမ် မြန်မာပြည်မြောက်ပိုင်းသို့ ရောက်နေရမှု၍ ကျန်းမာ ချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းသင့်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထားပါတော့။ ဆိုလိုတာက ဝင်ငွေနှင့် ထွက်ငွေ မမျှသည့်ကိစ္စ ဘယ်လိုလုပ်လျှင် ကောင်းမလဲ စဉ်းစားသည်။ ထိုအခါ ဘောဂဗေဒဆိုင်ရာ နိုဘယ်ဆုကြီးကောင် ရနိုင်သည့် သီအိုရီတစ်ခုကို သွားတွေ့သည်။

"တတ်နိုင်သမျှ လျှော့စား၊ တတ်နိုင်သမျှ ပိုရှာ'

ဟူ၍ ဖြစ်သတည်း။

ကောင်းပြီ။ ပိုရှာဖို့ဆိုလျှင် ပိုအလုပ်လုပ်ရပေလိမ့်မည်။ ပိုလုပ်လျှင် ပိုရနိုင်သည့် အခွင့်အရေးကလေး ရှိနေခြင်းကိုပင် ကံကောင်းလေစွဟု ယူသော် ရ၏။

ကျွန်တော်သည် စာရေးနည်းသူ တစ်ယောက်ဖြစ်၏။ ဘာကြောင့် နည်းရသလဲဆိုလျှင် စာရေးနှေးသောကြောင့်ပင်။ ဒါတောင် ခုနောက်ပိုင်း နည်းနည်း သွက်လာခြင်းဖြစ်၏။ လူပျိုတုန်းကဆိုလျှင် တစ်နှစ်မှစာအုပ် တစ်အုပ်လောက် ထွက်ချင် ထွက်တတ်သည်။

ဤသို့လျှင် စာရေးနှေးရခြင်းအကြောင်းရင်းကို ဆန်းစစ်ကြည့် လိုက်သောအခါ...

ကောင်းသထက် ကောင်းအောင် အချိန်ယူ ရေးသားနေခြင်း မဟုတ်၊ အချိန်ကြာမြင့်နေခြင်းသာ ဖြစ်၏။ စာရေးနှေးခြင်းမဟုတ်။ စာရေးပျင်းခြင်း သာဖြစ်၏။ ဘယ်လောက်ပျင်းသလဲဆိုတာ ကိုယ့်ကိုကိုယ်မို့ ကောင်းကောင်း သိသည်။

စာရေးစားပွဲမှာ ထိုင်မိလျှင် စာရေးနေရမည်စိုး၍ အကြောင်း အမျိုးမျိုး ပြပြီး ရှောင်သည်။ စာရေးဖို့ အချိန်တန်တော့မှ ကိစ္စတစ်ခုခု ပေါ်နိုင်းသည်။ စာရေးနေတုန်း မီးပြတ်သွားလျှင်...

'ဘာမှ အသုံးမကျဘူး'

ဟု လျှပ်စစ်ဓာတ်အားကော်ပိုရေးရှင်းကို အသားလွှတ်ဆဲပြီး စိတ်ထဲက ကြိတ်၍ ဝမ်းသာသည်။ ဖယောင်းတိုင် မီးခွက် ထွန်းရေးနှိ



ခိတ်မကူး၊ ရေနံဆီဝယ်လို့မရ၊ ဖယောင်းတိုင် ဈေးကြီးတယ်။ (စာအုပ် ကောင်းကောင်းတစ်အုပ် ဖတ်နေတုန်း မီးပျက်သွားလျှင်ကား ဖယောင်းတိုင် ရှိလျှင်ပင် ခုနစ်ကျပ်၊ ရှစ်ကျပ်တန် ဘက်ထရီအကုန်ခံပြီး လက်နှိပ် ဓာတ်မီးထိုး၍ ဖတ်တတ်ပေသည်။)

နောက်ဆုံး ဘယ်လိုမှ ရှောင်လွှဲမရဘဲ စာရေးရပြီဆိုတော့လည်း ကြာကြာမထိုင်၊ ဖင်မငြိမ်၊ စာတစ်ပိုဒ်လောက် ရေးလိုက်၊ လမ်းထလျှောက် လိုက်၊ ပြတင်းမှ ငေးလိုက် လုပ်တတ်၏။ တစ်ခါတစ်ခါ ဝါကျတစ်ကြောင်း ဆုံးအောင် ရေးဖို့တောင် စိတ်မရှည်။ တစ်ဝက်တစ်ပျက် ထားခဲ့ပြီး လက်ဖက်ရည်ဆိုင် ထွက်ချင်ထွက်သွားတတ်သည်။

ဤသို့လျှင် ကျွန်တော်သည် အလုပ်တော့ ကြိုးစားမလုပ်ချင်ဘဲ စာလေးဖတ်လိုက်၊ လက်ဖက်ရည်ဆိုင်ထိုင်လိုက်၊ သူငယ်ချင်းတွေအိမ် လျှောက်လည်လိုက်နှင့် 'ဘက်စုံပျင်းရိခြင်း'ကိုသာ အဖော်ပြုခဲ့ရာ...

*   *   *

ဤနေရာတွင် စောစောကပြောခဲ့သော အိမ်မှာ စာကပ်သည့်ကိစ္စ ဝင်ရောက် လာခြင်း ဖြစ်ပါ၏။

ကျွန်တော်သည်လည်း မျိုးရိုးဗီဇအရ အိမ်မှာ သတိပေးကြော်ငြာ ကပ်ချင်သည့် ဝါသနာလေး ရှိသည်။ သို့ရာတွင် ဒီလိုကိစ္စမျိုးမှာ ဘာရှိသည့်လူမှ ကောင်းသည်။ ကျွန်တော်တို့ အဖေလို လူမျိုးဆိုလျှင် သူ့အိမ်သားအားလုံးက လေးစားလိုက်နာမည်။ ကျွန်တော်လို ကောင်မျိုး တော့ ကျွန်တော့်ဦးလေးတစ်ယောက်လို ဖြစ်မှာ စိုးရသည်။

ဦးလေးသည် အဖေ့ကို အားကျပြီး သူ့အိမ်မှာ စာတွေ ကပ်တတ် သည်။ သူ့အလုပ်နှင့် ပတ်သက်သော ပစ္စည်းကိရိယာတွေကို မနစ်တကျ

www.burmeseclassic.com

www.burmeseclassic.com



စိထားပြီး 'ဒီလို သပ်ရပ်နေပါစေ'ဟု မြားပြပြီး စာကပ်ထားသည်။ သူ့ကို ဘယ်သူမှ မကြောက်ကြသဖြင့် ထိုစာ၏အောက်မှာ ပစ္စည်းတွေက အမြဲလို ဖရိုဖရဲ။

ကိုယ်ရေးသည့်စာကို သူများက မလိုက်နာ မလေးစားလျှင် ကိုယ်ပဲ သိက္ခာကျမည်။ မလိုက်နာလို့ဆိုပြီး စာကို ပြန်ဖျက်ပစ်ဖို့ကလည်း ရှက်စရာ။ ထိုစာသည် ကိုယ့်ကို အမြဲလှောင်ပြောင်သလို ဖြစ်နေတော့မည်။

တကယ်တော့ ကျွန်တော့်အိမ်မှာ အမေရယ်၊ မိန်းမရယ်၊ ကျောင်းမနေရသေးသော ကလေး နှစ်ယောက်ရယ်သာ ရှိ၏။ သူတို့တွေမှာ စာထုတ်ပြီး သတိပေးရလောက်အောင် အပြစ်မရှိ။ သူ့တာဝန် သူ ကျေကြသူတွေချည်း။

အလုပ်ကို ဖိဖိစီးစီး မလုပ်ဘဲ အပျင်းထူသူက ကျွန်တော်တစ်ယောက်ပဲ ရှိသည်။ ဒီတော့ ကိုယ့်ကိုယ်ကို သတိပေးစာကပ်ဖို့ပဲ ရှိတော့၏။

ဘယ်လိုသတိပေးစာမျိုး ကပ်မလဲ။ ဒဿနိကဗေဒသင်ခဲ့သူပီပီ နည်းနည်း ကြီးကြီးတွေးသည်။ ဂရိတွေးခေါ်ရှင်ကြီး သေးလိစ် အဆိုအမိန့်။ ဂရိဘာသာဖြင့်…

'Ex Nihilo Nihil Fit'

မြန်မာလို…

'ဘာမှမရှိသောအရာမှ ဘာမှ ဖြစ်မလာနိုင်' တဲ့။

နောက်တစ်ခုက ဟောရာ့ကလိုက်တပ်၏အဆို…

'မြစ်တစ်ခုအတွင်း၊ နှစ်ကြိမ်ဆင်းရန် မဖြစ်နိုင်'

မဖြစ်သေးပါဘူး။ ကျွန်တော် လိုချင်တာက စာရေးချင်အောင်၊ မပျင်းအောင် တွန်းအားပေးသည့်စာမျိုး။ စာပေဆိုင်ရာ စာတမ်းတစ်စောင်



တွင် ဖတ်ဖူးသော စကားတစ်ခု ရှိသည်။ ဘယ်သူ့ အဆိုအမိန့်လဲတော့ မမှတ်မိ။

'Literature is half a trade and half an art.'

'စာပေဟူသည် ကုန်သွယ်မှုတစ်ဝက်၊ အနုပညာတစ်ဝက် ဖြစ်သည်' တဲ့။

အမယ် မဆိုးပါလား။ သို့ရာတွင် ကုန်သွယ်မှုဆိုတာကြီးက စီးပွားရေးဆန်သည်။ လိပ်ပြာမလုံ။

ရှုပ်ပါတယ်။ ရိုးရိုးပဲ ရေးတာကောင်းတယ်။

'မပျင်းနဲ့'

ဆိုလျှင်ကော။ တော်ကြာ သူများတွေ မြင်လျှင် ဒီအရွယ်ရောက်မှ ကျောင်းသားသူငယ်လေးလို သတိပေးနေရတုန်းပါလားဟု ထင်မည်။

ခဉ်းစားရင်း စဉ်းစားရင်း ဖျတ်ခနဲ အကြံပေါ်လာသည်။ ကောင်းလိုက်တဲ့ စာသားလေး။ ဘာမျှ ကြီးကြီးကျယ်ကျယ် မဟုတ်။ စာလုံးလေးလုံးထဲနှင့် အဓိပ္ပာယ်အများကြီးပါသော၊ စာရေးချင်စိတ်ကို ထိပ်ဆုံးထိ တွန်းတင်ပေးသော…

'၄၅၀၀'

ဆိုသည့် ဂဏန်းကလေး လေးလုံးမျှသာ။

စာရေးစားပွဲရှေ့တည့်တည့်နံရံတွင် ထိုလေးလုံးကို မြေဖြူနှင့် ရေးပြီးသည့် အချိန်မှစ၍ ကျွန်တော် စာရေးစားပွဲမှာ ဖင်မြဲလာသည်။ စာလည်းပိုရေးဖြစ်လာသည်။ လက်လည်း သွက်လာသည်။ တစ်ခါတစ်ရံ ငုပ်နေရှာသော ပျင်းရိခြင်းရောဂါ ပေါ်လာပြီး စားပွဲမှထရန် ဖင်ကြွ လိုက်မိလျှင်ပင် ထိုစာကို မြင်သည်နှင့် ဖုတ်ခနဲ ပြန်ထိုင်ကျသွားသည်သာ ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုဂဏန်းလေးလုံးကား ကျွန်တော့်အပေါ် တင်ရှိနေသော ကြွေးမြီ အရပ်ရပ် စုစုပေါင်းတန်ဖိုးပင် ဖြစ်ပေတော့သတည်း။

[ မိုးဝေမဂ္ဂဇင်း။ ။ မေ၊ ၁၉၈၈။ ]

## အော့ အော်

ဆွမ်းအုပ်နီနီ အမေရွက်လို့
နက်ဖြန်မနက် ကျောင်းထွက်မယ်။
မောင်လဲလိုက်မယ် ချန်မထားနဲ့
အမေသွားတော့ ပျင်းလှတယ်။
ကျောင်းကြီးပေါ်မှာ မောင်ငယ်ဆော့တော့
ဘုန်းကြီးအော်လို့ ရိုက်လိမ့်မယ်။
မောင်မဆော့ပေါင် စိပ်ပုတီးနဲ့
ဘုန်းတော်ကြီးလို နေပါ့မယ်။
လိုက်မယ်၊ လိုက်မယ်။

သမီးသည် မူကြို့ကျောင်းက ပြန်အလာတွင် ကျောင်းက သင်လိုက်သော ကဗျာကို ရွတ်ဆိုရင်း အိမ်ပေါ် ပြေးတက်လာသည်။

ကျွန်တော်ကား ကဗျာလေး မတောက်တခေါက် ရေးတတ်သူ ဖြစ်၏။ ကဗျာတွေ အများကြီးတော့ ဖတ်ထားသဖြင့် 'ကဗျာနား' ရှိနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆွမ်းအုပ်နီနီ ကဗျာကို ကြားရတိုင်း စိတ်ထဲမှာ ဘဝင်မကျဖြစ်ခဲ့ရ၏။ ထိုကဗျာတွင် တစ်နေရာ၌ ကာရန် လွတ်နေသည်။ 'ကျောင်းကြီးပေါ်မှာ မောင်ငယ်ဆော့တော့' ဆိုသော စာကြောင်းနှင့် 'ဘုန်းကြီး အော်လို့ ရိုက်လိမ့်မယ်' ဆိုသော စာကြောင်းနှစ်ကြောင်းတွင် ကာရန်အချိတ် အဆက်မညီဘဲ ရှိနေ၏။ ကျောင်းကြီးပေါ်နှင့် ဘုန်းကြီးအော်ကို ချိတ်ထားသည်ဟု ဆွဲယူနိုင်သော်လည်း နေရာအထားအသိုမမှန်။ ကာရန်ကို ဒီလို ချိတ်လို့မရ။

ထိုကဗျာကို ဆရာကြီးရေးခဲ့ခြင်း ဖြစ်၏။ ဆရာကြီးလို ပုဂ္ဂိုလ်မျိုးအနေဖြင့် ကာရန် အံမကိုက်အောင် ရေးခဲ့မည်မဟုတ်။ တစ်နေရာရာမှာ တစ်ခုခု လွဲချော်ခဲ့ခြင်းပင် ဖြစ်လိမ့်မည် ထင်ပါသည်။ ဘာပဲဖြစ်ဖြစ် စိတ်ထဲမှာ တောင်မကျေ ဖြစ်ခဲ့ရတာ အမှန်။

တစ်လောက ဆရာကြီး၏ ဆောင်းပါး တစ်ပုဒ်မှာ အဖြေကို သွားတွေ့သည်။ ဆရာကြီးက သူ၏ကဗျာအချို့သည် မူလ ရေးသားချက်နှင့် လူအများ ယခုမှတ်ယူနေကြခြင်းတို့အကြားတွင် ကွဲလွဲချက်ကလေးတွေ ရှိနေကြောင်း ရေးထား၏။ ထိုအထဲတွင် ဆွမ်းအုပ်နီနီ အစရှိ ဥပုသ်စောင့် ကဗျာလည်း ပါသည်။

မူလ ရေးစဉ်က–

'ကျောင်းကြီးပေါ်မှာ မောင်ငယ်ဆော့တော့'

ဟူသော စာကြောင်းမှ 'ဆော့' နှင့် ကာရန်ကိုက်အောင် နောက်တစ်ကြောင်းတွင် 'ဘုန်းကြီး အော့လို့ ရိုက်လိမ့်မယ်' ဟူ၍ 'အော့' ကို သုံးထားသည်။ နောက်ပိုင်းတွင် စာစီမှားသောကြောင့် ဖြစ်စေ၊ အမှတ်မှားသောကြောင့် ဖြစ်စေ 'အော့' မှသည် 'အော်' ဖြစ်သွားရခြင်းပင်။

ထိုဆောင်းပါးဖတ်ပြီးတော့မှ ကျွန်တော် စိတ်ချမ်းသာသွားသည်။ 'အော့' ဆိုသောစကားလုံးမှာ 'ဆော့' နှင့် ကာရန်ကိုက်ရုံမျှမဟုတ် အဓိပ္ပာယ်



ကလည်း အလွန်တာသွားသည်။ ကျွန်တော် စဉ်းစားကြည့်သည်။ 'အော့' ဆိုသော စကားလုံး၏ အဓိပ္ပာယ်။

အော့သည် အန်သည်၊ မအန်ခင်မှာ ထွက်ပေါ်လာသောအသံ ...။ အော့သံ၊ နောက်တစ်နည်း အော်ခြင်းကဲ့သို့ အသံမကျယ်လောင်ဘဲ ကျိတ်၍ ဒေါန်မဲသည့်သဘောဟု ယူနိုင်သည်။ ဟုတ်ပြီ။ လှလိုက်သည့် စကားလုံးကလေး။ ဘုန်းတော်ကြီး၏စရိုက်နှင့် အံကိုက် ကွက်တိဝင်သည်။

သို့ရာတွင် ခုထိ လူအများက ဘုန်းကြီးအော်လို့ ရိုက်လိမ့်မယ် ဟူ၍သာ ဆိုနေကြတုန်းပင်။ သမီးလည်း ဒီအတိုင်း။ ထို့ကြောင့် သမီးကို ခေါ်ပြီး

'ခုန ဆိုတဲ့ ကဗျာ ပြန်ဆိုပြစမ်း သမီး'

သမီးက ဆိုပြသည်။ ဘုန်းကြီးအော် — နေရာရောက်သောအခါ

'ခဏနေဦး သမီး၊ သမီးဆိုတာ မှားနေတယ်၊ ဘုန်းကြီးအော်လို့ မဟုတ်ဘူး၊ ဘုန်းကြီးအော့ — လို့ဆိုမှ မှန်တယ်'

'အော့ ... ဟုတ်လား၊ အော့ဆိုတာ ဘာလဲ ဖေဖေ'

ကလေး နားလည်အောင် ရှင်းပြဖို့ စကားလုံးရှာရသည်။

'အော့ဆိုတာ ဒီလိုလေ၊ တစ်ခါတစ်ခါ ညွှဲသည်တွေ ရှေ့မှာ သမီးက ဖေဖေ မကြိုက်တာကို လုပ်တဲ့အခါ ဖေဖေက သမီးနော်၊ ဟင်းဟင်း ဆိုပြီး မာန်တယ်မဟုတ်လား၊ အဲဒါကိုပြောတာ၊ ဘုန်းကြီး ကလည်း ဟင်းဟင်း ဆိုပြီး မာန်ပြီး ထရိုက်လိမ့်မယ်လို့ ပြောတာ ရှင်းပြီလား'

သမီး ခေါင်းညိတ်သည်။

'ဒါဆို ပြန်ဆိုကြည့်စမ်း'

'ဆွမ်းအုပ်နီနီ အမေရှက်လို့ ...

.... ဘုန်းကြီးအော့လို့ ရိုက်လိမ့်မယ်'

www.burmeseclassic.com

www.burmeseclassic.com



'အေး ဟုတ်ပြီ'

ကျွန်တော် ဘဝင်ကျသွားပြီ။

သို့ရာတွင် နောက်တစ်နေ့ သမီးမူကြိုကျောင်းက ပြန်လာသောအခါ အမိုးကျသလို သုန်သုန်မှုန်မှုန်ဖြစ်နေသည်။

'ဖေဖေ မကောင်းဘူး သိလား၊ ဖေဖေ ပြောသလို ဘုန်းကြီး အော့လို့ ရိုက်လိမ့်မယ်လို့ဆိုတော့ သူများတွေက ဝိုင်းရယ်ကြတယ်၊ ဆရာမကလည်း ပီအောင် ဆိုမှပေါ့လို့ ပြောတယ်'

ဟု ငိုမဲ့မဲ့ ပြောသည်။ ကျွန်တော်က

'မဟုတ်ဘူး သမီး၊ သမီးက ပီတယ်၊ သူတို့က မပီတာ၊ အော့က မှန်တယ်၊ အော်က မှားတယ်'

သမီးက ခြေကလေးဆောင့်ပြီး

'အော့ချင်ရင်လဲ ဖေဖေ တစ်ယောက်တည်းပဲ အော့နေ၊ သူများတွေ အားလုံးအော်နေတာ သမီးလဲ အော်ရမှာပဲ'

ကျွန်တော်သည် စကားတစ်လုံးသာ ရေရွတ်နိုင်သည်။

'သြော် —'

[ မဟေသီမဂ္ဂဇင်း။ ။ ဇွန်၊ ၁၉၈၈။ ]

## ပန်းဆိုးတန်းလမ်းလျှောက်

ရန်ကုန်မြို့လယ်ရှိလမ်းတွေထဲမှာ ပန်းဆိုးတန်းလမ်းကို သဘောအကျဆုံး ဖြစ်၏။ အင်္ဂလိပ်ခေတ် မူလနာမည်က ဖယ်ယာလမ်း။ အင်္ဂလိပ် မဟာဝန်ရှင်တော်မင်းကြီး ဆာ အာသာ ဖယ်ယာကို ဂုဏ်ပြု မှည့်ခေါ်ခဲ့ခြင်းပင်။ နောက်မှ မြန်မာအမည် ပန်းဆိုးတန်းဟု ပြောင်းခဲ့သည်။ သို့တိုင်အောင် လွန်ခဲ့သော နှစ်ပိုင်းအထိ လမ်းအမည်ဆိုင်းဘုတ်၏ အင်္ဂလိပ်လိုနေရာတွင် 'ဖယ်ယာစထရိ'ဟု ရေးထားတာ ထူးခြားစွာ တွေ့ဖူး၏။

ပန်းဆိုးတန်းလမ်း၏ ထူးခြားချက်တွေက

ဒီလမ်းမှာ ခေတ်ဟောင်းအဆောက်အအုံ တော်တော်များများ ကျန်ရှိနေသေးခြင်းပင် ဖြစ်၏။ ဗဟိုကြေးနန်းရုံး၊ ဗဟိုတရားရုံး စသော အဆောက်အအုံများပင်။

လမ်းအလယ်ပိုင်းရှိ ပလက်ဖောင်းအချို့မှာ အင်္ဂတေနှင့် ကျောက်စရစ် ရောထားခြင်းမဟုတ်။ သင်ပုန်းကျောက်ဟု ထင်ရသော အမည်းရောင် ကျောက်ပြားများ ဖြစ်၏။ ဒီလို ပလက်ဖောင်းမျိုး အလွန်ရှားသည်။

ကျွန်တော် အကြိုက်ဆုံးက ခရေပင်များပင်။ ရန်ကုန်မြို့လယ်ကောင်ရှိ လမ်းများတွင် သစ်ပင်တွေ စီတန်းစိုက်ထားတာမျိုး အလွန်တွေ့ရ

www.burmeseclassic.com

www.burmeseclassic.com



ခဲသည်။ ဘယ်လောက် ပူပြင်းသောရာသီဥတုမှာပဲဖြစ်ဖြစ် ပန်းဆိုးတန်း အလယ်ပိုင်းရှိ ခရေပင်ရိပ်များအောက်မှာ အစဉ် အေးမြနေတတ်၏။

လူပျိုဘဝတုန်းက နေ့စဉ်နေ့တိုင်း အိမ်ပြန်နောက်ကျတတ်သည်။ ညမိုးချုပ်အထိ၊ တစ်ခါတစ်ရံ ညဉ့်နက်သန်းခေါင်ထိ မြို့ထဲမှာပင် ရှိနေတတ်၏။ သူငယ်ချင်းတွေနှင့် လက်ဖက်ရည်ဆိုင်ထိုင်သည်။ တချို့နေ့တွေမှာ လေးဆယ့်နှစ်လမ်းတို့ သုံးဆယ့်ရှစ်လမ်းတို့ရှိ ယမကာဆိုင်များသို့ ရောက်သည်။ တစ်ခါတစ်ရံတော့ ကမ်းနားမှာ တစ်ယောက်တည်း။

ဘယ်ကိုပဲသွားသွား ပန်းဆိုးတန်း အလယ်လမ်းကိုတော့ ဖြတ်သွားမြဲ ဖြစ်၏။ ထိုလမ်းသည် ရုံးတွေများသဖြင့် ညဘက်ဆိုလျှင် လူရှင်းနေတတ်သည်။ လူတွေရှုပ်ယှက်ခတ်နေတတ်သော ဆူးလေဘုရားတစ်ဝိုက်နှင့် မဟာဗန္ဓုလလမ်းပေါ်မှ ပန်းဆိုးတန်းဘက် ချိုးကွေ့လိုက်လျှင် မြင်ကွင်းက ချက်ချင်းပြောင်းလဲသွားသည်။ အေးချမ်းတိတ်ဆိတ်သော အရသာကို ပြည့်ပြည့်ဝဝ ခံစားရသည်။ မိုးဖွဲဖွဲရွာနေသော ညမျိုးမှာ လူသူရှင်းလင်းနေသော လမ်းပေါ်ရှိ ပလက်ဖောင်းကျောက်နက်ပြားများသည် မိုးရေကြောင့် ပြောင်လက်နေတတ်၏။ ထိုလမ်းပေါ်မှာ ကိုယ့်ခြေသံ ကိုယ်နားထောင်ရင်း တစ်ယောက်တည်း လမ်းလျှောက်ရတာ သိပ်စိတ်ကူးယဉ်လို့ ကောင်းသည်။

ခရေပွင့်သောကာလမှာတော့ ညဘက်ဆို လူစည်ကားတတ်သည်။ ခရေပွင့်တွေကို သီပြီး ပြန်ရောင်းဖို့ ကောက်သူတွေ၊ ပန်ဖို့ ကောက်သူတွေ၊ အပျော်ကောက်သူတွေကို တွေ့ရသည်။ ကျွန်တော်တို့ သူငယ်ချင်းတစ်စုသည် ခပ်ထွေထွေနှင့် ခရေပန်းတွေလုကောက်ပြီး ကလေးတွေကို ဝေပေးတတ်ကြ၏။

ခုကျတော့ ညဘက်မှာ ပန်းဆိုးတန်းလမ်းကို မလျှောက်ဖြစ်တော့။ သို့တိုင်အောင် မြို့ထဲထွက်ဖြစ်သည့်အခါ ဘတ်စ်ကားပေါ်မှဆင်းပြီးလျှင်



ပန်းဆိုးတန်းအလယ်လမ်းကို ဖြတ်ဖြစ်အောင် ဖြတ်ပြီးမှ လိုရာသို့ သွားတတ်မြဲရှိတုန်းပင်။ ထိုလမ်းကိုဖြတ်သည့်အခါတိုင်း ဟိုအရင်က သူငယ်ချင်းတွေနှင့် ငြင်းကြခုန်ကြ၊ ချစ်သူအကြောင်း၊ ဟိုအကြောင်း၊ ဒီအကြောင်း ပြောရင်း လမ်းလျှောက်ခဲ့ကြသည့်ကို သတိရ၏။

* * *

ဒီနေ့လည်း ပန်းဆိုးတန်းလမ်းအတိုင်း လျှောက်လာခဲ့သည်။ လမ်းအောက်ပိုင်းရှိ အဆောက်အအုံများ၏ ဆင်ဝင်များအောက်တွင် ဈေးတန်းကလေး တစ်ခု ဖြစ်နေသည်။ အဝတ်အထည်တွေ၊ လူသုံးကုန်တွေကို ဈေးပေါပေါဖြင့် အော်ရောင်းနေကြသည်။ စွပ်ကျယ်တွေ တီရှပ်တွေကို 'လေးထည် တစ်ရာ၊ ငါးထည်တစ်ရာ'ဟု အော်ရောင်းသည်။

တစ်ထည်ကို ဘယ်လောက်ဟု မပြောဘဲ ငွေတစ်ရာကို မူတည်၍ အထည်အရေအတွက်ကို ပြောနေတာ ဘာသဘောလဲ မသိ။ ဝယ်သူတွေက ငွေတစ်ရာကို လေးနှင့်စား၊ ငါးနှင့်စားကြည့်ပြီးမှ တစ်ထည်ဈေးသိရသော နည်းပင်တည်း။ အိမ်နေရင်း ဝတ်ဖို့ စွပ်ကျယ်လက်စက တစ်ထည်လောက် ဝယ်မည် စိတ်ကူးသည်။ ပြီးမှ အိမ်မှာ နှစ်ထည်တောင် ရှိသေးတာပဲလေ၊ စွပ်ကျယ်က စားလို့ရတာမှ မဟုတ်ဘဲဟုတွေးပြီး မဝယ်ဖြစ်တော့။

ဗဟိုတရားရုံးရှေ့နား ရောက်လာသည်။ ခရေပင်တစ်ပင်၏ အရိပ်မှာ ဗေဒင်ဆရာတစ်ဦး ထိုင်နေသည်။ သူ့ရှေ့က အဝတ်အစားခပ်နွမ်းနွမ်းနှင့် မိန်းမတစ်ယောက်ကို ဟောနေသည်။ သူတို့ရှေ့က ဖြတ်အလျှောက်တွင် ...

'ရမှာပါ၊ ရမှာပါ၊ မကြာတော့ပါဘူး'ဆိုသော ဗေဒင်ဆရာ၏အသံကို ကြားလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



...ခြင်းအခါ ရှောင်ရှုမြင်ကွင်းကျယ်သီချင်းထဲက 'ကားလမ်းဘေး... ...ဆရာ့ရေ့ အားကိုးစမ်းပါရစေ' စသော စာသားကို သတိရမိ၏။

...အရှင်ဆိုင်တွေရှိသော လမ်းတစ်ဘက်ခြမ်းသို့ ကူးလာခဲ့သည်။ ...အရိပ်ချောတွေ ရောင်းသောသူသည် အိပ်ငိုက်နေ၏။ ခုတစ်လော ခေတ်စား... ...သောသော ယိုးဒယားမဲနှိုက်သည့် နေရာမှာတော့ ကလေးတွေ အုံ... သည်။

စာအုပ်ဆိုင်တွေဘက် ဆက်လျှောက်ခဲ့၏။ လမ်းဘေး စာအု... အဟောင်းပုံကို တွေ့လျှင် ဝင်မမွှေဘဲ မနေနိုင်သော အကျင့် ရှိသည်။ ဝင်... လျှင်လည်း တစ်အုပ်တလေတော့ အနည်းဆုံး ဝယ်ဖြစ်မြဲ။ အချိန်မရသည့... အခါမျိုး၊ ဝယ်စရာငွေ မရှိသည့်အခါမျိုးတွင် စာအုပ်ဆိုင်တန်းတွေ... ကွေ့ရှောင်သွားရသည်။ ပက်ဝင်းတိုးမိသည့်အခါကျလျှင်လည်း ရည်း... ပောင်းနှင့် မျက်နှာချင်းဆိုင် ဆုံမိသလို ကြည့်ချင်ပါလျက် မမြင်ချင်ယော... ဆောင်နေရတတ်သည်။

ဒီနေ့တော့ လက်ထဲမှာ ငွေနည်းနည်း အပိုရှိနေသည်။ သို့ဖြ... စာအုပ်အဟောင်းတစ်ပုံရှေ့မှာ ဆောင့်ကြောင့် ထိုင်ချလိုက်၏။

စာအုပ်အဟောင်းဆိုင်များရှေ့မှာထိုင်မိလျှင် ပြတိုက်တစ်ခုထဲ... ရောက်သွားသလို စိတ်ကို ညှို့ယူဖမ်းစားခြင်း ခံရတတ်သည်။ ပတ်ဝန်းကျ... ကို လုံးဝသတိမရတော့။ ကားသံလူသံတွေလည်း မကြားမိတော့။ စာအု... တွေ တစ်အုပ်ပြီးတစ်အုပ်ကိုင်ကြည့်၊ လှန်ကြည့်၊ မြည်းကြည့်ရင်း အရာရာ... မေ့လျော့နေတော့သည်။

ဒီလိုအဖြစ်မျိုးတွေ ကြားဖူးသည်။

ကွယ်လွန်သူ ဆရာမြတ်ထန်သည် လန်ဒန်တွင် စစ်သံမှူးအဖြ... နေထိုင်ခဲ့စဉ်က ဖြစ်၏။ တစ်ရက်တွင် မောင့်ဘက်တန်နှင့် ချိန်းဆို...



...သာ ကိစ္စရှိနေသည်။ အချိန်နည်းနည်း စောသေးသဖြင့် လမ်းလျှောက်ထွက်... ...ရင်း လမ်းကြားလေးတစ်ခုရှိ စာအုပ်အဟောင်းဆိုင်တစ်ဆိုင်ထဲ ရောက် ...သွားသည်။ ပဲနီအနည်းငယ်တန်မှ ပေါင်စတာလင် ထောင်ချီသောင်းချီတန် ...သော ရှေးဟောင်းစာအုပ်တွေပါ တွေ့ရသည်။ စာပေဝါသနာအိုးဖြစ်သော ...ဆရာမြတ်ထန်သည် စာအုပ်မှော်ရုံတော၏ ဖမ်းစားမှုမှ ရုန်းမထွက်နိုင်တော့။ ...အရာရာကို မေ့လေပြီ။ အချိန်တန်သည်အထိ သံမှူး ပြန်မလာသဖြင့် ...သံ့ရုံးကလူတွေ ဒေါင်းတောက်အောင် ရှာကြသည်။ မတွေ့သဖြင့် ချိန်းဆို ...ထားသည့်အတိုင်း မလာရောက်နိုင်သည်ကို ခွင့်လွှတ်ပါရန် မောင့်ဘက်တန် ...ထံ တောင်းပန် အကြောင်းကြားလိုက်ရသည်။ လော့ဒ်မောင့်ဘက်တန် ...မှာ နှယ်နှယ်ရရပုဂ္ဂိုလ်မဟုတ်။ ဘုရင်မ၏ဦးလေးတော်သည့်ပြင် စစ်သေနာ ...ပတိ ရေတပ်ဗိုလ်ချုပ်ကြီးလည်း ဖြစ်၏။ ဒီလိုပုဂ္ဂိုလ်ကြီးနှင့် ချိန်းဆိုထားမှု ...ကိုပင် မေ့လျော့သွားအောင် စာအုပ်တွေက ဖမ်းစားနိုင်ခဲ့ကြောင်း ဆရာ ...မြတ်ထန်၏ 'မုန်တိုင်းလွန်သော်' စာအုပ်မှာ ဖတ်ရှုရပါသည်။

ကျွန်တော့်သူငယ်ချင်း နေရီလည်း ဒါမျိုး ကြုံဖူးသည်။

သူသည် ရေဒီယိုအော်ပရေတာအလုပ်မှထွက်ပြီး နိုင်ငံခြားသင်္ဘော ...တက်ဖို့ ကြိုးစားနေသည်။ တစ်ရက်မှာ အလုပ်အတွက် လူကြီးတစ်ယောက် ...နှင့် တွေ့ဆုံဖို့ ထွက်လာရင်း စာအုပ်အဟောင်းဆိုင်မြင်တော့ မနေနိုင်ဘဲ ...ဝင်မွှေကြည့်နေမိ၏။ နာရီဝက်လောက်ကြာသွားသည်။ ပြီးမှ အလုပ်ကိစ္စ ...အတွက် သွားစုံစမ်းသည်။ အလုပ်ပေးနိုင်သူပုဂ္ဂိုလ်ကြီးက သူ့ကိုမြင်သောအခါ

'မင်း ဆယ်မိနစ်လောက်ပဲ နောက်ကျသွားတယ်ကွ၊ ဒီနေ့ အလုပ် ...ခန့်ခဲ့ပေါ့တယ်၊ အဲဒါ ငါလည်း ဒီနေ့ ငါ့ဆီ ပထမဆုံးရောက်လာတဲ့ လူကို ...ခန့်မယ်လို့ ဆုံးဖြတ်ထားတာ စောစောကပဲ တစ်ယောက်လာလို့ ထည့်ပေး ...လိုက်တယ်၊ မင်း ကပ်လွဲသွားတာပေါ့ကွာ'ဟု ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



အလုပ်က မက်လောက်စရာဖြစ်၏။ လစာရင်းကပဲ ဒေါ်လာရှစ်ရာ သဘော်လိုင်းကလည်း နာမည်ကြီး။ ကျွန်တော်က သူ့ကိုယ်စားနှမြောနေသည်။ သူကတော့ အလုပ်ကိစ္စထက် ပို၍ အရေးကြီးသည့်ဟန်ဖြင့်–

'ငါ အယောင်းဆိုင်က ဆရာကြီးရွှေဥဒေါင်းရဲ့ တစ်သက်တာမှတ်တမ်း ဒုတိယတွဲရခဲ့တယ်ကွ၊ ငါ့မှာ အတွဲစုံဖို့ ဒီတစ်အုပ်ထဲ လိုနေတာ။ အခုမှ အဆင်ပြေသွားတယ်'ဟု ဝမ်းသာအားရ ပြောသည်။

ကျွန်တော်သည် အကြောင်းတိုက်ဆိုင်လာတာကလေးတွေ တွေးရင်း စာအုပ်တွေ လျှောက်ကြည့်သည်။ လိုချင်သော စာအုပ်တစ်အုပ်ကို တွေ့ပြီ။ ဆရာကျော်သိမ်း မြန်မာပြန်သည့် 'အပြန်လမ်း' ဆိုသော စာအုပ်။ သူများဆီက ငှားဖတ်ပြီး အလွန်ကြိုက်သဖြင့် အပိုင်လိုချင်နေသည်။ ဘယ်လောက်လဲမေးတော့ တစ်ဆယ်ဟု ပြောသည်။ ဆယ်တန်တစ်ရွက်ပေးပြီး စာအုပ်ကို လွယ်အိတ်ထဲ ထည့်လိုက်သည်။

စာအုပ်ဟောင်းဝယ်လျှင် ဈေးကြီးသဖြင့် မတတ်နိုင်လျှင်သာ ဈေးဆစ်လေ့ရှိသည်။ တော်ရုံတန်ရုံဆိုလျှင် မဆစ်ဘဲ ဝယ်တတ်သည်။ စာအုပ်ကို ဈေးမဆစ်ကောင်းဟု ထင်သောကြောင့် ဖြစ်၏။ စာအုပ်ဆိုသည်မှာ မတတ်သာလို့သာ ဈေးနှုန်းသတ်မှတ်ပြီး ရောင်းနေရခြင်း ဖြစ် သော်လည်း ရောင်းကုန်တစ်ခုအဖြစ် သဘောထားရမှာ အားနာဖို့ကောင်းသည်။

စာအုပ်ရောင်းသူက တစ်ဆယ်တန် ငွေစက္ကူဖြင့် စာအုပ်တွေကို တဖျတ်ဖျတ် လိုက်ရိုက်နေသည်။ ပြော် ခုမှ ဈေးဦးပေါက်တာကိုး။ တစ်ဘက်သို့ မျက်စိရောက်သွားသည်။ ပန်းပင်၊ သီးပင်၊ စားပင်၊ မျိုးစေ့များ ရောင်းသူသည် အိပ်ငိုက်နေတုန်းပင် ရှိ၏။

ကျွန်တော်လည်း အတွေးစ မပြတ်တပြတ်နှင့်ပင် ပန်းဆိုးတန်းလမ်းကို ကျောခိုင်းပြီး ထွက်လာခဲ့၏။

[ ချယ်ရီမဂ္ဂဇင်း။ ။ မေ၊ ၁၉၈၉။ ]

## ခန်းသလား မခန်းဘူးလား

ကျွန်တော်တို့အိမ်မှာ ထမင်းရေခန်း ချက်စားလာခဲ့တာ အနှစ် နှစ်ဆယ်ကျော်လောက်ရှိပြီ။ အမေက ခေတ်မီသည်။ ဆန်ပေါပေါနှင့် သူများတွေ ထမင်းရည် ဖုံးပေါလအောင် သွန်ပစ်နေသည့် အချိန်ကတည်းက အမေကတော့ ထမင်းရေခန်းပဲ။ တွေ့သမျှ မိန်းမတွေကိုလည်း ထမင်းရေခန်းချက်ဖို့ စည်းရုံးလေ့ရှိသည်။

'ထမင်းရေခန်းချက်ပြီဆိုတာနဲ့ ပထမဆုံးစပြီး အကျိုးဖြစ်တာကတော့ ထမင်းရည်ငှဲ့ရသက်သာသွားတာပဲ၊ ထမင်းရည်ပူလောင်မှာလဲ မကြောက်ရတော့ဘူး၊ ရေခန်းချက်ရတာ သိပ်လွယ်တယ်၊ အိုးထဲကို ဆန်ထည့်ရေထည့်ပြီးတော့ လက်ခလယ်ကို ရေထဲနှစ်လိုက်၊ လက်ထိပ်နဲ့ ဆန်မျက်နှာပြင်ထိတဲ့အချိန်မှာ ရေကလက်နှစ်ဆစ်စာ ရှိနေရမယ်၊ ဒါက ပုံမှန်ပဲ၊ ဆန် အမျိုးအစားကို လိုက်ပြီးတော့ပဲဖြစ်ဖြစ် ထမင်းအပျော့အမာကို လိုက်ပြီးတော့ပဲဖြစ်ဖြစ် ရေကို လိုတိုးပိုလျှော့ ထည့်ရုံပဲ၊ ရေဆူပြီဆိုရင် တစ်ချက်နှစ်ချက်မွှေပြီးတော့ အဖုံးပိတ်ထားလိုက်တော့၊ သူ့ဘာသာနပ်သွားသိမ့်မယ်၊ ရေခန်းက အကျက်လဲ မြန်တယ်၊ အချိန်ကုန်လဲ သက်သာတယ်၊ တစ်ဆက်တည်းအကျိုးဖြစ်တာက ထင်းမီးသွေး အကုန်သက်သာတယ်'

www.burmeseclassic.com

www.burmeseclassic.com



ရေခန်းထမင်းသည် ရေငုံ့ထမင်းထက်ပိုပြီး အာဟာရဖြစ်တာက တော့ ပြောစရာမလိုလောက်အောင် သိသာ၏။ ငုံ့ပစ်ရမည့် ထမင်းရည်ထဲ မှာ ပါသွားမည့် ဓာတ်ပစ္စည်းအားလုံး ပါဝင်ကျန်ရှိနေသောကြောင့်ပင်ဖြစ်၏။

ထမင်းရည်ထဲတွင် လူတို့၏ ကုန်ခန်းသွားသော အင်အားကိုပြန် လည် ဖြည့်တင်းပေးနိုင်သည့် ကစီဓာတ်အများအပြားပါဝင်သည်။ ထို့အပြင် အကြောအခြင် ကိုက်ခဲခြင်း၊ မှတ်ဉာဏ် အားနည်းခြင်း၊ အာရုံကြော ချွတ်ယွင်းခြင်းတို့ကို ကာကွယ်နိုင်သည့် ဗီတာမင် ဘီဝမ်းဓာတ်၊ သွားဖုံး ရောဂါ၊ ကျိုးကန်းပါးစပ်ရောဂါတို့ကို ပျောက်ကင်းစေသည့် ရိုဗိုဖလေဗင် ဓာတ်လည်း ပါသည်။ ဘယ်ရီဘယ်ရီ ခေါ် ကိုယ်ရောင်ရောဂါ ကိုလည်း ကာကွယ်ပေးသည်။

ထို့ကြောင့်ပင် နာမည်ကျော်ဆရာဝန်ကြီးတစ်ယောက်က ပြောဖူး သည်။

'ကျွန်တော်တို့လူမျိုးတွေက ထမင်းရေငုံ့ချက်တာ အကျင့်ကြီးပါ နေပြီ၊ ဒီတော့ တကယ်အာဟာရဖြစ်တဲ့ အဆီအနှစ်ကို စွန့်ပစ်လိုက်ကြတဲ့ သဘောပဲ၊ တချို့ကျတော့ ထမင်းရည်ကို ခွေးတွေ၊ ဝက်တွေ တိုက်ပြီး လူကတော့ အာဟာရမရှိတဲ့ ထမင်းကို စားတယ်၊ ဒါကြောင့် ကျွန်တော် တို့ဆီမှာ ခွေးတွေက ဝပြီး လူတွေက ပိန်နေတယ်'

ဟု ပျစ်ပျစ်နှစ်နှစ် ကရုဏာဒေါသော ပြောခဲ့လေသည်။

သာလွန်မင်းတရားကြီး လက်ထက်ကလည်း တိုင်းခန်းလှည့်လည် ရာတွင် ထမင်းရည်ကို မြေပေါ်ငုံ့သွန်ချနေသော မိန်းမတစ်ယောက်ကို တွေ့သောအခါ . . .

'ဟယ် မိုက်လိုက်တဲ့ သူငယ်မ၊ ထမင်းရည်ကို အလဟဿ သွန် ပစ်ရချေသလော၊ ကလေးငယ်တွေကို တိုက်လျှင် အာဟာရမဖြစ်သလော၊ ခွေးဝက်တို့ကို တိုက်သော် အကျိုးမရှိသလော'



ဟု ဆိုပြီး ထမင်းရည်သွန်ငုံ့ပစ်သူမိန်းမအား ကြိမ်လုံးနှင့်ရိုက်၍ ဆုံးမခဲ့ဖူးလေသည်။

အမေသည် ထိုအကြောင်းကို မကြာခဏပြောပြီး

'ယခုလဲ ထမင်းရည်ခန်း မချက်တဲ့ မိန်းမတွေကို ကြိမ်ဒဏ်ပေးဖို့ သက်ဆိုင်ရာကို အကြံဉာဏ်ပေးချင်တယ်'

ဟု ဆိုလေ့ရှိ၏။

အမေကတော့ ကြိမ်လုံးနှင့်ရိုက်လို့မဖြစ်သောကြောင့် အကျိုးသင့် အကြောင်းသင့်ပြော စည်းရုံးရသည်။ ရေခန်း ထမင်းချက်လျှင် အချိန် ကုန်သက်သာပုံ၊ အာဟာရဖြစ်ပုံ၊ ဆန်ကုန်သက်သာပုံတို့ကို ပြောပြသည်။

'ဟဲ့ ရေခန်းသာ ချက်စား၊ ညည်းကလေး ဗိုက်ပူနံကားဖြစ်နေ တာက ဝတုတ်လာလိမ့်မယ်၊ ညည်းယောကျ်ား ဒူလာလဲ ပျောက်သွားမယ်'

အမေသည် တချို့အိမ်များသို့ ကိုယ်တိုင်သွားပြီး ရေခန်း ချက် နည်းသင်ပေးသည်။ တချို့ကျတော့ ဆန်နှင့်ထမင်းအိုး ယူလာခိုင်းပြီး ကျွန်တော်တို့အိမ်က မီးဖိုမှာ လက်တွေ့ချက်ပြသည်။ တချို့ကျတော့ ရှောင်ဖယ်ဖယ် လုပ်နေတတ်၏။ ထိုသူမျိုးကို အမေက ချောင်းနေပြီး အိမ်ရှေ့ဖြတ်သွားတာမြင်သည်နှင့် . . .

'ဟဲ့ လာဦး'

ဆိုပြီး ခေါ်သည်။ ပြီးတော့ အိမ်က ဆန်နှင့် အိမ်ကအိုးနှင့်ပင် ချက်နည်း သင်ပြီး ထမင်းကိုပါ ပေးလိုက်တတ်သည်။

သို့တိုင်အောင် အမေ့စည်းရုံးရေးမှာ သိပ်မအောင်မြင်လှချေ။ စားနေမကျသူဖို့ ရေခန်းထမင်းက ပျော့စိစိဟု ထင်စရာရှိ၏။ စားရသာ အီတယ်၊ ရင်ပြည့်တယ်ဟုလည်း ထင်ကြသည်။

အမှန်မှာ ရင်ပြည့်ခြင်းမဟုတ်။ အဆီအနှစ် ပြည့်ဝသောကြောင့် နည်းနည်းစားရုံဖြင့် တင်းတိမ်ဝလင်သွားခြင်းသာဖြစ်၏။ ကျွန်တော်ကတော့

www.burmeseclassic.com

www.burmeseclassic.com



စားနေကျဖြစ်သောကြောင့် ရေငုံ့ချက်သော ထမင်းကို လုံးဝ မစားချင်တော့။ မာဆတ်ဆတ် ဖွယ်တယ်တယ်နေသည်။ အရသာမရှိဟု ထင်သည်။

တချို့ကတော့ ရေခန်းချက်တယ်ဆိုတာ ဆန်ကောင်းမှဟု ဆိုတတ်သေးသည်။ ကျွန်တော်တို့အိမ်မှာ ငကြွေ၊ ညှော်မထ၊ ငစိန် စသော ပြည်သူ့ဆိုင် သမဝါယမမှပေးသော ဆန်မျိုးစုံကို ရေခန်းပဲချက်စားနေ ခြင်းဖြစ်၏။ ငစိန်ဆို ပိုတောင် ကောင်းသေးသည်။ ငစိန်က အေးလျှင် မာတတ်သည်။ ရေခန်းချက်စားလျှင် ဘယ်လောက်အေးအေး မာတောင့် သွားခြင်းမရှိ။

ရေခန်းချက်တော့ ထမင်းလုံးမလှဘူးဟု ပြောသူလည်း ရှိသည်။ ဒါလည်း မဟုတ်သေး။ ခုအခါမှာ တတ်နိုင်သူတို့ သုံးနေကြသော ရိုက်စ်ကွတ်ကာခေါ် လျှပ်စစ်ထမင်းအိုးမှာ ရေခန်းနည်းနှင့် ချက်ခြင်းသာ ဖြစ်သည်။

အမေက ရေခန်းချက်ခြင်းသည် ဆန်ကုန်သက်သာသဖြင့် တွက်ခြေကိုက်သည်ဟု အကြောင်းပြသော်လည်း သိပ်အလေးမထားခဲ့ကြ။ ထိုအချိန်က ဆန်ပေါများနေသဖြင့် နို့ဆီဘူးတစ်လုံးလောက်မှာ ဘာမှ မဖြစ်လောက်ဟု အထင်ရှိခဲ့ကြလေ၏။ အခုနောက်ပိုင်း ဆန်ဈေးတွေကြီးလာသော်လည်း လူအများကတော့ ထမင်းရည်ငှဲ့ချက်ခြင်းကို အကျင့်ပါနေတုန်းပင် ဖြစ်၏။

* * *

ကျွန်တော် အိမ်ထောင်ကျပြီး မိန်းမလက်ထက်ရောက်တော့လည်း ရေခန်းထမင်းကိုပင် ဆက်ချက်ခိုင်းခဲ့သည်။ ခုထိလည်းဆက်ချက်နေတုန်းပင်ဖြစ်၏။ ခုနောက်ပိုင်းကျတော့ ရေခန်းထမင်းသည် အာဟာရဓာတ်ကြွယ်ဝ



ခြင်း၊ ရီဗိုဖလေဗင် စသော ဓာတ်များပါဝင်ခြင်း စသည့်အချက်များကတော့နမဟုတ်တော့။ တွက်ခြေကိုက်ခြင်းဟူသော အချက်သာလျှင် ပဓာနအကြောင်းရင်း ဖြစ်လေသည်။

ထမင်းရည်ခန်းတွင် ငှဲ့ပစ်ရမည့် ထမင်းရည်အားလုံး ထမင်းစေ့ထဲမှာပင် တည်ရှိကျန်ရစ်နေသဖြင့် ထုထည် ပိုကြီးမားသည်။ အဆီအနှစ် ပြည့်ဝသဖြင့် အစားခံသည်။ အဆာလည်း ခံသည်။ ထို့ကြောင့် ဆန်ကုန်သက်သာသည်။ ခန့်မှန်းခြေတွက်ကြည့်သောအခါ ရေငှဲ့ချက်လျှင် တစ်နေ့ဆန်တစ်ပြည် ချက်ရမည့်အစား ခုနစ်လုံးသာ ချက်ဖို့လိုသည်။ ဆန်နို့ဆီဘူးတစ်လုံးဆိုသည်မှာ အရင်က ဘာမှ မပြောပလောက်သော်လည်း ခုကျတော့ အနိမ့်ဆုံးနှုန်းနှင့်တွက်လျှင်ပင် တစ်ကျပ်ကျသည်။

ထိုမှ ဆက်လက်၍ ကျွန်တော် ခန့်မှန်း တွက်ချက်ကြည့်၏။ လူငါးဦးရှိသည့် မိသားစုတစ်စုသည် တစ်နေ့ဆန်တစ်ပြည် ချက်ရသည်ဆိုပါစို့၊ ရေခန်းချက်လျှင်ပင် ခုနစ်လုံးသာ ချက်ရမည်။ ဆန်တစ်လုံးသက်သာမည်။

မြန်မာနိုင်ငံတွင် လူဦးရေ သန်းလေးဆယ်အနက် ထမင်းမစားသေးသော မွေးစကလေးငယ်များနှင့် ရေခန်းချက်စားနေသူဆယ်သန်းရှိသည်ထား၊ ကျန် သန်းသုံးဆယ်ကသာ ရေခန်း လိုက်ချက်စားမည်ဆိုလျှင် လူငါးဦးလျှင် ဆန်တစ်လုံး သက်သာသည့်နှုန်းဖြင့် တွက်ကြည့်ပါက တစ်နေ့လျှင် ဆန်နို့ဆီဘူး ခြောက်သန်း ပိုထွက်လာပေမည်။ လူတစ်ဦးလျှင် တစ်နေ့ ဆန်နှစ်လုံးကျနှင့်တွက်သော် နောက်ထပ် လူသုံးသန်းအတွက် ဆန်ဖူလုံ သွားစေမည့် သဘောပင် ဖြစ်၏။

နောက်တစ်နည်းတွက်လျှင် ဆန်တစ်လုံး တစ်ကျပ်ကျဖြင့် ငွေသန်းခြောက်သန်း နေ့စဉ် အကုန်အကျသက်သာမည့် သဘောလည်း ဖြစ်၏။ ထိုဆန်များကိုသာ ထိုဈေးနှုန်းအတိုင်း နိုင်ငံခြားသို့ ရောင်းချ

www.burmeseclassic.com

www.burmeseclassic.com



နိုင်လျှင် တစ်နေ့ဒေါ်လာတစ်သန်း တိုင်းပြည်အတွက် နိုင်ငံခြားငွေ ရရှိနိုင်သည်။ ထိုငွေမှာ ဟိုင်းလပ်ကား အစီးသုံးရာ ဝယ်နိုင်လောက်သော ငွေ ဖြစ်၏။ ဒါက တစ်ရက်စာပဲ ရှိသေးသည်။

အထက်ပါနှုန်းဖြင့် တွက်လျှင် တစ်နိုင်ငံလုံး တစ်လလောက် ရေခန်းထမင်းချက်စားရုံဖြင့် တစ်လကြာလျှင် ဟိုင်းလပ်ကား အစီးပေါင်း ကိုးထောင် ဝယ်နိုင်မည်။ တစ်လအတွင်းမှာပင် သယ်ယူပို့ဆောင်ရေး ပြဿနာပြေလည်သွားနိုင်သည်။

ထိုအကြောင်းကို ကျွန်တော့်မိန်းမအား ရှင်းလင်းတွက်ပြလိုက်သည်။ မိန်းမက ခဏမျှ စဉ်းစားနေပြီးနောက်

'တစ်ခုတော့ရှိတယ်၊ ခုအခါမှာ ဆန်တစ်ပြည်ဝယ်ရင် ဘယ်တော့မှ ရှစ်လုံးအပြည့် ရတာမဟုတ်ဘူး၊ အလွန်ဆုံး ခုနစ်လုံးခွဲပဲရတာ၊ ဒီတော့ တစ်ပြည်မှာ ပိုထွက်လာတာက နို့ဆီဘူး တစ်လုံး မဟုတ်ဘူး၊ တစ်ဝက်ပဲ ရှိတယ်၊ ဒီတော့ သူ ဝယ်မယ့် ကားစင်းရေကို တစ်ဝက်လျှော့လိုက်'

ဟု ပြုံး၍ ပြောသည်။

'အေးလေ၊ တစ်လအစီးလေးထောင့်ငါးရာ ဆိုတာကော နည်းသလားကွ'

ဟု ကျွန်တော်က ပြန်လည်ချေပလိုက်ရ၏။

[ခေနမဂ္ဂဇင်း။ ။ ဇူလိုင်၊ ၁၉၉၀။]

## ပရိသတ်အဖြစ်

[illegible]န်တော်သည် စာရေးဆရာတစ်ယောက် ဆိုသော်လည်း စာပေနယ်မှ [illegible]မှာတော့ ပရိသတ်တစ်ဦးမျှသာ ဖြစ်၏။ စာပေနယ်မှာပင်လျှင် ကိုယ် [illegible]သည့် စာနှင့်ပတ်သက်လို့သာ စာရေးဆရာ။ တခြားသူများရေးသော [illegible]တွေကို ဖတ်တော့ စာဖတ် ပရိသတ်ပင် ဖြစ်နေပြန်၏။

စာဖတ်ခြင်းသည် ကရိကထ သိပ်မများလှ။ စာအုပ်တစ်အုပ်နှင့် [illegible]လင်းရောင်ရှိလျှင် ပြည့်စုံသည်။ နေ့အလင်းရောင်နှင့် ဖတ်လို့ရသည်။ [illegible]စ်မီးမရှိလျှင်တောင် မီးခွက်၊ ဖယောင်းတိုင် ထွန်းပြီး ဖတ်လို့ရသည်။ [illegible]ဖို့နေရာကိုလည်း တခမ်းတနားပြင်ဆင်စရာမလို။ အိပ်ရာထဲမှာလှဲရင်း၊ [illegible]ထိုင်မှာထိုင်ရင်း၊ သစ်ပင်ရိပ်မှာ နေရင်း၊ ရထားစီးရင်း၊ ကားစီးရင်း [illegible]လို့ရသည်။ ယုတ်စွအဆုံး အိမ်သာတက်ရင်းပင် ဖတ်လို့ရသည်။

ဖတ်နေရင်းက မျက်စိညောင်းလာလို့ဖြစ်စေ၊ ညည်းသည်လာလို့ [illegible]၊ အကြောင်းကိစ္စတစ်ခုခုပေါ်လာလို့ဖြစ်စေ စာအုပ်ကို ခဏချထား[illegible] [illegible]။ တစ်ခုခု မရှင်းလင်းတာရှိလျှင် ရှေ့ပိုင်း စာမျက်နှာကို ပြန်လှန် [illegible]ကြည့်လို့ ရသည်။

www.burmeseclassic.com

www.burmeseclassic.com



စာဖတ်ပရိသတ်တစ်ယောက်အဖို့ လုံးဝ အာမခံချက်ရှိသောကိစ္
ကား စာတ်လမ်းအစအဆုံး ကိုယ့်လက်ထဲမှာ ရှိနေခြင်းပင်ဖြစ်၏။ ထို
အချက်ကို အခွင့်ကောင်းယူ၍ စာမျက်နှာကျော်ဖတ်ခြင်း၊ ဇာတ်သိမ်းခန်း
ကို အရင်လှန်ကြည့်ခြင်းတို့တော့ မလုပ်ကောင်းချေ။

စာရေးဆရာတစ်ယောက်သည် စကားလုံးတစ်လုံးကို စဉ်းစားရင်
တစ်နေကုန်ချင် ကုန်သည်။ စာကြောင်းတစ်ကြောင်းအတွက် နှစ်ရက်သုံးရက်
အချိန်ယူချင်ယူသည်။ စာတစ်မျက်နှာပြီးဖို့ တစ်ပတ်ကြာချင်လည်း ကြာ
တတ်သည်။ စာဖတ်သူအဖို့တော့ စာတစ်ရွက်လှန်ရခြင်းသည် ဖျတ်ခနဲ
အသံမြည်ရုံလောက်သာ ကြာသည်။ ထို့ကြောင့် စာမျက်နှာ ကျော်ဖတ်ခြင်
သည် စာရေးသူ၏အားထုတ်မှုကို အသိအမှတ်မပြုရာရောက်သည်ဟုထင်၏၊
အကယ်၍ ကျော်လွှားသွားချင်လောက်အောင် အရေးအသား ညံ့ဖျင်းနေလျှင်
စာရွက်တွေလှန်ပစ်မည့်အစား စာအုပ်ကိုပိတ်ပြီး ဆက်မဖတ်ဘဲ နေလိုက်ခြင်
က စာရေးသူကို ဂုဏ်ပြုရာ ရောက်ပေသေးသည်။

ဘာပဲဖြစ်ဖြစ် ဇာတ်သိမ်းခန်းသည် မိမိညာဘက်လက်ချောင်းများ
နှင့် ဇာတ်ပြားတစ်ချပ်စာသာခြား၍ ရှိနေပါလျက် မသိချင်ယောင်ဆောင်ပြီး
ရှေ့ဘာဆက်ဖြစ်မလဲဟု သို့လောသို့လော ဖတ်ရှုရခြင်းသည် စာဖတ်
ပရိသတ်အဖို့ အရသာအရှိဆုံးပင် ဖြစ်တော့သည်။

* * *

ရုပ်ရှင်ကြည့် ပရိသတ်ကျတော့ ရုံထဲဝင်လိုက်ပြီဆိုသည်နှင့် မိမိ၏ မျက်
လုံးများကို ပိတ်ကားထံ ဝကွက် အပ်နှံလိုက်ရလေသည်။ ရုပ်ရှင်ဇာတ်ကား
ကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ ပွဲပြီးအောင်တော့ ကြည့်
ပေတော့မည်။ မပြီးခင်ရုံပြင်ထွက်သူ အလွန်ရှားသည်။ ဇာတ်ကား



...န်ညံ့နေလျှင်ပင် အောင့်အည်းသည်းခံ၍ ပြီးဆုံးအောင် ကြည့်ကြရ
...သည်။

ရုပ်ရှင်ကြည့်ရာတွင် ကိုယ်ကြိုက်သည့်နေရာ၊ ကိုယ်ကြိုက်သည့်
...န်မှာ ကြည့်လို့ရသည်မဟုတ်။ ရုပ်ရှင်ရုံကို သွားရမည်၊ ပွဲပြသည့်
...န်မှာ ကြည့်ရမည်။ ကိုယ်တစ်ယောက်တည်း ကြည့်ချင်လို့လည်းမရ။
...င့်ထောင်နှင့် ချီပြီးရှိမည့် တခြားသူများနှင့် အတူရော၍ ကြည့်ရမည်။

ထူးခြားတာက ဒီလောက်များပြားသောလူများသည် တစ်ယောက်ကို
...ယောက် လုံးဝ ဂရုမစိုက်ကြဘဲ ပိတ်ကားပေါ်က အရုပ်များကိုသာ
...စိုက်နေကြခြင်းပင်ဖြစ်၏။ အချို့အခန်းတွေဆို စိတ်ဝင်စားလွန်းသဖြင့်
...ကြီးတွေလို ငြိမ်သက်လျက် အသံ တစ်စက်မှမထွက်ဘဲ ငေးစိုက်နေ
...သည်။ ဒီလောက်လူပရိသတ်ကို တခြား နေရာမှာသာဆိုလျှင် တိတ်တိတ်
... ထိန်းသိမ်းရန် မလွယ်ချေ။ တစ်ခါတစ်လေ အိမ်ကြီး တစ်အိမ်ထဲမှာ
...သမီးတစ်ယောက်တည်းရှိနေပြီး အားငယ်စိုးရွံ့နေရသည့် အခန်းမျိုး
...ရသောအခါ ဘေးမှာရှိနေသည့် လူတွေကိုတောင် မေ့နေပြီး ကိုယ်
...ယောက်တည်း ဖြစ်နေသလို ချောက်ချောက်ချားချား ခံစားရသည်။

ရုပ်ရှင်ကြည့်ပရိသတ်အနေဖြင့်အခွင့်အရေးတစ်ခုကိုတော့ဘယ်သော
...မှ ရနိုင်လိမ့်မည်မဟုတ်။ ထိုအချက်ကား ပြနေသောဇာတ်လမ်းကို
...သဖြင့် ပြုပြင်ပြောင်းလဲပေးရန် ကန့်ကွက် တောင်းဆိုပိုင်ခွင့် မရှိခြင်း
... ဖြစ်၏။

* * *

...ကြည့်ပရိသတ်များကတော့ တစ်မျိုး တစ်ဘာသာဖြစ်၏။ ဇာတ်
...ရသည်မှာ ပွဲချိန်ရှည်လျားသည်။ တစ်ညလုံး ကြည့်ကြရသည်။
...ငြိမ်း လွတ်လပ်မှုတော့ ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



ပွဲခင်းကို ဝင်ချင်သည့်အချိန်ဝင် ထွက်ချင်သည့်အချိန် ထွက်
သည်။ ရှေ့ပိုင်းအချိန်များတွင် ပွဲဈေးတန်းထွက် လျှောက်နေပြီး ပြဇာ
ကျမှ ဝင်ကြည့်လို့လည်း ရသည်။ ဝန်ကြီးတွေ ထွက်နေချိန်မှာ ပျင်းရိငြီး
လာလျှင် လှဲအိပ်နေလို့ရသည်။ ထိုအတွက် ကပြသူများက ငြိုငြင်
မည်မဟုတ်ချေ။ ပွဲခင်းထဲမှာ ဆိုင်းသံလေးနဲ့ အိပ်ရတာ သိပ်ခိမ်ရှိတ
ဆိုပြီး တကူးတက သွားအိပ်တတ်သူမျိုးပင် ရှိ၏။

နှစ်ပါးခွင်ထွက်လာတော့မှ ငေါက်ခနဲထထိုင် မင်းသား မင်းသ
အကကောင်းလျှင် လက်ခုပ်တီး။ လူပြက်တွေ ပြက်တာ သဘောကျ
တဝါးဝါး တဟားဟား ရယ်ရင်း အိပ်ချင်ပြေရပြန်သည်။

စာအုပ်တို့ ရုပ်ရှင်တို့ဆိုသည်က တစ်ခါရိုက်နှိပ် ထုတ်လုပ်
လျှင် ပြီးသည်။ အရာရာသည် မူလအတိုင်း အစဉ်အမြဲ ပုံသေရှိနေသ
ဇာတ်သဘင်မှာကျတော့ ဇာတ်လမ်းဇာတ်ကွက် ဇာတ်ဝင်သီချင်း စသ
တို့မှာ ပုံသေဖြစ်သော်လည်း နေ့စဉ် လူကိုယ်တိုင် ထပ်တလဲလဲ က
ရခြင်း ဖြစ်၏။ ထို့ကြောင့် မင်းသားနေမကောင်းသည့် နေ့နှင့်လည်း
နိုင်သည်။မင်းသမီး အသံဝင်သည့်အခါနှင့်လည်း တွေ့နိုင်သည်။ စင်
ရောက်မှ တစ်စုံတစ်ခု မှားသွားလျှင် ပြန်ပြင်လို့ မရ။

တစ်ခုတော့ ရှိ၏။ စင်ပေါ်မှာ မင်းသား မင်းသမီး ငိုချင်းခ
သည်ကို ကြည့်ပြီး ပရိသတ်မှာ မျက်ရည်မဆည်နိုင် ဖြစ်ရသည်။
နေသူတွေ အဖို့တော့ ညစဉ်ညတိုင်း ငိုချင်းချနေရ၍ ရိုးနေပြီ။ မျက်
တစ်စက်တောင် စို့ထွက်ခြင်း မရှိကြောင်းကိုတော့ ပရိသတ်က
ရှာချေ။

* * *

…ကနွှားပွဲ ကြည့်သည့်ပရိသတ်သည် တစ်မူထူးခြား၏။ တကယ်တော့
…များသည် အနုပညာရှင်များ မဟုတ်ကြချေ။

အကယ်၍ ဟုတ်ခဲ့လျှင် သူတို့သည် ခုခေတ်စကားနှင့်ပြောရလျှင်
…များသာ ဖြစ်ကြ၏။ သူတို့ကိုယ်စား လူများက ကပြပေးရသော
…ကြောင့်ပင်။

ဘာပဲဖြစ်ဖြစ် ဆိုင်းသံ ဗုံသံတွေထဲတွင် နတ်ဆိုင်း နတ်ဒိုးသည်
…ကို စိတ်လှုပ်ရှား အတက်ကြွဆုံးဖြစ်စေတာကတော့ အမှန်ပဲဖြစ်၏။

ဤသို့ဖြစ်ရသည်မှာ စည်းချက်၏ ထူးခြားမှုကြောင့် ဖြစ်၏။
…ဒိုး၏ စည်းချက်မှာ လူနှလုံးခုန်သံစည်းချက်နှင့် တူသည်။ နတ်ဒိုး
…ကို နားထောင်ရင်း နှလုံးစည်းချက်နှင့် ဆိုင်းသံစည်းချက်တို့ တစ်ထပ်
…ကျသောအခါ စိတ်လှုပ်ရှားလာရသည်။

ဆိုင်း၏ စည်းချက်က တဖြည်းဖြည်းမြင့် တဖြည်းဖြည်းမြန်လာ
… ရုတ်တရက် အမြင့်ဆုံးသို့ ခုန်တက်လိုက်သောအခါ စည်းချက်နှင့်
…ပြီဖြစ်သော နှလုံးခုန်နှုန်းကလည်း အမြင့်ဆုံးသို့ လိုက်တက်ရ၏။
…ခိုက်သည် နတ်ဝင်ပူးသည့် အချိန်ပင် ဖြစ်၏။

နတ်ကနွှားပွဲ ကြည့်သည့် ပရိသတ်အဖို့ သူများနှင့်မတူဘဲ အထူး
…တစ်ခုရနိုင်သည်။ နတ်ဒိုးသံကြောင့် စိတ်ကြွလာသောအခါ ကိုယ်တိုင်
…သို့ ရခြင်းပင် ဖြစ်လေသည်။

* * *

…ဆိုသည်မှာ အနုပညာနှင့် ပတ်သက်သောကိစ္စတွေမှာသာ ရှိသည်
… တခြားနယ်ပယ်တွေမှာလည်း ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



၃၀၈၀—အားကစားပွဲများ။

လက်ဝှေ့ကြည့်သော ပရိသတ်များမှာ နူးညံ့သိမ်မွေ့သူများ မဟုတ်ကြ။ ဒါကို အပြစ်ပြောလို့ မရချေ။

ထိုးတာကြိတ်တာ ကြည့်ချင်လို့ လက်ဝှေ့ပွဲလာခြင်း ဖြစ်၏။ လက်ဝှေ့ပွဲဆိုသည်မှာ နှစ်ပါးသွားမဟုတ်။ တကယ်ထိအောင်ထိုးမှ ကြိုက်သည်။ ကွဲလျှင် သွေးထွက်လျှင် ပိုကြိုက်သည်။ အလဲထိုးနိုင်လျှင် ကြည်ဘာသာ မဆုံးတော့။ လက်ဝှေ့ပွဲဆိုပြီး တို့ကနန်း ဆိတ်ကနန်းလုပ်နေလျှင် မထိအောင် ရှောင်ထိုးနေလျှင် ပရိသတ်က အော်ဟစ်လှောင်ပြောင်ကြလိမ့်မည်။ လုပ်ပွဲကြီးဆိုပြီး ဆူကြလိမ့်မည်။ လက်ဝှေ့ပွဲမှာ သနားညှာတာ ဟူ၍ မရှိစကောင်းချေ။

ဘောလုံးပွဲကျတော့ ရသစုံသည်။ လှလှပပ ကစားကွက်ကလေးတွေ့လျှင် ကျေနပ်အားရ ဖြစ်ရ၏။ ဂိုးသွင်းလိုက်ရာ ဂိုးပြဲထင်ပြီးမှ တိုင်ထိပြီး ပြန်ထွက်လျှင် ဟာခနဲ ရင်သပ်ရှုမောဖြစ်ရသည်။ ဘေးထွက်သွားလျှင် ဒေါသဖြစ်ရသည်။ လူကျွံနေလျှင် ဘောသူခိုးဆိုပြီး အော်ဟစ်လှောင်ပြောင်မည်။ ဒိုင်လူကြီး အဆုံးအဖြတ်မှားလျှင် ဝိုင်းဆဲမည်။ စည်းကြောင်းဒိုင် အလံထောင်တာမှားလျှင် ပြောင်းဖူးရိုးနှင့် ပေါက်မည်။

တစ်ခုတော့ရှိ၏။ ဝတ္ထုတို့ ရုပ်ရှင်တို့မှာ ပရိသတ်က ကြိုတင်၍ သိသည့်တိုင်အောင် မည်ကဲ့သို့ ဇာတ်သိမ်းမည်ဆိုတာကတော့ သတ်မှတ်ပြဋ္ဌာန်းပြီး ရှိနှင့်သည်။ ဘောလုံးပွဲမှာကား မည်သို့မည်ပုံ ဇာတ်သိမ်းမည် ဖြစ်ကြောင်း မသိနိုင်။ ပရိသတ်သာ မဟုတ်။ ဒိုင်လူကြီးလည်း ကိုယ်တိုင်ပါဝင်ကစားနေသူများပင်လျှင် ကြိုတင်မသိနိုင်ကြချေ။

အားကစားပွဲတိုင်းတွင် ပရိသတ်သည် ဘက်လိုက်စမြဲဖြစ်၏။ မိမိတို့ ကြိုက်နှစ်သက်သော ဘက်သို့ အားပေးကြသည်။ တစ်ခါတလေ



နစ်ဘက်အသင်းတို့ကို သက်ဆိုင်ရာပရိသတ်က အပြိုင်အဆိုင် အားပေးနေခြင်း ပရိသတ်ချင်း ထဆော်ကြ ချကြတာမျိုးလည်း ရှိ၏။

ပရိသတ်အားလုံးလည်း တညီတညွတ်တည်း အားပေးကြပြီး ကစားသူအချင်းချင်းလည်း တစ်ယောက်နှင့်တစ်ယောက် ဖေးဖေးမမ အပြန်အလှန် အပေးအယူရှိသော ကြည်နူးချမ်းမြေ့ဖွယ် အားကစား တစ်ခုသာ ရှိ၏။

မြန်မာ့ရိုးရာ ခြင်းလုံးကစားခြင်းပင် ဖြစ်ပေသည်။

[ စာပေဂျာနယ်အထူးထုတ်။ ။ ဇော်တင်ဘာ၊ ၁၉၉၀။ ]

www.burmeseclassic.com

www.burmeseclassic.com

## ကျွန်တော် နှင့် အစွယ်

ကျွန်တော်သည် ပိုးကောင်မွှားကောင်ကလေးများကို မုန်းတီးတတ်သူ မဟုတ်ပါ။ အကြောင်းမဲ့သက်သက် သတ်ဖြတ်တတ်သူမျိုးလည်း မဟုတ်ပါ။ သူတို့အန္တရာယ်နှင့် ကြုံနေရလျှင်ပင် တတ်နိုင်သမျှ ကယ်တင်တတ်သူ ဖြစ်ပါသည်။ ငယ်စဉ်ကတည်းက လူကြီးမိဘတွေ သင်ကြားပေးထား သော အလေ့အထ ဖြစ်၏။ ရေစည်ထဲမှာ၊ အုတ်ရေကန်ထဲမှာ၊ ရေစီးမြောင်း ထဲမှာ ပိုးကောင်ကလေးများကျနေတာတွေ့လျှင် ဆယ်ယူပေးတတ်သည်။ သူတို့ ရေမွန်းနေသည်ထင်လျှင် လေနှင့် မှုတ်ပေးရသည်။

ငယ်ငယ်ကတော့ ဘာရယ်မဟုတ်။ လေနှင့် မှုတ်ပေးလျှင် အသက် ပြန်ရှင်တတ်သည်ဟူသော အသိကိုသာ မှတ်ထားမိသည်။ ကျောင်းမှာ သတ္တဗေဒ သင်ရတော့မှ သဘောကို နားလည်လာ၏။ ပိုးကောင်မွှားကောင် ကလေးများသည် လူနှင့် အချို့သတ္တဝါများကဲ့သို့ အဆုတ်နှင့် အသက် ရှူခြင်းမဟုတ်။ သူတို့မှာ အဆုတ်လည်း မရှိ။ သူတို့၏ ကိုယ်ခန္ဓာ တွင် ထရေးကီးယား ခေါ် လေပြွန်ကလေးများ ရှိ၏။ ထိုလေပြွန်ကလေးများ မှတစ်ဆင့် ကိုယ်တွင်းသို့ လေကိုဝင်ရောက်စေခြင်းဖြစ်သည်။လူတို့ ရှု



အရက် နလုံးခုန်ရပ်သွားသောအခါ ပါးစပ်ချင်းတေ့ပြီး လေမှုတ်သွင်းခြင်း ဖြင့် အဆုတ်တွင်းသို့ အောက်စီဂျင်ရောက်စေသည်။ ဒီသဘောအတိုင်း ပင်။ ပိုးမွှားကောင်လေးများကို ရေထဲမှ ဆယ်ပြီး လေဖြင့် ခပ်ပြင်းပြင်း မှုတ်ပေးလိုက်လျှင် လေပြွန်ကလေးများပွင့်၍ ကိုယ်တွင်းသို့ အောက်စီဂျင် ရောက်ရှိပြီး ပြန်လည်လှုပ်ရှား သက်ဝင်လာခြင်းဖြစ်၏။ ဒီလိုနည်းနှင့် ပုရွက်ဆိတ် ကလေးတွေ တော်တော်များများ၏ အသက်ကို ကယ်တင်ခဲ့ ဖူးသည်။

* * *

ပုရွက်ဆိတ်တစ်ကောင် အိပ်ပျော်နေသည်ကို ကျွန်တော်တစ်ခါမျှ မတွေ့ ဖူးသေးချေ။ ဘယ်အချိန် ကြည့်လိုက်ကြည့်လိုက် လှုပ်ရှားသွားလာနေသည် ကိုသာ မြင်ရသည်။ ညဉ့်နက်သန်းခေါင်ပင် ဖြစ်စေ အပန်းဖြေအနားယူ နေသည့် လက္ခဏာ မတွေ့ရ။ တစ်နေ့ပတ်လုံး လှုပ်ရှားသွားလာနေတာ ခြေထောက် မညောင်းကြဘူးလား မသိ။

သူတို့သည် အအုပ်အသင်းဖွဲ့၍သာ အမြဲနေသည်။ သွားလာလျှင် သည်း ညီညီညာညာ စီတန်း၍ သွားသည်။ ထိုအတန်းထဲမှ ခွဲထွက်လာ သူသည် ဂိုဏ်းခွဲထွက်လာခြင်းမဟုတ်။ တစ်ကောင်ကောင်နှင့် ရန်ဖြစ် လာခြင်း မဟုတ်။ ချစ်သူနှင့် စိတ်ကောက်လာခြင်း မဟုတ်။ ပတ်ဝန်း ကျင်ကို လေ့လာဖို့ တာဝန်ကျသော ကင်းတပ်သားပင်တည်း။

ရှေ့သို့ချီတက်နေသော ပုရွက်လမ်းကြောင်းကို ဆန့်ကျင်လျှင် နောက်ကြောင်းပြန်သွားနေသော ပုရွက်ဆိတ်များကို မြင်ဖူးသည်။ မျက်နှာ ချင်းဆိုင်မှ လာနေသူများနှင့် မကြာခဏ ခေါင်းချင်းဆော့မိသည်။ ဤသည်မှာ

www.burmeseclassic.com

www.burmeseclassic.com



ချေါ်စီမှန်သောကြောင့် မမြင်မကန်းနှင့် ဝင်တိုက်မိခြင်း မဟုတ်။ ရှေ့မှာ တွေ့ခဲ့သော အကြောင်းခြင်းရာများကို ခေါင်းချင်းဆိုင်၍ သတင်းပေး သွားခြင်းသာ ဖြစ်၏။

ပုရွက်လမ်းကြောင်း အနီးတစ်ပိုက်တွင် ရှေ့မှနောက်သို့၊ နောက်မှ ရှေ့သို့၊ ဘေးပတ်ဝန်းကျင်သို့ သွားချည်လာလှည့် ခေါက်တုံ့ပြန်နေကြသော ကင်းတပ်သားများ၊ ဆက်သားများကို ကြည့်ရသည်မှာ ခရီးသွား လှည်းတန်းကြီး၏ ရှေ့နှင့်နောက် သွားလာလှည့်ပတ်နေကြသော မြင်းစီးသမားများ နှင့် တူလေသည်။

ပုရွက်ဆိတ်တစ်ကောင်သည် တစ်ကိုယ်တည်း စွန့်စွန့်စားစား ထွက်လာ၏။ အစာကိုတွေ့လျှင် တစ်ကောင်တည်း ကျိတ်ပြီးမစား။ သူ့ အဖော်အပေါင်းများ ရှိရာသို့ ဆွဲယူသွားသည်။ တစ်ကောင်တည်း မနိုင် လျှင် အဖွဲ့ကို ပြန်ခေါ်ပြီး ဝိုင်းသယ်ကြသည်။

ပုရွက်ဆိတ်တစ်ကောင်သည် သူ့ကိုယ်ထက် အဆပေါင်းများစွာ ကြီးမားလေးလံသော အရာများကို ဆွဲယူသယ်မ ထားနိုင်သည်။ သူတို့ထက် မတန်တဆ အင်အားကြီးမားသော ရန်သူကို ညီညွတ်စွာ ဝိုင်းဝန်းတိုက်ခိုက် တတ်သည်။ သူတို့ အစွယ်မှထွက်သော အဆိပ်များသည် ရန်သူ၏ ခန္ဓာ ကိုယ်ကြွက်သားများကို ပြင်းစွာထိခိုက်စေသည်။ အကြောများကို ဆိုင်း သွားစေသည်။ သို့ဖြင့် ရန်သူသည် မလှုပ်ရှားနိုင်တော့ဘဲ သူတို့ ဆွဲခေါ် ရာသို့ ပါသွားရလေ၏။

သူတို့၏ စည်းလုံးညီညွတ်မှု၊ ခွဲရှိမှု၊ ဝီရိယရှိမှု၊ သတ္တိရှိမှုတို့ကြောင့် ပုရွက်ဆိတ်များကို ကျွန်တော် လေးစားမိသည်။

* * *



ပုရွက်ဆိတ်တွေလို အုပ်စုမဖွဲ့ဘဲ တစ်ကောင်တည်းနေတတ်တာက ပင့်ကူ။ သူတို့သည် အလွန်ခွဲရှိပြီး စိတ်ရှည်တတ်သော သတ္တဝါများ ဖြစ်၏။ ကိုယ်မှထွက်သော အမျှင်များဖြင့် အိမ်ကို စိတ်ရှည်လက်ရှည် ဆောက် သည်။ ပြီးတော့ သူတို့၏ ကွန်ရက်အတွင်း တိုးဝင်ငြိတွယ်လာမည့် ပိုး ကောင်များကို ခွဲရှိရှိစောင့်ပြီး ဖမ်းယူစားသောက်သည်။

အစပိုင်းတုန်းကတော့ အိမ်ခန်း၏ သပ်ရပ်သန့်ရှင်းမှုကို အနှောင့် အယှက်ပြုကြသောကြောင့် တစ်ကြောင်း၊ လိပ်ပြာကလေးများ၊ ပိုးကောင် မွှားကောင်လေးများကို ဖမ်းယူစားသောက်သောကြောင့်တစ်ကြောင်း ပင့်ကူ အိမ်များကို ကျွန်တော် ဖျက်ဆီးပစ်လေ့ရှိသည်။ သို့ရာတွင် သူတို့က အိမ် အဖျက်ခံရပြီး မကြာခင် အသစ်ထပ်ဆောက်သည်။ ထပ်ဖျက်လျှင် ထပ် ဆောက်သည်။ အကြိမ်ကြိမ် အဖျက်ခံရလို့ စိတ်ပျက်လက်လျှော့သွားတာ မျိုး မရှိ။ သူ့ဝတ္တရားအတိုင်း အိမ်ကို စိတ်ရှည်လက်ရှည် ပြန်ဆောက် သည်သာ ဖြစ်၏။ ပင့်ကူ၏ ခွဲရှိမှုကို နမူနာယူပြီး စစ်ရှုံးနေရာမှ နိုင် အောင် ပြန်တိုက်ခဲ့သော ဘုရင်ကြီးတစ်ပါးပင် သမိုင်းမှာ ရှိခဲ့ဖူးသည်။

နောက်ပိုင်းကျတော့ ပင့်ကူအိမ်တွေကို ကျွန်တော် ဖျက်မပစ်ရက် တော့။ ဖုန်အလိမ်းလိမ်းကပ်ပြီး သူတို့ စွန့်ပစ်ထားခဲ့သည့် အိမ်ဟောင်း များကိုသာ ရှင်းလင်းရလေ့ရှိသည်။

ကျွန်တော့် စာရေးစားပွဲပေါ်က မီးချောင်းနားမှာ ပင့်ကူအိမ် သုံးလေးအိမ် အမြဲရှိသည်။ စာရေးရင်းက ဦးနှောက်ညောင်းလာသည့်အခါ သူတို့လှုပ်ရှားနေထိုင်ပုံကို ကြည့်ရှုလေ့လာရင်း အညောင်းဖြေရသည်။

ပင့်ကူများသည် သူတို့ကွန်ရက်မှာလာငြိသော ပိုးကောင်များကို စားသောက်တတ်သလို ကိုယ်တိုင်လှည့်လည် ရှာဖွေဖမ်းဆီးစားသောက်ခြင်း မျိုးလည်း ရှိသည်။ သူတို့အိမ်ကို လာငြိသည့် ပိုးကောင်များအနက်

www.burmeseclassic.com

www.burmeseclassic.com



အကောင်ငယ်လျှင် ချက်ချင်း စားသောက်ပစ်လိုက်သည်။ အကောင်ကြီးနေလျှင် တောင်ပံတဖျတ်ဖျတ်ရိုက်ပြီး ရုန်းကန်နေလျှင် သားကောင်၏ ဘောပတ်လည်မှလှည့်ပြီး ပင့်ကူမျှင်များနှင့် အထပ်ထပ်ရစ်ပတ်ပြီး ချုပ်နှောင်သည်။ မလှုပ်နိုင်တော့ဘူးဆိုမှ ဦးနှောက်ကိုဖောက်၍ သတ်ဖြတ် စားသောက်သည်။

ပင့်ကူဆိုလျှင် ဦးနှောက်ဖောက်စားတတ်သည်ဟု အဆိုရှိသည်။ အမှန်က စားခြင်းမဟုတ်။ အရည်ကို စုပ်ယူခြင်းဖြစ်၏။ ဦးနှောက်ကိုသာမဟုတ်။ ကိုယ်တွင်းရှိ အရည်အားလုံးကို စုပ်ယူဝါးမျိုပစ်ခြင်းဖြစ်၏။ ဦးနှောက်ကို အဓိက ဖောက်ရခြင်းအကြောင်းက အရသာအရှိဆုံး အပိုင်းဖြစ်ခြင်းနှင့် သားကောင်ကို အမြန်ဆုံး သေဆုံးစေရန် ဖြစ်၏။

တချို့ ပင့်ကူတွေကတော့ အိမ်ဖွဲ့ပြီး သားကောင်ကို ထောင်ဖမ်းလေ့မရှိ။ လှည့်လည်ရှာဖွေ စားသောက်လေ့ရှိသည်။ ထိုအထဲတွင် ပင့်ကူအကောင်ကြီး တစ်ကောင်လည်းပါသည်။ ကိုယ်ခန္ဓာက လက်မလက်သည်းခွံလောက်ရှိပြီး ခြေထောက်တွေပါဆိုလျှင် ကျပ်ပြားဝိုင်းလောက်ရှိမည်။

သူ့ကို စတွေ့တာက အိပ်ခန်းတံခါးကြားမှာ ဖြစ်၏။ တံခါးပိတ်မည်ပြုစဉ် မြင်ရခြင်းဖြစ်သည်။ ပင့်ကူအကောင်ကြီးလျှင် အဆိပ်ရှိသည်။ ပင့်ကူရှုပ်လျှင် အသားများ ရောင်ကိုင်းလာတတ်သည်ဟု သိထားသဖြင့် သတ်ပစ်ဖို့ စိတ်ကူးမိသေးသည်။ကြက်မွေးတံမြက်စည်းနှင့် ရွယ်ပြီးမှ စိတ်ကူးတစ်မျိုးပြောင်းသွားသည်။ စိုက်ပျိုးရေးသမားများက ပင့်ကူကို မိတ်ဆွေပိုးအဖြစ် သတ်မှတ်ကြသည်။ ပင့်ကူက သီးနှံဖျက်ပိုးများကို စားသောက်ပစ်သောကြောင့် ဖြစ်၏။ သို့ဖြင့် သူ့ကို မသတ်ဖြစ်ဘဲ ရှိခဲ့သည်။ နောက်ပိုင်း သူ့ကို ရံဖန်ရံခါ တွေ့တွေ့နေရလေသည်။

သူသည် တကယ်ပဲ မိတ်ဆွေပိုး ဖြစ်လာသည်။



ကျွန်တော့်အနေဖြင့် ပိုးကောင်မွှားကောင်များကို မမုန်းတတ်သော်လည်း မလွဲသာမရှောင်သာ မုန်းရမည့် ပိုးကောင်များ ရှိနေသည်။ ငှက်ဖျား၊ သွေးလွန်တုပ်ကွေးတို့ ဖြစ်စေတတ်သော ခြင်များ၊ ဝမ်းရောဂါနှင့် အခြားရောဂါပိုးများ သယ်ဆောင်တတ်သော ယင်ကောင်နှင့်ပိုးဟပ်များ၊ စာအုပ်များကို ကိုက်ဖြတ်စားသောက် ဖျက်ဆီးတတ်သော ခြများပင် ဖြစ်၏။ ထိုအကောင်များကို ဖမ်းယူစားသောက်ခြင်းဖြင့် ပင့်ကူကြီးက ကျွန်တော့်ကို ကူညီသည်။

သူသည် အစပိုင်းတုန်းက လူနှင့် နီးနီးကပ်ကပ် နေလေ့မရှိ။ ချောင်ကြိုချောင်ကြားမှာသာ ပုန်းလျှိုးကွယ်လျှိုး နေတတ်သည်။ နောက်ပိုင်းကျတော့ သူ့အတွက် အန္တရာယ်မရှိမှန်းသိပြီး ခပ်ရဲရဲပင် သွားလာ လှုပ်ရှားနေတော့သည်။ တစ်ခါတစ်ရံ ကျွန်တော် စာရေးနေသည့်အချိန်မှာ သူက စားပွဲရှေ့မှ နံရံမှာကပ်ပြီး သားကောင်ကို ချောင်းနေတတ်၏။ သူနှင့် ကျွန်တော်သည် တစ်ဦးနှင့်တစ်ဦး မျက်မှန်းတန်းမိနေကြသလိုပင် ဖြစ်၏။

သူသားကောင်ဖမ်းပုံမှာ အလွန်လျင်မြန် ပါးနပ်သည်။ ယင်ကောင်ကဲ့လို အကင်းပါးသော အကောင်ကိုပင် မလွတ်တမ်း ဖမ်းနိုင်သည်။ ယင်ကောင်များသည် သူတို့နားနေရာ အနီးတစ်ဝိုက်မှ လှုပ်ရှားမှုကလေး အနည်းငယ်လောက် ရှိသည်နှင့် ချက်ချင်းပျံပြေးတတ်သည်။ ပင့်ကူကြီးက ယင်ကောင်ကို ချောင်းလျှင် နောက်မှပတ်ပြီး ချောင်းတတ်သည်။ သတိကြီးစွာထား၍ တစ်ဆင့်ချင်း လှမ်းရင်း ချဉ်းကပ်သည်။ သင့်တော်သော အကွာအဝေးရောက်မှ လွှားခနဲ ခုန်အုပ်ပြီး ဖမ်းယူသည်။ သူ့ထံတွင် ခြေချောင်းများထက် အနည်းငယ်တိုသော လက်ဟု ခေါ်နိုင်သည့် အစိတ်အပိုင်း နှစ်ခုရှိသည်။ ထိုလက်များဖြင့် ယင်ကောင်ကို မလွတ်တမ်း ဖမ်းချုပ်ထားပြီး သတ်ဖြတ်စားသောက်တတ်သည်။ တစ်ခါတလေမှာ ယင်ကောင်က

www.burmeseclassic.com

www.burmeseclassic.com



စားပွဲစွန်းမှာ ရှိနေသည်။ သူက ဆေးဘက်မှ ပန်းပြီး ပုန်း ကွယ်လှုပ်ရှားသည်။ ထို့နောက် ယင်ကောင်၏ ရှေ့တည့်တည့်မှ ရုတ်တရက် ဘွားခနဲ ပေါ်လာသည်။ ယင်ကောင်က လန့်ပြီး အပျံမှာ လမ်းကြောင်းကို ပိတ်၍ ခုန်ပျံ ဖမ်းယူတတ်သည်။ ဂိုးသမားတစ်ယောက် ဘောလုံးကို ခုန်ဖမ်းလိုက်သလိုပင် အလွန်ကြည့်လို့ ကောင်းလေသည်။

ပိုးဟပ်တို့လို အကောင်ကြီးမျိုးကျတော့ အနီးကပ် ဖမ်းခြင်းမျိုး မလုပ်ဘဲ အမြင့်တစ်နေရာမှ အပေါ်စီးယူ၍ ချောင်းမြောင်းတတ်သည်။ သူ့အောက်တည့်တည့် အလောတော်လောက် ရောက်ပြီဆိုလျှင် တစ်ဟုန်ထိုး ခုန်ချပြီး ကုပ်ပေါ်ခွစီး၍ ဦးနှောက်ကို အလျင်အမြန် ဖောက်သတ်သည်။ တောပင့်ကူကြီးများ မြွေကိုသတ်လျှင် ဒီလိုနည်းမျိုးကိုပဲ သုံးလိမ့်မည်ထင်၏။

သူ့ကို ကျွန်တော် သေသေချာချာ လေ့လာကြည့်သည်။ သူ၏ လှုပ်ရှားပုံသွားလာပုံတို့မှာ တင့်ကားတစ်စင်းနှင့် တော်တော်တူသည်။ တစ်စုံတစ်ခုကို သတိရမိ၏။

ဒုတိယကမ္ဘာစစ်အတွင်းက အာဖရိက သဲကန္တာရစစ်မြေပြင်မှာ ဂျာမန်တို့၏ စွမ်းရည်ထက်မြက်သော တင့်ကားတပ်ကြီး ရှိ၏။ ထိုတပ်ကြီးကို ဦးစီးကွပ်ကဲသူမှာ နာမည်ကျော်ဗိုလ်ချုပ်ကြီး ရိုမဲလ်ဖြစ်သည်။ တင့်ကားတစ်စင်းနှင့်တူသော ပင့်ကူကြီးကို ကျွန်တော်က ရိုမဲလ်ဟု အမည်ပေးထားသည်။

ပင့်ကူကြီး ရိုမဲလ်သည် ကျွန်တော်နှင့် တစ်စစ ပို၍ရင်းနှီးလာသည်ဟု ထင်ရ၏။ သူ့ကို အကိုင်မခံတတ်သော်လည်း ကျွန်တော်နှင့် နီးနီးကပ်ကပ် စိတ်ချစွာ လှုပ်ရှားသွားလာနေတတ်ပြီး တစ်ခါကတော့ ကျွန်တော့်ပုဆိုးအောက်ဘက်အစွန်းနားမှာ ခိုကပ်ပြီး သားကောင်ချောင်းနေတာပင် ကြုံဖူးသည်။



သူနှင့်ကျွန်တော် သဘောထားမတိုက်ဆိုင်သည့် အခါမျိုးတော့ ရှိသည်။ သူက လိပ်ပြာလေးတစ်ကောင်ကိုဖမ်းဖို့ ချောင်းနေသောအခါမျိုးမှာ ဖြစ်၏။

မီးခိုးရောင်ဖျော့ဖျော့ အထပ်သားနံရံမှာ နားနေသော လိပ်ပြာကလေးမှာ အဝါ၊ ခရမ်း၊ အနက်တို့ ရောယှက်နေသော တောင်ပံကလေးနှစ်ဖက်ကိုထောင်၍ နားနေပုံမှာ အငြိမ့်မင်းသမီးကလေး ယပ်တောင်ကကနေသလို အပြစ်ကင်းစွာ လှပနေ၏။ သူကလေးကို ဖမ်းယူဝါးမျိုစားသောက်ဖို့ ပင့်ကူကြီးရိုမဲလ်က ခြေတစ်လှမ်းချင်း စနစ်တကျ လှမ်းကာ တရွေ့ရွေ့ ချဉ်းကပ်လာနေပြီ။

ကျွန်တော့်စိတ်ထဲမှာ ချီတုံချတုံ ဖြစ်နေရ၏။ ဒီလောက်လှပသည့် လိပ်ပြာကလေးတစ်ကောင်ကို မသေဆုံးစေချင်။ တစ်ဘက်က ကြည့်တော့လည်း ဒါပင့်ကူ၏ အခွင့်အရေးဖြစ်၏။ ပိုးကောင်မွှားကောင်ကို ဖမ်းယူစားသောက်ခြင်းသည် ပင့်ကူတို့၏ သဘာဝပင် ဖြစ်၏။ သူ့သဘာဝကို ပိတ်ပင်သင့်သလား။ သူစားမည့်အစာကို နှောင့်ယှက်သင့်သလား။

သူက ခြေတစ်လှမ်း တိုးလိုက်ပြန်သည်။ လိပ်ပြာကလေးက တောင်ပံ နည်းနည်းလှုပ်လိုက်သောအခါ သူ အသာငြိမ်နေ၏။ ပျံတော့လေကွာဟု စိတ်ထဲက ပြောမိသည်။ လိပ်ပြာကလေးကတော့ သူ့ဘက်ကိုတောင် နည်းနည်းတိုးလာသလိုလို။ ရိုမဲလ်သည် ခြေထောက်များကို ခေါ်သော ကွေး၍ ကိုယ်ကို ညွတ်ချလိုက်ပြီး ခုန်အုပ်တော့မည့်သဘော။

ဒီကောင်လေးကိုတော့ လွှတ်လိုက်ပါကွာဟု အတွေးထဲက ရေရွတ်ရင်း လိပ်ပြာကလေးကို လေနှင့် ခပ်ပြင်းပြင်း မှုတ်လိုက်သည်။ လိပ်ပြာကလေးသည် ဖျတ်ခနဲ တောင်ပံခတ်ပြီး ပျံထွက်သွား၏။ ရိုမဲလ်သည် ချောင်းမရဲ ဖြစ်ကျန်ခဲ့သည်။ ကျွန်တော့်ကြောင့် လွတ်သွားတာ သူရိပ်မိ

www.burmeseclassic.com



မသား မသိ။ ခြေထောက်များကို လှုပ်လှုပ်ရှရှ လုပ်နေပုံမှာ မုန့်လုခံရသဖြင့် စိတ်ကောက်ပြီး ခြေဆောင့်နေသော ကလေးငယ်နှင့် တူသည်ဟု ထင်မိ၏။

သူသည် တကယ်ပဲ စိတ်ကောက်သွားလေသလား မပြောတတ်။ ထိုနေ့မှစ၍ သူ့ကို မတွေ့ရတော့ချေ။

* * *

မဂ္ဂဇင်းစာအုပ်တစ်အုပ် ရှာချင်သောကြောင့် စာအုပ်ဗီရိုကြီးကို ဖွင့်လိုက်သည်။ စာအုပ်တစ်ထပ်ကို လှမ်းယူလိုက်စဉ်မှာပင် 'တစ်တစ် တစ်တစ်' ဆိုသော အသံများကို သဲ့သဲ့ ကြားလိုက်ရသည်။ စာအုပ်တွေကို ခြကိုက်နေသော အသံပါကလား။

ထူပူသွားပြီး စာအုပ်တွေ တစ်ထပ်ပြီးတစ်ထပ် ဆွဲထုတ်၍ ခြတက်သည့် နေရာကို ရှာသည်။ ဘယ်လောက်ထိ ပျက်စီးသွားပြီလဲဟု စိတ်တထင့်ထင့် ဖြစ်နေရသည်။ အရေးပေါ် ခွဲစိတ်ခံနေရသည့် လူနာ၏ အခြေအနေကို စောင့်စားနေရသလို ခံစားရ၏။

စာအုပ်တွေ တစ်ထပ်ပြီးတစ်ထပ် ဆွဲချသည်။ ထောင့်ဆုံးတစ်ထပ်သာ ကျန်တော့သည်။ တစ်အုပ်ချင်း သတိထား၍ ထုတ်သည်။ နောက်ဆုံးလေးငါးဆယ်အုပ်မှာ စတွေ့သည်။ အပေါ်ပိုင်း စာအုပ်များ၏ အနောင်တွေကို တက်နေသော လမ်းကြောင်းကို မြင်ရသည်။ အောက်ပိုင်းက စာအုပ်တွေတော့ သွားပြီဟု သိလိုက်၏။ စာအုပ်တွေကို အထပ်လိုက်မပြီနေရာရွှေ့သည်။ ဗီရိုအောက်ခင်းပေါ်မှာ ခြတွေခြတွေ ဖွေးဖွေးလှုပ်နေသည်။



စုဆောင်းထားသည့် အသိပညာတွေကိုမှ ဖျက်ဆီးသည့်အကောင်တွေ။ ဘယ်နည်းနှင့်မှ ခွင့်မလွှတ်ထိုက်၊ သနားမညာတာထိုက်သည့် သတ္တဝါတွေ။

ခြင်ဆေးဘူးကို ပြေးယူသည်။ ခြင်နိုင်ဆေးရည်နှင့် ရေနံဆီကို ရောထည့်သည်။ အားမရသေးသဖြင့် ကာဘော်လစ် ဖိနိုင်လ်ဆေးရည်ပါ ထည့်သည်။ ပြီးတော့ တရှုရှုတက်နေသော ခြများပေါ်ကို စိတ်ရှိလက်ရှိ ဖြန်းချလိုက်သည်။ ရွှဲရွှဲနစ်နေအောင် ဖြန်းပြီးနောက် ပိုထိရောက်အောင် ဗီရိုတံခါးကို ပြန်ပိတ်ထားလိုက်သည်။ ဒါမှ အငွေ့တွေပါ လုံပြီး စိတ်ချရမည်။

ဆယ့်ငါးမိနစ်လောက်ကြာမှ ဗီရိုတံခါးကို ပြန်ဖွင့်ကြည့်သည်။ အားရစရာ။ ခြတွေဆိုတာ အတုံးအရုံး သေနေကြသည်။ ထိုမှုမက —

ခြတွေကြားထဲမှာ ပင့်ကူတစ်ကောင်။ ကျွန်တော်၏ မိတ်ဆွေကြီး ရှိမဲလ်ပင်ဖြစ်၏။ သူ့လက်ကြားထဲမှာ ခြတစ်ကောင်ကို ဖမ်းဆုပ်လျက်။

သူ့ကို လက်ဝါးပေါ်တင်၍ ငယ်ငယ်ကလို လေနှင့် ခပ်ပြင်းပြင်း မှုတ်ဆေးသည်။ သူသည် ခြေထောက်များ လှုပ်လာသည်။ ထပ်ပြီး လေနှင့် မှုတ်ဆေးသည်။ အားယူ၍ ကုန်းထလိုက်သည်ဟု ထင်သည်။ ထို့နောက် ခြေထောက်များ ဆတ်ခနဲ တစ်ချက်လှုပ်ပြီး ငြိမ်သွားသည်။ ရှိမဲလ်ကား သေဆုံးသွားပါပြီ။

ကျွန်တော်သည် ပလတ်စတစ်ဘူးလေး တစ်ခုထဲတွင် သူ့ရုပ်ကြွင်းကို ထည့်၍ အဖုံးလုံအောင်ပိတ်ပြီး စာရေးစားပွဲအံဆွဲထဲမှာ အမှတ်တရ ထည့်ထားလိုက်လေသည်။

[ သရုပ်မဂ္ဂဇင်း။ ။ အောက်တိုဘာ၊ ၁၉၉၄။]

www.burmeseclassic.com

www.burmeseclassic.com

# နာမည်တစ်လုံးနှင့်လူ

လူတို့သည် ကိုယ့်ရုပ်ခန္ဓာကို ကိုယ်မပိုင်ကြောင်းလောက်တော့ နည်းနည်း ပါးပါး ရိပ်မိကြဟန်တူသည်။ မနာအောင် ကြိုးစားရုံ၊ အိုမင်းခြင်း တတ်နိုင်သမျှ ထိန်းချုပ်ဖို့ သက်တမ်းကို အနည်းငယ်ဆွဲဆန့်ရုံမျှသာ ဖြ နိုင်သေးသည်။ မသေအောင် လုပ်လို့ မရနိုင်။

တချို့ကျတော့ လူကို မသေအောင် လုပ်လို့ မရနိုင်သည့်တိုင် နာမည်ကို မသေအောင် ကြိုးစားခြင်းဖြင့် ကိုယ့်စိတ်ကို ဖြေဖို့ကြကြ မိမိ၏ဂုဏ်သိက္ခာကို လေးစားတတ်သူတိုင်း ဘဝတစ်လျှောက်မှာ နာမ ပျက် မရှိအောင် နေထိုင်ကြသည်။ တချို့လူများကတော့ နည်းနည်း လောဘကြီးသည်ဟု ဆိုရမလား၊ အမြော်အမြင်ကြီးသည်ဟုဆိုရမလ မသိ။ လူသေသွားသည့်တိုင် မိမိ၏နာမည်ကို ဆက်လက်ရှင်သန်စေခ သည်။ ဒီအထဲမှာ ကျွန်တော်တို့လို အနုပညာသမားတွေလည်း ပါသ ကိုယ်မရှိတော့ပေမယ့် ကိုယ့်နာမည်ကောင်းလေးတစ်ခု တွင်ရစ်ဖို့ ကြိုးစ သည်။



ဘာပဲဖြစ်ဖြစ်၊ လူတစ်ယောက်၏ ရုပ်ခန္ဓာထက်စာလျှင် သူ၏ ည်က ပို၍ သက်တမ်းကြာရှည်တည်တံ့နိုင်တာတော့ အမှန်ပင်ဖြစ်၏။ ာမန်တစ်ယောက်ပင်လျှင် ကွယ်လွန်ပြီးသော်လည်း သတင်းစာထဲက ကြော်ငြာမှာ သူ့နာမည်ပါလာနိုင်သေးသည်။ အသုဘရှုလာသူများကို းသော ယပ်တောင်ပေါ်မှ နာမည်မှာ ရက်အတန်ကြာ တည်ရှိနိုင်သေး ည်။ မြေမြှုပ်သဂြိုဟ်လျှင် မှတ်တိုင်ပေါ်မှ နာမည်သည် လ ပေါင်း ာ်အသင့် ခံနိုင်သည်။ ဂူသွင်းလျှင်ကား မပျက်စီးမချင်း ရှိနေနိုင် ည်။

အကယ်၍ သေဆုံးသူ၏ မိသားစုများက တတ်နိုင်သူများဖြစ်လျှင် လပြည့်၊ ခြောက်လပြည့်၊ တစ်နှစ်ပြည့်၊ ဆယ်နှစ်တိုင်အောင် — စသည် သတင်းစာထဲမှာ လွမ်းဆွတ်သတိရကြောင်း ထည့်ပေးလိမ့်မည်။ က ကျောင်းတို့၊ ဇရပ်တို့ လှူဒါန်းခဲ့သူဆိုလျှင် ရေးထိုးထားသော ည်းစာတန်းက ကောင်းမှုပစ္စည်း၏ သက်တမ်းနှင့်အမျှ ရှိနေနိုင်သည်။

စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး၊ အနုပညာနယ်ပယ်တို့မှာ ထင်ရှား ကြသူများအဖို့ ကာလကြာမြင့်စွာ နာမည်တိမ်ကောစရာ အကြောင်း သက်ဆိုင်ရာအကြောင်းနှင့် တိုက်ဆိုင်သည့်အခါတိုင်း နောင်းလူတို့ သူ့နာမည်ကို ထုတ်ဖော် ပြောဆိုရေးသားကြလိမ့်မည်။

ကိုယ့်နာမည်တွင်ရစ်စေတော့ဟု မရည်ရွယ်သော်လည်း အများ ကျိုးကို စွန့်စား ဆောင်ရွက်ခဲ့သဖြင့် သမိုင်းတစ်လျှောက် နာမည် တည်တံ့နေသူများလည်း ရှိသည်။ ထိုသူများကား သူရဲကောင်း ဖြစ်၏။

* * *

www.burmeseclassic.com

www.burmeseclassic.com



မိမိကိုယ်ခန္ဓာကို မပိုင်သော်လည်း ကိုယ့်နာမည်ကိုတော့ ကိုယ်ပိုင်သ ဟု ယူဆနေကြသည်။ တကယ်တမ်းစဉ်းစားကြည့်တော့ ဒီလိုလည် မဟုတ်သေးကြောင်း တွေ့ရပြန်၏။ အကြောင်းမှာ လူတစ်ယောက် နာမည်သည် သူ့ဘာသာမှည့်ခေါ်ထားခြင်းမဟုတ်ဘဲ မိဘများက ပေးထာ သောကြောင့်သာ တွင်နေရခြင်း ဖြစ်သောကြောင့်ပင်။ လူတစ်ရာ တစ်ယောက်လောက်သာ မိဘပေးထားသော နာမည်ကို မကြိုက်၍ ပြောင်း ရှိသည်။ ကျန်လူများမှာ မွေးစာရင်းထဲ နာမည်အတိုင်း သက်ဆုံးတိုင် သွားကြသည်သာဖြစ်၏။

အနုပညာသမားများ(ဥပမာ–စာရေးဆရာများ) ကိုယ့်ကလေ နာမည်ကို ကိုယ့်စိတ်ကြိုက်ရွေးကြတာမျိုး ရှိသည်။ ဒါတောင်မှ တ ဆိုလျှင် ကိုယ့်ဘာသာ မရွေးဘဲ ဗေဒင်ဆရာတို့၊ မိမိကိုးကွယ်သ ဘုန်းကြီးတို့ကို ရွေးခိုင်းတတ်ကြသေးသည်။ ဒါ့အပြင် ရင်းနှီးသူတွေ နာမည်ရင်းကိုသာ ခေါ်တတ်ကြသည်။ နိုင်ငံသားလက်မှတ်ထဲမှာလည် မိဘပေးသော နာမည်ရင်းသာ တရားဝင်ရှိနေရသည်။

ဒီနေရာမှာ အနောက်နိုင်ငံက လူများသည် နာမည်နှင့်ပတ်သ သည့် ကိုယ်ပိုင်အခွင့်အရေးမှာ ကျွန်တော်တို့ထက်တောင် ပို၍ ဆုံးရှုံးရ သည်။ သူတို့အနေနှင့် မိမိနာမည်၏ နောက်ဆုံးမှာ ဖခင်၏ မျိုးရိုးအ ကို မထည့်မနေရ ထည့်ရသည်။ မိန်းမများဆိုလျှင် အိမ်ထောင်ကျသည် တစ်ပြိုင်နက် ခင်ပွန်းဖြစ်သူ၏ မျိုးရိုးအမည်ကို ပြောင်းလဲခံယူရသ

လူတစ်ယောက်သည် အသက်ဆယ့်ရှစ်နှစ် ပြည့်သည့်အခါ မိဘ ပေးထားသည့်နာမည်ကို မကြိုက်လျှင် မိမိစိတ်ကြိုက်ပြောင်းလဲခွင့် ရှိ သည်ဟု ဝတ္ထုတစ်ပုဒ်ထဲတွင် ကျွန်တော် ရေးခဲ့ဖူးသည်။ ဒါကလ စိတ်ကူးအဖြစ်သာ ရှိသည်။ တစ်ကမ္ဘာလုံးမှာ ကျင့်သုံးနေသည့် ထုံးစံ တစ်ခုကို ပယ်ဖျက်ဖို့ မဖြစ်နိုင်သေးချေ။



အထက်ပါအချက်များကို ကြည့်လျှင် လူတို့အနေဖြင့် ကိုယ့် ည်ကို ကိုယ်ပိုင်သည်ဟု အထင်ရောက်နေကြခြင်းမှာ သိပ်သဘာဝမကျ ကြောင်း သိသာနိုင်၏။

* * *

ပေါ်တွင် နာမည်ကို အတိုဆုံးအရှင်းဆုံး မှည့်ခေါ်တတ်သူများမှာ တော်တို့ မြန်မာလူမျိုးတွေသာဖြစ်သည်ဟု ထင်၏။ အနောက်နိုင်ငံ မှာ ပထမနာမည်၊ ခရစ်ယာန်နာမည်၊ မျိုးရိုးနာမည် ဟူ၍ သုံးမျိုး တ်ပေါင်းမှ နာမည်တစ်ခုဖြစ်သည်။ အာရှနိုင်ငံတွေမှာလည်း နာမည် ခုမှာ စကားလုံး လေး,ငါးလုံးတော့ ပါကြသည်။ ကျွန်တော်တို့ ချင်းတွေမှာပင် နာမည်တွေက ကျွန်တော်တို့ထက် ရှည်လျားကြ သည်။ နာရာဆင်ဟာရောင်း၊ ချာဗလစ်လောင်ချိုင်ယု၊ မဟာသီယာ တော် စသည်ဖြင့်။

ကျွန်တော်တို့လို နာမည်တိုရှင်းတာဆိုလို့ တရုတ်နိုင်ငံလောက်သာ မိသည်။ ဒါတောင် တရုတ်တွေက နာမည်သုံးလုံးမှည့်တာများသေး ။ ကျွန်တော်တို့လူမျိုးလို မောင်ဘ၊ မောင်စိန် စသည်ဖြင့် နာမည် လုံးတည်း မှည့်တာမျိုးကတော့ ဘယ်နိုင်ငံ၊ ဘယ်လူမျိုးမှာမှ ရှိလိမ့် ထင်။

ဒါကလည်း ကျွန်တော်တို့လူမျိုး၏ စရိုက်သဘာဝနှင့် ဆိုင်ပေ ည်။ မြန်မာလောက် အလွယ်ကြိုက်တာ မြန်မာပဲ ရှိသည်။ ကလေးကို ည်ပေးရာမှာလည်း လွယ်လွယ်ပဲ ပေးတတ်ကြသည်။ မိုးတွေရွာနေတုန်း သည့်ကလေးကို မောင်မိုး၊ မွေးမွေးချင်း နီတာရဲကလေးမို့ နီတွတ်

www.burmeseclassic.com

www.burmeseclassic.com



စသည်ဖြင့် ကြုံသလို မှည့်တတ်သည်။ နောက်မှ ရွာဦးဘုန်းတော်ကြီး ဗေဒင်ကိန်းခန်းနှင့် တွက်ပြီး မှည့်ပေးသော နာမည်နှင့် ဇာတာဖွဲ့ သည်။ ထိုနာမည်မှာလည်း ဇာတာထဲမှာသာ ရှိ၍ မွေးမွေးချင်းမှည့်သော မောင်ခွေး၊ ဘုတ်ဆုံဆိုသော နာမည်မျိုးကသာ တွင်သွားလေ့ရှိ၏။

တကယ်တော့ မြန်မာတွေမှာ နာမည်မှည့်ပုံစနစ် အခိုင်အ ရှိ၏။ နေ့သင့်၊ နံသင့်လည်း ဖြစ်ရမည်။ အတွဲအစပ်ပြေရမည့်နေ့နံလည် ပါရမည်။ အညွှန့်တင်တာတို့ မဟာဘုတ်တိုင်နှင့် ညှိတာတို့လည်း လ ရသေးသည်။ ပြီးလျှင် နာမည်ပေးကင်ပွန်းတပ်မင်္ဂလာလုပ်ပြီး အတ ပြုရသည်။

ထို့အပြင် နာမည်နှင့်ပတ်သက်၍ အယူသည်းတတ်တာလည် ရှိသည်။ နာမည်က စီးလို့ ဒုက္ခရောက်ရတာ၊ ဇာတာခွင်ထဲက အညံ့ နေ့နံကို ထည့်မှည့်မိလို့ မတိုးတက် မကြီးပွားတာ စသည်ဖြင့် အ အဆ ရှိကြသည်။

ထို့ကြောင့် တချို့လူတွေက သားသမီးနာမည်ပေးတာကို ဂရုတ လုပ်ကြသည်။ တတ်ကျွမ်းနားလည်သူတွေနှင့် တိုင်ပင်ပြီး ရွေးကြသ

နာမည်ပေးပုံတွေကလည်း ခေတ်ကိုလိုက်၍ ပြောင်းလဲလာသ မြို့နေလူတန်းစားများသည် နာမည်နှစ်လုံး သုံးလုံးလောက်မှည့်ရာမှ ငါးလုံး တွဲစပ်သည့် နာမည်မျိုး၊ ထူးထူးဆန်းဆန်း နာမည်မျိုးတွေ ခေါ်လာကြသည်။ ကျေးလက်တောရွာမှ လူများနှင့် လက်လုပ်လက် လူများစုကတော့ ထုံးစံအတိုင်း လွယ်လွယ်ရှင်းရှင်း မှည့်ခေါ်နေကြ ဖြစ်၏။

တကယ်တမ်းကျတော့ မိဘတွေက အကောင်းဆုံးဖြစ်အေ ဂရုတစိုက် တွက်ချက်ရွေးချယ်ပေးသော နာမည်တစ်လုံးကို အလွယ်



ချက်စီးပစ်လိုက်သူတွေ ရှိသည်။ ထို့အတူ မိဘတွေက ကြုံသလို အလွယ် ကူ ပေးခဲ့သော နာမည်ကို တစ်သက်လုံး အစွန်းအထင်းမရှိအောင် ခဲခက်ခက် ထိန်းသိမ်းသွားသူတွေလည်း ရှိလေသည်။

* * *

ကျွန်တော်သည် နာမည်ကြီးပုဂ္ဂိုလ်တွေကြားမှာ နေထိုင်ကြီးပြင်းခဲ့ရခြင်း ဖြစ်၏။ မိသားစုအသိုင်းအဝိုင်းသာမက သူတို့နှင့် ဆက်နွယ်ပတ်သက် သော နာမည်ကြီးပုဂ္ဂိုလ်တွေနှင့်ပါ တွေ့ကြုံခဲ့ရသည်။ သူတို့သည် အမည်ကလေးတစ်လုံးရဖို့ ကြိုးစားရုန်းကန်ခဲ့ကြရတာ မြင်ခဲ့ရသည်။ လာသော နာမည်ကလေးကို ကြီးလာဖို့၊ ကြီးလာသော နာမည်ကို ကျော်လာဖို့ ကြိုးပမ်းကြရတာ၊ ကျော်လာသော နာမည်ကို ပြန်မကျအောင် ထိန်းသိမ်းကြရတာတွေ သိနေသည်။

လူဆိုသည်မှာ နာမည်ကြီးတာကိုနှစ်သက်ကြသူတွေချည်းဖြစ်၏။ နည်းအားဖြင့် ကိုယ့်ကို လူအများက ဂရုစိုက်တာ ခံလိုကြသူတွေချည်း ၏။ အရပ်ထဲက လူများပင်လျှင် အဝတ်အစားအသစ်ကလေးများ တဲ့အခါ သူများကြည့်တာ ခံချင်ကြသည်။ ဘာအသားလဲ၊ ဘယ် ၁ဲဆေးရလဲ၊ အဆင်ကလေးက မဆိုးဘူးလို့များ ဝိုင်းပြောလျှင် ဘယ် ဘ် ပီတိဖြစ်ရကြောင်း သိကြပါလိမ့်မည်။

နာမည်ကြီးပုဂ္ဂိုလ်တွေက ဒီထက် ပိုသည်။ သူတို့ကို လူအများက ချီးမြှောက်ကြတာ၊ မြှောက်စားကြတာ၊ ဂရုစိုက်ကြတာကို အလွန် တွေ့သည်။ တစ်ပြိုင်နက်တည်းတွင် အားပေးမြှောက်စားမှုကို ထမ်းပိုးတိုး၍ လိုချင်သည်။ လျော့သွားမှာကို စိုးရိမ်သော စိတ်က

www.burmeseclassic.com

www.burmeseclassic.com



လည်း ကပ်လျက်ပါလာသည်။ ပစ္စည်းဥစ္စာပိုင်ဆိုင်မှုများလာလေ ထိန်းသိမ်းစောင့်ရှောက်ရမည့် တာဝန်က ပိုလာလေဆိုသည့် သဘောပင် ဖြစ်၏။ ပစ္စည်းဥစ္စာဆိုတာကမှ ဒရဝမ်ငှားပြီး စောင့်ခိုင်းလို့ ရသေးသည်။ ဘဏ်မှာ အပ်ထားလို့ ရသေးသည်။ အာမခံထားလို့ ရသေးသည်။

ကြီးလာသော နာမည်တစ်လုံးကို ထိန်းသိမ်းစောင့်ရှောက်ဖို့ကတော့ ကိုယ်ကိုယ်တိုင်၏ တာဝန်သာ ဖြစ်၏။ ထိုနာမည်ကို သူများဆီ ခဏ လွှဲအပ်ထားလို့ ရတာမျိုးလည်း မဟုတ်။ ခန္ဓာကိုယ် အစိတ်အပိုင်းတစ် လို တွဲလျက်ပါနေခြင်းဖြစ်၏။ တစ်ခါတစ်ရံကျတော့ အသားပိုတစ်ခု ဖြစ်လာတတ်သည်။ တဖြည်းဖြည်းကြီးထွားလာပြီး ဝန်ထုပ်ဝန်ပိုး တစ် လို ပိလာတတ်သည်။ အကျီတစ်ထည်လို ချွတ်ချပစ်လို့ရသော အရာမျိုး လည်း မဟုတ်။ အထုပ်တစ်ထုပ်လို ပစ်ချထားခဲ့လို့ ရတာမျိုးလည်း မဟုတ်

နာမည်ကြီးပုဂ္ဂိုလ်တို့မှာ သူတို့ကို လူသိများအောင် အပြင်းအထ ကြိုးစားခဲ့ကြရပြီးမှ လူတောမတိုးဝံ့သည့် အခြေအနေမျိုးကို ကြုံရ တော့သည်။ လူကြားသူကြားထဲ လျှောက်သွားလို့ကလည်း မဖြ သူတို့ ကို လူတွေမမှတ်မိအောင် နေကာမျက်မှန်ကြီးတွေ တပ်ထားရတာ ကြည့်ပြီး လောကသဘာဝကို ဘယ်လိုနားလည်ရမှန်းမသိ ဖြစ်ရပြန်

သူတို့သည် လူကြားသူကြားထဲ ရောနှော ဝင်ထွက် သွားလာ မရသဖြင့် အသုံးအဆောင် ပစ္စည်းဝယ်တာမျိုး တော်ရုံတန်ရုံကိစ္စမျိုး မှာ တပည့်တွေကို ခိုင်းရသည်။ ဒီလိုနှင့် ကြာလာတော့ သူတို့ ကိုယ်တိုင် ဘာမှ မလုပ်တတ်တော့ဘဲ သူများကို အားကိုးနေရသူ ဖြစ်လာပြန်လေသည်။

ကျွန်တော် တက္ကသိုလ်ရောက်ခါစအရွယ်တုန်းက ရုပ်ရှင်မင်းသား ကြီး တစ်ယောက်နှင့်အတူ ရုပ်ရှင်အထူးပွဲပြတာ လိုက်ကြည့်ဖူးသည်



ထိုရက်မျိုးတွင် မင်းသား၊ မင်းသမီးတွေကို ကြည့်ချင်၊ မြင်ချင်သော ပရိသတ်တွေက ရုံရှေ့မှာ စုဝေးစောင့်ဆိုင်းနေတတ်ကြ၏။

ရုပ်ရှင်ပြီးလို့ ပြန်ထွက်လာကြတော့ ဝိုင်းအုံကြည့်ရှုကြသည်။ အော်ဟစ်နှုတ်ဆက်ကြသည်။ မင်းသား၊ မင်းသမီးတွေကလည်း တုံ့ပြန်နှုတ်ဆက်ကြ၊ လက်ပြကြ၊ အော်တိုစာအုပ်မှာ လက်မှတ်ထိုးပေးကြ ပြီးတော့ ကျွန်တော်တို့လည်း မင်းသားကြီး၏ ကားပေါ်တက်ကြသည်။ ကားဒရိုင်ဘာက စက်နှိုးသောအခါ နှိုးလို့မရတော့။ စတတ်တာကို အကြိမ်ကြိမ်မွေ့သော်လည်း စက်က မနိုး။ ဘက်ထရီအား ကျသွားခြင်းပင်ဖြစ်၏။ ဘာလုပ်ရမှန်းမသိ။ ပရိသတ်တွေကလည်း ကားဘေးက အုံခဲ ကြည့်နေသည်။ မတတ်နိုင်။ တွန်းနှိုးဖို့ပဲ ရှိတော့သည်။ မင်းသားကြီးကို ဒရိုင်ဘာခုံမှာ ထိုင်ခိုင်းပြီး ကျွန်တော်နှင့် ဒရိုင်ဘာတို့က ကားကို ဆင်းတွန်းကြသည်။ ပရိသတ်အချို့ကလည်း ဝိုင်းကူ တွန်းပေးသည်။ ပေတစ်ရာ ကျော်ကျော် တွန်းပြီးမှ စက်နိုးသွားသည်။ ပရိသတ်က 'ဟေးခနဲ' အော်ဟစ် အားပေးသည်။ ကျွန်တော်တို့ ကားပေါ်တက်ပြီးနောက် ချက်ချင်းမောင်း ထွက်သွားလို့ ဖြစ်။ ကိုယ့်ကို ချစ်သော ပရိသတ်၊ ကိုယ့်ကို ကူညီသော ပရိသတ်ကို နှုတ်ဆက်ပြရလေသည်။ ပရိသတ်များက ပြန်လက်ပြကြသည်။ ခပ်နောက် နောက် လူငယ်တစ်ယောက်က 'မင်းသားကြီး၊ ကား ကောင်းကောင်းလေး စီးပါဗျ' ဟု လှမ်းအော်သည်။

ကာယကံရှင်တော့ ဘယ်လိုနေသလဲ မသိ။ ကျွန်တော်တောင် ချွေးတွေထွက်ပြီး အနေရခက်သွားလေ၏။

* * *

[illegible]လာက အဆိုတော် 'ထား' ၏ 'မေတ္တာဟူသည်' သီချင်းကို ပထမဆုံး [illegible]မှ ထုတ်လွှင့်သည်။ ကျွန်တော်က စာရေးနေရင်းက ထား၏အသံ

www.burmeseclassic.com

www.burmeseclassic.com



[illegible]ကြားတော့ ဆောင်တိန်ကို ချထားခဲ့ပြီး ရုပ်မြင်သံကြားစက်ရှေ့မှာ သွားထိုင်သည်။ ကျွန်တော့်ဇနီးလည်း မီးဖိုထဲမှ တည်လက်စဟင်းအိုးကို ထားခဲ့ပြီး ရောက်လာ၏။ အမေကလည်း စိပ်ပုတီးကိုလက်မှာပတ် လိုက်ပြီး ပက်လက်ကုလားထိုင်မှာ ဝင်ထိုင်သည်။ ကျွန်တော့်သမီးနှင့် ယောက်ကတော့ စိတ်ဝင်စားဟန်မရှိ။ သူတို့ဘာသာ မင်းသား၊ မင်းသမီး တွေ နာမည်ဇာတ်တမ်းကစားနေကြသည်။

ထားသည် ကျွန်တော်တို့ငယ်ငယ်ကတည်းက စွဲလမ်းနှစ်သက် ခဲ့ရသော နာမည်ကျော်အဆိုကျော်ဖြစ်သည်။ သူ၏ 'နက်ဖြန် သို့မဟုတ် ဘယ်သောအခါ' သီချင်းမှာ ဆိုဟန်ကအစ ခုထိ နားထဲမှာ စွဲနေတုန်း။ စတီရီယိုခေတ်မှာ လူဖြစ်လာကြသော ကလေးတွေကတော့ ထားကို စိမ်း နေကြပေလိမ့်မည်။ သို့တိုင်အောင် ထား၏ရိုးသားကြည်လင်သော အပြုံးနှင့် ကရုဏာသံတို့၏ ဆွဲဆောင်မှုကြောင့် ငါးတန်းကျောင်းသူသမီး ကြီးသည် ရုပ်သံဖန်သားပြင်ကို မော့ကြည့်ဖော်ရလာပြီ။

သမီးအငယ်မှလွဲ၍ ကျွန်တော်တို့ မိသားတစ်စုလုံး 'မေတ္တာဟူသည်' သီချင်းထဲတွင် နစ်မျောသွားခဲ့ကြ၏။ သီချင်းဆုံးသွားသောအခါ သမီးကြီးက

'ကောင်းသားပဲ၊ အဲဒါ ဘယ်သူလဲဟင်၊ စာတန်းထိုးတုန်းက မကြည့်လိုက်ရလို့'

ဟု မေးသည်။ ကျွန်တော့်ဇနီးက

'အဲဒါ အဆိုတော်'ထား'တဲ့၊ မေမေတို့ ငယ်ငယ်က သူ့သီချင်းတွေ အလွတ်ကျက်ခဲ့ကြရတာပေါ့'

ကျွန်တော်က ...

'သူက ဇော်ဝင်းထွဋ်ရဲ့ အမေပေါ့'

ထိုအခါ သမီးအငယ်သည် ဆတ်ခနဲ မော့ကြည့်ပြီး ...



'ဟင်၊ ဟုတ်လား၊ ခုနသီချင်းဆိုသွားတာကို မကြည့်လိုက်ရတာ ကြာတာပဲ'

ဟုပြောသည်။သူက ဇော်ဝင်းထွဋ်၏ ပရိသတ်ဖြစ်၏။ ကျွန်တော့် အမေက ဆက်ပြောပြန်သည်။

'ထားရဲ့အဖေက ဆရာရွှေတိုင်ညွန့်တဲ့၊ သိပ်နာမည်ကြီးတဲ့ သီချင်း ရေးဆရာကြီးပေါ့၊ သမီးတို့အဘိုးငယ်ငယ်က ဆရာရွှေတိုင်ညွန့်အိမ်ကို မကြာမကြာ သွားပြီး ဆရာဆီက သီချင်းရေးနည်း သင်ခဲ့ဖူးတယ်ကွယ့်'

ဟု ပြောပြီး ဆရာရွှေတိုင်ညွန့် ရေးစပ်ခဲ့သည့် ယောဆရာကြီး သီချင်းကို တစ်ပိုင်းတစ်စ ညည်းပြသည်။ ကျွန်တော့်သမီးအငယ်မကလည်း အားကျမခံ ဇော်ဝင်းထွဋ်သီချင်းကို ကောက်ကာငင်ကာ အော်ဆိုလိုက် သည်။

'ငှက်ကလေးများတို့ရယ်၊ မနက်ခင်း မိုးလင်းတိုင်းကွယ်'

ကျွန်တော် တစ်ခုသွားစဉ်းစားမိသည်။ ကျွန်တော့်အဖေနှင့်အမေ သည် ဆရာရွှေတိုင်ညွန့်၏ပရိသတ်များ ဖြစ်ကြ၏။ ကျွန်တော်တို့ လင် ယောက်ျားက ထား၏ ပရိသတ်။ ကျွန်တော့်သမီးများက ဇော်ဝင်းထွဋ်၏ ပရိသတ်။ ဆရာရွှေတိုင်ညွန့်၏နာမည်ကို သမီးဖြစ်သူ ထားက ဆက်လက် ထိန်းသိမ်းပေးခဲ့သည်။ ထား၏ နာမည်ကို သားဖြစ်သူ ဇော်ဝင်းထွဋ်က ဆက်လက်ထိန်းသိမ်းနိုင်ခဲ့သည်။

လူတစ်ယောက်၏ နာမည်တစ်လုံးကို ကာယကံရှင်ကိုယ်တိုင် သာမက သူ၏ သား သမီး မြေးမြစ်တို့ကပါ ထိန်းသိမ်းစောင့်ရှောက်ဖို့ လိုအပ်ပါကလားဟု တွေးမိလေ၏။

* * *

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းက ကဗျာရွတ်ဆိုပြိုင်ပွဲမှာ ကျွန်တော့်သမီးနှစ်ယောက်စလုံး ပထမရသည်။ ဆုပေးပွဲ အခမ်းအနားသို့ မိသားတစ်စုလုံး သွားခဲ့ကြသည်။ ကျွန်တော်တို့ လင်မယားမှာ သမီးများအတွက် ဂုဏ်ယူ ဝင့်ကြွားသော မျက်နှာများနှင့် ကျောင်းအတွင်း ဝင်ခဲ့ကြ၏။ သမီးတို့ဆရာမများကို နှုတ်ဆက်ပြီးနောက် ဆရာမများက ကျွန်တော်တို့ကို ကျောင်းအုပ်ဆရာမကြီးနှင့် မိတ်ဆက်ပေးသည်။

'ဆရာမကြီး ဒါ မသူမနဲ့ မယုယတို့ရဲ့ အဖေနဲ့အမေလေ'

ကျွန်တော်သည် တစ်နေ့သောအခါ စာရေးဆရာမတစ်ဦး၏ အဖေအဖြစ် နာမည်ကြီးကောင်း ကြီးလာပေလိမ့်မည်။

[ ကလျာမဂ္ဂဇင်း။ ။ နိုဝင်ဘာ၊ ၁၉၉၄။ ]

## အိပ်မက်စာမေးပွဲ

ဒီနေ့ည ဘယ်လိုအိပ်မက်မျိုး မက်လိမ့်မယ်ဟု ဘယ်သူမှ ကြိုတင် သိနိုင်လိမ့်မည်မဟုတ်ချေ။ လူ့အခွင့်အရေးကို အချိုးဖောက်ဆုံး အပိတ်ပင်ဆုံးအရာမှာ အိပ်မက်ပင်ဖြစ်၏။ လူတို့အနေဖြင့် ကိုယ်မက်ချင်သော အိပ်မက်ကို မက်ခွင့်မရှိ။ မမက်ချင်သောအိပ်မက်မျိုးကိုလည်း မမက်ဘဲနေချင်လို့မရ။ အိပ်မက်ဆိုသည်မှာ ရုပ်မြင်သံကြားတို့၊ ရေဒီယိုတို့လို နောက်တစ်နေ့ အစီအစဉ်ဆိုပြီး ကြိုတင်ကြော်ငြာထားတာမျိုးလည်း မဟုတ်။ သူ့ဘာသာ မက်ချင်သည့်နေ့မှာ မက်ချင်တာမက်တာမျိုးဖြစ်၏။ အိပ်မက်ကို တားဆီးနိုင်သည့် နည်းလမ်းတစ်ခုပဲ ရှိသည်။ မအိပ်ဘဲနေဖို့ပင် ဖြစ်ပါသည်။

သို့ရာတွင် လူတို့မှာ မအိပ်ဘဲနေလို့ရသော အမျိုးမဟုတ်သဖြင့် အိပ်မက်နှင့် ကင်းကင်းရှင်းရှင်းနေလို့ မဖြစ်နိုင်ချေ။ ဒါဆိုလျှင် လူတွေ မက်နေကြသော အိပ်မက်များသည် ဘယ်က လာသနည်း။ ဘယ်သူတွေက စီစဉ်တင်ဆက်နေကြသနည်း။ ပုဂ္ဂိုလ်တစ်ယောက်ယောက်ကသာ တာဝန်ယူဆောင်ရွက်နေတာမျိုးဆိုလျှင် တော်တော်ဦးနှောက်စားရပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာပေါ်ရှိ လူသန်းပေါင်းများစွာတို့အတွက် အိပ်မက်ပရိုဂရမ်တွေ ရေးဆွဲဖို့ အမျိုးပေါင်း ထောင်နှင့်ချီသော ဘာသာစကားများဖြင့် ထုတ်လွှင့်ပေးဖို့ဆိုသည်မှာ မဖြစ်နိုင်ချေ။ တချို့လူများမှာ တစ်ညတည်း အိပ်မက်သုံးလေးခုမက်တာမျိုးတွေလည်း ရှိသေးသည်။

တစ်စုံတစ်ယောက်သောပုဂ္ဂိုလ်က အိပ်မက်ပေးပြီး နှိုးဆော်တတ်သည်ဆိုသော အယူအဆရှိခဲ့သည်။ ထူးခြားတိုက်ဆိုင်မှုတွေ ကြားဖူးသဖြင့် မဟုတ်နိုင်ဟုလည်း မငြင်းလို၊ ဟုတ်ပါတယ်ဟူ၍လည်း မထောက်ခံနိုင်။ ဒါမျိုးကိုတော့ ချွင်းချက်ထားရပေတော့မည်။

ယေဘုယျအားဖြင့် အိပ်မက်တွေကို စီစဉ်တင်ဆက်နေသူမှာ လူတို့၏ မသိစိတ်ပင် ဖြစ်၏။ လူတွေ အိပ်ပျော်သွားသည့်တိုင် စိတ်လှုပ်ရှားမှုကတော့ မရပ်ဘဲ လှုပ်ရှားနေသည်။ သွေးလှည့်ပတ်မှုကလည်း ဆက်လက်ရှိနေသည်။ ဦးနှောက်ဆီသို့လည်း သွေးရောက်ရှိသည်။ ထိုအချိန်သည် သိစိတ်နှင့်မသိစိတ်တို့ ဂျူတီချိန်းသည့် အချိန်ပင်ဖြစ်၏။ သိစိတ်က အနားယူပြီး မသိစိတ်က ထိုအခါကျမှ အလုပ်လုပ်ဟန်တူသည်။

သိစိတ်သည် လူတို့နိုးထနေသည့်အချိန်တွင် အလုပ်လုပ်ရခြင်းဖြစ်သဖြင့် အာရုံငါးပါးစလုံး၏ ရိုက်ခတ်မှုအပေါ် တုံ့ပြန်ရသည်။ ထို့ကြောင့် သိစိတ်၏ လုပ်ငန်းသဘောသဘာဝက ထွေပြားသည်။ မြင်သမျှကြားသမျှ၊ ဆိုင်တာရော၊ မဆိုင်တာပါ ထွေပြားစွာ ဆက်ဆံရသည်။ အရေးကြီးသောအချက်အလက်တွေကို မမှတ်လိုက်မိတာမျိုး၊ ဘာမဟုတ်တာလေးကို စွဲစွဲမြဲမြဲ မှတ်သားလိုက်တာမျိုး ဖြစ်တတ်သည်။

ဒါတွေကို ညအိပ်ပျော်နေပြီဆိုမှ မသိစိတ်က အေးအေးဆေးဆေး ပြန်လည် စိစစ်ရဟန်တူသည်။ ဦးနှောက်၏မှတ်ဉာဏ်ကဏ္ဍတွင် တစ်နေ့လုံး



သောင်းပြောင်းရောမှတ်ထားတာတွေကို ခွဲခြမ်းစိတ်ဖြာပြီး မှတ်သင့်တာမှတ်၊ ပယ်သင့်တာပယ် လုပ်ပုံရသည်။

သို့တိုင်အောင် သိစိတ်နှင့် မသိစိတ်တို့သည် ကွန်ပျူတာကခလုတ်ဆွဲလို သီးခြားဆားကစ်တွေ မဟုတ်ကြသဖြင့် လုပ်ငန်းချင်း လုံးဝစည်းခြားသို့ မရနိုင်ချေ။ တစ်ခါတစ်ရံ တစ်ဦးအလုပ်ကို တစ်ဦးက ဝင်ရှုပ်ချင် ရှုပ်တတ်သည်။ ထိုအချိန်သည် အိပ်မက်များ ဖြစ်ပေါ်လာသော အချိန်ပင်ဖြစ်၏။

တစ်ခါတစ်ရံ လူတို့အိပ်ပျော်နေစဉ် ရာသီဥတုကြောင့်ဖြစ်စေ သွေးလှည့်ပတ်မှု အပြောင်းအလဲ ဖြစ်တတ်သည်။ ထိုအခါ ဦးနှောက်၏ မှတ်ဉာဏ်အပိုင်းကို သွားနှိုးဆွချင် ဆွတတ်သည်။ သိစိတ်က အိပ်ပျော်နေသဖြင့် မှတ်သားထားသော အချက်အလက်များသည် အစီအစဉ်တကျပေါ်လာခြင်းတော့ မဟုတ်။ ဟိုတစ်စ ဒီတစ်စပေါင်းစပ်ပြီး ဆောင်းတွင်းအိပ်မက် ကရောက်ကရက်တွေ ဖြစ်လာသည်။

တစ်ခါတလေကျတော့ အကြောင်းတစ်ခုခုကြောင့် သိစိတ်သည် နိုးတစ်ဝက် အခြေအနေကို ရောက်လာသည်။ လုံးဝ နိုးထခြင်းလည်း မရှိသေးသဖြင့် သိစိတ်၏ စိတ်ကူးစိတ်သန်းများသည် အိပ်မက်များဖြစ်လာကြပြန်သည်။

လူတို့အတွက် အိပ်မက်များ လိုအပ်သည်ဟု ပညာရှင်များက ဆိုကြသည်။ လက်တွေ့ဘဝ၏ အလိုမပြည့်မှုများကို အိပ်မက်ထဲတွင် ဖြည့်ဆည်းပေးခြင်းဖြင့် စိတ်ဖိစီးမှုများမှ အခိုက်အတန့် သက်သာရာရစေသည်။ ထို့ကြောင့် အိပ်မက်ပေါင်းများစွာ ဆက်တိုက်မက်တတ်သူမျိုးကျတော့လည်း စိတ်လှုပ်ရှားမှုများလွန်းသူဟု ဆိုနိုင်သည်။

အမျိုးအစားတူသောအိပ်မက်မျိုးကို မကြာခဏ မက်တတ်ခြင်းသည် ရောဂါတစ်ခုခုရနေခြင်းနှင့် ဆိုင်သည်ဟု ဆို၏။ ဥပမာ–ရေနစ်ပြီး နေတာမျိုး၊ အလွန်ကျဉ်းမြောင်းသော လိုဏ်ခေါင်းတို့ အခန်းတို့လို

www.burmeseclassic.com

www.burmeseclassic.com



နေရာမျိုးကိုရောက်ပြီး အသက်ရှုကျပ်နေသည့်အိပ်မက်မျိုး ခဏခဏမက်လျှင် အဆုတ် စသော အသက်ရှုခြင်းနှင့်ဆိုင်သည့် ရောဂါတစ်ခုခု ရှိနိုင်သည်။

တိုက်အမြင့်ကြီးပေါ်တက်ရတာ၊ ချောက်ကမ်းပါးမှ ပြုတ်ကျလုလုဖြစ်ရတာ အသည်းတယားယား၊ ရင်တဖိုဖို ဖြစ်ပြီး မောပန်းရတာမျိုး မြင်မက်လျှင် နှလုံးရောဂါဖြစ်နိုင်သည်ဟု ဆိုသည်။

တစ်ခါတစ်ခါမှာတော့ သိစိတ်နှင့် မသိစိတ်တို့ ပဋိပက္ခဖြစ်တတ်ကြသည်။ မသိစိတ်က သူ စွဲလမ်းခဲ့သော အကြောင်းအရာ တစ်ခုကို အိပ်မက်အဖြစ် အကောင်အထည်ဖော်နေစဉ်မှာ သိစိတ်က လက်မခံဘဲ ကန့်ကွက်ဖို့ကြိုးစားရာမှ ဖျတ်ခနဲ လန့်နိုးရတာမျိုး ဖြစ်တတ်၏။

ဘာပဲဖြစ်ဖြစ် လူတို့သည် အိပ်မက်ကို လိုသလို ဆွဲယူနိုင်စွမ်းရှိသဖြင့် ကိုယ့်ဦးနှောက်ကို ကိုယ်မပိုင်နိုင်ကြောင်း သိသာလှသည်။

တိရစ္ဆာန်တွေကော အိပ်မက် မက်ကြသလားဟု သိချင်သည်။ အချို့သော တိရစ္ဆာန်တွေမှာလည်း အဆင့်အတန်း မနိမ့်လှသည့် ဦးနှောက်များ ရှိနေသဖြင့် သိစိတ် မသိစိတ်ဆိုတာတွေ ပါချင်ပါနေမည်။ ထိုအခါ သူတို့သည်လည်း စိတ်ကူးယဉ်ချင် ယဉ်ကြမည်။ တစ်ဘက်ခြံက ခွေးမလေးကို သဘောကျနေမိတာမျိုး၊ နေ့လယ်က လူတွေ စားသောက်တာမြင်ပြီး သွားရေယိုမိတာမျိုး ရှိချင်ရှိမည်။ ညအိပ်တော့မှ ခွေးမလေးနှင့်အဆင်ပြေတာမျိုး၊ ကြက်ပေါင်ကြီး ကိုက်ရတာမျိုး အိပ်မက် မက်ကောင်းမက်နိုင်သည်။ တစ်ခါတလေ ခွေးတွေ ငိုက်မြည်းအိပ်ပျော်နေရာမှ ဆတ်ခနဲခေါင်းထောင်ပြီး မဆီမဆိုင် ထဟောင်တာ၊ အူတာမျိုး တွေ့ဖူးသည်။

ထားပါတော့။ ကိုယ်လည်း ခွေးမဖြစ်ဖူးသဖြင့် တိတိကျကျတော့ မပြောနိုင်။ ကျွန်တော် မက်ဖူးသော အိပ်မက်များအကြောင်းကိုသာ ပြောတာ ကောင်းလိမ့်မည်။



ကျွန်တော် အရင်က မကြာခဏ မက်လေ့ရှိသည့် အိပ်မက်မှာ ဖိနပ်ပျောက်သည့်အကြောင်း ဖြစ်၏။ အလှူအိမ်လိုနေရာမျိုးမှ ပြန်အထွက်ဖိနပ်ရှာလို့ မရတာမျိုး။ ရုပ်ရှင်ကြည့်နေတုန်း ဖိနပ်တစ်ဖက်ပျောက်သွားတာမျိုးတွေဖြစ်၏။ တစ်ခါတလေကျတော့ ဖိနပ်မပါဘဲ လူတွေကြား ရောက်နေတာ၊ ဈေးထဲမှာ ဖိနပ်ဆိုင် လိုက်ရှာတော့ တစ်ဈေးလုံး သည်တွေချည်းဖြစ်နေတာ၊ ဖိနပ်ဝယ်ပြီး ပြန်ထွက်လာတော့မှ စီးနေ ညှပ်ဖိနပ်မဟုတ်ဘဲ စစ်ဖိနပ်ကြီး ဖြစ်နေတာ စသည်ဖြင့် မက်လေ့ရှိ၏။ ဆိုလျှင် ကျွန်တော့်မှာ စိတ်ဖိစီးမှုတစ်ခုခု ရှိခဲ့ပေလိမ့်မည်။ ခုနောက်ပိုင်း သို့အိပ်မက်မျိုး မမက်တော့သဖြင့် တော်သေးသည်။

ကျွန်တော်သည် ဦးနှောက်နှင့်တွေးရသည့် စိတ်အလုပ်များသော ကြောင့်လားမသိ ညတိုင်းလိုလို အိပ်မက် တစ်ခုမဟုတ်တစ်ခု မက်လေ့ ရှိသည်။ အနည်းဆုံး ဘာမှန်းမသိသည့် နိုးလာလျှင် ပြန်မမှတ်မိသည့် အိပ်မက်အတိုအစလေး တစ်ခုလောက်ဖြစ်ဖြစ်တော့ မက်လေ့ရှိ၏။

ပြီးတော့ ကျွန်တော်၏ အိပ်မက်များသည် ရိုးရိုးစင်းစင်း ဖြစ်လေ့ ထူးဆန်းသလိုလို၊ ကြောင်တောင်တောင်နိုင်သလိုလိုတွေသာ များသည်။ အိပ်မက်ကို အတိတ်ကောက်တတ်သူများအနေနှင့် ကျွန်တော့် အိပ်မက်တွေ ကောက်ကြည့်လျှင် ရှုပ်ယှက်ခတ်သွားနိုင်သည်။

အိပ်မက်ထဲမှာ နိုင်ငံခြားကို ကျွန်တော် သွားရသည်။ ဘယ်နိုင်ငံ သွားရတာလဲ၊ ဘာအတွက်လဲ ဆိုတာတော့ မသိ။ ဘောင်းဘီတွေ၊ တွေနှင့်တော့ မဟုတ်။ လုံချည်နှင့်ပဲ ဖြစ်၏။ လေယာဉ်ပျံပေါ် ပြီး ထိုင်မယ်လုပ်တော့ ထိုင်ခုံတွေက ဆိုဖာ မဟုတ်။ မီးရထား တွဲကလို သစ်သားထိုင်ခုံတွေ ဖြစ်၏။ လေယာဉ်က ပြေးလမ်းပေါ် အရှိန်ယူပြီးနောက် လေထဲသို့ ထိုးဖောက်ပျံတက် မသွားချေ။ ပြေး

www.burmeseclassic.com

www.burmeseclassic.com



လမ်းဆုံးတော့ ကတ္တရာလမ်းပေါ် ရောက်လာသည်။ နောက်တော့ ရန်ကုန်
မြို့ထဲက ကားတွေကြားမှာ သွားနေသည်။ ပြီးတော့ မြို့ပြင်ရောက်လာ
သည်။ သစ်တောအုပ်တွေကိုလည်း ဖြတ်ရသည်။ တောင်ပေါ်လမ်းတွေကို
လည်း ကွေ့ကွေ့ကောက်ကောက် တက်ရသည်။ ဒီလိုနှင့် နိုင်ငံခြားဆိုတာ
ကို မရောက်ခင် လန့်နိုးလာလေတော့သည်။

အိပ်မက်တွေဟာ ကာလာရောင်စုံနဲ့လား၊ အဖြူအမည်း (ဘလက်
အင်ဝှိုက်)လားဟု သူငယ်ချင်းတစ်ယောက်ကို ကျွန်တော် မေးဖူးသည်။
သူသည် အတန်ကြာအောင် မျက်မှောင်ကုပ်၍ စဉ်းစားနေပြီးမှ ကာလာနဲ့လို့
တော့ထင်တာပဲကွ။ တစ်ခါတလေ အိပ်မက်ထဲမှာအင်္ကျီအပြာနဲ့ကောင်မလေး
တို့၊ အနီရောင်အိမ်ကြီးတို့ ပါတတ်တာကိုး၊ ဒါပေမယ့် ကိုယ့်စိတ်က
အနီရောင်၊ အပြာရောင် စသည်ဖြင့် သတ်မှတ်မိတာလည်း ဖြစ်ချင်ဖြစ်မယ်။
သိပ်တော့ မသေချာဘူးကွ။ ဒီတစ်ခါ အိပ်မက်မက်မှပဲ သတိထားကြည့်ရအုံး
ပဲဟု ပြန်ပြောသည်။ နောက်တစ်ခါ တွေ့ကြတော့ ဟော့ကောင်၊ မင်း
အိပ်မက်မက်သေးလား။ ကာလာလား၊ ဘလက်အင်ဝှိုက်လားဟု မေးသော
အခါ သူက စိတ်ရှုပ်ဟန်ဖြင့် ပြောရခက်တယ်ကွ ဟူ၍သာ ဖြေသည်။

ငွေနှင့်ပတ်သက်သော အိပ်မက်မျိုးတွေလည်း မက်ဖူးသည်။
အိပ်မက်ထဲတွင် ဓမ်းထဲက ရစ်ပြီးနာသဖြင့် အိမ်သာတက်သည်။ ငုံ့ကြည့်
လိုက်သောအခါ မစင်တွေအစား ငွေစက္ကူတွေ ထွက်ကျလာသည်ကို တွေ့
၏။ ကျွန်တော့်မိန်းမကတော့ ဒါ လာဘ်ကောင်းတယ်၊ ငွေဝင်လိမ့်မယ်
လည်း ပြောသည်။ ဘာမှ ထူးခြားပြီး ငွေရပေါက်ကြီတာမျိုးတော့ မရှိ

ဟိုအရင် အကြွေတွေ သုံးနေကြသည့်အချိန်က မက်သောအိပ်မက်
ကတော့ ဘတ်စ်ကားပေါ်တက်ပြီး ကားခပေးဖို့ ငါးမူးစေ့ကို ထုတ်လိုက်
သောအခါ ပိုက်ဆံမှာ အပြားအဝိုင်း မဟုတ်ဘဲ ဘောစေ့လို အလုံးက



ဖြစ်နေကြောင်း တွေ့ရ၏။ အိပ်မက်ထဲမှာ သူငယ်ချင်း သဲဘော်သား
ယောက်က ဒေါ်လာတွေ တထပ်ကြီး လာပေးသည်။ သို့ရာတွင် ဒေါ်လာ
ပေါ်မှာ ရိုက်နှိပ်ထားတာက ကျွန်တော်၏ဓာတ်ပုံတွေ ဖြစ်နေလေသည်။

သေဆုံးသွားပြီးသူတွေကိုလည်း အိပ်မက်ထဲမှာ ပြန်တွေ့ရတတ်
သည်။ အဖေက ငါ့မှာ သားသမီးတွေရော၊ မြေးတွေရော များတယ် အားလုံး
လို့ရအောင် ဆိုပြီး မီးရထားကြီးတစ်စင်း ဝယ်လာတာမျိုး။ အဘိုးနှင့်
အိမ်ကိုလာလည်တာမျိုး။ ကြီးတော်ကြီးက သူ မဆုံးခင်က ကျွန်တော့်
သွားသော လက်ပတ်နာရီပျောက်လို့ လာဆူတာမျိုး မက်လေ့ရှိသည်။
အိပ်မက်မျိုးကိုတော့ ကျွန်တော် သဘောကျသည်။ ကိုယ့်မိဘ ဘိုးဘွား
ရိုးသားချင်းတွေကို အိပ်မက်ထဲမှာ ပြန်ဆုံပြီး အလွမ်းပြေရသောကြောင့်
၏။

အိပ်မက်ထဲမှာ သမီးရည်းစားဘဝ ပြန်ရောက်သွားတာမျိုးလည်း
သည်။ တစ်ခါတစ်ရံ ကျွန်တော့်မိန်းမသည် တကယ့်သမီးရည်းစား
အရွယ်မျိုးလေး ဖြစ်သည်။ တစ်ခါတလေကျတော့ သမီးရည်းစား
တယ် ယခုလက်ရှိ အရွယ်၊ လက်ရှိပုံစံမျိုးဖြစ်နေပြီး အိပ်မက်ထဲမှာ
တွေရော ပါနေသဖြင့် ဘယ့်နှယ်ပါလိမ့်ဟု နားမလည်ဖြစ်ရတာ
ည်း ကြုံဖူးသည်။

အိပ်မက်တစ်ခုထဲတွင် ကျွန်တော်နှင့် လေဒီဒိုင်ယာနာတို့ ကြိုက်နေ
ည်။ နှစ်ယောက် ထိုင်စကားပြောနေရင်း လေဒီဒိုင်ယာနာက သူ့ပါးစပ်
သွားတုအံကပ်ကြီးကို ဖြုတ်ပြီး ဖွဲပြာနှင့်တိုက်နေတာကို တွေ့ရသဖြင့်
တော် အလွန်စိတ်ပျက်သွားရ၏။

နှစ်လတစ်ခါ သုံးလတစ်ခါလောက် မက်တတ်သောအိပ်မက် တစ်ခု
င်းကိုလည်း ပြောပြချင်သေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသားဘဝကို ပြန်ရောက်သွားသော အိပ်မက်ပင် ဖြစ်
ကျောင်းကလည်း ငယ်ငယ်က တက်ခဲ့ရသည့် အလွန်စည်းကမ်းကြီးသော
ကျောင်း။ အိပ်မက်တိုင်းလိုလိုမှာလည်း စာမေးပွဲဖြေခါနီး တစ်ခါတ
စာမေးပွဲခန်းထဲ ရောက်နေသည့်အချိန်မျိုး။ စာတွေကလည်း တစ်လုံး
မတွေ့ရသေး။ ဒုက္ခပါပဲ။ စာမေးပွဲတော့ ကျတော့မှာပဲဟု စိုးရိမ်သော
ရောက်နေတုန်း လန့်နိုးလာတတ်သည်။

ထိုအိပ်မက်အကြောင်း မိန်းမကို ပြောပြတော့ သူလည်း ဒါမျိုးမ
တတ်သည်ဟု ပြော၏။ သူငယ်ချင်းတွေကို မေးကြည့်တော့လည်း စာမေ
မဖြေနိုင်သည့် အိပ်မက်မျိုးကို ခုချိန်ထိ တစ်ခါတစ်ခါ မက်တုန်းပဲ
ပြောကြသည်။

တစ်ခါက ကျွန်တော်တို့အဖေ ပြောဖူးသည်။

'ညက အိပ်မက်ထဲမှာ စာမေးပွဲဖြေရတယ်လို့ မက်တယ်
အသက်က ကြီးတော့ စာတွေကလည်း မေ့ကုန်ပြီ၊ ငါ့နှယ် ဒုက္ခ
လိုက်တာကွာ၊ တစ်ရေးနိုးတော့ အိပ်မက်အကြောင်း စဉ်းစားပြီး တစ်
တည်း ကျိတ်ရယ်မိသေးတယ်၊ အင်း ... ဒါကြောင့်လဲ လူ့ဘဝဆို
မေးခွန်းတွေနဲ့အတူတူ မွေးဖွားလာခဲ့ပြီး အဲဒီမေးခွန်းတွေရဲ့ အဖြေ
ရှာဖွေရင်းနဲ့ အချိန်တွေ ကုန်ကြရတာပဲလို့ ပညာရှိတွေက ပြောခဲ့
ပေါ့ကွာ'

တကယ်တော့ လူတို့သည် အိပ်မက်ထဲမှာသာမဟုတ်။ လက်
ဘဝမှာလည်း စာမေးပွဲနှင့် လွတ်အောင် ရှောင်လို့ မရနိုင်ချေ။
မှာတုန်းက ဖြေရသည့်စာမေးပွဲ။ အလုပ်ရဖို့ ဖြေရသော စာမေးပွဲ။
တိုးဖို့ ဖြေရသည့်စာမေးပွဲ။ မှတ်ပုံတင် နိုင်ငံသားလက်မှတ်လုပ်သော
ဖြေရသည့် စာမေးပွဲ ။ ပတ်စပို့လျှောက်သည့်အခါ ဖြေရသည့် စာ



...သည့်စာရင်းတိုင်သည့်အခါ ဖြေရသည့် စာမေးပွဲ။ ဈေးထဲက စာမေးပွဲ၊
...တ်စ်ကားပေါ်က စာမေးပွဲ ... ။ အိပ်မက်စာမေးပွဲ။ စသည်ဖြင့် များစွာ ... ။

နောက်ဆုံး လုံးဝ ခိုးချလို့မရသည့် စာမေးပွဲတစ်ခုကိုလည်း လူ
...င်းလူတိုင်း ကျိန်းသေ ဖြေရပေဦးမည်။ သေဆုံးပြီးနောက် ယမမင်းဆီမှာ
...ရမည့် စာမေးပွဲပင် ဖြစ်လေ၏။

[ ဝါနီပြာ မဂ္ဂဇင်း၊ ဒီဇင်ဘာ၊ ၁၉၉၄။ ]

www.burmeseclassic.com

www.burmeseclassic.com

## စိန်အလွမ်း

ကျွန်တော်သည် အခြားစာရေးဆရာ အတော်များများလိုပင် တက္ကသို[illegible] နောက်ခံဝတ္ထုများ၊ ကဗျာများ ရေးခဲ့ပါသည်။ စာရေးဆရာ ဖြစ်ခါစ[illegible] ရေးခဲ့သော လုံးချင်းဝတ္ထုများမှာ တက္ကသိုလ် အကြောင်းတွေ များပါသည်[illegible] လူငယ်စာရေးဆရာ အတော်များများသည် စာရေးခါစတွင် တက္ကသို[illegible] အကြောင်း ရေးကြတာများကြောင်း တွေ့ရသည်။

ဘာ့ကြောင့် ဒီလို ဖြစ်ရသလဲဟု ကျွန်တော့်ကိုယ်ကျွန်တော် ဆန်း[illegible] ကြည့်မိ၏။ အချက်နှစ်ချက်ကို တွေ့သည်။

ပထမအချက်က ဘွဲ့ရလို့ တက္ကသိုလ်နယ်မြေကို စွန့်ခွာခဲ့ရ[illegible] လည်း တသသ စွဲလမ်းနေဆဲဖြစ်၍ အလွမ်းပြေရေးမိခြင်း။

ဒုတိယအချက်ကတော့ ကိုယ်ကျွမ်းကျင်ပိုင်နိုင်သော နေရာ[illegible] ဖြစ်၍ သရုပ်ပေါ်အောင် ရေးသားနိုင်ခြင်း။

အထက်ပါအချက်နှစ်ချက်စလုံးသည် တက္ကသိုလ်နောက်ခံ[illegible] များ ရေးသားရာမှာ ကျွန်တော့်အတွက် များစွာ အထောက်အကူ[illegible] လေသည်။

* * *



[illegible]န်တော်သည် ရန်ကုန်တက္ကသိုလ်မှာ လေးနှစ်ခွဲလောက် ကျောင်းတက် [illegible]သည်။ ထိုကာလမှာ ကျွန်တော့်ဘဝ သက်တမ်းတစ်လျှောက် အပျော်ရွှင် [illegible] အတက်ကြွဆုံး၊ အလွတ်လပ်ဆုံးပင် ဖြစ်၏။

နေ့ကျောင်းသားဖြစ်သော်လည်း တော်ရုံတန်ရုံ အဆောင်ကျောင်း [illegible]သားတွေထက် ပိုပြီး ကျောင်းမှာ နှံ့စပ်သည်။ သိပ္ပံဘာသာတွဲနှင့် ဆယ် [illegible]န်းအောင်ပြီးကာမှ တက္ကသိုလ်မှာ ဝိဇ္ဇာဘာသာ (ဒဿနိကဗေဒ)ယူခဲ့ [illegible]ဖြင့် ဝိဇ္ဇာဘက်မှာရော သိပ္ပံဘက်မှာပါ သူငယ်ချင်းအပေါင်းအသင်း [illegible] ရှိသည်။ ပန်းချီအနုပညာအသင်းနှင့် ဆက်စပ်မိသောအခါ အသိ [illegible]ကျွမ်းက ပိုတောင် များလာသေးသည်။

မနက်စောစောထမင်းကြော်တစ်ပန်းကန်စားပြီး အိမ်မှထွက်ခဲ့ရာ [illegible]ကျောင်းထဲမှာပင် တစ်နေကုန်သည်။ ညမိုးစုပ်စုပ်ချုပ်မှ အိမ်ပြန်ရောက်တတ် [illegible]သည်။ တစ်ခါတစ်ရံ ကျောင်းမှာပင် အိပ်တတ်သည်။

ကျောင်းထဲက ကျွန်တော် အိပ်ဖူးသောနေရာများမှာ ရွှေဘိုဆောင်၊ [illegible]ဆောင်၊ ဒူးယားဆောင် နှင့် စက်မှုတက္ကသိုလ်အဆောင်များ ဖြစ်၏။ [illegible]ဆောင်တွေမှာသာမက တခြားနေရာများမှာလည်း အိပ်ဖူးသေးသည်။ [illegible]အနုပညာအသင်းကပိုင်သော ပန်းချီခန်းမ၊ သော့ပျက်နေသော စာ [illegible]ခန်းများမှာ။

ထိုမျှမက ‘တက္ကသိုလ်မှာ ငါတို့ မအိပ်ဖူးတဲ့နေရာမရှိစေရအောင်၊ [illegible]အမှတ်တရ ပြန်ပြောလို့ရအောင်’ဆိုပြီး ဘွဲ့နှင်းသဘင်ခန်းမရှေ့က [illegible]ကလှေခါးပေါ်မှာ ပုဆိုးလေးခြုံပြီး ကွေးခဲ့ဖူးသည်။ ကုံကော်တောက [illegible]သားတွေပေါ်မှာလည်း ငိုက်ခဲ့ဖူးသည်။ သူငယ်ချင်း ကဗျာဆရာ [illegible]သက်နှင့်အတူ တစ်ညလုံး အဓိပတိလမ်းပေါ်မှာ ပက်လက်လှန်ပြီး [illegible]တွေကို ကြည့်ခဲ့ကြဖူးသည်။ လုံခြုံရေးဝန်ထမ်းတွေက ကျွန်တော်တို့ကို

www.burmeseclassic.com

www.burmeseclassic.com



ခြင်တော့ လူနှစ်ယောက် ကားကြိတ်ခံရပြီး လဲနေတာမှတ်လို့ လာကြည့်ကြတာ မှတ်မိသေးသည်။

ကျွန်တော်တို့ သူငယ်ချင်းအုပ်စုမှာ သူများတွေထက် ထူးတာတစ်ခုရှိသေးသည်။ မိန်းကလေးဆောင် တစ်ဆောင်မှာ တစ်ည အိပ်ဖူးခြင်းပင် ဖြစ်၏။

ထိုစဉ်က စီးပွားရေးတက္ကသိုလ်ကျောင်းသူများနေသော အင်ကြင်းဆောင်၏ အဆောင်မှူးမှာ ကျွန်တော်၏ ငယ်ဆရာမ ဖြစ်သည်။ သူ့အဆောင်မှ နံရံကပ်စာစောင် ထုတ်လျှင် ကျွန်တော်က ပန်းချီအသင်း သူငယ်ချင်းများနှင့်အတူ သွားရောက် တာဝန်ယူ လုပ်ကိုင်ပေးရသည်။

တစ်ခါတော့ ညမိုးချုပ်သည်အထိ နံရံကပ်စာစောင်က မပြီးသေးဘဲ ဖြစ်နေ၏။ နောက်တစ်နေ့မှာ ဝါဆိုသင်္ကန်းကပ်ပွဲ ရှိသည်။ နံရံကပ်စာစောင်ကိုလည်း တစ်ခါတည်း ခင်းကျင်းပြရမည် ဖြစ်၏။ ဆရာမက ပြီးအောင်သာလုပ်ဟု ဆိုသည်။

ထို့ကြောင့် အားကြိုးမာန်တက်လုပ်ကြရာ ညဆယ့်နှစ်နာရီ ထိုးခါနီးပြီးသည်။ အိမ်ပြန်ကြဖို့ မဖြစ်နိုင်တော့။ သို့ဖြင့် အဆောင်မှူးဆရာမ ဧည့်ခန်းထဲမှာ စုအိပ်ကြရသည်။ တံခါးတွေကိုတော့ အပြင်ကနေအလုံပိတ်သော့ခတ်ထားသည်။ ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့သည် ထူးထူးခြားခြား မိန်းကလေးဆောင်မှာ ညအိပ်ခဲ့ဖူးသည်ဟု ကြွားစရာတစ်ခုတော့ ကြုံခဲ့ရသည်။

* * *

ဘယ်ခေတ်မှာပဲဖြစ်ဖြစ် တက္ကသိုလ်ကျောင်းသားဘဝသည် ပျော်စရာကောင်းသည်ချည်းပင် ဖြစ်ပါလိမ့်မည်။ သို့တိုင်အောင် ကျောင်းသား ကျောင်းသူ



က ကိုယ့်ခေတ်သည် ပျော်စရာအကောင်းဆုံးဟု ထင်ကြမှာ သေချာသည်။ ကျွန်တော်ကလည်း ကျွန်တော်တို့ခေတ်သည် ပျော်စရာ အကောင်းဆုံးဟုပင် ဆိုချင်သည်။

ကျွန်တော်တို့ ကျောင်းတက်ခဲ့သည့် အချိန် (၁၉၇၂–၁၉၇၇) မှာ စရိတ်စက အလွန်သက်သာသောကာလဖြစ်၏။

ပထမနှစ် စတက်သော ၁၉၇၂ တွင် လက်ဖက်ရည်တစ်ခွက်မှ သုံးဆယ့်ငါးပြားသာ ရှိသေးသည်။ ဒူးယားစီးကရက်တစ်လိပ် ဆယ့်ငါးပြားဖြစ်၏။ တစ်နေ့လျှင် အသုံးစရိတ် တစ်ကျပ်၊ ငါးမတ်လောက်သာ ကုန်ကျသည်။ ကျောင်းလခက တစ်လ ဆယ့်ငါးကျပ်ဖြစ်ပြီး နှစ်လတစ်ကြိမ် ဆေးသွင်းရသည်။ အဆောင်နေသည့် ကျောင်းသားကမူ တစ်လ လေးဆယ့်နှစ်ကျပ်လား ပေးရသည်။ ထမင်းနှစ်နပ် ကျွေးသည်။ နေ့လယ်ကော်ဖီနှင့်မုန့် တိုက်ကျွေးသေးသည်။ (အဆောင်မှာ ဟင်းမကောင်းတာကတော့ ဘယ်ခေတ်မှာပဲဖြစ်ဖြစ် အတူတူပင် ဖြစ်လိမ့်မည်ထင်၏။)

နေ့ကျောင်းသားတွေကလည်း အဆောင်က သူငယ်ချင်းများနှင့် လိုက်သွားပြီး အဆောင်ထမင်းဟင်းကို ခပ်တည်တည် ဝင်စားလို့ရသည်။ ဘယ်သူကမှ ဟန့်တားခြင်း မရှိ။ နောက်ပိုင်း ကုန်ဈေးနှုန်းတွေ ကြီးလာတော့မှ ထမင်းစားလက်မှတ်တွေ ဘာတွေ ပေါ်လာခြင်းဖြစ်၏။

တစ်ခုတော့ရှိသည်။ ထိုအချိန်က စီမံခံပစ္စည်း အလွန်ရှားခြင်းပင် ဖြစ်သေးသည်။ မော်တော်ကား ၊ ရေဒီယို၊ ကက်ဆက် စသည်တို့သာမက ဆပ်ပြာမွှေး၊ သွားတိုက်ဆေးတို့လို အိမ်သုံးပစ္စည်း အသေးအဖွဲကလေးတွေအထိ စီမံခံပစ္စည်းစာရင်းထဲ ပါနေသည်။

အဝတ်အစားလည်း အလွန်ရှားသည်။ တက်ထရွန်ရှပ်အင်္ကျီ အဖြူအသေးတစ်ထည်လောက် အစင်းကလေး အကွက်ကလေး တစ်ထည်

www.burmeseclassic.com

www.burmeseclassic.com



နှစ်ထည်လောက်နှင့် ပြီးသည်။ တက္ကသိုလ်ကျောင်းသားကျောင်းသူများမှာ အရပ်ထဲက သူလိုငါလိုလူများကဲ့သို့သာ ဝတ်စားဆင်ယင်ကြသည်။ ကျောင်းထဲမှာ ဖက်ရှင်ပြပွဲလို အပြိုင်အဆိုင် ဝတ်စားကြတာမျိုး သိပ်မရှိ။ အဝတ်အစား ဒီဇိုင်းဆန်းဆန်းခပ်ကြောင်ကြောင်ဝတ်လာလျှင် ဝိုင်းအဟားခံရဖို့များသည်။

ကျောင်းသူများအနေနှင့် စကတ်ဝတ်ဖို့ မပြောနဲ့၊ ထဘီကို ခြေသလုံးပေါ်အောင် ဝတ်မိလျှင်ပင်

'ကောက်စိုက်မလို့လား ဟေ့'

'ခြေသလုံးမှာ မျှော့ကြီး မျှော့ကြီး'

ဟု ဝိုင်းအော်ခံရမှာ သေချာသည်။

ကျောင်းသူတွေ ဖက်ရှင်ဒီဇိုင်းပြပွဲလို အဝတ်အစား အသစ်အဆန်းဝတ်လို့ရသော နေ့တစ်နေ့တော့ ရှိသည်။ ဘွဲ့နှင်းသဘင်နေ့မတိုင်ခင် အပြီးသတ် အစမ်းလေ့ကျင့်သောနေ့ပင် ဖြစ်၏။ တကယ်ဘွဲ့ယူရမည့်နေ့တွင် အပေါ်က ဘွဲ့ဝတ်စုံကြီးဝတ်ထားရမည်ဖြစ်၍ အထဲက ဝတ်ထားတာပေါ်မည် မဟုတ်။ ထို့ကြောင့် အစမ်းလေ့ကျင့်သည့်နေ့မှာ အစွမ်းကုန် ဝတ်စားလာကြသည်။ ကျွန်တော်တို့ကျောင်းသားတွေကလည်း ဖက်ရှင်ပြပွဲကြည့်သလိုကြည့်ပြီး အော်ဟစ်အားပေးကြလေသည်။

ထိုစဉ်က မော်တော်ကားတွေလည်း ခုလို မများလှသေး။ ကိုယ်ပိုင်ကားနှင့် ကျောင်းတက်နိုင်သူ အနည်းငယ်သာ ရှိသည်။ ကိုယ့်ဘာသာကားမောင်းပြီး ကျောင်းကိုလာနိုင်သူဆိုလျှင် လက်ချိုးရေလို့ရပြီး လူတွေက ထူးထူးခြားခြား မှတ်မိနေတတ်သည်။

* * *



အများစုမှာ တက္ကသိုလ်ကျောင်းသားကျောင်းသူဆိုပြီး သုံးလိုက်ဖြုန်းလိုက် ဒါဝါကြွားကြွား မနေနိုင်ကြ။ တချို့မှာ ကျောင်းစရိတ်ကာမိအောင် အလုပ်လုပ်ကြရသေးသည်။ ကျွန်တော်သည်လည်း တစ်ဘက်မှ စာအုပ် လုပ်ငန်းကိုလုပ်ရင်း ကျောင်းတက်ရသူ ဖြစ်၏။

သို့တိုင်အောင် မပြည့်စုံသောအခြေအနေကို မညည်းညူကြ။ ကျောင်းဝင်းထဲကို ရောက်သည်နှင့် အဆင်မပြေတာတွေ အားလုံးကို မေ့သွားကြရသည်။ ငါတို့ပိုင်သော နယ်မြေထဲရောက်ပြီဆိုပြီး စိတ်ထဲက အလိုလိုလုံခြုံစိတ်ချသွားကြရသည်။ ကျောင်းတော်ကြီးကို မိမိတို့ ဘိုးဘွား အစဉ်အဆက်က ပိုင်ဆိုင်လာခဲ့သော ခြံဝင်းကျယ်ကြီးလို သဘောထားသည်။ အဆောက်အဦများကို မိသားစုပိုင်အိမ်ရာတွေလို တွယ်တာသည်။ သစ်ပုပ်ပင်ကြီးကိုပင် ကိုယ့်အဘိုး ကိုယ်တိုင် စိုက်ခဲ့သလို အောက်မေ့ကြလေသည်။

ကျွန်တော်သည် တက္ကသိုလ်ကို ကိုယ့်အိမ်လို သဘောထားပြီး နေခဲ့သူဖြစ်၏။ ကျောင်းထဲမှာ လျှောက်သွားရင်း ညဉ့်နက်သွားလျှင် အဆောင်က သူငယ်ချင်းတစ်ယောက်ယောက် အခန်းမှာ တက်အိပ်လိုက်ရသာ ဖြစ်၏။

ကျွန်တော်နှင့်ပေါင်းမိသော သူငယ်ချင်းများမှာလည်း ဘာသာရပ်တူလို့ ပေါင်းမိခြင်း မဟုတ်ဘဲ ဝါသနာတူချင်း ဆုံမိကြခြင်းဖြစ်၍ ပိုပြီးညီညွတ်သည်။ ကဗျာသမား၊ စာသမား၊ ပန်းချီအနုပညာသမားများ။ အချို့ဆိုလျှင် ခုချိန်ထိ စာပေနယ်ထဲမှာ လုပ်ဖော်ကိုင်ဖက်များအဖြစ် တတွဲတွဲရှိနေတုန်းဖြစ်၏။

ကျွန်တော်တို့အုပ်စုမှာ လူလည်း စုံသည်။ အနယ်နယ်အရပ်ရပ်က လာကြသူတွေ ဖြစ်၏။ အထက်အညာသား (သပိတ်ကျင်း)မှသည်

www.burmeseclassic.com

www.burmeseclassic.com



မြိတ်သားအထိ ပါသည်။ ရန်ကုန်တက္ကသိုလ်၊ စီးပွားရေးတက္ကသိုလ်၊ လုပ်သားများကောလိပ်၊ ဆေးတက္ကသိုလ်၊ စက်မှုတက္ကသိုလ်တို့မှ ကျောင်းသားများ ဖြစ်ကြသည်။

နောက်သည့်ပြောင်သည့်နေရာမှာလည်း ရှာမှရှားသည်ဟု ဆိုရမည်။ ဒီအရွယ်ကြီးတွေရောက်မှ တက္ကသိုလ်ကျောင်းဝင်းထဲမှာ ဂေါ်လီရိုက်ချင် ရိုက်တတ်သည်။ တုတ်တစ်ချောင်းစီ ကိုင်ပြီး ပင်ပေါင်ဘောလုံးဖြင့် ဂေါက်သီး ရိုက်ချင်ရိုက်သည်။

ယန်းချိုခန်းမှာ မော်ဒယ်အဖြစ် အသုံးပြုသော အရိုးခေါင်းကြီးတစ်လုံးရှိသည်။ ဝါးလုံးနှစ်ချောင်းကို ကန့်လန့်ဖြတ်ချည်၊ ထိပ်မှာ အရိုးခေါင်းစွပ်၊ အဝတ်နက်တစ်ထည် ခြုံပေးပြီး ညနေကျောင်းသူတွေ အဆောင်ပြန်သည့် လမ်းက စောင့်နေသည်။ လာပြီဆိုမှခြုံထဲကနေ ဘွားခနဲ ပေါ်လာအောင် လုပ်ပြီး 'ဟား ဟား ဟား ဟား' ဟု အသံသြသြကြီးနှင့် အော်သည်။

ကျောင်းသူတွေ လန့်ပြီး အော်ကြသည်။ အဆောင်သူများမှာ အနောက်အပြောင် ခံရပေါင်း များပြီဖြစ်၍ စိတ်မဆိုးကြ။ သူတို့အဆောင်ကို ယောကျ်ားလေးတွေ လာလည်သည့်အခါမှာလည်း သူတို့က ခြေလှမ်းများလောက်အောင် ဝိုင်းဟားကြတာပဲ မဟုတ်လား။

ညဘက်ကျလျှင်တော့ မိန်းကလေး အဆောင်တွေရှေ့သွားပြီး သီချင်း ဆိုကြသည်။ ဂစ်တာတစ်လက်နှင့် ခေတ်ပေါ်သီချင်းတွေ ဆိုသည့်အခါဆိုသည်။ 'ဗွေးဒုတ်'တို့ 'နပန်းဆံ'တို့လိုသီချင်းတွေကို အုပ်စုလိုက် အသံကုန်ဟစ်ချင်ဟစ်သည်။ ရှိပြီးသားသီချင်းတွေကို စာသားဖျက်ပြီး ဆိုချင်ဆိုသည်။(မောင့်လပြည့်ဝန်းကို မောင့်လက်ပစ်ဖုံးဟု စာသားပြောင်း ဆိုတာမျိုး ဖြစ်၏။)



တစ်ခါတလေ ရန်ကုန်တက္ကသိုလ်က အဆောင်တွေရှေ့မှာ ဆိုရတာ ရိုးအီလျှင် လှိုင်နယ်မြေဘက်က အင်ကြင်းတို့ ကံ့ကော်တို့ရှေ့မှာ ဖြစ်စေ၊ စက်မှုတက္ကသိုလ် ဂျိဟောရှေ့မှာ ဖြစ်စေ သွားဆိုတတ်သည်။

ကျောင်းသားလူငယ်ပီပီ ပျော်ပျော်ပါးပါး နောက်နောက်ပြောင်ပြောင်နေတတ်သော်လည်း ဟောဟောရမ်းရမ်းတော့ မရှိကြ။ ကျောင်းသူတွေကို ပျော်စေပျက်စေ နောက်ပြောင်တာမျိုးသာ ဖြစ်၏။ အိန္ဒြေပျက်လောက်အောင် မနှောင့်ယှက်ကြ။ တခြား ကျောင်းသူတစ်ယောက်ကို စော်ကားလျှင်လည်း မခံ။ ကိုယ့်နှမကို ထိသလို သဘောထားသည်။

အမိတက္ကသိုလ်၏ ဂုဏ်သိက္ခာကိုလည်း အလွန်တန်ဖိုးထားသည်။ ကိုယ့်ကိုယ်ကို တက္ကသိုလ်ကျောင်းသားဆိုပြီး စိတ်ကြီးဝင်မိတာမျိုးတော့ အထိုက်အလျောက်ရှိသည်။ ထိုစိတ်ကြောင့်ပင် ကိုယ်ရည်ကိုယ်သွေး မြင့်မားပြီး သိမ်ငယ်ညံ့ဖျင်းသော အပြုအမူ အပြောအဆိုများကို ရှောင်ရှားနိုင်ကြခြင်းမှာလည်း အမှန်ပင်ဖြစ်၏။

* * *

ကျွန်တော်သည် တက္ကသိုလ်ပထမနှစ်မှစ၍ စာပေလောကထဲ ဝင်နိုင်ဖို့ ကြိုးစားနေပြီဖြစ်၏။ ကဗျာတွေ ဝတ္ထုတွေရေးပြီး မဂ္ဂဇင်းတိုက်များသို့ ပို့သည်။ ကျောင်းက နံရံကပ်စာစောင်များ၊ နှစ်လည်မဂ္ဂဇင်းများမှာ ကဗျာတွေ ရေးသည်။ သူငယ်ချင်းများစုပြီး လက်ရေးကဗျာစာအုပ်ကလေးများ ရေးသားထုတ်ဝေသည်။

ယုဒသန်မျှော်စင်ထိပ်ဖျားမှ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက် မြေအောက်ခန်းအထိ နှံ့နှံ့စပ်စပ် ရောက်ဖူးခဲ့သဖြင့် တက္ကသိုလ်အကြောင်းကို ပိုင်နိုင်စွာ ဖွဲ့ဆိုနိုင်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



တက္ကသိုလ်၏ အထင်ကရ အဆောက်အအုံ အမှတ်အသားများက ကျွန်တော်၏ ရေးဖွဲ့လို့ အကောင်းဆုံး ဇာတ်ကောင်များပင် ဖြစ်၏။ 'နှလုံးသားတို့၏ ပူးတွဲကြေညာချက်' ဟူသောကဗျာတွင် အောက်ပါအတိုင်း ကျွန်တော် ရေးခဲ့သည်။

သိပ်ချစ်ကြသော
ငါတို့နှစ်ဦး၏ နှလုံးသားကို
လှစ်ကြရန် ကြံစည်သူသည်
အင်းလျားကန်၏ ဝမ်းဗိုက်ကို
ဓားဖြင့်ခွဲရန် ကြံစည်သကဲ့သို့လည်းကောင်း၊
သစ်ပုပ်ပင်ထိပ်ဖျားဌ်သာနေသော
လပြည့်ဝန်းကို
မျက်နှာသစ်ပေးရန် ကြံစည်သကဲ့သို့လည်းကောင်း၊
သထုံဆောင်နှင့် အင်ကြင်းဆောင်ကို ဥမင်လိုဏ်ခေါင်းတူး၍
ဆက်သွယ်ရန် ကြံစည်သကဲ့သို့လည်းကောင်း၊
ယုဒသန်မျှော်စင်ကို
ရွှေရည်စိမ်ရန် ကြံစည်သကဲ့သို့လည်းကောင်း၊
ဘွဲ့နှင်းသဘင်ခန်းမပေါ်ဌ်
ဖယောင်းတိုင်သက်စေ့ထွန်း၍
မွေးနေ့ကိတ်မုန့်အဖြစ်
အသုံးပြုရန် ကြံစည်သကဲ့သို့လည်းကောင်း
အလွန်မိုက်မဲလှစွာသော
သူရူးသာ ဖြစ်လိမ့်မည်တည်း။

* * *



တစ်ခုသော နွေရာသီ၏ နေ့တစ်နေ့ကို ကျွန်တော် ဘယ်တော့မှ မမေ့။ နောက်ဆုံးနှစ်စာမေးပွဲ၏ နောက်ဆုံးနေ့ဖြစ်သော နှုတ်ဖြေမေးခွန်းကိုဖြေပြီးနောက် အဓိပတိလမ်းအတိုင်း ကျွန်တော် လျှောက်လာခဲ့သည်။

ဒီနေ့သည် ကျွန်တော့်အဖို့ တက္ကသိုလ်ကျောင်းသားဘဝ၏ နောက်ဆုံးနေ့။ ကျွန်တော်တို့သည် တက္ကသိုလ်ကျောင်းတော်ကြီးမှာ လေးနှစ်လေးမိုးနေခဲ့သည်။ နောက်တစ်ကြိမ် ပြန်လည်မရရှိနိုင်သော ပျော်ရွှင်ဖွယ် နေ့ရက်များကို ဖြတ်သန်းခဲ့ကြသည်။

အခုတော့ တက္ကသိုလ်နယ်မြေကို ခွဲခွာရတော့မည်။ မျက်လွှာချနေသော မိခင်နှင့်တူသော ဘွဲ့နှင်းသဘင်ခန်းမကြီး။ မကွဲနိုင်သော မှန်တစ်ချပ်ဟု ကျွန်တော် တင်စားခဲ့သော အင်းလျားကန်ကြီး။ မော်ရုံဟောဝန်ကဲ့သို့ ညှိုင်ဖမ်းစားနိုင်သော ကံ့ကော်တောတို့သည် နောက်မှာ ကျန်ခဲ့ပြီ။

အဓိပတိလမ်းထိပ် မုခ်ဦးတံခါးဝမှာ ကျွန်တော် ရပ်လိုက်သည်။ လွမ်းဆွတ်တသဖွယ်သော ပရဝုဏ်ကို တစ်ချက် လှည့်ကြည့်သည်။ရှေ့ကို တစ်လှမ်းလှမ်းလိုက်လျှင် လက်တွေ့ဘဝခရီးအစသို့ ခြေချမိတော့မည်။ ထိုခဏ်မှာပင် ကျွန်တော့်ရင်ဌ် ကဗျာတစ်ပုဒ် ဖြစ်ပေါ်လာသည်။

ရှေ့သို့ လှမ်းလျှင်
ခြေရာထင်မည်
အသင် စိုးရွံ့နေသလော။ ။

[ တျှန်းသာမဂ္ဂဇင်း။ ။ ရန်ကုန်တက္ကသိုလ်စိန်ရတုနေ့ကျောင်းသားများ၊ ဒီဇင်ဘာ၊ ၁၉၉၅။ ]

www.burmeseclassic.com

www.burmeseclassic.com

## အဖေ၊ ကျွန်တော်၊ ဆေးလိပ်

မိန်းမသည် ဆေးလိပ်ကို ရန်ရှာနေတာ အတော်ကြာပြီ။ သမီးရည်းစား ဖြစ်ခါနီး အချိန်ကပင် စတင်ခဲ့သည်။ ကျွန်တော်သည် သူ့အချစ်ကို ရဖို့ အကြိတ်အနယ် ဆွေးနွေးစဉ်အခါမှာပင် ဆေးလိပ်တဖွာဖွာနှင့်ဖြစ်၏။

သူ့အနေနှင့်လည်း တက္ကသိုလ်နောက်ဆုံးနှစ်တောင် ရောက်နေပြီ ဖြစ်၍ ဆေးလိပ်ဖြတ်မှ အဖြေပေးမယ်ဟု ပြောလို့ ယုတ္တိမတန်မှန်း သိနေသည်။ သို့တည်းမဟုတ် ကျွန်တော်က အဖြေမပေးချင်နေ၊ ဆေးလိပ်တော့ မဖြတ်နိုင်ဘူးဆိုတာမျိုးဖြစ်သွားမှာကို သူ စိုးရိမ်မိခဲ့တာလည်း ဖြစ် ကောင်းဖြစ်နိုင်သည်။

ထို့ကြောင့် သူသည် အချစ်နှင့် ဆေးလိပ်ကို ဆက်စပ်ခြင်းမပြုတော့ဘဲ ကျွန်တော့်ကို လက်ခံလိုက်သည်။

'အဖေက ဆေးလိပ်သောက်တာ မကြိုက်ဘူး'

ဆိုသောစကားကိုတော့ ကြိုတောက်ထားလိုက်၏။ ထိုသတိပေး ချက်သည်လည်း သိပ်မထိရောက်လှပါ။ သူတို့အိမ်ကို ကျွန်တော် ဝင်ထွက် သွားလာခွင့်ရသောအချိန်မှာပင် သူတို့အဘွားဖြစ်သူက တစ်တောင်လော



ရှိသော လက်ဖြစ် ဆေးပေါ့လိပ်ကြီးနှင့်။ သူတို့အဖေက ကျားပျံမကောက် ဆေးပေါ့လိပ်ကြီး တဖွာဖွာ၊ သူ့မောင်တွေ လက်ကြားမှာ စီးကရက်၊ ဆေးပေါ့လိပ် မီးခိုးတလူလူ တွေ့ရလေသည်။ ဒီတော့ ကျွန်တော်လည်း ဆေးလိပ်မီး တရဲရဲနဲ့ပေါ့။

လက်ထပ်ခါနီးမှာ တစ်ခါ ရမယ်ရှာခံရသည်။ ဖြစ်ရတာက ဆေး လိပ်နှင့် ဘာမှမဆိုင်။ သင်္ကြန်တွင်းမှာ သူငယ်ချင်းတွေနှင့် ပျော်ပျော် ပါးပါးနေရင်း အရက်ကလေး နည်းနည်းသောက်မိသည်။ ရေစိုလိုက်၊ နေ ပူလို့ ပြန်ခြောက်လိုက်။ အရက်ကလေး တစ်ခွက်နှစ်ခွက် ဝမ်းထဲဝင်လိုက် နှင့် အဆုတ်ကို အအေးမိပြီး ချောင်းဆိုးလာခြင်း ဖြစ်၏။ သိပ် ဂရုတစိုက် လုပ်မိသဖြင့် ချောင်းဆိုးရက်က ကြာလာသည်။ ထိုအခါ သူက တီဘီတွေ ဘာတွေ ဖြစ်နေမလားဟု စိုးရိမ်သည်။ ဆေးစစ်ကြည့်ပါလားဟု တိုက်တွန်း သည်။

ဓာတ်မှန်ရိုက် သွေးစစ်လုပ်ကြည့်တော့ ဘာမှမဖြစ်ပါ။ အားလုံး ကောင်းသည်ဟု ဆို၏။ ဒီတုန်းကသာ တစ်ခုခုတွေ့ခဲ့လျှင် မိန်းမရဖို့ နောက်လ တစ်နှစ်စောင့်ခဲ့ရဖွယ် ရှိ၏။

ဒီနောက်ပိုင်းမှာတော့ သူသည် ဆေးလိပ်နှင့် ပတ်သက်၍ ပေယျာ ကန်ပြုထားလိုက်လေသလား မသိ။ ဘာမှ မပြောတော့ချေ။

* * *

ကျွန်တော်သည် ဆေးလိပ်ကို တက္ကသိုလ်ပထမနှစ် ကျောင်းသားဘဝက ကော်မက်မောမော သောက်လာခဲ့သူဖြစ်၏။ ဆေးလိပ်သည် ကျွန်တော့် ငယ်ချစ်လို ဖြစ်နေသည်။ ဆေးလိပ်ဖြတ်ဖို့ကို ဘယ်တုန်းကမှ ကူးခဲ့။

www.burmeseclassic.com

www.burmeseclassic.com



ဆေးလိပ်သည် ကျွန်တော်၏ အဖော်လည်း ဖြစ်သည်။ ညဘက် လူခြေတိတ်ချိန်မှာ တစ်ယောက်တည်း စာထိုင်ရေးသည့်အခါ သူ့တန်ဖိုး သိရ၏။ အားလုံးအိပ်ကုန်ကြပြီဖြစ်၍ စကားပြောဖော်လည်း မရှိ၊ စာရေးရင်း ပျင်းလာသည့်အခါ ငြီးငွေ့လာသည့်အခါ ဆေးလိပ်ကလေး ကောက်ဖွာရသည်။ မီးခိုးငွေ့တွေကို ကြည့်ရင်း ရှေ့ဆက်ရေးဖို့ အကြောင်း အရာကို စဉ်းစားရသည်။

ဆေးလိပ်သာမရှိလျှင် ဒီဝတ္ထုတွေ ကဗျာတွေ ဖြစ်တောင်ဖြစ်လာ ပါ့မလားဟုပင် ထင်ရ၏။

ဤသို့ဖြင့် ဆေးလိပ်သက်က စာရေးသက်၊ အိမ်ထောင်သက် ထက်ပင် ပိုရှည်ကြာပြီး အနှစ်နှစ်ဆယ်ကျော်လာခဲ့သည်။

ဟိုတစ်လောကတော့ အလိုလိုနေရင်း မောချင်သလိုလို၊ အသက် မဝသလိုလို၊ ရင်ထဲက ကျပ်သလိုလိုဖြစ်လာသည်။ ထိုအခါ မိန်းမသည် နှစ်အတော်ကြာအောင်ဥပေက္ခာပြုထားသည့်ကိစ္စကို ပြန်အစဖော်ခဲ့လေသည်။

'ဆေးလိပ်တွေ သိပ်သောက်တာကိုး'

ဟု သူက ပြောသည်။ ဆေးစစ်ကြည့်ဖို့ တိုက်တွန်းသည်။ ဓာတ် ရိုက်သွေးစစ်ကြည့်တော့ အဖြေက ထုံးစံအတိုင်း ဘာမှမဖြစ်ပါ၊ အား ကောင်းပါတယ် တဲ့။

သို့တိုင်အောင် ကျွန်တော်သည် အရင်ကလို မဆေမတော့ရဲ ခုချိန်မှာ ကျန်းမာရေးက အရေးကြီးလာပြီ။ ကျန်းမာရေးဆိုင်ရာ အသိအ တွေ ရလာတာကြောင့်ချည်းပဲမဟုတ်။ စရိတ်စကတွေ ကြီးမြင့်ခြင်း အစိကအကြောင်း ဖြစ်၏။

လက်လှုပ်မှ ပါးစပ်လှုပ်နိုင်မည့် အခြေအနေဖြစ်သောကြောင့် ကိုယ်ကို အလဲမခံနိုင်။ ဦးနှောက်ကလည်း လက်နှင့်အတူ လှုပ်ရှား



အောင် ကျန်းမာဖို့ လိုသေးသည်။ ပြီးတော့ ဆေးဝါးတွေက ဈေးကြီး၊ ဆေးကုသစရိတ်တွေက တက်လာ ဆိုတော့ ကျန်းမာရေးကို အထင်သေးချင် မရတော့။

သို့တိုင်အောင် ဆေးလိပ်ကို တိကနဲ ဖြတ်ပစ်ဖို့ စိတ်မကူးသေးပါ။ မိန်းမစကားကို နားထောင်ဖို့တော့ ဆုံးဖြတ်လိုက်သည်။

သူ့စကားမှာ 'ဆေးလိပ်တွေ သိပ်သောက်တာကိုး' ဟူ၍ဖြစ်သဖြင့် သိပ်မသောက်ဘဲ လျှော့သောက်လျှင် သူ့ကို လေးစားရာကျနိုင်သည်။

ကျွန်တော့်ကျန်းမာရေးလည်း တိုးတက်လာနိုင်သည်။

ထို့ကြောင့် ဆေးလိပ်လျှော့သောက်ဖို့ အစီအစဉ်တွေ လုပ်ရသည်။ တစ်နေ့ကို လေးလိပ်ထက် ပိုမသောက်ဘူးဟု အရေအတွက်ကို ဦးစွာ သတ်မှတ်လိုက်သည်။ ပြီးတော့ ဘယ်လို ဆေးလိပ်မျိုးသောက်မလဲဟု စဉ်းစားသည်။

ကျွန်တော်က စီးကရက် သောက်လေ့မရှိ။ ဆေးပေါ့လိပ်ထဲက ရွေးရမည်။ ဂျိုးသိန်းတို့၊ ရွှေပြည်စိုးတို့က အလိပ်သေးသဖြင့် မြန်မြန် ကုန်လွယ်သည်။ သို့ဖြင့် ကျွန်တော်တို့မြို့နယ်က ထုတ်လုပ်သော ဂျက်ကမ္ဘာ ဆေးလိပ်ကို ရွေးလိုက်သည်။ သူက အလုံးတုတ်ပြီး ရှည်လည်း ရှည်သဖြင့် သောက်ခံသည်။

အမျိုးအစားနှင့် အရေအတွက်ကို သတ်မှတ်ပြီးပြီ။ ဘယ်ပုံဘယ် သောက်မလဲဆိုတာ စဉ်းစားဖို့သာ ရှိတော့သည်။

* * *

ဆေးလိပ်သောက်ပုံ သောက်နည်းကို လေ့လာကြည့်သည်။ ရှေး တွေလည်း ဆေးလိပ်သောက်ကြသည်။ အသက်လည်း ရှည်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့အဘွားလေး ဓေါ်သိန်းသည် ဆေးလိပ်သောက်တ
သူဖြစ်သည်။ အသက်ရှစ်ဆယ်အထိ ကျန်းကျန်းမာမာ နေသွားသည်
အဘွား ဆေးလိပ်သောက်ပုံကို ပြန်စဉ်းစားကြည့်သည်။ မန
အိပ်ရာက နိုးလျှင် ပဲပြုတ်နှင့် ထမင်းသို့မဟုတ် မုန့်ဟင်းခါးစားပြီးလျှ
မစိန်ညွန့်ဆေးပေါ့လိပ်ကြီးကို မီးညှိ၍ စတိုင်နှင့်ဖွာသည်။ အားရလော
ပြီဆိုလျှင် ဆေးလိပ်ကို နှပ်ထားပြီး လုပ်စရာရှိတာ လုပ်သည်။ မနက်
ထမင်းစားပြီးတော့ တစ်ခါ ဖွာသည်။ နေ့လယ် တစ်ရေးတစ်မော အိပ်
မှ အထတွင် တစ်ခါ။ ထိုအချိန်တွင် ဆေးပေါ့လိပ်ကြီး တစ်ဝက်ကျိုး
ညစာစားပြီးသည့်အခါကျလျှင်တော့ ထမင်းလုံးစီရင်း ဆေးပေါ့လိပ်
ခ်ိမ်နှင့် ဖွာသည်။ ဆေးလိပ်ကုန်သည့်အချိန်မှာ အိပ်ရာဝင်သည်။
ဆန်းစစ်ကြည့်သောအခါ အဘွားသည် တစ်နေ့လုံးမှ ဆေးပေါ့လိ
ကြီး တစ်လိပ်သာ သောက်ခြင်း၊ အဓိကအားဖြင့် အစာစားပြီးချိန်က
သင့်တင့်ရုံသောက်ခြင်း၊ ဓိမ်ကျကျ အေးအေးဆေးဆေး သောက်ခြင်းတို့
တွေ့ရသည်။
ကျွန်တော်အပါအဝင် လူတော်တော်များများ ဆေးလိပ်သော
မှာ ဒီလိုမဟုတ်။ စည်းမရှိ ကမ်းမရှိ သောက်ချင်တိုင်း သောက်ကြ
ဖြစ်၏။
အစက ဆေးလိပ်ကို အပျင်းပြေဖွာသည်။ နောက်တော့ စွဲသွာ
မသောက်ရမနေနိုင် ဖြစ်လာသည်။ သောက်နေကျသွားတော့လည်း ငြီ
သည်။ တကယ် မက်မက်မောမော သောက်တာထက် အပျင်းပြေ ဖွာ
က ပိုများလာပြန်သည်။ များသောအားဖြင့် သွေးသားက တကယ်တော
လို့ သောက်ရသည့်အကြိမ်က နည်းနည်းသာ ရှိသည်။ အကျင့် ပါနေ
ကြောင့် အလွယ်တကူ အမှတ်တမဲ့ မီးကောက်ညှိတာက များနေ



ကားမောင်းရင်း သောက်ခြင်း၊ စကားပြောရင်း သောက်ခြင်း၊
ဆတ်ရင်း သောက်ခြင်း၊ အလုပ်လုပ်ရင်း သောက်ခြင်းတို့မှာ ဆေးလိပ်
ရသာကို အမှန်စင်စစ် ပြည့်ပြည့်ဝဝ မခံစားရဘဲ အလဟဿ ဖြစ်သွား
သည်ဟု တွေးမိသည်။ အာရုံက ဆေးလိပ်ပေါ်မှာ မရှိသောကြောင့် ကိုယ်
ဆေးလိပ်သောက်နေပါလားဆိုတာ သတိမမူနိုင်သောကြောင့် ဖြစ်၏။
ဆုတ်ကတော့ ဝင်လာသမျှ အဆိပ်မီးခိုးများကို တင်းပြည့်ကျပ်ပြည့်
ယူရလေသည်။ ဒီလိုပုံစံမျိုးသောက်သူများမှာ ရောဂါ ကြီးကြီးမားမား
ဆိုးဝါးဝါး ခံစားရလေ့ရှိသည်ဟု ထင်၏။
ထို့ကြောင့် ကျွန်တော်သည် အဘွား၏ ဆေးလိပ်သောက်ပုံ
သောက်နည်းကို အတုယူကြည့်သည်။
မနက်အိပ်ရာမှ နိုးလျှင် လက်ဘက်ရည်သောက်မုန့်စားပြီး ဆေးလိပ်
လိပ် စညှိသည်။ အာသာပြေရုံလောက် သောက်ပြီး ပြန်ချထားလိုက်
သည်။ လုပ်စရာရှိတာ လုပ်ရင်း မေ့မေ့ပျောက်ပျောက် နေလိုက်သည်။
ကြားထဲသောက်ချင်လာလျှင် တတ်နိုင်သမျှ အောင့်ထားသည်။ မတတ်
တော့ဘူးဆိုမှ လေးငါးဖွာလောက် ဖွာပြီး ပြန်ချထားသည်။ မနက်စာ
င်းစားပြီးချိန်မှာလည်း ဒီအတိုင်း ဖွာသည်။ နေ့လယ် လက်ဖက်ရည်
ချိန်ကျမှ စိတ်ကြိုက်ဖွာသည်။ ပြီးတော့ ပြန်နှပ် ထားလိုက်သည်။
ည စာစားပြီးချိန်အထိ သုံးလိပ်ကုန်သည်။ ကျန် တစ်လိပ်ကိုတော့
စာရေးသည့်အခါ တစိမ့်စိမ့်သောက်ရင်း စိတ်ကူး ဉာဏ်ထုတ်
သည်။

ဆေးလိပ်သောက်နေခိုက်တွင် စိတ်အာရုံကို ဆေးလိပ်မှာပဲ ထား
ငါ ဆေးလိပ်ကို သောက်နေပါလားဟု သတိသွင်းထားသည်။
လိပ်တစ်ဖွာချင်းကို သေသေချာချာ အရသာခံသည်။ ထိုအခါ အမှတ်

www.burmeseclassic.com

www.burmeseclassic.com



တမဲ့ သောက်ခြင်းထက် ပို၍ တာသွားကြောင်း သိရသည်။ နည်းနည်း
သောက်ရုံဖြင့် အာသာပြေသည်။ သောက်သည့်အလိပ်ရေ နည်းသွားသော်
လည်း အရင်ကလိုပင် စိတ်ဆန္ဒပြည့်ဝသည်။ ဆေးလိပ်ကြောင့် ဖြစ်သည့်
ရောဂါအန္တရာယ်လည်း လျော့ပါးသွားမည်ဟု ထင်သည်။

အထက်ပါဆေးလိပ်သောက်နည်းမှာ ဆရာဝန်က ကျေနပ်ထောက်ခံ
နိုင်လောက်သည်ဟု မဆိုရဲသော်လည်း ကျွန်တော့်အတွက်တော့ အဆင်ပြေ
နေသည်။

* * *

ဆေးလိပ်အကြောင်း တွေးမိသည့်အခါတိုင်း အဖေ့ကို သတိရသည်။ အဖေ
နှင့်ဆေးလိပ်သည် ခွဲခြားမရအောင် တသားတည်း ဖြစ်နေသောကြောင့်
ဖြစ်၏။ အဖေသည် ဆေးလိပ်ကို ပြောစမှတ်ပြုလောက်အောင်ပင် ကြိုက်
နှစ်သက်သူ ဖြစ်၏။

အိပ်ရာက နိုးလျှင် စီးကရက်ဘူးနှင့် မီးခြစ်ကို ကိုင်ပြီး ထွက်လာ
တတ်သည်။ အဖေ့ စီးကရက်ဘူးမှာ အရင်က ဆေးပြားတွေ ထည့်သော
ပလတ်စ္စတစ်ဘူး ဖြစ်သည်။ စီးကရက် အလိပ်လေးဆယ်ခန့် ဆန့်သည်။
အဖေ့ကို ခင်မင် လေးစားသူများက ယွန်းစီးကရက်ဘူးများ၊ နိုင်ငံခြား
ရွှေရောင်ငွေရောင် စီးကရက်ဘူးများ လက်ဆောင်ပေးထားတာ ရှိသော်
သို့တိုင်အောင် အဖေက သူကိုင်နေကျ ပလတ်စတစ်ဘူးကိုသာ သုံးလေ့ရှိ

အဖေသည် အိပ်ရာက နိုးနိုးချင်း ဘာမှ စားလေ့မရှိ။ ရေနွေးကြမ်း
စီးကရက်သာ သောက်လေ့ရှိသည်။ ပထမဆုံး စီးကရက်ကို မီးညှိပြီး
လျှင် နောက်ထပ် မီးခြစ် မသုံးရတော့။ တစ်လိပ်ပြီးတစ်လိပ် မီးဆက်



သောက်သောကြောင့် ဖြစ်၏။ ဆက်တိုက်မနားတမ်း သောက်သွားလိုက်တာ
ထမင်းစားချိန် ကျမှပင် ရပ်တော့သည်။

ထမင်းစားပြီးလျှင် စီးကရက် တစ်လိပ်ပြန်ညှိသည်။ ထို့နောက်
မီးကူးပြီး ဆက်တိုက်သောက်လိုက်ရာ ညစာစားချိန်ထိပင် ဖြစ်၏။ ဒီ
အတိုင်း ညအိပ်ရာဝင်သည်အထိ မရပ်မနား သောက်သည်။ အဖေသည်
စာကြည့်အလုပ်လုပ်လေ့ရှိပြီး နှစ်ချက်သုံးနာရီမှ အိပ်တတ်သည်။ ဒီတော့
တစ်နေ့ တစ်နေ့ အဖေသောက်သည့် စီးကရက်အရေအတွက်ကို ခန့်မှန်း
ကြည့်လျှင် ဒီလောက်ထိ အသက်ရှည်ရှည်နေသွားရတာကိုပင် ကံကောင်း
သည်ဟု ဆိုရမည်။

အဖေကား သူကိုယ်တိုင် ဆေးလိပ်သောက်ရုံဖြင့် အားမရ။ သူများ
ကိုပါ ရက်ရက်ရောရော ဆေးလိပ်တိုက်တတ်သူ ဖြစ်၏။ သူ့ဆီ
လာလည်သည့်ဧည့်သည်များကို စီးကရက်ဖြင့် ဧည့်ခံတတ်သည်။ ဧည့်ခံပွဲ
အစည်းအဝေးများလို လူစုစုရှိသည့်အခါ လွယ်အိတ်ထဲက စီးကရက်
ကို ထုတ်၍ လူတကာကို ဆေးလိပ်လိုက်ကမ်းနေသော အဖေ့ကို
မြင်ရလေ့ရှိ၏။

မော်တော်ကားနှင့် ခရီးဝေးသွားရင်း ကားချင်းရှောင်သည့်အခါ
လမ်းဘေးမှ ဦးစားပေးသည့်အနေဖြင့် လမ်းဘေးချ ရပ်ပေးသော စစ်ကား၊
ကုန်ကား၊ ကုန်ကားများနှင့်ကြုံလျှင် ကားကိုရပ်၍ စီးကရက် တိုက်
တတ်သည်။ အဖေက ကားမောင်းနေရင်းလည်း စီးကရက်ကို အဆက်မပြတ်
သောက်တတ်သဖြင့် ကျွန်တော်တို့ကလည်း ဘေးကထိုင်ရင်း အလျင်မီ
အောင် မီးညှိပေးရသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



အဖေနှင့်အမေ လက်ထပ်ခါနီးတွင် အမေက 'လက်ထပ်ပြီးရင် ဆေးလိ ဖြတ်နိုင်မလား' ဟုမေးသည်။ အဖေကလည်း 'လက်ထပ်ပြီးလျှင် ကျော ဆရာမအလုပ်က ထွက်နိုင်မလား' ဟု ပြန်မေးသည်။ အမေက ခေါင်းခါ သည်။ အဖေကလည်း ခေါင်းခါသည်။ ဒီလိုနှင့် အဖေကလည်း ဆေးလိ ဆက်သောက်၊ အမေကလည်း ကျောင်းဆရာမ ဆက်လုပ်လေသည်။

တစ်နေ့တော့ အဖေ့မှာ အဆုတ်မကောင်းချင်သလို ဖြစ်လာသည် တီဘီရောဂါတော့ မဟုတ်၊ ဆရာဝန်က ဆေးလိပ်ဖြတ်ခိုင်းသည်။ အဖေ မဖြတ်နိုင်။ ထိုအခါ ဆရာဝန်က ဆေးလိပ်လျှော့သောက်ရန် အကြံပေ သည်။ ထိုစဉ်က စီးကရက်များမှာ အစီခံမပါသေးဟု ဆိုသည်။

အဖေက ဆေးပေါ့လိပ် ပြောင်းသောက်သည်။ ဆေးလိပ် မီးညှိခါနီး လျှင် ဖင်စီခံကို လက်သည်းနှင့်ကုတ်ခြစ်ပြီး ထိပ်ဘက်မှ မှုတ်ထုတ် သည်ကို မြင်တော့ အမေက ဘာလုပ်တာလဲ မေးသည်။ အစီခံထဲ အမှုန်အမွှားတွေ ထွက်သွားအောင်လုပ်ခြင်းဖြစ်ကြောင်း အဖေက ပြော သည်။

ထိုအခါ အမေ စိတ်ကူး တစ်ခု ထုတ်သည်။ ပဒုမ္မာပိတ်ပါးစ ဝယ်သည်။ နှစ်လက်မ ပတ်လည်လောက်ရှိသည့် အပိုင်းကလေးများ ဆေးလိပ်ဖင်စီခံပေါ်မှာ အုပ်ပြီး အပ်ချည်ကြိုးနှင့် စည်းပေးထားလိုက်သ ဤသို့ဖြင့် ပိတ်ပါးစသည် 'ဖီလ်တာ' သဘောမျိုး ဖြစ်သွားပြီး အ အမွှားများနှင့် ဆေးချေးများကိုပါ စစ်ပေးလေသည်။

နောက်ပိုင်း ရောဂါကင်းစင်သွားပြန်တော့လည်း အဖေက စီးက ကိုသာ ပြန်သောက်သည်။ အစီခံစီးကရက်တွေလည်း ပေါ်လာသော ဖြစ်သည်။

* * *



အဖေသည် အသက်ဆယ့်လေးနှစ်လောက်က စပြီး ဆေးလိပ်သောက် တတ်ခဲ့သည်ဟု ဆို၏။ ဒီလောက် နှစ်ပေါင်းများစွာ စွဲသောက်ခဲ့သဖြင့် အသက်ကြီးလာသောအခါ ဆေးလိပ်၏ ဒဏ်ကို ခံလာရသည်။ ခုနှစ်ဆယ် နားနီးလာတော့ ချူချာလာသည်။

ပထမတစ်ကြိမ်ဆီးကျိတ်ခွဲဖို့ ဆေးရုံတက်ရတာကတော့ ဆေးလိပ် နှင့်မဆိုင်လှ။ ဒုတိယတစ်ကြိမ်ကတော့ ဆေးလိပ်နှင့် တိုက်ရိုက် ပတ်သက် နေသည်။ မကြာခဏ ချောင်းဆိုးတတ်ခြင်း၊ အသက်ရှူမဝခြင်းတို့ ဖြစ် သာရာက တစ်ခါတော့ အရမ်းမောပြီး ကျပ်လာသဖြင့် ဆေးရုံတင် ရသည်။

ရောက်ခါစမှာ အောက်ဆီဂျင်ပိုက် တပ်ထားရသောကြောင့် ဆေး လိပ်သောက်ဖို့ အခွင့်မသာ။ ထူထူထောင်ထောင်လေး ဖြစ်လာသောအခါ ဆေးလိပ်ကောက်ဖွာတော့သည်။ ဒါကို ဆရာဝန်ကြီးက သူနာပြုဆရာမ များမှတစ်ဆင့် သတင်းကြားသွားသည်။ အဖေ့ကိုတော့ ဘာမှ မပြော၊ ကျွန်တော်တို့ကို ခေါ်ပြီး 'ခင်ဗျားတို့ အဖေကို ဆေးလိပ်ဖြတ်ခိုင်းရင် ကောင်းမယ်၊ အဆုတ်က တော်တော် အားနည်းနေတယ်' ဟု ပြော သည်။

ဆရာဝန်ကြီး၏ အခန်းမှ ပြန်လာကြသောအခါ ခုတင်ပေါ်တွင် ခေါင်းအုံးတွေ မှီ၍ ထိုင်ရင်း စီးကရက် တစ်လိပ်ဖွာလျက် ဓိမ်ကျနေသော အဖေ့ကို တွေ့ကြရလေသည်။ 'ဆရာဝန်ကြီးက ဘာပြောလိုက်သလဲကွ၊ ဆေးခန့် ဘယ်တော့ ဆင်းရမယ် ပြောသလဲ' ဟု အဖေက မေးသည်။

ကျွန်တော်တို့ ညီအစ်ကိုများမှာ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကြ၏။ အဖေက တစ်ချက် အကဲခတ်ပြီး 'ဘာပြောလိုက်သလဲ' ဟု ထပ်မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



အဖေ့ကို တစ်စုံတစ်ခုနှင့် ပတ်သက်၍ အတိုက်အခံလုပ်ပြီး ပြော ရသည့်အခါများမှာ တာဝန်ကျလေ့ရှိသော ကျွန်တော်ကပင် 'တစ်ရက် နှစ်ရက်နေရင် ဆင်းရမယ်တဲ့၊ ဒါပေမယ့် ဆေးလိပ်တော့ ဖြတ်ရမယ်လို့ ပြောတယ်'ဟု စွန့်စား၍ ပြောလိုက်သည်။

အဖေ တစ်ချက်တွေသွားသည်။ သူ့လက်ချောင်းများကြားမှ မီးခိုး တလူလူ ထွက်နေသော တစ်ဝက်လောက် ကျန်သေးသည့် စီးကရက်ကို ငေးကြည့်နေသည်။ ခဏကြာတော့ 'အေးလေ၊ ဖြတ်ဆိုရင်လည်း ဖြတ် လိုက်တာပေါ့ကွာ' ဟု ပြောပြီး စီးကရက်ကို ပြာခွက်အဖြစ်သုံးသော ဗန်းကန်ပြားထဲ ထိုးချေလိုက်သည်။ စီးကရက်ဘူး၊ မီးခြစ်တို့သာမက သူ့အင်္ကျီနှင့်သူ့ ပုဆိုးတွေ အကျီတွေကြားမှာ ဝှက်ထားသော စီးကရက် တစ်ဘူးကိုပါ ထုတ်ပေးပြီး 'အိမ်ပြန်ယူသွားကြ'ဟု ပြော၏။

ကျွန်တော့်စိတ်ထဲတွင် ဆေးရုံက ဆင်းပြီးလျှင် အဖေ ဆေးလိပ် ပြန်သောက်မှာပဲဟု ထင်မိသည်။ တကယ်က ဒီလိုမဟုတ်။ အဖေသည် ကွယ်လွန်သည်အထိ ဆေးလိပ်ကို ပြန်မသောက်တော့ချေ။ နှစ်ပေါင်း ငါးဆယ်ကျော် ခြောက်ဆယ်နီးပါး စွဲစွဲလမ်းလမ်း သောက်ခဲ့သော ဆေးလိပ် ကို သောက်လက်စ တစ်လိပ်တောင် ကုန်အောင်မသောက်ဘဲ ယတိပြတ် ဖြတ်နိုင်ခဲ့သော အဖေ့စိတ်ဓာတ်ကိုတော့ အံ့သြမိသည်။

အဖေ ဆေးရုံက ဆင်းပြီး အိမ်မှာ နားနေသည့်အချိန် ကျွန်တော်တို့ ရောက်သွားသည့်အခါ စာပေအကြောင်း၊ ရုပ်ရှင်အကြောင်း ရှေးဟောင်း နှောင်းဖြစ်များအကြောင်း ပြောကြသည်။ ပြောရင်းက ခံတွင်းချဉ်လာသည့် အခါ ဝရန်တာဘက်ထွက်ပြီး ဆေးလိပ်ဖွာရသည်။ အဖေ့ရှေ့မှာ ဆိုလျှင် အဖေ ဆေးလိပ်ကို သတိရပြီး သောက်ချင်လာမှာ စိုးသောကြောင့်ဖြစ်၏။ အဖေ အလွန် အကင်းပါးသည်။ 'ဆေးလိပ်သောက်ချင်ရင် ဒီမှာပဲ သော



ပါကွာ၊ ရပါတယ်' ဟုပြောသည်။ ပြီးတော့မှ 'တစ်ခါ တစ်ခါကျတော့ လည်း ဆေးလိပ်သောက်ချင်တဲ့ စိတ်ပေါ်လာလို့ မနည်း အောင့်ထားရတယ် ကွ' ဟု ဆက်ပြောသည်။

အဖေ့ကို ကျွန်တော် သနားသွားမိသည်။ 'ဆရာကြီး ရွှေဥဒေါင်း' ဟုဆိုလိုက်လျှင် ဆေးတံကြီးခဲနေပုံကို မြင်ယောင်လာကြသလို၊ ဦးသာနုဟု ဆိုလျှင် လွယ်အိတ်ကလေးလွယ်လျက် စီးကရက်ဖွာနေပုံကို စိတ်ထဲ ထင်မြင်လာတတ်ကြသည်။ ပန်းချီဆရာများက မဂ္ဂဇင်းမှာ အဖေ့ပုံတူ ဆွဲလျှင် စီးကရက်ကို ပါအောင် ထည့်ဆွဲလေ့ရှိကြသည်။ စီးကရက် မပါဘဲ မြင်လျှင် အဖေ့ကို မှတ်မိချင်မှ မှတ်မိကြမည်ဟု ထင်ရလောက်အောင် အဖေနှင့် စီးကရက် တတွဲတွဲ နေလာခဲ့ကြသည်။ ဒီလောက် နှစ်သက်သော စီးကရက်ကို ဖြတ်လိုက်ရသည့်အတွက် အဖေ ဘယ်လို ခံစားရမည် နည်း။

အဖေသည် ကျန်းမာရေး မကောင်းသဖြင့် အပြင်လည်း မထွက် နိုင်တော့။ မိတ်ဆွေအပေါင်းအသင်းတွေ သူ့ဆီလာမှသာ တွေ့နိုင်တော့ သည်။ များစွာသောအချိန်တို့တွင် သူ့အခန်းထဲမှာ တစ်ယောက်တည်း စာအုပ်များကို အဖော်ပြု၍ နေရသည်။ နေသာထိုင်သာ ရှိသော အချိန် ကလေးတွေမှာ ဝတ္ထုတွေ ဆောင်းပါးတွေ ရေးသည်။ အဲလိုအခါမျိုးမှာ စီးကရက်လေးကို ခိမ်နှင့် ဖွာနေချင်မှာပဲဟု ကျွန်တော် ကိုယ်ချင်းစာမိ သည်။

ဆေးလိပ်ဖြတ်လိုက်သည့်အတွက် နှစ်အနည်းငယ်ပို၍ အသက် ရှည်မည်၊ မရှည်မည်မှာ မသေချာ။ သူနှစ်သက်သော စီးကရက်ကို ဘဝ နောက်ဆုံးအချိန်ကလေးကို အေးချမ်းစွာ ကုန်လွန်ရလျှင် မကောင်းဘူး လားဟု တွေးမိသည်။ ထို့ကြောင့် 'အဖေ ဆေးလိပ် ပြန်သောက်ချင်

www.burmeseclassic.com

www.burmeseclassic.com



သောက်ပါလား’ဟု တိုက်တွန်းမည်ဟု မကြာခဏ စဉ်းစားမိသော်လည်း မပြောဖြစ်ခဲ့။

* * *

ညော်သို့ဝင် ဖြစ်စေ အဖေသည် ဆေးလိပ်ဖြတ်ပြီး သုံးနှစ်အကြာတွင် အဆုတ်နှင့် ပတ်သက်သော ရောဂါဝေဒနာတစ်ခုနှင့်ပင် ကွယ်လွန်ခဲ့ရှာသည်။

အဖေ၏ ရုပ်ကလပ်ကို ပြင်ဆင်ထားရာတွင် စံပယ်ပန်းတွေ ဖွေးနေအောင်ဝန်းရံပြီး ရင်ဘတ်ပေါ်တွင် နှင်းဆီပန်းစည်းကလေး တင်ထားလျှင် ဒီလောက်လွမ်းစရာ ကောင်းမည် မဟုတ်။ ခုတော့ ပြင်ထားပုံမှာ ရိုးရိုးကလေး။ ခေါင်းရင်းမှာတော့ အဖေ အလွန်ကြိုက်နှစ်သက်ခဲ့သည့် ဒူးယား စီးကရက်ဘူးကလေး။ အဆင်သင့် ဆွဲယူသောက်နိုင်သည့် အနေအထားမျိုးဖြစ်အောင် စီးကရက်တစ်လိပ်ကို တစ်ပိုင်းတစ်စ ဆွဲထုတ်ပေးထားသည်။ ထိုမြင်ကွင်းကို မြင်ရသူတိုင်း ရင်မှာ ဆို့နင့်စွာ ခံစားရလိမ့်မည်ဟု ကျွန်တော် ထင်သည်။

အဖေသည် နောက်ဘဝတွင် လူပြန်ဖြစ်လျှင်လည်း ဆေးလိပ်ကို ဆက်သောက်လိမ့်မည် ဖြစ်သည်။ အဖေ့ကို သူတော်စင်ကြီး၊ သူတော်ကောင်းကြီးဟု ကျွန်တော် မပြောလိုပါ။ သို့တိုင်အောင် အဖေသည် သူ့ဘဝတစ်လျှောက်လုံး မဟုတ်တာ မတရားတာကို မလုပ်ခဲ့။ သူ့ကိုယ်ကျိုးတစ်ခုတည်းကို မကြည့်ဘဲ အများအတွက် သူတတ်စွမ်းသည့် အနုပညာဖြင့် အကျိုးပြုခဲ့သည်။ ထို့ကြောင့် အဖေသည် ကောင်းသော သုဂတိဘုံသို့သာ ရောက်လိမ့်မည်ဟု ကျွန်တော် ယုံကြည်ပါသည်။



ကျွန်တော်ကတော့ အဖေ့ကို နတ်ဒေဝါ တစ်မျိုးမျိုး ဖြစ်စေချင်သည်။ ဒါဆိုလျှင် အဖေ ဆေးလိပ်သောက်လို့ရမည်။ နတ်တို့သည် အခိုးအငွေ့ကို ရှူရှိုက်နိုင်သည်ဟု ကြားဖူးသည်။ ပြီးတော့ နတ်ဒေဝါတို့မှာ အဆုတ်ကင်ဆာလည်း မဖြစ်နိုင်ဘူး မဟုတ်လား။

[ ကလျာမဂ္ဂဇင်း။ ။ ဇန်နဝါရီ၊ ၁၉၉၆။ ]

www.burmeseclassic.com

www.burmeseclassic.com

## သွားများကို မနာအောင် နုတ်ပေးမည်

ကျွန်တော်တို့၏ ပါးစပ်ထဲတွင်ရှိသော ခပ်မာမာအချောင်းကလေးများကို ဘာကြောင့် 'သွား'ဟု ခေါ်ရသလဲဆိုတာ ကျွန်တော် မသိရိုးအမှန်ပါ။ အင်္ဂလိပ်လိုတော့ သွားကို 'တု(သ်)'ဟု ခေါ်သည်။ ဒါက အရပ်သုံးစကား။ ပညာရပ်ဆန်ဆန်ခေါ်လျှင်တော့ သွားနှင့်ပတ်သက်သောကိစ္စများကို 'ဒန်တယ်လ်' 'ဒန်တစ်စ်'စသည်ဖြင့် သုံးနှုန်းကြ၏။ ပါဠိလိုကျတော့လည်း သွားကို 'ဒန္တ'ဟု ခေါ်လေသည်။

ဒီနေရာမှာ ပါဠိအခေါ်အဝေါ် 'ဒန္တ'နှင့် အင်္ဂလိပ်အသုံးအနှုန်း 'ဒန်တယ်လ်'တို့ ခပ်ဆင်ဆင် ဖြစ်နေသည်ကို တွေ့ရသည်။ ဒါကလည်း သိပ်တော့ မဆန်းပါ။ ဥရောပ ဘာသာစကား အတော်များများမှာ ပါဠိဘာသာနှင့်အတူ အာရှတိုက်အလယ်ပိုင်း ကုန်းပြင်မြင့်ကြီးမှာ မြစ်ဖျားခံခဲ့ကြပြီးမှ အသီးသီး ခွဲဖြာထွက်ခဲ့ကြခြင်းကြောင့် တချို့စကားလုံးတွေ သွားတူနေကြခြင်း ဖြစ်လေ၏။

သွားနှင့်ပတ်သက်၍ လူရှင်တော်များ၏ ထင်မြင်သုံးသပ်ချက်ကတော့ တစ်မျိုးဖြစ်၏။ 'သွား'ကို သွားဟု မခေါ်သင့် 'ခြေ'ဟု ခေါ်သင့်



သည်။ အစားအစာများကို ကိုက်ဝါးကြိတ်ခြေရသောကြောင့် ဖြစ်၏။ ခြေထောက်များကိုသာ 'သွား'ဟု ခေါ်သင့်သည်။ ခြေထောက်နှင့်သာ သွားလို့ရသောကြောင့် ဖြစ်သည်ဟု ဆို၏။ ဒါကလည်း အလျဉ်းသင့်လို့ တင်ပြခြင်းသာ ဖြစ်ပါသည်။ သွားကို ခြေဟု ခေါ်သင့်ကြောင်း ထောက်ခံဆွေးနွေးနေခြင်း မဟုတ်ပါ။ လူရှင်တော်တွေ ပြောသလိုသာ ပြောင်းလဲခေါ်ဝေါ်မည်ဆိုပါက

လူတစ်ယောက် ပါးကြီးယောင်ကိုင်းပြီး ရှုံ့မဲ့နေတာကို အိမ်နီးနားချင်းတစ်ယောက်က မြင်တော့–

'ဘာဖြစ်လို့လဲဗျ'

ဟု မေးမည်။

'ခြေကိုက်လို့ပါဗျာ'

ဟုဖြေလျှင်

'ခြေကိုက်တာများဗျာ၊ ခြေဘက်ဆိုင်ရာ ဆေးတက္ကသိုလ်က ပြင်ပလူနာဌာနကို သွားပြပါလား'

'ကျုပ်က ခြေနုတ်ရမှာ ကြောက်တယ်ဗျ'

ဟုပြောကြသောအခါ ဝေါဟာရတွေ ရှုပ်ထွေးကုန်ပါလိမ့်မည်၊ ဒါဆိုတော့ သူ့အရှိအတိုင်း ထားတာပဲ ကောင်းပါသည်။

* * *

ကျွန်တော်သည် လူရှင်တော်တွေကို အားကျလို့ မဟုတ်သော်လည်း ...အလျောက် နည်းနည်းတော့ လျှောက်တွေးမိတာလေး ပြောပြချင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



လူတွေ ဘာကြောင့် သွား သုံးဆယ့်နှစ်ချောင်းရှိရသနည်း။ သုံးဆယ့်နှစ်ကောင္ဍာသကို တိုယ်စားပြုထားတာများလား။ ဒီလိုလည်း ဟုတ်မယ် မထင်ပါ။

ခြေတွေ၊ လက်တွေမှာလို သွားတွေမှာကော ဘယ်သန်၊ ညာသန် ရယ်လို့ ရှိသလားဟု စဉ်းစားကြည့်မိပြန်သည်။ ကိုယ့်ဘာသာ ထမင်းစားရင်း ပြန်သတိထားကြည့်တော့ ဘယ်သန်၊ ညာသန် တိတိကျကျ ခွဲခြားလို့မရ။ ကြုံသလို ဝါးလိုက်တာပဲဆိုတာသာ တွေ့ရသည်။

ဆရာမောင်အောင်ပွင့်၏ ကဗျာတစ်ပုဒ်တွင်

'ငှက်တစ်ကောင်ရဲ့ အတောင်ပံဟာ ဘယ်သန်သန်၊ ညာသန်သန် ဘယ်ကို ပျံသလဲဆိုတာပဲ အရေးကြီးတယ်'ဟု ဆိုထားသည်။ ခုလည်း ဒီလိုပါပဲ။ လူတစ်ယောက်ရဲ့သွားဟာ ဘယ်သန်၊ ညာသန်ဆိုတာထက် ဘာတွေစားသလဲ၊ ဘယ်လိုစားသလဲဆိုတာက ပိုအရေးကြီးပါသည်။

ကြာကြာဝါးမည့်သွား အရိုးကြည့်ရှောင်ဆိုသော စကားရှိသည်။ အရိုးဆိုတာက သွားတွေလောက်နီးနီး မာကြောသဖြင့် မတော်တဆ သွားတွေ ထိခိုက်ပွန်းပဲ့ကုန်မှာ စိုးသောကြောင့် သတိပေးထားဟန်တူသည်။ တကယ်တော့ အရိုးဆိုတာကလည်း အသားစားနိုင်သူတွေသာ တွေ့နိုင်သောအရာ ဖြစ်၏။ လက်လုပ်လက်စား ဆင်းရဲသားတွေအတွက်တော့ အထူးရှောင်နေစရာ မလို။ အနေသာကြီးပဲ။ သူတို့စားနိုင်သောအရိုးမျိုးကလည်း သွားကို အန္တရာယ်ပေးနိုင်တာ မဟုတ်။ (ဥပမာ–ကန်စွန်းရိုးတို့ ဟင်းနုနွယ်ရိုးတို့ပေါ့။)

ဘာပဲဖြစ်ဖြစ် သွားများမှာ သနားစရာကောင်းတာတော့ အမှန်ပဲ ဖြစ်၏။ သူတို့ခမျာ ကောင်းတာရော၊ မကောင်းတာရော၊ မာတာရော၊ ပျော့တာရော၊ ချိုတာရော၊ စပ်တာရော၊ ပါးစပ်ထဲရောက်တာမှန်သမျှ



အားကြိုးမာန်တက် ကြိတ်ဝါးပေးကြရသည်။ အရသာကိုတော့ မခံစားရ။ အပင်ပန်းခံ အလုပ်လုပ်ရတာက သွားများဖြစ်ပြီး အရသာကိုတော့ လျှာကသာ သိမ်းကျုံးခံစားလေသည်။ ဒါကြောင့်လည်း သွားတွေက တစ်ခါတစ်ခါ စိတ်နာနာနှင့် လျှာကိုကိုက်မိခြင်း ဖြစ်လိမ့်မည်။

လူတွေကလည်း လျှာအရသာခံကောင်းနေလျှင် ကျေနပ်ပြီး မှိန်းနေကြတာပဲ။ ခံတွင်းပျက်ပြီဆိုမှ ဆေးကုဖို့ သတိရသည်။ ဒါတောင် လျှာအတွက်သာ ကုသခြင်း ဖြစ်၏။ သွားတွေကိုတော့ အာခေါင်ထဲချောင်ထိုးထားမြဲပင်။

* * *

အဆော်များများသည် သွားတွေကို ဂရုမစိုက်ဘဲ ပစ်ထားတာ အစခံသာတစ်ခုလို အကျင့်ကြီးတောင် ပါနေပြီ။ လူတို့၏ ပင်ကိုစရိုက်ကိုကပြီးလာမှ ဆရာဝန်ဆီပြေးပြီး ကုသခံဖို့ ပို၍ စိတ်သန်သည်။ ကြိုတင်ကာကွယ်မှုကို ကရိကထခံပြီး မလုပ်လိုကြ။

လက်ဖက်ရည်တစ်ခွက်၊ မုန့်ဟင်းခါးတစ်ပွဲ ရှစ်ကျပ် တစ်ဆယ်ကိုအတိုင်း စားသောက်ချင် စားသောက်မည်။ စီးကရက်တစ်လိပ် နှစ်ကျပ်၊ သုံးကျပ်ကို နှမြောရကောင်းမှန်း မသိဘဲ လက်ကြား ညှပ်ချင်ညှပ်မည်။

တစ်ခါဝယ်ထားလျှင် တမေ့တမော သုံးလို့ရသည့် သွားပွတ်တံချောင်းကိုတော့ အစိတ်သုံးဆယ်ထက်ပိုလျှင် ဈေးကြီးသည်ဟု ထင်ကြသည်။ သွားတစ်ခါတိုက်မှ လက်တစ်ဆစ်လောက် သုံးရသော သွားတိုက်ဆေးကို နှမြောတွန့်တိုတတ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သာမန်လူတန်းစားတွေမှာ အစစအရာရာ ချွေတာနေကြရလို့ဆို လျှင် ထားပါတော့။ တတ်နိုင်သူတွေ၊ ပညာတတ်တွေမှာလည်း သွားကို ဂရုစိုက်သူ ရှားသည်။

နှုတ်ခမ်းကိုသာ ညီညာအောင် ဂရုစိုက်ဆိုးချင်ဆိုးမည်။ လက်သည်း တွေကိုသာ လှပအောင် ညှိချင်ညှိမည်။ ကိုယ်စီးသည့်ကားကိုသာ ပေါ်လစ် ပြောင်အောင် တိုက်ချင်တိုက်မည်။ ကားရှေ့ 'ရှဲ'ကို မထိခိုက်မိအောင် သချင် သမည်။ သွားတွေကို စနစ်တကျတိုက်ဖို့ သတိမရချင်ကြ။

ဗီဒီယိုကြည့်ဖို့၊ ဘီယာသောက်ဖို့၊ ကာရာအိုကေပွဲသွားဖို့၊ ပန်းကုံး စွပ်ဖို့ အချိန်တွေအများကြီး ပေးချင်ပေးမည်။ သွားတွေကို နေရာနှံ့အောင် တိုက်ဖို့ နှစ်မိနစ်၊ သုံးမိနစ်လောက် အချိန်ကို မပေးချင်ကြ။

နာလာပြီ၊ ကိုက်လာပြီ၊ ကျင်လာပြီ၊ မရှုနိုင် မကယ်နိုင်ဖြစ်လာပြီဆိုမှ သတိရကြသည်။ သွားဆရာဝန်ဆီ ပြေးကြသည်။ ဆရာဝန်တွေကလည်း ပလာယာတွေ၊ ဇာဂနာတွေကိုကိုင်ပြီး အဆင်သင့်စောင့်ကြိုနေကြပါသည်။

သွားများကို မနာအောင် နုတ်ပေးမည်တဲ့။

* * *

တချို့က ဆင်ခြေပေးကောင်း ပေးနိုင်သည်။ 'တိရစ္ဆာန်တွေ ဘယ်မှာသွား တိုက်လို့လဲ၊ ခွေးတွေကြောင်တွေ သွားနာ သွားကိုက်တယ်လို့ တစ်ခါမှ မကြားဖူးဘူး'

ဟုတ်သလိုလိုတော့ရှိပါသည်။ သို့ရာတွင် တိရစ္ဆာန်များသည် လူတွေလို အစား မသောင်းကျန်းကြပါ။ သူတို့ စားနေကျ အစာကိုသာ တစိုက်မတ်မတ် စားကြခြင်းဖြစ်၏။ ပြီးတော့ တိရစ္ဆာန်များသည် ...



... အရက် မသောက်တတ်၊ ကွမ်းမစားတတ်၊ ချောကလက်တို့၊ သကြား ...တို့ မစားကြ၊ ကော်ဖီမစ်တွေ၊ မိုင်လိုတွေ၊ အိုဗာတင်းတွေ မသောက်ကြ။

တိရစ္ဆာန်များ၏ သက်တမ်းမှာလည်း တိုတောင်းသည်။ သွားတွေ ...ကုန်မကျိုးခင် သေဆုံးကြရသည်သာ ဖြစ်၏။ အကြောင်းကြောင်းကြောင့် ...စောစီးစီး သွားတွေကျိုးကုန်လျှင်လည်း အစာ မစားနိုင်သဖြင့် သေကြ ...သည်သာ ဖြစ်၏။

တိရစ္ဆာန်တွေမှာ သွားနာ သွားကိုက် မဖြစ်ဘူးဆိုတာလည်း မဟုတ် ...ပါ။ ဖြစ်နိုင်ပါသည်။ မပြောတတ်လို့သာ ကြိတ်မှိတ်ခံကြရခြင်း ...ည်။ သို့တည်းမဟုတ် သူတို့နည်းနှင့် သူတို့ အနာ သက်သာစေသော ...ဥသစ်ရွက်တွေစားပြီး ကုသကြတာလည်း ဖြစ်နိုင်သည်။

သူတို့အနေဖြင့် သွားတိုက်ဖို့ဆိုတာကတော့ မဖြစ်နိုင်သည့် ကိစ္စပဲ။ ...ဘဝနည်းနှင့်ပင် သွားတွေကို သန့်ရှင်းရေးလုပ်ကြရဟန်တူသည်။ ... ဆင်တွေဆိုလျှင် ကြိစုပ်ခြင်းဖြင့် သွားတိုက်ပြီးသား ဖြစ်သွားနိုင် ...တကယ်လို့ ဆင်တွေသာ သွားတိုက်ရမည်ဆိုလျှင် အစွယ်နှစ်ချောင်း ... တစ်နေ့ သွားတိုက်ဆေး နှစ်ဘူးလောက် ကုန်ပါလိမ့်မည်။

* * *

...ယ်စဉ်းစားကြည့်တော့ လူတွေ သွားကို ဂရုမစိုက်ဘဲ ပစ္စလက္ခထား ...အတွက် ဆရာဝန်များနှင့် သွားဘက်ဆိုင်ရာ ဆေးပညာရှင်များမှာ ... အပြစ်မကင်းလှပါ။ သွားရောဂါတွေ ဘယ်လောက် ဖြစ်လာလာ၊ ...လောက်နာနာ၊ ဘယ်လောက်ကိုက်ကိုက် သွားဆရာဝန်တွေဆီရောက် ... သုပစ်သလို ပျောက်အောင် ကုသပေးနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



တကယ်လည်း ယူပစ်လိုက်တာပဲ မဟုတ်လား။ သွားနုတ်တယ် ဆိုတာ သွားကို ယူပစ်လိုက်ခြင်းနှင့် အတူတူပဲ မဟုတ်လား။ ထို့ကြောင့် ဝင် အချို့လူနာများက သွားနုတ်ခပေးရတာကို မတန်ဘူးဟု ထင်နေ ခြင်းဖြစ်၏။ ကိုယ့်ဆီက သွားတစ်ချောင်းလုံးလည်း နုတ်ယူထားလိုက်သေး ပိုက်ဆံလည်း ထပ်ပေးရသေးဆိုတော့ နာတာပေါ့ဟု တွက်ကြလေ၏။

ဆရာဝန်တွေဘက်က ကြည့်တော့လည်း ဒီသွားတစ်ချောင်း နုတ်နိုင်ဖို့အတွက် ရင်းနှီးခဲ့ရတာ နည်းတာမှတ်လို့။ နှစ်ပေါင်းများစွာ ကျောင်းတက်ခဲ့ရတာ၊ သွားစိုက်ခုံတစ်ခုံကလည်း တွင်ခုံတစ်ခုံစာလော ဈေးကြီးနေတာ လူနာတွေ မသိကြ။

စေတနာနှင့် အလကားနုတ်ပေးချင်ပါတယ်ပဲထား။ သွားနုတ် မှာ မနာကျင်စေရန် မေတ္တာဓာတ်ဖြင့် ထုံအောင် လုပ်လို့တော့မရ။ ထုံဆေး တွေ ဘယ်လောက် ဈေးကြီးနေတယ်ဆိုတာ ထုံဖူးသူတိုင်း သိကြပါလိမ့် မည်။

ဘာပဲဖြစ်ဖြစ် ရောက်လာသမျှ သွားဝေဒနာအမျိုးမျိုးကို (အမြစ်ပါ မကျန်) ပျောက်အောင် ကုသပေးနိုင်တာ အမှန်ပဲဖြစ်၏။ ကုသသည့် နည်းပညာ အသစ်တွေကလည်း အထောက်အကူပြုသည်။ အရင်က သွားနာ သွားကိုက်တိုင်း နုတ်ပစ်ရန် မလိုတော့။ နာနေသောသွားသည် ဆက်ပြီး အသုံးပြုလို့ရနေသေးလျှင် သွားမျက်နှာပြင်မှ အပေါက်ဖောက်ပြီး ယောင်နေသောအကြောကို ဖြတ်တောက်ပစ်သည်။ ပိုးသတ်သည်။ ပြီးတော့ ဖောက်ထားသော အပေါက်ကို ဖာပေးလိုက်သည်။ သွားတစ်ချောင်း အလဟဿ ဆုံးရှုံးစရာမလိုတော့။ နောက်ဆိုလျှင် အပေါက်ဖောက်စရာ တောင်မလိုတော့ဘဲ အပြင်မှ လေဆာရောင်ခြည်ဖြင့် ကုသလို့ ရနိုင်တော့ ရှိသည်။



သွားပညာရှင်တွေကလည်း သွားပြုပြင်မှု နည်းပညာအသစ်အဆန်း တွေ ရှာဖွေတီထွင်လာကြသည်။ ပါးစပ်ထဲမှာ ခိုးလိုးခုလုဖြစ်ပြီး ကိုယ့်ဟို ဘားယားနိုင်လှသော အံကပ်နေရာတွင် မေးရိုးမှာ ဝက်အူဖြင့် အသေစုပ်ပြီး တကယ့်သွားလိုဖြစ်အောင် အစားထိုးလာတော့မည်။ နောက်တစ်ဆင့်က သွားအတုကို သံလိုက်မြှုပ်ပြီး ကပ်ထားဖို့ဖြစ်သည်။ ပွန်းပဲ့နေသော သွား တွေကို ကြွေသားပြန်တင်ပေးဖို့လည်း စီစဉ်နေပြီ။

စိန်ကို အရည်ဖျော်နိုင်သည့် နည်းပညာ အောင်မြင်လျှင် သွားတွေ ကို စိန်ရည်သုတ်ထားခြင်းဖြင့် ဘယ်တော့မှ မကျိုးမပဲ့၊ ပိုးမစားတော့ဘဲ အမြဲ အရောင်တလက်လက်တောက်ပစေမည်ဟုလည်း ဆိုသည်။ နောင် တစ်နေ့ကျလျှင် လူက ဝါးစရာမလိုဘဲ သွားတွေက အလိုအလျောက် လှုပ်ရှားပြီး ကြိတ်ဝါးတာမျိုးတောင် ဖြစ်ကောင်း ဖြစ်လာနိုင်သည်။

ဒီလိုနည်းပညာအသစ်အဆန်းတွေ ပေါ်လာလေ လူတွေက သွား ကို ဂရုမစိုက်လေပင် ဖြစ်၏။ တစ်ခုခုဖြစ်လာလျှင် သွားဆရာဝန်တွေ၊ သွားဘက်ဆိုင်ရာ ပညာရှင်တွေက ကြည့်လုပ်ပေးလိမ့်မယ်ဟူသော အတွေး များ ဝင်လာသောကြောင့်ပင် ဖြစ်၏။ ဆရာဝန်အားကိုးနှင့် လုပ်ချင်တာ လုပ်၊ စားချင်တာစား နေချင်သလိုနေကြပေလိမ့်မည်။

နောက်တစ်ခုက ငါ့မှာ သွားသုံးဆယ့်နှစ်ချောင်းတောင် ရှိတာပဲ။ တစ်ချောင်းတစ်လေကျိုးသွားလို့ ဘာအရေးလဲဆိုပြီး မထေမဲ့မြင် ပြုကြခြင်းလည်း ဖြစ်၏။

အမှန်က လူတွေ သတိမမူမိသော အချက်တစ်ချက် ရှိနေသည်။ လူမှာ သွားသုံးဆယ့်နှစ်ချောင်းတောင် ရှိသော်လည်း အစာအိမ်ကတော့ တစ်ခုတည်းသာရှိသည့်အချက်ပင် ဖြစ်၏။

သွားတွေများတိုင်း၊ သွားတွေကောင်းတိုင်း နင်းကန်စားလျှင် အစာအိမ်က ခံနိုင်မည်မဟုတ်။ သွားနာလျှင် နုတ်ပစ်လို့ရသော်လည်း

www.burmeseclassic.com

www.burmeseclassic.com



အစာအိမ်ကျတော့ နှုတ်ပစ်လို့ရတာ မဟုတ်။ အစာအိမ်ကို အံကပ်တ
ပေးလို့ ဖြစ်တာမျိုးလည်း မဟုတ်။

အစာအိမ်ဆိုသည်မှာ တစ်နပ်စာအတွက် ကွက်တိလုပ်ထားခြ
ဖြစ်၏။ နှုတ်ခြမ်းအတွက်၊ တစ်လစာအတွက်၊ တစ်နှစ်စာအတွ
တစ်သက်စာအတွက် ဆိုပြီး ကြိုတင်စားထားလို့မရ။

သို့တိုင်အောင် လူတွေကတော့ အငမ်းမရ စားနေကြမြဲ ဝါးနေကြ

ဘုရားသခင်သည် သွားသုံးဆယ့်နှစ်ချောင်းတောင် ဖန်ဆင်းပေ
ခြင်းမှာ လူတွေကို တဆိတ် အလိုလိုက်လွန်းသည်ဟု၍သာ ဆိုရပေတော
မည်။

[ စံပယ်ဖြူမဂ္ဂဇင်း။ ဖေဖော်ဝါရီလ၊ ၁၉၉၆။ ]

[ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်နှစ်လည်မဂ္ဂဇင်း။ ။ ၁၉၉၆။ ]

## စာဖတ်သူ

ကျွန်တော့်အိမ်မှာ ဗီရို ဆယ်လုံးရှိသည်။ ဒါဆို အဝတ်အစားတွေ တော်
တော်များများမှာပေါ့ဟု ထင်လျှင် မှားပါလိမ့်မည်။

ကျွန်တော့်အမေ ဗီရိုတစ်လုံး၊ သမီးနှစ်ယောက်က ခါးစောင်း
လောက်ရှိသည့် ဗီရိုပုလေးတစ်လုံးစီပိုင်ကြသည်။ ကျွန်တော်တို့လင်မယား
ကတော့ နှစ်ယောက်ပေါင်းမှ ငါးပေအမြင့်ရှိသော ဗီရိုလေး တစ်လုံးကိုသာ
အသုံးပြုကြသည်။ သိမ်သည်းတဲ့ လင်မယား၊ အဝတ်အစားချင်းတောင်
မျှနိုင်လို့ တစ်ဗီရိုတည်း ထားရှိကြခြင်းမဟုတ်။ အဝတ်အစား သိပ်များများ
မရှိကြသဖြင့် ဗီရိုတစ်လုံးတည်းသာ လိုအပ်သောကြောင့်ဖြစ်၏။ အပေါ
အခါကို ကျွန်တော်ကယူ၊ အောက်နှစ်ထပ်မှာ သူ့အဝတ်အစားတွေထည့်။

ကျန်ဗီရိုခြောက်လုံးက ဘာတွေများ ထည့်ထားသလဲ၊ ငွေစက္ကူတွေ
အပြည့်ထည့်ထားသလား။ လက်ဝတ်ရတနာတွေလား။ တခြားအဖိုးတန်
ပစ္စည်းတွေလား။ မဟုတ်ပါ။ စာအုပ်တွေ ထည့်ထားခြင်း ဖြစ်၏။

ဗီရိုခြောက်လုံးနှင့်အပြည့်အသိပ်ထည့်ထားတာတောင် မလောက်
သဖြင့် ဗီရိုတွေပေါ်မှာ စီထား၊ အိပ်ခန်းထဲက စင်ပေါ်မှာ ထပ်ထားရသေး
သည်။ ကျွန်တော့် စာရေးစားပွဲပေါ်မှာလည်း ဖတ်လက်စ စာအုပ်တွေ၊

www.burmeseclassic.com

www.burmeseclassic.com



အမြဲတိုးအား အသုံးပြုနေသည့် စာအုပ်တွေ ထပ်ပြီး စီထားတာ နှစ်ပေ ဆောက် အမြင့်ရှိမည်။ နောက်က နံရံခံထားတာတောင် မကြာခဏ ပြိုကျ သွေ့ရှိ၏။

စာအုပ်တွေ ပေါများတိုင်းသာ ပညာတွေ တိုးလာမည်ဆိုလျှင် ကျွန်တော်သည် တကယ့်ပညာရှိကြီး ဖြစ်နေပေလိမ့်မည်။ တကယ်တော့ ခုထက်ထိ ပညာရှာဖွေဆဲ။

*　　*　　*

စာရေးဆရာတစ်ယောက် စာဖတ်ဝါသနာပါတာ ဘာမှမဆန်းပါ။ သို့ တိုင်အောင် မျိုးစေ့လေး ပါလာပုံလေး နည်းနည်းတင်ပြချင်သည်။

ကျွန်တော့်အဘွား (အမေ့အမေ)သည် စာလုံးဝမတတ်ပါ။ အမေ ကျတော့ ငယ်ငယ်ကတည်းက အလွန်ဆင်းရဲသည်။ စာအုပ် ဝယ်မဖတ် နိုင်။ ဒီတော့ အဖေက စာဖတ်ရအောင် ကြံစည်သည်။ စာအုပ်ဆိုင်ရှင် လူကြီးကို မိတ်ဖွဲ့သည်။ ဆိုင်မှာ ဝိုင်းကူလုပ်ပေးသည်။ ဆိုင်ရှင်ကိစ္စ အပြင်ထွက်လျှင် ဆိုင်စောင့်ပေးသည်။ ဆိုင်စောင့်ရင်း စာအုပ်တွေ ဖတ် ခွင့်ရသည်။ ဆိုင်ရှင်ကလည်း အဖေ စာဖတ်ဝါသနာပါကြောင်း သိသ တချို့စာအုပ်တွေ အိမ်ကို ငှားလိုက်တတ်သည်။ အဖေ စာရေးဆရာ လာခြင်းမှာ သူဖတ်ခဲ့သည့် စာအုပ်များ၏ အထောက်အကူ ပြုမှုကြော ဖြစ်လေသည်။

အမေကျတော့ တစ်မျိုး။ အမေ့အမေ (ကျွန်တော်တို့အဘွား)ကဆေ သူတို့ခေတ်က ပါဠိပါဠိသား ဌာဏ်ကရိုဏ်းကျအောင် ရွတ်ဆိုဖတ်ရှု သော စာတတ်ပေတတ် စာရင်းထဲမှာ ပါသည်။ ထို့ကြောင့် အမေသ ငယ်ငယ်ကတည်းက စာကောင်းပေမွန်တွေ ဖတ်ရှုကြားနာခွင့်ရခဲ့သ



အဖေနှင့်အမေတို့၏ စာဖတ်ဝါသနာပါမှုက ကျွန်တော်တို့ဆီမှာ အပြည့်အဝပါလာသည်။ အဖေက စာရေးဆရာ၊ အမေက ကျောင်းဆရာမ၊ အသိုင်းအဝိုင်းက စာပေလောက။ ဒီတော့ အိမ်မှာ စာအုပ်တွေက တောင်ပုံ ရာပုံ။ ကျွန်တော်တို့မှာ စာအုပ်ပုံတွေကြားမှာ မွေးဖွားလာသူများဟု ဆိုနိုင်သည်။ ဒီလိုလူမျိုးမှ စာဖတ်ဝါသနာမပါလျှင် ရိုက်သတ်ဖို့ပဲ ရှိတော့သည်။

ဒီကြားထဲမှာ ဖူးစာဆုံပြန်တော့ စာကြည့်တိုက်ဝန်ထမ်းနှင့်ဖြစ် ၏။ စာကြည့်တိုက်မှာ စာအုပ်သွားငှားရင်း၊ စာသွားဖတ်ရင်း တွေ့ကြတာ တော့ မဟုတ်။ ကျွန်တော်နှင့်ကြိုက်ပြီးမှ စာကြည့်တိုက်ပညာ ဒီပလိုမာ သင်တန်းတက်ခဲ့ခြင်းသာဖြစ်၏။ စာရေးဆရာ၏ဇနီးလောင်းမို့ လိုက်ဖက် ညီအောင် ထိုသင်တန်းကိုတက်ခဲ့ခြင်း ဟုတ် မဟုတ်တော့ မသိ။ တစ်ခါ မှလည်း မေးမကြည့်ခဲ့ဖူး။

ကျိန်းသေတာကတော့ သူသည်လည်း စာဖတ်ဝါသနာပါခြင်းပင် ဖြစ်၏။ သူ သုံးတန်းကျောင်းသူဘဝမှာ ဝတ္ထုစာအုပ် စဖတ်သည်ဟု ဆို သည်။ တိုက်တိုက်ဆိုင်ဆိုင်ပင် သူ ပထမဆုံးဖတ်ဖြစ်သည့်ဝတ္ထုစာအုပ် မှာ ကျွန်တော့်အဖေ (ဦးသာနု)ရေးသော 'အတာ' အမည်ရှိ စာအုပ်ဖြစ်နေ သည်။

*　　*　　*

ကျွန်တော်တို့ လက်ထပ်ပြီးကာစအချိန်တွင် အိမ်မှာ တီဗီလည်း မရှိသေး။ ကက်ဆက်လည်း မရှိ။ ကလေးကလည်း မရသေးသောကြောင့် ညဦးပိုင်း အချိန်များမှာ ပျင်းခြောက်ခြောက်ကြီး ဖြစ်နေ၏။ ထို့ကြောင့် စာအုပ်များ ကိုသာ အဖော်ပြုကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



ညစာ စားပြီးလျှင် ကျွန်တော်တို့လင်မယားနှစ်ယောက်သည် အိပ်ခန်းထဲ ဝင်ကြလေသည်။ တချို့ကတော့ တစ်မျိုးထင်ချင်ထင်ကြမည်။ ကျွန်တော်တို့နှစ်ယောက်သည် အိပ်ရာပေါ်မှာ ခေါင်းအုံးတွေ မှီထိုင်ပြီး တစ်ယောက် စာအုပ်တစ်အုပ်နှင့် ခိမ်ကျနေခြင်းသာ ဖြစ်၏။ တချို့ညတွေ ကျတော့ သူက စာဖတ်၊ ကျွန်တော်က စာရေး။ သို့ဖြင့် ကျွန်တော်တို့ အိပ်ရာထဲမှာ ဖတ်လက်စ စာအုပ် သုံးလေးအုပ် အမြဲရှိနေတတ်လေသည်။

ကလေးတွေရလာတော့ အိမ်မှာ စည်စည်ကားကား ဖြစ်လာသည်။ စာဖတ်အားကတော့ ကျမသွား။ ကလေးတွေကလည်း အတုမြင်အတတ်သင် တာရော မျိုးရိုးဗီဇအရကော စာဖတ်ခြင်း၌ ဝါသနာထုံကြလေသည်။ ခုအခါ ကျွန်တော်တို့အိပ်ရာပေါ်မှာ၊ ထောင့်တစ်ထောင့်စီမှာ တစ်ယောက် စာအုပ်တစ်အုပ်စီနှင့် နှပ်နေကြသော သားအမိ သားအဖ လေးယောက် တွေ့နိုင်လေသည်။

ကျွန်တော့်ဇနီးနှင့် ကျွန်တော် တိုက်တိုက်ဆိုင်ဆိုင် လာတူတာ ရှိသေးသည်။ အိမ်သာတက်ရင်း စာဖတ်တတ်သည့်အကျင့်ပင် ဖြစ်၏။ ကျွန်တော်က ထိုအကျင့်ကို အဖေ့ဆီက တုပ ရရှိခဲ့ခြင်းဖြစ်၏။ ကျွန်တော့် ဇနီးကတော့ ဘယ်လိုရရှိခဲ့သလဲ မသိ။ သူတို့တစ်အိမ်သားလုံး ဒီအတိုင်း ဟူ၍သာ ပြောသည်။

ကျွန်တော်တို့အိမ်မှာ အိမ်သာတစ်လုံးသာ ရှိသဖြင့် တစ်ယောက် ယောက်ကများ အိမ်သာတက်ရင်း စာအုပ်တစ်အုပ် ဖတ်နေပြီဆိုလျှင် အပြင်က သွားချင်သူမှာ တမေ့တမော စောင့်နေရတတ်သည်။ မနေနိုင် တော့ဘူးဆိုမှ 'စာအုပ်က တော်တော် ထူသလားဟေ့'ဟု လှမ်းအော် ထွက်လာတတ်သည်။ ကလေးတွေကပင် အိမ်သာထဲဝင်လျှင် တေဇတို့၊ ရွှေသွေးတို့၊ ပုံပြင်စာအုပ်တို့ ယူသွားတတ်ကြလေသည်။

* * *



ဤသို့ဖြင့် ကျွန်တော်တို့အိမ်မှာ စာအုပ်အိမ်ကြီးဖြစ်နေလေသည်။ ဗီရို ခြောက်လုံးထဲက စာအုပ်များမှာ အနှစ်နှစ် အလလက စုဆောင်းထားသော စာအုပ်များလည်း ပါသည်။ အဖေရေးခဲ့သည့် ဝတ္ထုစာအုပ်များနှင့် သူ့ ဝတ္ထုပါသော မဂ္ဂဇင်းစာအုပ်များ၊ သီးသန့်ထည့်သည့် ဗီရိုက တစ်လုံး။ ကျွန်တော်ရေးသည့် လုံးချင်းများ၊ မဂ္ဂဇင်းများ ထည့်သည့် ဗီရိုက တစ်လုံး။

ကျွန်တော်က စာတွေ ဆက်ရေးနေသဖြင့် စာအုပ်တွေ ထပ်ထပ် တိုးလာသည်။ လက်ဆောင်ရသည့်မဂ္ဂဇင်းတွေ၊ စာအုပ်တွေကလည်း ရှိသေးသည်။ ကလေးတွေကလည်း သူတို့၏ ရွှေသွေးတို့၊ တေဇတို့၊ ပုံပြင် စာအုပ်တို့ကို သီးသန့် သိမ်းထားနိုင်ရန် ဗီရိုတစ်လုံး တောင်းဆိုလာပြီ။

စာအုပ်တွေထည့်ဖို့ ဗီရိုတွေထပ်ဝယ်ဖို့ ဆိုတာကတော့ မဖြစ်နိုင်။ အခုမှာ ဗီရိုအလယ်အလတ်တန်းစား တစ်လုံး၏ဈေးက သောင်းဂဏန်းနား ကပ်နေသည်။

တကယ်တော့ စာအုပ်များ ဗီရိုထဲထည့်ပိတ်ထားတာ သဘာဝမကျ။ အလင်းရောင်နှင့် လေဝင်လေထွက် အတန်အသင့် ကောင်းမွန်သောနေရာ မှာ စင်များဖြင့် ထားသင့်သည်ဟု စာကြည့်တိုက်ဝန်ထမ်းဖြစ်သော ဇနီးသည်က ထောက်ပြအကြံပေးသည်။ စင်တွေလုပ်ဖို့ဆိုတာက လွယ် တာမဟုတ်။ ပြီးတော့ ကျွန်တော်တို့အိမ်က ဧည့်သည်များသည်။ စင်နှင့်ဆို လျှင် လုံခြုံမှုရှိမှာ မဟုတ်။

အိမ်မှာရှိနေသည့် စာအုပ်ဗီရိုတွေကို ထိန်းသိမ်းရတာကိုက တော် တော် တာဝန်ကြီးသည်။ ကျွန်တော်တို့မြေကြီးက ခြပေါသည်။ နည်းနည်း လေး သတိလစ်တာနှင့် စာအုပ်ဗီရိုတွေထဲ ဝင်တွယ်တတ်သည်။ ထို့ကြောင့် အချိန်ရတိုင်း ကြည့်နေရသည်။ အထူးသဖြင့် ပြန်လည် အစားထိုးဖို့ မလွယ်သော အဖေရေးခဲ့သည့် စာအုပ်များ။

www.burmeseclassic.com

www.burmeseclassic.com



စာအုပ်တွေ တစ်ခါတစ်ခါ ရှင်းရတာက မလွယ်လှ။ ဗီရိုတွေထဲ အပြည့်အသိပ်ထည့်ထားသည့် စာအုပ်တွေကို တစ်ထပ်ချင်း ဆွဲချပြီး ကြည့်ရခြင်းဖြစ်၏။ စာအုပ်တစ်အုပ် ရှာချင်ပြီဆိုလျှင်လည်း ဒီလိုပဲ တစ်ထပ်ချင်း ဆွဲချ၊ လိုချင်တာ ရှာ၊ တစ်ထပ်ချင်း ပြန်တင်၊ တော်တော် လက်ဝင်သည်။

စာကြည့်တိုက်ဝန်ထမ်းဖြစ်သော ဇနီးသည်က အားတဲ့အခါ မျိုးတူ ခွဲခြားခြင်း၊ ကတ်တလောက်စီခြင်းများ ပြုလုပ်ပေးမည်ဟု ဆိုသည်။ သို့ ရာတွင် သူ့ခမျာမှာ အားလပ်သည်ဟူ၍ မရှိ။ အလုပ်သွားရတာ တစ် ဘက်၊ ကလေးတွေ ဝေယျာဝစ္စက တစ်ဘက်၊ ချက်ရေးပြုတ်ရေးက တစ် ဘက်၊ သာရေးနာရေးကတစ်ဘက်၊ အမြဲအလုပ်ရှုပ်နေတတ်သည်။ ထို့ ကြောင့် သူ့အစီအစဉ်က အထမမြောက်သေး။ လုပ်ဖြစ်သည့်တိုင် စာအုပ် တွေကို ထိန်းသိမ်းမှုကတော့ ဆက်ရှိနေရမည်ပင် ဖြစ်၏။

သူတို့ စာကြည့်တိုက်ကြီးတွေမှာ တစ်နှစ်တစ်ကြိမ်ပြုလုပ်သည့် ကိစ္စတစ်ခုရှိသည်။ သကြံန်ရက်များအတွင်း စာကြည့်တိုက်အတွင်း ပိုးသတ် ဆေးဖြန်းခြင်းပင် ဖြစ်၏။

လေပေါက်တွေ အားလုံးပိတ်၊ လေယိုစိမ့်နိုင်သည့် နေရာမှန်သမျှ ပလာစတာတိပ်ပြားနှင့် ကပ်ဖာပြီး အတွင်းကို ပိုးသတ်ဓာတ်ငွေ့များ မှုတ်သွင်းထားခြင်း ဖြစ်၏။ ဓာတ်ကြွင်းအန္တရာယ်က တစ်ပတ်လောက်အထိ ရှိနိုင်သဖြင့် ရုံးပိတ်ရက်များသော သကြံန်တွင်းမှာမှ ပြုလုပ်ရခြင်းဖြစ်၏။

ကျွန်တော်ကလည်း ထိုနည်းကိုယူ၍ ရာသီဥတု အပြောင်းအလဲ သည့်အခါတိုင်းမှာ စာအုပ်ဗီရိုတွေကို ဆေးဖြန်းရသည်။ သူတို့လို ပစ္စည်း မျိုးတော့ မသုံးနိုင်။ ခြင်ဆေးတစ်ဘူးဝယ် စာအုပ်တွေကြားထဲ မှုတ်ဆေးပြီး ဗီရိုကို ပြန်ပိတ်ထားခြင်းသာဖြစ်၏။ ပရပ်လုံးတွေကိုလည်း အခါအားလျော် စွာ ထည့်ပေးရသည်။



တစ်ခါတလေ အလုပ်များနေလျှင် စာအုပ်တွေ ရှင်းဖို့ကို နေ့ရွှေ့ ညရွှေ့ လုပ်ရသည်။ ပြီးတော့ အသစ်ထပ်တိုးလာသည့် စာအုပ်တွေအတွက် နေရာပေးဖို့လည်း စဉ်းစားလာရသည်။ ထိုအခါ အိမ်မှာရှိသည့် စာအုပ်တွေ ထဲက မလိုတာတွေကို ရှင်းပစ်ဖို့ စီစဉ်ရလေတော့သည်။

* * *

အားလပ်သည့် တစ်ရက်တွင် စာအုပ်ဗီရိုတွေ ဖွင့်ပြီး အမျိုးအစား ခွဲရ သည်။ သိပ်အရေးမပါသည့် စာအုပ်များ၊ အလွယ်တကူရှာဖွေလို့ရသော စာအုပ်များ၊ မဖြစ်မနေ သိမ်းထားရမည့် စာအုပ်များ၊ အလွန်ရှားပါးသော စာအုပ်များ ခွဲထုတ်ပြီး တချို့ကို ရှင်းပစ်မည်ဟု စိတ်ကူးသည်။

တကယ်တမ်းကျတော့ ထင်သလောက်မလွယ်။ စာရေးဆရာတစ် ယောက်၊ စာဖတ်သမားတစ်ယောက်အတွက် အရေးမပါသည့် စာအုပ်ဆိုတာ တော်တော် ရှားပါသည်။ လုံးချင်း စာအုပ်တွေကျတော့လည်း စာရေးဆရာ သံယောဇဉ်ကြောင့်၊ မဂ္ဂဇင်းတွေကျတော့လည်း အယ်ဒီတာ သံယောဇဉ် ကြောင့် မဖယ်ရှားချင်ဘဲ ဖြစ်နေ၏။

ဒီကြားထဲက စာအုပ်တွေ့လျှင် ကောက်မလှန်ဘဲ မနေနိုင်သော ကြောင့် ကြည့်မိရာမှ ဆက်ဖတ်ဖြစ်သွားပြီး စာအုပ်ရှင်းဖို့ကိစ္စ နှောင့် နှေးသွားပြန်သည်။

အဖေရေးသည့် စာအုပ်တွေ ထားသည့် ဗီရိုကို ရှင်းဖို့ လုပ်ရတာ ခက်ဆုံးပင် ဖြစ်၏။ ကျွန်တော့် စိတ်ကူးက မဂ္ဂဇင်းအဟောင်းတွေထဲ ပါသည့် အဖေ့ဝတ္ထုတွေကို ဖြုတ်ပြီး စုပေါင်း၍ ချုပ်ထားလိုက်မည်။ ဒါဆို အဖေ့စာတွေချည်း သီးခြားဖြစ်သွားမည်။ မဂ္ဂဇင်းတွေကိုတော့ ရှင်းပစ်လိုက်မည်။ ဒါဆိုလျှင် နေရာအများကြီး ချောင်သွားမည်။

www.burmeseclassic.com

www.burmeseclassic.com



လက်တွေ့ကျတော့ မဖြစ်နိုင်။ မဂ္ဂဇင်းတွေက ဟိုးလွန်ခဲ့သော နှစ်ငါးဆယ်နီးပါးက ထွက်ခဲ့ခြင်း ဖြစ်၏။ ရှားပါးစာအုပ်တွေ။ အထဲမှာ ပါသည့် စာမူတွေကလည်း အကောင်းစား၊ အသန့်စားတွေချည်း ဖြစ်၏။ ဒီလိုမဂ္ဂဇင်းမျိုးတွေကို တစ်ပိုင်းစီဆွဲဖြုတ်ပစ်ရမှာ နှမြောနေသည်။

အရေးအကြီးဆုံး တစ်ခုကတော့ ထိုမဂ္ဂဇင်းတွေမှာ ရေးသည့် စာရေးဆရာများပင် ဖြစ်၏။ ထိုအချိန်က မဂ္ဂဇင်းတစ်ခုထဲမှာ အတူရေး ကြသော စာရေးဆရာများမှာ တစ်ယောက်နှင့်တစ်ယောက် အလွန်ချစ်ကြ သည်။ အယူအဆချင်း မတူသည့်တိုင် သံယောဇဉ်ကြီးကြသည်။

ကျွန်တော်က အဖေ့စာမူတွေကို မဂ္ဂဇင်းထဲက သီးခြားခွဲထုတ် စိတ်ကူးတာ တရားမှ တရားပါ့မလား။ အဖေ့ကို သူ့သူငယ်ချင်းတွေနှ ခွဲထားသလိုများ ဖြစ်နေမလားဟု တွေးမိ၏။ ထို့ကြောင့် သူတို့သူငယ်ချ တစ်စု အဖိုးတန်မဂ္ဂဇင်းတွေထဲမှာပဲ ဆက်ပြီး သိုက်သိုက်ဝန်းဝန်း ပျော်ပျော် ပါးပါး နေကြပါစေလေဆိုပြီး ကျွန်တော့်အကြံကို လက်လျှော့လို သည်။

* * *

အိမ်မှာ စာအုပ်တွေက ပိုမိုများလာသည်။ ထားစရာ နေရာ အခ အခဲဖြစ်လာသည်။ ကမ္ဘာကြီးမှာ လူဦးရေ ပေါက်ကွဲမှာ စိုးရိမ်နေရသ ကျွန်တော့်အိမ်မှာလည်း စာအုပ်ဦးရေပေါက်ကွဲမှာ စိုးရိမ်နေရသည်။

ကျွန်တော့်လို စာအုပ်ကလေး ထောင်ဂဏန်းလောက် ထိန်းသိ နေရသူတောင် ဒီလောက် ဦးနှောက်စားနေရလျှင် စာအုပ်ပေါင်း သိ သန်းချီ၍ စီမံခန့်ခွဲနေရသော စာကြည့်တိုက်ကြီးများ၏ ဝန်ထမ်း ဘယ်လောက် တာဝန်ကြီးမလဲဆိုတာ ကိုယ်ချင်းစာကြည့်နိုင်သည်။



သူတို့မှာ ဥစ္စာစောင့်များနှင့် တူသည်။ တကယ်တော့ 'ဥစ္စာစောင့်' မဟုတ်။ 'စာအုပ်စောင့်'များသာ ဖြစ်လေသည်။

[ ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်ပညာ
ငွေရတုအထိမ်းအမှတ်မဂ္ဂဇင်း။ ။ ၁၉၉၆။ ]

www.burmeseclassic.com

www.burmeseclassic.com

# လှတို့၏ ဥယျာဉ်

ဘိရုဏ္ဏာန်ဥယျာဉ်ထဲ မရောက်ဖြစ်တာ အတော်ကြာသွားပြီ။ ငယ်ငယ်ကတော့ တစ်နှစ်ကို အနည်းဆုံး တစ်ခေါက်နှစ်ခေါက် ရောက်တတ်သည်။ ကလေးဘ၀ကို လွန်မြောက်သွားသောအခါ တိရုဏ္ဏာန်ဥယျာဉ်နှင့် အဆက်ပြတ်သွားခဲ့သည်။ အရွယ်ကလေးရောက်လို့ ရည်းစားနဲ့ဘာနဲ့ ဖြစ်လာသောအခါ ပြန်၍ ရေစက်ဆုံပြန်သည်။ ဟိုအချိန်က ခုခေတ်လို ပန်းခြံတွေ သိပ်မပေါ်များသေးသဖြင့် သမီးရည်းစားအတွဲတို့မှာ တိရုဏ္ဏာန်ဥယျာဉ်ကိုသာ အားကိုးခဲ့ကြရသည်။

လက်ထပ်ပြီးသွားကြပြီဆိုတော့လည်း ထုံးစံအတိုင်း တိရုဏ္ဏာန် ဥယျာဉ်ကြီးကို မေ့လျော့သွားခဲ့ပြန်သည်။ ထို့နောက် သားသမီးတွေရလာ ကလေးတွေ သိတတ်စအရွယ်ရောက်လာတော့ တိရုဏ္ဏာန်ဥယျာဉ်ကို လိုက်ပို့ရပြန်သည်။

ထိုအခါ ငယ်မူပြန် အရသာကလေးများကို ပြန်လည်ခံစားခဲ့ရသည်။ တိရုဏ္ဏာန်တွေကို ကြည့်ပြီး ကလေးတွေ ပျော်ရွှင်ကြ၊ ရယ်မော



ကြ၊ ကြောက်လန့်ကြတာမြင်တော့ ကိုယ့်ကလေးဘ၀ကို ပြန်သတိရသည်။

သမီးရည်းစားအဖြစ်နှင့် ရောက်ခဲ့ကြတုန်းက ထိုင်ခဲ့သော နေရာကလေးများကို ရောက်သောအခါ လင်မယားနှစ်ယောက်တို့ တစ်ယောက်ကို တစ်ယောက်ကြည့်ပြီး ပြုံးမိကြ၏။

ပထမအခေါက်မှာ ကလေးတွေနှင့်အတူတူ တိရုဏ္ဏာန်များကို အထူးအဆန်းသဖွယ် ကြည့်မိကြသေးသည်။ နောက်ပိုင်း အခေါက်တွေကျတော့ စဉ်းစားစရာလေးတွေကို မြင်လာသည်။ တိရုဏ္ဏာန်ဥယျာဉ်နှင့် ပတ်သက်ပြီး အသက်အရွယ်အလိုက် အမြင်ချင်း မတူကြောင်း တွေးမိခြင်းပင်ဖြစ်၏။

ကလေးဘ၀တုန်းကတော့ ကိုယ်မမြင်ဖူးသည့် တိရုဏ္ဏာန်တွေ ကြည့်ရသဖြင့် ပျော်သည်။ သမင်ကလေးတွေ၊ ယုန်ကလေးတွေကို ချစ်သည်။ ကျားတွေ၊ ခြင်္သေ့တွေကျတော့ ကြောက်သည်။ ထို့အတူ မြွေတွေကို ရွံရှာကြောက်လန့်သော်လည်း မကြည့်ဘဲ မနေနိုင်။ ဆင်ကြီးတွေကျတော့ ကောင်ကြီးသော်လည်း မကြောက်ကြ။ ‘မိမိုရေ’ဟု ခေါ်လျှင် ‘ဝူး’ဟု ထူးတတ်သော ဆင်လိမ္မာလေးမိုမိုဆိုလျှင် ရုပ်ရှင်သရုပ်ဆောင် တစ်ယောက်လိုပင် နာမည်ကြီးသည်။

မျောက်ကလေးများကား ကလေးတိုင်း၏ အချစ်တော် ဖြစ်၏။ ကလေးတို့ အချိန်အများဆုံး ဖြုန်းသော နေရာမှာလည်း မျောက်ရှာဖြစ်၏။ ကလေးတွေ အဖို့တော့ တိရုဏ္ဏာန်ဥယျာဉ်ဆိုသည်မှာ ပျော်စရာ အကောင်းဆုံး၊ ကြောက်စရာ အကောင်းဆုံး နေရာဌာနကြီးပင် ဖြစ်၏။

သမီးရည်းစားအရွယ်တွေအတွက်ဆိုလျှင် တိရုဏ္ဏာန်ဥယျာဉ်သည် ချစ်ဥယျာဉ်ဟု ဆိုလောက်သည်။ ကျားတွေ၊ ဆင်တွေ၊ သမင်ကလေးတွေ၊

www.burmeseclassic.com

www.burmeseclassic.com



ကျေးငှက်တွေနှင့် မျော်ရှုံးဟောဝန်ထဲ ရောက်နေသလိုလည်း ထင်မှတ်နိုင်သည်။ တစ်ယောက် လက်ကို တစ်ယောက်ကိုင်ပြီး စကားတွေ ပြောရင်း လောက ကြီးကို မေ့နေနိုင်သည်။

အခုလို ကလေးလည်း မဟုတ်၊ ရည်းစားနှင့် ချိန်းတွေ့ရမည့် အရွယ်လည်း မဟုတ်တော့သည့်အခါ၌ကား။

* * *

တစ်ရက်တွင် ကလေးတွေက တိရစ္ဆာန်ရုံ မရောက်တာကြာပြီ၊ လိုက်ပို့ပါဟု ဆိုသဖြင့် သွားကြသည်။ ကလေးများသည် တိရစ္ဆာန်တွေကို ဘယ်နှစ်ကြိမ် ဘယ်နှစ်ခါ ကြည့်ဖူးသည်ဖြစ်စေ ရိုးအီသွားသည် ဟူ၍ မရှိ။ ပျော်ရွှင်စွာ စိတ်ဝင်စားစွာ ကြည့်ရှုနေကြသည်။

ကျွန်တော်ကတော့ ငယ်ငယ်ကလိုလည်း ပျော်ရွှင်ခြင်း မဖြစ်၊ သမီးရည်းစားဘဝကလိုလည်း ကြည်နူးသာယာခြင်း မဖြစ်။ တိရစ္ဆာန်များ နေထိုင်ပုံ သဘာဝကိုသာ စူးစမ်းကြည့်နေမိသည်။ သူတို့သည် တောထဲ သဘာဝအတိုင်း ရှိနေလျှင် ဘယ်လို နေထိုင်ကြမည်နည်း။

တောထဲမှာဆိုလျှင် ငှက်တစ်ကောင်၏ ပိုင်နက်နယ်မြေသည် အတောင် မညောင်းမချင်း ပျံသန်းနိုင်သလောက်ပင် ရှိလိမ့်မည်။ ဆော ရာသီဆိုလျှင် မိုင်ပေါင်း ရာနှင့်ချီဝေးသော နေရာများသို့ပင် ပြောင်း နေထိုင်ကြသေးသည်။

သမင်ကလေးများသည် မြက်ပင်ပေါများသော ကွင်းပြင်မှာ လှည့်လွှားဆော့ကစားရင်း အစာစားကြမည်။ ညနေကျတော့ ချောင်းငယ်က ဆီသို့ အုပ်လိုက် ရေသောက်ဆင်းကြမည်။



ထိုအချိန်တွင် ကိုင်းတောထဲမှ ကျားတစ်ကောင်က ချောင်းနေမည်။ ကျားဆိုသော သတ္တဝါများသည် သားကောင်က ငယ်သည်ဖြစ်စေ ရင်ဆိုင် တိုက်ခိုက်လေ့ မရှိ။ ချောင်းမြောင်း ခုန်အုပ်ခြင်းသာ ပြုတတ်သည်။ ထို့ကြောင့်လည်း ကျားစောင်းလဲဟု ခေါ်လေ့ရှိခြင်း ဖြစ်လိမ့်မည်။

ခြင်္သေ့ကျတော့ ဒီလိုမဟုတ်။ ဘယ်သူ့မှ ဂရုမစိုက်ဘဲ ပေါ်ပေါ် ထင်ထင်ပင် လှည့်လည် သွားလာတတ်သည်။ ထိုအကြောင်းကြောင့် တောဘုရင်ဟု ခေါ်ကြခြင်း ဖြစ်၏။

ကုန်းသတ္တဝါတွေထဲမှာ ခန္ဓာကိုယ်အကြီးဆုံးမှာ ဆင်ဖြစ်၏။ သူတို့ ကို ဘယ်သတ္တဝါကမျှ ရန်မပြုရဲပါ။ သို့တိုင်အောင် အုပ်စုဖွဲ့ပြီး နေတတ် ကြခြင်းမှာ အသည်းငယ်သည်ဟု ပြောရမလား၊ အစိုးရိမ်ကြီးတတ်သည်ဟု ပြောရမလား မသိ။ တစ်ခုထူးခြားတာက ဆင်များသည် အင်အားကြီးမား သော်လည်း အခြားသတ္တဝါငယ်များကို အကြောင်းမဲ့ ရန်မူလေ့ မရှိခြင်းပင်။

ဒါကလည်း သူတို့အတွက် အခြားသတ္တဝါများကို စားသောက်ရန် အလို့ငှာ သတ်ဖြတ်ဖို့ မလိုအပ်သောကြောင့် ဖြစ်သည်။ အသားစား သတ္တဝါတွေကတော့ သားကောင်ကို မသတ်ဘဲ နေလို့မရ။ ကြီးသည့် အကောင်က ငယ်သည့်အကောင်ကို စားမည်။ သားကောင်က ပိုကြီးနေလျှင် အုပ်စုဖွဲ့၍ တိုက်ခိုက်သတ်ဖြတ် စားသောက်မည်။

တော၏ ဥပဒေသဆိုတာ ရှိသည်။ အင်အားကြီးသူသာ နိုင်စတမ်း ဆိုသည့် သဘောတရားဖြစ်၏။ အင်အားငယ်သူတွေအတွက်လည်း အသက်ဘေးမှ လွတ်မြောက်အောင် တိမ်းရှောင်နိုင်ဖို့ သဘာဝက အခွင့် အလမ်းတွေ ဖန်တီးပေးထားသည်။ အပြေးမြန်ခြင်း၊ ကိုယ်ရောင်ဖျောက် နိုင်ခြင်း၊ တွင်းအောင်းနိုင်ခြင်း၊ ခန္ဓာကိုယ်မှ အနံ့ဆိုးများ၊ အဆိပ်အဆောက် များ ထုတ်လွှတ်နိုင်ခြင်းတို့ ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



တောရိုင်းတိရစ္ဆာန်လောကဋ္ဌ ကြီးနိုင်ငယ်ညှင်းပြုကြခြင်းမှာ သဘာဝတရားပင် ဖြစ်၏။ တမင်သက်သက် ပါဝါပြချင်လို့ အနိုင်ကျင့်နေခြင်း မဟုတ်။ အသက်ရှင် ရပ်တည်ရေးအတွက် ဆောင်ရွက်နေကြခြင်းသာ ဖြစ်၏။ ပုံပြင်တွေထဲမှာလို ဗိုလ်ကျအနိုင်ကျင့်သော ကျားစဉ်းလဲကို သမင်ကလေးတွေက ယုန်ဝဉာဏ်ရှိ၏ အကူအညီဖြင့် စုပေါင်းတွန်းလှန် တိုက်ခိုက်ကြတာမျိုး အပြင်မှာ တကယ်မရှိ။ အရေးကြုံလျှင် လွတ်အောင်ပြေးဖို့သာ သူတို့ နားလည်သည်။

ဒါဆိုရင် အကောင်ကြီးတွေက စားသာတာပေါ့ဟု ပြောလို့လည်း မရပြန်။ အကောင်ကြီးတွေကျတော့ သဘာဝဘေးအန္တရာယ်က အနိုင်ယူတတ်ပြန်သည်။ ရာသီဥတုဖောက်ပြန်ဆိုးရွားသော အခါမျိုးမှာ သတ္တဝါငယ်ကလေးတွေက တွင်းအောင်းခြင်း၊ သစ်ခေါင်းထဲ ဝင်ခိုနေကြခြင်းဖြင့် လွတ်မြောက်အောင် ကြိုးစားနိုင်သည်။ ခန္ဓာကိုယ်ကြီးသည့် သတ္တဝါများမှာ ခိုအောင်းစရာနေရာ ရှားပါးသောကြောင့် သဘာဝဘေးအန္တရာယ်ကိုလည်းစင်ခံကြရသည်။ အစာရေစာ ရှားပါးလာသောအခါမှာလည်း များများစားမှ အသက်ရှင်နိုင်သော သတ္တဝါကြီးများ အခက်အခဲနှင့် ကြုံကြရပြန်သည်။

ကမ္ဘာဦးအစက ကိုယ်ခန္ဓာကြီးမားပြီး အင်အားလည်းကြီးသော ဒိုင်နိုဆောများ သဘာဝဒဏ်ကို မခံနိုင်၍ မျိုးတုံးပျောက်ကွယ် သွားကြရသည်။ ထိုစဉ်ကတည်းက တည်ရှိနေခဲ့သော ပိုးဟပ်များမှာ သဘာဝနှင့် လိုက်လျောညီထွေ နေနိုင်ခဲ့သောကြောင့် ခုချိန်ထိ မျိုးဆက် တည်မြဲနေကြသေးသည်။

ဒါကိုကြည့်၍ လောကကြီးမှာ အင်အားကြီးသူတိုင်းကို မျက်နှာသာပေးတာမဟုတ်ဟု ဆိုကောင်း ဆိုနိုင်မလားမသိ။

* * *



အမှန်တော့ လူသည်လည်း တိရစ္ဆာန်အဖြစ်မှ အသိဉာဏ်ရှိသော လူအဖြစ်သို့ ကူးပြောင်းလာခဲ့ရခြင်းသာ ဖြစ်၏။ မျောက်ဝံတစ်မျိုးမှ သီးခြားကွဲထွက်လာပြီး တစ်စတစ်စ လူဟူ၍ ပီပီပြင်ပြင် တိုးတက်လာရခြင်း ဖြစ်၏။ ဒါဆိုလျှင် မျောက်ဝံတွေကို တိရစ္ဆာန်ရုံထဲမှာ ထားခြင်းသည် မိမိတို့၏ ဘိုးဘွားအနွယ်ဝင်များကို မထေမဲ့မြင် ပြုရာများကျနေမလားဟု ကတ်သီးကတ်သတ် တွေးမိသေးသည်။

လူသည် တိုးတက်ယဉ်ကျေးလာသည် မှန်သော်လည်း တချို့သူတွေမှာတော့ တိရစ္ဆာန်ဘဝက အမူအကျင့်တွေ ကျန်နေသေးသည်။ မြွေလို ကောက်ကျစ်တတ်သောလူ၊ ကျားလို စဉ်းလဲတတ်သောလူ၊ ယုန်လို ကြောက်လန့်တတ်သောလူ၊ ခွေးလို သစ္စာရှိသောလူ၊ မျောက်လို ဘုရာကြုံရာမှာ ခပ်ပျော်ပျော် နေတတ်သောလူ စသဖြင့်။

တချို့ကျတော့ တိရစ္ဆာန်လောကမှာသုံးသော တော၏ ဥပဒေသကို ယခုထိ အသုံးပြုချင်သေးသည်။ အင်အားကြီးသူသာ နိုင်စတမ်း၊ ကြီးနိုင်ငယ်ညှဉ်း စရိုက်မျိုး၊ အင်အားနည်းသူကို ဝါးမျိုချင်သော အကျင့်မျိုးတွေ ရှိနေသေးသည်။ ထို့ကြောင့် တရား ဥပဒေတွေ ထုတ်ပြန်ပြီး တားမြစ်ထားရခြင်း ဖြစ်၏။

လူတို့သည် တိရစ္ဆာန်တွေထက် ပိုပြီး အသိဉာဏ်ရှိသလို၊ တိရစ္ဆာန်တွေထက် ပိုပြီး သစ္စာမဲ့တတ်သည်။ လူလည်ကျတတ်သည်။ (တိရစ္ဆာန်လူလည်ကျသည် ဆိုသော အသုံးအနှုန်း မရှိတာကို ကြည့်လျှင် သိသာ၏။)

တိရစ္ဆာန်အများစုသည် အမျိုးတူ အချင်းချင်း သတ်ဖြတ် စားသောက်ခြင်း မရှိ။ လူတွေကတော့ အချင်းချင်း စစ်ပွဲတွေခင်းပြီး သတ်ဖြတ်နေကြတာ ကမ္ဘာ့နေရာတချို့မှာ တွေ့နေရသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



တိရစ္ဆာန်များ၌ အသားစားသတ္တဝါပင်ဖြစ်စေ သူဗိုက်ဆာသည့်အချိန်ကျမှသားကောင်ကိုရှာသည်။နောက်ရက်တွေအတွက်ပါကြိုပြီးသားကောင်ကို သတ်ဖြတ်ခြင်းမရှိ။ လူတွေကျတော့ လိုချင်သည့်အချိန်မှာ အဆင်သင့် စားလို့ရအောင် ကြက်တွေ၊ ဝက်တွေ၊ နွားတွေကို ဖမ်းဆီး မွေးမြူကြသေးသည်။

အသားစားသတ္တဝါများကမူ သားကောင်ကို ဖမ်းဆီးရာတွင် ပြေးနိုင်လျှင် လွတ်မြောက်နိုင်သည့် အခွင့်အလမ်း ပေးထားသေးသည်။ လူတွေအတော့ ကြက်ကို သတ်တာတောင် အချိန်ကုန်သက်သာအောင် စက်ကိရိယာတွေ တီထွင်ပြီး သတ်တတ်တာမျိုး ဖြစ်၏။

တိရစ္ဆာန်များတွင် တစ်ကောင်နှင့်တစ်ကောင် တစ်မျိုးနှင့် တစ်မျိုး ကျွန်ပြုခိုင်းစေခြင်းမှာ မရှိသလောက်ရှားသည်။

လူတွေကတော့ တိရစ္ဆာန်တွေကို လှည်းဆွဲခိုင်း၊ လယ်ထွန်ခိုင်းလို့ အားမရဘဲ ဆပ်ကပ်တွေမှာ ထည့်သုံးပြီးငွေရှာကြသည်။ ဒါတွင်မက လူလူချင်း ကျွန်ပြုခဲ့ကြသည့် အစဉ်အလာ ရှိခဲ့သည်။ ကျွန်ခေတ် ကုန်ပြီဟု ဆိုသည့်တိုင် စီးပွားရေးအရ ချုပ်ကိုင်ခြယ်လှယ် နေကြသေးသည်။

အင်အားကြီးသော နိုင်ငံက အင်အားငယ်သော နိုင်ငံကို ကြိုးကိုင်ထိန်းချုပ်ချင်ကြသည်။ ကျွန်တော်တို့ နိုင်ငံပင်လျှင် ကျွန်အဖြစ်မှ လွတ်မြောက်လာတာ နှစ်ငါးဆယ်ခန့်သာ ရှိသေးသည်။ ခုချိန်ထိအောင် ကျွန်ပြန်မဖြစ်ရေးအတွက် ကြိုးစားကာကွယ်နေရတုန်း ရှိသေးသည်။

လူတို့သည် တိရစ္ဆာန်တို့ထက် ပို၍ အသိဉာဏ်ရှိတာတော့ မှန်သည်။ သို့ရာတွင် ရိုးသားမှုနှင့်သစ္စာရှိမှုအတွက်တော့ တိရစ္ဆာန်များထံမှ ပြန်လည် အတုယူဖို့ လိုအပ်နေသေးသည်ဟု ထင်၏။

* * *



သွားရင်းငေးရင်းက ထွက်ပေါက်နားသို့ ရောက်ရှိလာသည်။ ထို့ကြောင့် ကျွန်တော်တို့သည် တိရစ္ဆာန်ဥယျာဉ်မှ ထွက်၍ လူဥယျာဉ်အတွင်းသို့ ပြန်လည်ဝင်ရောက်လာခဲ့ကြလေသည်။

[ငွေတာရီမဂ္ဂဇင်း။ ။ ဩဂုတ်၊ ၁၉၉၆။]

www.burmeseclassic.com

www.burmeseclassic.com

# လောင်စာ

ကမ္ဘာဦးက ကျောက်ခေတ်လူသားများ မီးကို စတင်တွေ့ရှိရခြင်းသည် ပထမ စက်မှုတော်လှန်ရေး၏အစပင်ဖြစ်သည်ဟု ဆိုကြသည်။ ထို့အ လောင်စာစွမ်းအင် အကျပ်အတည်း၏ အစလည်း ဖြစ်ကြောင်းကိုတေ သတိမထားမိခဲ့ကြချေ။

သစ်ကိုင်းခြောက်အချင်းချင်း ပွတ်တိုက်မိရာမှ မီးပွင့်ပြီး တော လောင်ခြင်း၊ ကျောက်လက်နက်ချင်း ထိခိုက်မိရာမှ မီးပွား လွင့်စင်ခြ တို့ကို အတုယူပြီး မီးခတ်သည့် အတတ်ပညာ စတင်ပေါ်ပေါက်လာသ

မူလက မီးကို အလင်းရောင်ရရန်၊ အနွေးဓာတ်ရရန်၊ သားရဲတိရ များကို ခြောက်လှန့်ရန်အတွက်သာ အသုံးပြုခဲ့ကြခြင်း ဖြစ်၏။ သား ငါးစိမ်းတွေ စားကြရင်း အသားစတစ်ဖဲ့ မီးပုံထဲ မတော်တဆ ကျဟန်တူသည်။ သို့မဟုတ် မီးဖိုထားရင်း ထင်းကုန်သွားသဖြင့် အဆ ရှိနေသော တိရစ္ဆာန်အရိုးတစ်ချောင်းကို ထင်းအဖြစ် အစားထိုး လိုက် တူသည်။ အသားစကို မီးလောင်ရာမှ မွေးကြိုင်သောအနံ့ ထွက်



သည်။ ယူစားကြည့်လိုက်တော့ အစိမ်းစားတာထက်ပိုပြီး အရသာရှိကြောင်း သိရ၏။

ထိုအခါမှစ၍ သားငါးများကို မီးကင်၍ စားကြသည်။

ထိုစဉ်က လူတို့သည် ခုချိန်မှာလို မြို့ရွာတိုင်းပြည်များ ထူထောင်၍ တစ်စုတစ်စည်းထဲ နေကြခြင်းမျိုး မရှိသေး။ သီးခြား အုပ်စုငယ်လေးများဖွဲ့၍ လှည့်လည်သွားလာနေကြခြင်း ဖြစ်၏။ ဒီထဲမှာ တချို့အုပ်စုတွေက မီးကို ကိုယ်တိုင်ဖန်တီးတတ်သည်။ တချို့က မတတ်မြောက်သေး။

ထိုအခါ မီးမလုပ်တတ်သူများက တခြားအုပ်စု စွန့်ပစ်ထားခဲ့သော မီးဖိုကို ဆက်ခံအသုံးပြုရသည်။ ထိုမှတစ်ဆင့် အလစ်မှာ မီးခဲမီးစတွေ ဝင်ခိုးတာမျိုး ဖြစ်လာသည်။ အုပ်စုတောင့်သောသူများကတော့ မီးရှိသော အုပ်စုကို ဝင်ရောက်တိုက်ခိုက်ပြီး မီးကို သိမ်းပိုက်ကြသည်။ အစပိုင်းတွင် အနိုင်ရရှိသူက ရှုံးသူများကို တစ်ယောက်မကျန် သတ်ပစ်ကြသည်။ နောက်ပိုင်းကျတော့ မီးခတ်သည့် ပညာတတ်သူများကို မသတ်တော့ဘဲ အုပ်စုဝင်အဖြစ် လက်ခံပြီး မီးမွေးသည့် တာဝန်ယူခိုင်းတာမျိုး ဖြစ်လာသည်။ (ထိုစဉ်ကတည်းက တက်ကနစ်ရှင်များမှာ ဦးစားပေးခံခဲ့ရခြင်း ဖြစ်၏။)

လူတို့ မီးကို စတင် အသုံးပြုတတ်ချိန်မှစ၍ လောင်စာစွမ်းအင်ကို အကြောင်းပြုပြီး ဖြစ်ပွားခဲ့ကြသော စစ်ပွဲများမှာ နှစ်ဆယ်ရာစု ကုန်ဆုံးခါနီးအထိ ရှိနေသေးသည်။ ရေနံကြွယ်ဝသော မြေအစိတ်အပိုင်းကလေးအတွက် အီရတ်က ကူဝိတ်ကို ဝင်သိမ်းသည်။ နိုင်ငံစုံတပ်များက အီရတ်ကို ဝိုင်းတိုက်ကြသည်။

ထိုကိစ္စအတွက် ငွေတွေ၊ လူ့အသက်တွေ အများအပြား အဆုံးအရှုံးခံကြခြင်းမှာ ကူဝိတ် နိုင်ငံသားတွေကို ချစ်လွန်းလို့ ခင်လွန်းလို့မဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



ရေနံ မရမှာ စိုးသောကြောင့်သာ ဖြစ်၏။ ခုချိန်ထိ ထိုကိစ္စမှာ လုံးဝ ပြီးပြတ်ပြီဟု မဆိုနိုင်သေး။

* * *

ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွားရခြင်း၏ အကြောင်းရင်းမှာ ကိုလိုနီနယ်ပယ်နှင့်ဈေးကွက် အဝေမတည့်ကြခြင်းမှ စတင်ခဲ့ခြင်းဖြစ်ကြောင်း လူတိုင်းသိကြသည်။ စစ်ကြီးပြီးဆုံးပုံနှင့် ပတ်သက်လို့တော့ အယူအဆ အမျိုးမျိုးကွဲပြားနေကြ၏။ တချို့က ဖက်ဆစ်ဝါဒကို ကမ္ဘာ့ပြည်သူများက လက်မခံကြသောကြောင့်၊ ဟစ်တလာ့ကျဆုံးရခြင်းဖြစ်သည်ဟု ဆိုကြ၏။ ဟစ်တလာအတွက် အချက်များသောကြောင့်ဟုလည်း ပြောကြသည်။ အမေရိကန်က အင်္ဂလိပ်၊ ပြင်သစ်တို့ဘက်က ဝင်ပါလို့ ဆိုဗီယက်နှင့် ယာယီ မဟာမိတ်ဖွဲ့နိုင်လို့ဟု ယူဆကြသည်။

မဟာမိတ်တပ်များ ပြင်သစ်ကမ်းခြေကို တက်ရာတွင် ကာလေအရပ်က တက်မည်ဟု ဟစ်တလာက ယူဆခဲ့သည်။ တကယ်တမ်းကြတော့ နော်မန်ဒီကမ်းခြေကို တက်လာသဖြင့် ဂျာမန်တို့ တွက်ကိန်းလွဲပြီး အထိနာရသည်။ အင်အားတောင့်တင်းသော ဆိုဗီယက်ကို သွားစမိတာလည်း ဂျာမန်တို့၏ မဟာအမှားဟု ဆိုကြသည်။

ဒုတိယကမ္ဘာစစ်ကြီးမှာ နာဇီ ဂျာမနီ ဦးဆောင်သော ဝင်ရိုးတန်းနိုင်ငံများကို နိုင်အောင် တိုက်လိုက်နိုင်သဖြင့် မဟာမိတ်များမှာ သူတို့ကိုယ်သူတို့ တော်တော်အထင်ကြီးနေကြသည်။ မဟာမိတ်စစ်ဗိုလ်ချုပ်ကြီးများသည်လည်း မြောက်ကြွမြောက်ကြွ ဖြစ်နေကြ၏။

သို့ရာတွင် ခုနောက်ပိုင်း လေ့လာသူအချို့၏ သုံးသပ်ချက်အရ ဒုတိယ ကမ္ဘာစစ်ကြီး၌ ဟစ်တလာ စစ်ရှုံးသွားရခြင်းမှာ မဟာမိတ်တွေ



တော်လွန်းလို့လည်း မဟုတ်၊ ဂျာမန်တွေ ညံ့လွန်းလို့လည်း မဟုတ်၊ ဓာတ်ဆီပြတ်သွားသောကြောင့် ရှုံးခဲ့ရခြင်းဖြစ်သည်ဟု ဆိုကြလေ၏။

* * *

ရေနံမရှိလျှင် ဘာမှ လုပ်လို့မရကြောင်း သိလာကြသောအခါ၊ တစ်နည်းအားဖြင့် ရေနံ၏ အရေးပါမှုကို သိလာကြသောအခါ အချို့နိုင်ငံတွေက ရေနံကို လက်နက်လို အသုံးချလာကြသည်။ ထစ်ခနဲရှိ ရေနံထုတ်လုပ်မှုကို လျှော့ချပြီး ထိန်းချုပ်သည်။ ရေနံဈေးကို မြှင့်ပြီး ကမ္ဘာ့စီးပွားရေးကမောက်ကမ ဖြစ်အောင် လုပ်သည်။ ထိုအခါ စီးပွားပျက်မခံနိုင်သောနိုင်ငံများ၊ လုပ်ငန်းရှင်ကြီးများက သူတို့ကို ဖားရသည်။ လက်နက်လိုချင်လက်နက်၊ လေယာဉ်ပျံလိုချင် လေယာဉ်ပျံပေးပြီး ချွေးသိပ်ကြရသည်။

ကြာလျှင် သူတို့ လက်ခုပ်ထဲက ရေနံ ဖြစ်တော့မည်။ ထို့ကြောင့် ရေနံရရှိနိုင်မည့် တခြားနေရာတွေ ရှာဖွေလာရသည်။ ကုန်းပေါ်မှာသာမက ပင်လယ်ထဲမှာ ရေနံရှာလာရသည်။ တောထဲတောင်ထဲမှာလည်း ရှာသည်။ ရေနံသာရမည်ဆိုလျှင် ဘယ်နေရာပဲ တူးရ တူးရ။ ဘနဖူး သိုက်တူး ဘယ်ဆိုတာ ဘာဟုတ်သေးလို့လဲ။ ကိုယ့်မိန်းမဗိုက်ထဲမှာ ရေနံရှိတယ်ဆိုလျှင် ဖောက်ထုတ်ယူမည့် သဘောတောင်ရှိသည်။

အရင်က အလဟဿ မီးရှို့ထားရသော သဘာဝဓာတ်ငွေ့များကို နိုင်ငံပေါင်းရာချီသည့်နေရာအထိ ပိုက်လိုင်းသွယ်တန်းပြီး အသုံးပြုကြရသည်။ ရေနံအပြင် တခြားလောင်စာစွမ်းအင်တွေကိုလည်း အစားထိုးသုံးနိုင်မည့် ရှာဖွေလာရသည်။ ထို့အပြင် စွမ်းအင်ကို ချွေတာနိုင်မည့် နည်းလမ်းတွေကိုလည်း သုတေသနပြုကြရ၏။ စက်ရုံကြီးတစ်ရုံ၏ အိုလ်ဓာတ်ပေါက်မှ

www.burmeseclassic.com

www.burmeseclassic.com



ထွက်လာသည့်အပူကိုပင် ချမ်းသာမပေးဘဲ စွန့်ပစ်အပူကိုသုံးပြီး လည်ပတ်သည့် နည်းလမ်းဖြင့် အသုံးပြုကြရသည်။

* * *

ကျွန်တော်တို့ ငယ်ငယ်တုန်းက အဖေ့ဆီမှာ ဖို့ဒ်ဆန်း ကားကြီးတစ်စင်း ရှိသည်။ ကားကစုတ်သော်လည်း တော်တော်ဆွဲသည်။ ဆွဲမှာပေါ့ ပစ်စတင် ရှစ်လုံးထိုး ဗီအိတ် ကားကြီးကိုး။ ဆီကလည်း တော်တော်စားသည်။ ကျွန်တော်တို့နေ့ထိုင်ရာ သဃ်န်းကျွန်းနှင့် မြို့ထဲ အသွားအပြန် တစ်ဂါလံ လောက်ကုန်သည်။

သို့ရာတွင် ကိစ္စမရှိ။ ဆီတစ်ဂါလံမှ နှစ်ကျပ်ခွဲ။ ဆိုင်မှာ တန်းစီစရာလည်း မလို။ ဆီစာအုပ် ထပ်စရာလည်း မလို။ ကြိုက်တဲ့အချိန် ကြိုက်သလောက်ထည့်။ စာရင်းမှတ်ထားပြီး လကုန်မှ ငွေရှင်းလို့လည်း ရသည်။

ထိုစဉ်က ကားဆိုလျှင် ကြီးမှခံ့မှ အင်ဂျင်အားကောင်းမှ ကြိုက်ကြသည်။ သေးသေးကွေးကွေး အင်ဂျင်အားနည်းနည်း ဆီစားသက်သာသော ဂျပန်ကားလေးများကို လူရာမသွင်းချင်ကြ။

'ဟင်၊ ဂျပန်ကား မကြိုက်ဘူး၊ ပျော့တယ်'ဟု နှာခေါင်းရှုံ့ချင်ကြသည်။

နောက်ပိုင်း ဓာတ်ဆီတွေရှားပြီး တစ်ပတ် ဘယ်နှစ်ဂါလံ ဘာညာ ဖြစ်လာတော့ ကားဆို ပုံစံသွက်မှ၊ ဆီစားသက်သာမှ ဆိုတာမျိုးဖြစ်လာ၏။ ဟိုအရင်ခေတ်က ဇိမ်ခံကားကြီးများမှာ ထုံထုံထိုင်းထိုင်းနှင့် အကြည်းရဆိုးသည့် ပုံစံများဟု ထင်လာကြ၏။ ဓာတ်ဆီထုတ်ရောင်းသူများကသာ စိတ်ဝင်စားတော့သည်။ တချို့လည်း နိဗ္ဗာန်ယာဉ်များအဖြစ်သာ အသုံးဝင်



တော့သည်။ မော်တော်ယာဉ်များ ရောင်းဝယ်ရာမှာပင် ဆီစားသက်သာခြင်းကို ဂုဏ်ပုဒ်တစ်ခုလို အထူးပြု ကြော်ငြာလာကြရလေသည်။

မော်တော်ကား ထုတ်လုပ်သူများကလည်း သူတို့၏ အင်ဂျင်များကို ဆီစားသက်သာမှုအတွက် အထောက်အကူပြုနိုင်ရန် ကွန်ပျူတာနှင့် ဂရုတစိုက် တွက်ချက် ထုတ်လုပ်ကြရသည်။ ဓာတ်ဆီက ကားကို ပြန်၍ ခောင်းသည့်သဘော ဖြစ်နေလေ၏။

ကျွန်တော့်မှာ တက္ကစီကားမောင်းသော သူငယ်ချင်းတွေ ရှိသည်။ သူတို့၏ ပြောပြချက်အရ တစ်နေ့တာ ဆွဲလို့ရသော ဝင်ငွေ၏ သုံးပုံတစ်ပုံမှာ ဓာတ်ဆီဖိုးဖြစ်သည်ဟု သိရ၏။

ဆန် လက်လီရောင်းသူ တစ်ယောက်ကလည်း ပြောပြသည်။ လက်ကားဆိုင်မှ သူ့အိမ်အထိ ငါးမိုင်လောက်ခရီးကို ဆန်ဆယ်အိတ်သယ်သည့်အတွက် ကားခသုံးရာ ပေးရသည်ဟု ဆိုသည်။ ဆန်တစ်အိတ်အတွက် သုံးဆယ်ကျသည့်သဘော။ လက်ကားဆိုင်သို့ ဆန်ဂိုထောင်မှသယ်ရသည့်စရိတ်၊ ဆန်ဂိုထောင်သို့ ဆန်စက်မှ သယ်ရသည့်စရိတ်၊ ဆန်စက်သို့ စပါးသိုလှောင်ရာမှ သယ်ရသည့်စရိတ်၊ စပါးသိုလှောင်ရုံသို့ လယ်ကွင်းသို့မဟုတ် အဝယ်ဒိုင်မှသယ်ရသည့်စရိတ်များကို ထည့်တွက်လျှင် ထမင်းတစ်ပန်းကန်ဝမ်းထဲရောက်ဖို့ အရေး ဓာတ်ဆီ၊ ဒီဇယ်ဆီ တစ်ခွက်ပါရောပြီး မျိုရသည့်သဘော ဖြစ်နေလေတော့သည်။

တခြားကုန်ပစ္စည်းတွေလည်း ဒီအတိုင်းပင် ဖြစ်လိမ့်မည် ထင်၏။ ပစ္စည်းတစ်ခုဝယ်တိုင်းဝယ်တိုင်းဓာတ်ဆီဖိုးပါဆောင်းပေးနေရသလိုပဲဖြစ်၏။ အကယ်၍ ဓာတ်ဆီတွေသာ ပေါပေါများများရှိနေလျှင် ကုန်ဈေးနှုန်းတွေသုံးပုံတစ်ပုံလောက် ကျကောင်းကျသွားမှာပဲဟု လူပြိန်းတွက် တွက်မိလေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



မိတ်ဆွေစာရေးဆရာတစ်ယောက် ကွယ်လွန်သွားသဖြင့် ဈာပနကို လိုက်ပို့သည်။ သုသာန်ရောက်တော့ မီးသဂြိုဟ်စက်ရှေ့က ကျောက်သင်ပုန်းမှာ ယနေ့သဂြိုဟ်မည့်သူများ စာရင်းကို ရေးထား၏။ စာရင်းခေါင်းစဉ်မှာနှစ်မျိုးဖြစ်၏။ အက်ဖ်အိုနှင့် ဂက်စ်ဟူ၍ ခွဲခြားထားပြီး အောက်မှာ လူစာရင်းတွေ တန်းစီရေးထားသည်။ သဘောကတော့ အက်ဖ်အို သုံးပြီး မီးသဂြိုဟ်မည့်သူများနှင့် ဂက်စ်သုံးပြီး မီးသဂြိုဟ်မည့်သူများ ကဏ္ဍခွဲထားခြင်း ဖြစ်၏။

ကျွန်တော့် မိတ်ဆွေက ဂက်စ်နှင့် အလှည့်ကျသည်။ သူသည် နာမည်ကြီး စာရေးဆရာတစ်ဦးဖြစ်၏။ သူ့စာအုပ်တွေမှာ သူ့နာမည်ကို ထင်ထင်ရှားရှား ကြီးကြီးမားမားရေးရသည်။ စာပေဟောပြောပွဲတွေမှာ သူ့နာမည်ကို ထိပ်ဆုံးမှ တင်ရသည်။ ပရိသတ်ကလည်း သူ့ကိုသာ အလေးထား တောင့်တကြခြင်းဖြစ်၏။ သူ့နာမည်သည် ဘယ်တုန်းကမှ သူများ၏ အောက်မှာ မရှိခဲ့။

မီးသဂြိုဟ်မည့်နေရာမှာကျတော့ သူ့နာမည်သည် ခေါင်းစဉ်တစ်ခု အောက်မှာ အခြားမထင်မရှားပုဂ္ဂိုလ်များနှင့်အတူ တန်းစီဖော်ပြထားခြင်း ခံရသည်။ ထိုခေါင်းစဉ်ကလည်း 'ဂက်စ်' ဟု ဆိုသော လောင်စာဓာတ်ငွေ့ တစ်မျိုးသာ ဖြစ်၏။

ဒီနေရာမျိုးမှာကျတော့ ဂက်စ်တို့ အက်ဖ်အိုတို့က အဓိက ခေါင်းစဉ်ကြီးဖြစ်နေပြီး လူတွေက သာမန်စာရင်းဇယား တစ်ခုအဖြစ်သာရှိတော့သည်။ လောင်စာက လူထက်ပိုပြီး အရေးပါသော နေရာကို ယူထားသည်။

* * *

လူတို့သည် မီးကို စတင်တွေ့ရှိချိန်မှစ၍ လောင်စာစွမ်းအင်အမျိုးမျိုးကို တီထွင်အသုံးချခဲ့ကြသည်။ လောင်စာစီးပြီး ခရီးနှင်မည်။ လောင်စာထွန်းညှိပြီး အလင်းဆောင်မည်။ လောင်စာစွမ်းအားဖြင့် စကြဝဠာကြီးကို လွှမ်းမိုးရမည်ဟု ကြံစည်ခဲ့ကြသည်။



သို့ရာတွင် ထင်သလိုမဟုတ်ဘဲ လောင်စာစွမ်းအင်က လူတို့ကို ပြန်၍ လွှမ်းမိုးလာသည်။ အရာရာကို လောင်စာက ချုပ်ကိုင် ခြယ်လှယ်လာသည်။ လူတို့အဖို့ လောင်စာစွမ်းအင်သည် မွေးရာမှ သေသည်အထိ မရှိမဖြစ် အရေးပါသောအရာ ဖြစ်လာသည်။

ကမ္ဘာဦးက လူတို့သည် မီးကို အသားငါးကင်ခြင်း၊ အနွေးဓာတ်အတွက်၊ သားရဲတိရစ္ဆာန်တို့၏အန္တရာယ်ကို ကာကွယ်ဖို့အတွက် အသုံးပြုရုံမျှသာမက ကိုးကွယ်ဆည်းကပ်ရာအဖြစ်ပါ ပူဇော် ပသခဲ့ကြသည်။ ခုခေတ်လူတို့ကား ဓာတ်ဆီကို ကိုးကွယ်ပူဇော်ခြင်း မပြုကြသေးသည့် အတွက်တော့ ကျောက်ခေတ်ထက် သာလွန်သည့် အချက်တစ်ချက်ဟု ဂုဏ်ယူနိုင်ဖွယ် ဖြစ်လေ၏။

[ဆေးပညာရှင်၊ အမှတ်စဉ် ၃၊ ၁၉၉၇။]

www.burmeseclassic.com

www.burmeseclassic.com

## ရှိရင် ကောင်းမယ်

'ရေဒီယိုကလေးတစ်လုံးလောက် ရှိရင်ကောင်းမယ်'ဟု အဖေတို့၊ အမေတို့ ငယ်ငယ်က တမ်းတခဲ့ကြသည်ဟု ကြားဖူးသည်။ ထိုစဉ်က ရေဒီယိုမဆို ထားနှင့်၊ လျှပ်စစ်မီးတောင် အိမ်တိုင်းမှာ ရှိကြသည် မဟုတ်။ လူကုံထံများသာ အိမ်ဧည့်ခန်းမှာ သေတ္တာတစ်လုံးနှင့်တူသော ရေဒီယိုကြီးများကို ရှိုးပြထားနိုင်တာ ခေတ်ဟောင်း ရုပ်ရှင်တွေထဲ ကြည့်ဖူးသည်။

အဖေနှင့်အမေ လက်ထပ်ပြီးကာစဉ် ကျားကူးကွက်သစ်မှာ နေသည်။ ပုံနှိပ်စက်ကလေး ထောင်ရာမှ စီးပွားရေး ချောင်လည်စပြုလာသည်။ အဖေနှင့်အမေတို့သည် သူတို့ ကလေးဘဝကတည်းက စိတ်ကူးယဉ်ခဲ့သော ရေဒီယိုကလေးတစ်လုံး ဝယ်ဖြစ်ခဲ့လေသည်။ တစ်ခြားလူတွေလည်း နားထောင်ချင်ကြမှာပဲဆိုပြီး ရေဒီယိုလာချိန်ကျလျှင် အိမ်အပြင်ကို အော်လံလေး တစ်ခု ထုတ်ပြီး ခပ်ကျယ်ကျယ် ဖွင့်ပေးထားသည်။ ရပ်ကွက်ထဲမှ လူများက အိမ်ရှေ့ကွက်လပ်မှာ စုရုံးထိုင်ကြပြီး နားထောင်ကြသည်။

* * *



ကျွန်တော်တို့ ရှစ်တန်း၊ ကိုးတန်းလောက်တွင် ရေဒီယိုကက်ဆက်တွေ ပေါ်သည်။ ရေဒီယိုလည်း နားထောင်လို့ရ၊ ကိုယ်ကြိုက်တဲ့ သီချင်းဆိုလည်း ကူးယူထားလို့ရ၊ သီချင်းခွေတွေလည်း ဖွင့်လို့ရသဖြင့် အလွန် အဆင်ပြေသည်။

'ကက်ဆက်ကလေး တစ်လုံးလောက် ရှိရင် ကောင်းမယ်'ဟု ကျွန်တော်တို့ တမ်းတခဲ့ရဖူးသည်။

* * *

သမီးအကြီးမ စကားတတ်ကာစတွင်

'ထိပေါက်ရင် တီဗီဝယ်ပေးနော်'ဟု ပူဆာတတ်၏။

ရုပ်မြင်သံကြားပေါ်လာပြီး နှစ်အတော်ကြာသည်အထိ ကျွန်တော့် အိမ်မှာ မဝယ်နိုင်သေး။ ဓာတ်ကားကောင်းလို့ ကြည့်ချင်လျှင် သူများအိမ် မှာ ကြည့်ရ၏။

တစ်ချိန်က ရုပ်ရှင်ကြည့်ချင်သျှင် ရုံရှိရာသို့ တကူးတက သွား၊ လက်မှတ်ရဖို့ တိုးဝှေ့ပြီးမှ ကြည့်ရသည်။ ရုပ်မြင်သံကြားကတော့ ကိုယ့် အိမ်မှာ ထိုင်ပြီး အေးအေးသက်သာ ကြည့်နိုင်သည်။ ထို့ကြောင့် ကလေး တွေက တစ်အိမ်လုံးနှင့် ကျွန်တော်ကပါ 'တီဗီတစ်လုံးတော့ ရှိရင်ကောင်း မယ်' ဟူသောဆန္ဒ ဖြစ်ပေါ်လာမိ၏။ သို့တိုင်အောင် နောက်လေးငါးနှစ် လောက်ကြာမှ တီဗီတစ်လုံး ဝယ်နိုင်ခဲ့ပါသည်။

သမီးအငယ်မ အလှည့်ကျတော့ 'အောက်စက်-- အောက်စက်' ဟူသော အသံထွက်လာသည်။ ဗီဒီယိုအခွေတွေ ခေတ်စားသည့် ကာလ ဖြစ်၏။ တစ်အိမ်သားလုံးကလည်း ဝယ်သင့်သည်ဟု ထောက်ခံကြသည်။

ကျွန်တော်ကလည်း ဗီဒီယိုဓာတ်ညွှန်းတွေ ရေးဖြစ်လာသဖြင့် လိုင်းသဘောအရအိမ်မှာ ဗီဒီယိုပြစက်တစ်လုံးရှိဖို့ လိုအပ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



(အမှန်က ထိုအချက်မှာ အကြောင်းပြခြင်း သက်သက်သာဖြစ်၏။) ဘာပဲ ဖြစ်ဖြစ် ဗီဒီယိုပြစက်တစ်လုံး ဝယ်နိုင်ဖို့ ငွေစုရပြန်လေသည်။

* * *

မြန်မာ့ရုပ်မြင်သံကြားတို့၊ မြဝတီတို့က အစီအစဉ်တွေ ကောင်းသည့်အခါ တီဗီကြည့်လိုက်၊ တစ်ခါတစ်လေ အခွေငှားကြည့်လိုက် ငြိမ့်နေကြသည်။

ဒီကြားထဲမှာ ဂြိုလ်တုရုပ်မြင်သံကြားဆိုတာ ခေတ်စားလာပြန်၏။ အိမ်မှာ စလောင်းတပ်ထားလျှင် အကြီးအသေးအလိုက် ဆက်သွယ်ရေး ဂြိုလ်တု လေးငါးဆယ်ခုအထိ ဖမ်းယူနိုင်သည်။ ဂြိုလ်တုတစ်ခုထဲကပင် အစီအစဉ်ပေါင်း များစွာကို ဖမ်းယူကြည့်ရှုနိုင်သည် ဆို၏။ အားလုံး ပေါင်းလိုက်သောအခါ နှစ်ဆယ့်လေးနာရီပတ်လုံး အချိန်မရွေး ကြည့်နိုင် လေသည်။ ရုပ်ရှင်တွေ၊ ကာတွန်းတွေ၊ စတီတ်ရှိုးတွေ၊ အားကစားပွဲတွေ ဗဟုသုတဖြစ်စရာတွေ၊ နောက်ဆုံးပေါ် ကမ္ဘာ့သတင်းတွေ တဝကြီး ကြည့်ရမည်။

သူက အသုံးတည့်သလို စရိတ်ကလည်း ကြီးသည်။ စလောင်း ဘူစတာ၊ ရစီဗာ စသဖြင့် တစ်စုံလျှင် လေးငါးသောင်းမှ သိန်းချီသည်အထိ ရှိသည်။ လိုင်စင်ကြေးကလည်း တစ်နှစ်အတွက် တစ်သောင်း နှစ်ထော ကျသည်။ ဒီတော့ လောလောဆယ်မှာ မတတ်နိုင်သေး။ စိတ်ကူးယဉ် လောက်နှင့်သာ ကျေနပ်ရသည်။

တခြားအချိန်တွေမှာ မေ့မေ့ပျောက်ပျောက် နေနိုင်သော်လည်း မြန်မာဘောလုံးအသင်း ပါဝင်သော အာရှပွဲတွေ ဂြိုလ်တုမှ တိုက်ရိုက် ထုတ်လွှင့်သည့်အခါမျိုးမှာကျတော့ 'စလောင်း မရှိတာ နာတယ်' ဟု မချင့်မရဲ ဖြစ်ရလေ၏။

* * *



ကျွန်တော့်ဇနီးသည် ရုံးသွားရုံးပြန် ဘတ်စ်ကားနှင့် သွားရသည်။ ကျောင်းသူ ဘဝကတည်းက ဘတ်စ်ကားတိုးစီးလာရသူဖြစ်၍ အလေ့အကျင့် ရနေပြီ။ သို့တိုင်အောင် တစ်ခါတစ်ခါ ဘတ်စ်ကား သိပ်ကြပ်တာမျိုးနှင့် ကြုံရလျှင်၊ ကားတွေ သိပ်သည်းနေလျှင်၊ နေပူကြဲကြဲမှာ အကြာကြီး ကားစောင့်ခဲ့ရလျှင် ညည်းညူတတ်၏။ နှုတ်က ဖွင့်မပြောသော်လည်း စိတ်ထဲတွင် 'ကားလေး တစ်စီးလောက်ရှိရင် ကောင်းမယ်' ဟု တောင့်တမိလိမ့်မည် ထင်၏။

ကျွန်တော့်ကလေးများမှာ မိုင်ဝက်ခန့်ဝေးသော ကျောင်းကို လမ်း လျှောက်သွားကြရ၏။ ခုခေတ်ကလေးတွေ သယ်ရသည့် စာအုပ်မှာ တနင့် တပိုးကြီး ဖြစ်၏။ ထမင်းဘူး၊ ရေဘူးထည့်ထားသော ခြင်းတောင်းကို တက်တစ်ဖက်က ဆွဲရသေးသည်။ အဖေဖြစ်သူ စာရေးဆရာ၏ အခြေအနေ ကို သိ၍ မပူဆာကြသော်လည်း 'ကားကလေးနှင့် ကျောင်းတက်ရရင် ကောင်းမှာပဲ' ဟု သူတို့ချင်း ကျိတ်၍ ပြောမိကြမှာ သေချာသည်။

ကျွန်တော်သည် ကားရူး ရူးနေသူတစ်ယောက် မဟုတ်ပါ။ မော်တော် ကားကို ဓိမ်ခံပစ္စည်းအဖြစ် သတ်မှတ်ခဲ့သူတစ်ယောက်လည်း မဟုတ်ပါ။ ကားဝယ်လိုက်လျှင် တစ်စင်းပဲ ပိုင်မည်။ မဝယ်ဘဲနေလျှင် ရှိသမျှ ဘတ်စ် ကားတွေ တက္ကစီတွေကို ကိုယ့်ကားလို သဘောထားလို့ရသည် ဟူ၍ပင် ပြောခဲ့သူဖြစ်၏။ ငယ်ကလည်း ငယ်သေးတော့ ဘတ်စကား တိုးစီးရတာ ပင်တောင် ပျော်စရာ မှတ်ခဲ့သေးသည်။ အရှိန်နှင့် ထွက်စပြုနေသော ဘတ်စ် ကားနောက်ကို ပြေးလိုက်ပြီး မမီမကမ်း ဇွတ်ခနဲ ခုန်တက်လိုက်ရတာများ ရင်ခုန်နေအောင် အရသာရှိ၏။

တစ်ချိန်က မော်တော်ကားတွေ ရှားပါးခဲ့သော်လည်း ခုချိန်မှာတော့ မော်တော်ကားဆိုသည်မှာ အထူးအခွင့်အလမ်း မဟုတ်တော့။ လူလတ် တန်းစားတွေတောင် ကားစီးနိုင်နေပြီ။ ကျွန်တော်က လူလတ်တန်းစား ထဲက အလယ်အလတ်အဆင့်မှာ ရှိသဖြင့် ကားတော့ မစီးနိုင်သေး။ ကား

www.burmeseclassic.com

www.burmeseclassic.com



စီးနိုင်အောင်ကြိုးစား စုဆောင်းနိုင်သည့်အခြေအနေတော့ အစပျိုးပြီဟု ဆိုရမည်။

တစ်ခါတစ်လေ ခရီးဝေးမှာနေသည့် မိတ်ဆွေ အပေါင်းအသင်းများ၏ သာရေးနာရေးကိစ္စမှာ လမ်းပန်းအခက်အခဲကြောင့် ပျက်ကွက်လိုက်ရလျှင် ကားမရှိတာ နာတယ် ဟု ရေရွတ်မိတတ်လေပြီ။

* * *

နွေရောက်လို့ ပူပြင်းခြောက်သွေ့ပြီး ချွေးသံတရွှဲရွှဲ ဖြစ်နေရသည့်အခါ ရေခဲသေတ္တာ အသေးစားလေးတွေ လျှော့ဈေးနှင့် ရောင်းတုန်းက မဝယ်လိုက်မိသည်ကို နောင်တ ရချင်သလို ဖြစ်မိ၏။

အိမ်မှာ ခုရှိနေသည့် ခေတ်ဟောင်းပုံစံ တယ်လီဖုန်းကလေးတောင် အဖေထားရစ်ခဲ့လို့ သုံးခွင့်ရနေသူက ဆယ်လူလာဆိုတာကို စိတ်ဝင်စားမိသေးသည်။ သို့ရာတွင် ငါးသိန်းလောက်ကျမယ်ဆိုတော့ ကိုယ်နှင့်လည်း သိပ်မကိုက်လှသေး။ မတော်တဆ ဘတ်စကားတွယ်စီးနေတုန်း ဆယ်လူလာဖုန်းက ခေါ်သံမြည်လာလျှင် ခက်မယ်မဟုတ်လား။

ခုတလော သတင်းစာထဲမှာ လေအေးစက်ကြော်ငြာတွေ ခဏခဏ ပါသည်။ နောက်ဆုံးပေါ် အမျိုးအစားတွေတောင် မြန်မာ့ဈေးကွက်သို့ ရောက်နေပြီဟု ဆို၏။ သို့ရာတွင် ကျွန်တော်အိမ်မှာ သံဇကာတွေတပ်ထားသော ပျဉ်ထောင်တစ်ပိုင်းအိမ်ဖြစ်၍ လေအေးစက်နှင့် မသင့်လျော်။ သင့်လျော်သည့်တိုင် ဝယ်တပ်နိုင်ဖို့ ဝေးသေးသည်။

လေအေးစက်သာမက ရေအပူပေးသည့်စက်တွေလည်း ခေတ်စား နေသည်။ ဆောင်းတွင်းဘက် သိပ်အေးသည့် ရက်များမှာ ရေစိမ်းချိုး နိုင်သဖြင့် ရေနွေးရော၍ ဖြစ်စေ၊ နေပူလှမ်း၍ ဖြစ်စေ ချိုးရသည်။ ...



...ခါ 'ရေအပူပေးတဲ့ စက်ဆိုတာ ဘယ်ဈေးလောက်ရှိမလဲ'ဟု တွေးမိတတ် သည်။ (တကယ်လည်း တွေးသည့် အဆင့်မှာသာ ရှိသေးသည်။ လောလော ဆယ်မှာတော့ အလကားရသည့် နေစွမ်းအင်ကိုသာ အားကိုးနေရသည်။)

* * *

...ကွန်ပျူတာဆိုတာကို စပြီး ကြားဖူးစဉ်ကတည်းက စိတ်ဝင်စားခဲ့သည်။ ...အလွန်ထူးခြား ထိရောက်ပြီး အသုံးဝင်သည့်ပစ္စည်းမှန်း သိခဲ့၏။ ကွန် ...ပျူတာက ဆောင်ရွက်ပေးနိုင်သော လုပ်ငန်းများမှာ မရေမတွက်နိုင်အောင် ...င် ဖြစ်၏။ နေရာတိုင်းမှာ ကွန်ပျူတာ မပါလျှင်မပြီးသလို ဖြစ်လာ၏။ ...သို့၏ နေ့စဉ်ဘဝမှာ တစ်ခုမဟုတ်တစ်ခုတော့ ကွန်ပျူတာနှင့် မကင်း ...င်ဟု ဆိုရမည်။

လူကြီးများသာမက ကလေးများ၏ ဘဝထဲမှာပင် သူက ဝင် ကြီး ...လာသည်။ ကွန်ပျူတာ ကစားနည်းများ ခေတ်စားလာခြင်းပင် ဖြစ်၏။

ကျွန်တော်သည် ကွန်ပျူတာကို စိတ်ဝင်စားခဲ့သော်လည်း ခုချိန် ...ိ မြင်ဖူးရုံသာ ရှိ၏။ ခလုတ်တစ်ချက်လောက်တောင် တစ်ခါမှ မနှိပ် ...သေး။ သူများရိုက်နေတာကိုတော့ ဘေးမှ ကြည့်ဖူးသည်။

စာမူတွေကို ကွန်ပျူတာနှင့် ရိုက်နေတာကြည့်ပြီး မချင့်မရဲဖြစ် ...၏။ ကွန်ပျူတာနှင့် စာရိုက်သည့်အခါ စာလုံးပုံစံမျိုးစုံ၊ အရွယ်အစား ...ကို ကိုယ်ကြိုက်သလို ပြောင်းလဲ ရိုက်နိုင်သည်။ စာကြောင်းတွေ၊ ...ပိုဒ်တွေ လိုသလို ရွှေ့နိုင်သည်။ စာပိုဒ်များ ဖြုတ်ပစ်ခြင်း၊ အစားထိုး ...ခြင်းများကို စက္ကန့်အနည်းငယ်အတွင်း ပြုလုပ်နိုင်သည်။ လိုသောအခါကျမှ ...ပြန်သုံးလို့ရအောင် ကွန်ပျူတာကို မှတ်ထားခိုင်းလို့ရသည်။

ဒါက ကွန်ပျူတာတစ်လုံးအဖို့ အဆင့်အနိမ့်ဆုံး လုပ်ဆောင်ရ ...သော ဖြစ်၏။ ကွန်ပျူတာနှင့် ပုံတူကူးတာ၊ ပုံဆွဲတာ၊ ဇယားချတာ၊

www.burmeseclassic.com

www.burmeseclassic.com



ပုံနှိပ်စက်အတွက် အရောင်ခွဲပေးတာ၊ ဓာတ်ပုံကူးဆေးပေးတာ စသည်တို့မှာ အသေးအဖွဲ့ကလေးများသာ ရှိသေးသည်။

ကွန်ပျူတာ၏ လုပ်ဆောင်ချက်များကို ကြည့်ပြီး သွားရည်ယိုမိ၏။ ဝတ္ထုတွေ ဓာတ်ညွှန်းတွေကို ကွန်ပျူတာနှင့် ရေးရလျှင် ကောင်းမှာပဲဟု ချဉ်ခြင်း တပ်မိခြင်း ဖြစ်၏။ သို့ရာတွင် ကျွန်တော့်ဆီမှာ ကွန်ပျူတာနှင့် တွဲတာဆိုလို့ သူငယ်ချင်းတစ်ယောက် လက်ဆောင်ပေးထားသော ဖုန်းနံပါတ်မှတ်လို့ရသည့် ဂဏန်းပေါင်းစက်ကလေးသာရှိ၏။

ဒီကြားထဲအင်တာနက်ခေါ် ကွန်ပျူတာကွန်ယက်စနစ် ပေါ်လာသည်။ ယင်းစနစ်ထဲပါဝင်ခွင့်ရလျှင် မိမိအိမ်မှ ကွန်ပျူတာကို ဖွင့်ပြီး ကမ္ဘာအနှံ့ တစ်ကမ္ဘာလုံးရှိ အဖွဲ့ဝင်ထားသော ကွန်ပျူတာများနှင့် ဆက်သွယ်လို့ရသွားပြီ ဖြစ်၏။

မိမိသိရှိလိုသော အချက်အလက်များ၊ စာအုပ်စာတမ်းများကို ကမ္ဘာ့စာကြည့်တိုက်ကြီးများရှိ ကွန်ပျူတာများသို့ ဆက်သွယ်တောင်းယူ ဖတ်ရှုနိုင်သည်။ ပုံမှန်ထုတ်လွှင့်နေသော သတင်းလွှာတွေကို ဖတ်နိုင်သည်။ မိမိဝါသနာပါရာ အကြောင်းအရာ တစ်ခုအကြောင်းကို အခြား ကွန်ပျူတာပိုင်ရှင်များနှင့် အခြေအတင် ဆွေးနွေးနိုင်သည်။ ကိုယ့်မှာ ဖြစ်ပေါ်နေသော ပြဿနာတစ်ရပ်ကို အင်တာနက်မှတစ်ဆင့် တင်ပြပြီး အကူအညီ အကြံဉာဏ်တောင်းခံနိုင်သည်။

အင်တာနက်အသုံးဝင်ပုံကတော့ ပြောမကုန်အောင်ပင် ဖြစ်၏။ ကမ္ဘာကြီး တစ်ခုလုံးကို ကိုယ့်အိမ်ထဲထည့်ထားရသလို နေလိမ့်မည်။ သွားရည်ယိုစရာကြီး ဖြစ်၏။ သို့ရာတွင် ကမ္ဘာကြီးကို အိမ်ထဲမထည့်ခင် ဆန်တစ်အိတ် အိမ်ထဲထည့်နိုင်ဖို့ အရင်ကြိုးစားရပေဦးမည်။

* * *



အခုကာလကတော့ ကျွန်တော်တို့မိသားစုမှာ ရိုးရိုးကုပ်ကုပ်၊ အေးအေးချမ်းချမ်း နေချင်ကြသူများသာ ဖြစ်၏။ သို့ရာတွင် တိုးတက်ပြောင်းလဲနေသော ခေတ်ကြီးမှာ နောက်ကျမကျန်ရစ်အောင် မမီမကမ်း ပြေးလိုက်နေရသေးသည်။

ခုချိန်မှာ ခေတ်မီမိသားစုဖြစ်ဖို့ လိုအပ်သော အသုံးအဆောင် အထောက်အကူပြုပစ္စည်းတွေက များပြားလွန်းလှသည်။ အဖေတို့ငယ်စဉ် ခေတ်ကလို ရေဒီယိုတစ်လုံးရှိရုံနှင့် လူတစ်လုံး သူတစ်လုံး မဖြစ်နိုင်တော့။

ခေတ်ကြီးကို ရင်ပေါင်တန်း လိုက်နိုင်ဖို့ ခုလောလောဆယ်လိုအပ်သည့် ပစ္စည်းကိရိယာ အပြည့်အစုံကို အသုံးပြုနိုင်သော လူတန်းစားမှာ အနည်းငယ်သာရှိသေးသည်။ လူသာမန်တို့အဖို့ လက်လှမ်းမမီနိုင်သေး။ ဒီတော့ ကျွန်တော်တို့လို လူများအဖို့ လိုက်လေဝေးလေ ဖြစ်နေမှာ မြင်ယောင်သေးသည်။

သိပ္ပံပညာဆိုသည်မှာ လူတို့ သက်သောင့်သက်သာ ဖြစ်နိုင်သမျှဖြစ်အောင် အစဉ်အမြဲ ကြိုးစားရှာဖွေ တီထွင်နေရသော ပညာရပ်ဖြစ်၏။ သိပ္ပံပညာ၏ အကူအညီဖြင့် အလုပ်တွေ တွင်ကျယ်လာပြီး အားလပ်ချိန်တွေ ပိုလာလိမ့်မည်။ လူမှုရေးကိစ္စ၊ အပန်းဖြေအနားယူနိုင်ရေးကိစ္စတို့အတွက် အချိန်တွေ ပိုထွက်လာလိမ့်မည်ဟု သိပ္ပံပညာရှင်များက မျှော်လင့်ခဲ့ကြသည်။

လက်တွေ့တွင် ထိုသို့ ဖြစ်မလာသေး။ လွန်ခဲ့သော နှစ်ပေါင်းများစွာက သတ်မှတ်ပြဋ္ဌာန်းခဲ့သော တစ်နေ့အလုပ်ချိန် ရှစ်နာရီမှာ လျော့မသွားသေး။ ပိုတိုးလာဖို့တောင် တာစူနေသည်။

ထိုအချက်ကို အထင်ရှားဆုံးသက်သေပြနေသည်မှာ ကွန်ပျူတာပင် ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ကွန်ပျူတာတစ်လုံးသည် လူတစ်ယောက် လုပ်နိုင်သည့် စွမ်းရည် ထက်အဆပေါင်း သန်းနှင့်ချီပြီး ပိုလုပ်နိုင်သည်။ ကွန်ပျူတာပညာရှင် တစ်ယောက်သည် အရင်က လပေါင်းများစွာ လုပ်ရမည့် အလုပ် ကွန်ပျူတာ အကူအညီဖြင့် မိနစ်ပိုင်းအတွင်း ပြီးအောင်လုပ်နိုင်သည်။

ထို့ကြောင့် ကွန်ပျူတာစက်ကိုင်သူတစ်ယောက်သည် တစ်လ တစ်နာရီထဲ အလုပ်လုပ်ဖို့လိုအပ်သည်ဟု ထင်လျှင် အမှားကြီးမှားလိ ရည်။ သူသည် တစ်နေ့တာလုံး ကွန်ပျူတာ ဖန်သားပြင်နှင့်မျက်နှာ မ တမ်း လုပ်နေရသည်။

ဒီလောက်မြန်အောင် လုပ်နိုင်စွမ်းရှိပါလျက် အလုပ်တွေက ဘ ကြောင့် ပိုများလာရသလဲ။ ဘာ့ကြောင့် အားလပ်ချိန်တွေ ပိုနည်းလာရသလဲ

ကွန်ပျူတာပညာရှင်များမှာ ရိုးရိုး သာမန် စာရေးဝန်ထမ်းတ ယောက်ထက် ကျန်းမာရေးပိုထိခိုက်သည်။ စိတ်ဖိစီးမှု ပိုများသည် ကြားဖူးသည်။

ဒီတော့ သိပ္ပံပညာက နည်းပညာသစ်တွေ ထပ်ထွင်လေ၊ လူ့ အလုပ်ပိုများလေ ဖြစ်လာနိုင်သည်။ ဒီအတိုင်းဆိုလျှင် မလွယ်ဘူး ထင်သည် လူနှင့် သိပ္ပံပညာကြားမှာ တစ်ခုခုများ လွဲချော်နေသလား။ အဖြေရှာကြည့် ကောင်းသည်။

သာမန် လူဦးနှောက်နှင့်တော့ စဉ်းစားဖို့ မလွယ်။ အဖြေ ကွန်ပျူတာနှင့် ရှာကြည့်ရ ကောင်းမလား။ ဒါဆိုလျှင်တော့ ထိုအဖြေ ကွန်ပျူတာ ပရိုဂရမ်တစ်ခုကို ရေးဆွဲထည့်သွင်းရန်အတွက် အလုပ် ရှုပ်ကြရပြန်ပေဦးမည်။

[ ကွန်ပျူတာတက္ကသိုလ်မဂ္ဂဇင်း ။ ။ ၁၉၉၇။ ]

## စာရေးသူ၏

## စာပေနှင့် ဘဝဖြစ်စဉ်

၁၉၅၄ ။စာရေးဆရာ ရှစ်ရှင်ဒါရိုက်တာ ဦးသာခု၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ညိုတို့မှ ရန်ကုန်မြို့၊ အမှတ် ၁၄၇၊ ၄၇ လမ်းတွင် မေလ ၁၈ ရက်၌ မွေးဖွားခဲ့။ မွေးချင်းလေးယောက်အနက် အငယ်ဆုံး။ အမည်ရင်း မောင်ဉာဏ်ပေါ်။

BURMESE CLASSIC

၁၉၅၉-၆၀ ။စိန့်ပေါ် အထက်တန်းကျောင်း (နောင် အထက ၆၊ ဗိုလ်တထောင်)၌ ပညာသင်ကြားခဲ့။

၁၉၆၀-၇၂ ။အထက ၁၊ သဃ်န်းကျွန်းကျောင်းသို့ ပြောင်းရွှေ့သင်ကြားပြီး အခြေခံပညာအထက်တန်းအောင်ခဲ့၊ စာပေဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ အတွင်းရေးမှူးနှင့် သိပ္ပံပညာအသင်း တွဲဖက်အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့။

၁၉၇၂-၇၇ ။ရန်ကုန်တက္ကသိုလ်တွင် တက်ရောက်သင်ကြားပြီး ဝိဇ္ဇာဘွဲ့ (ဒဿနိကဗေဒ)ကို ရရှိခဲ့။ တက္ကသိုလ်နံ့ရံကပ်စာစောင်နှင့် နှစ်လည် မဂ္ဂဇင်းတို့တွင် တောကျောင်းဘုန်းကြီးအမည်ဖြင့် ကဗျာများ ရေးသားခဲ့။ ၁၉၇၆ တွင် ရှပ်ရှင်ပဒေသာမဂ္ဂဇင်း၌ ဝတ္ထုတို စတင် ဖော်ပြခံရပြီး စာပေနယ်သို့ ဝင်ရောက်ခဲ့။ ကျောင်းပြီးရင်း စာအုပ်ထုတ်ဝေရေးလုပ်ငန်း လေ့လာလုပ်ကိုင်ခဲ့။

www.burmeseclassic.com

www.burmeseclassic.com

၁၉၇၇ ။ပထမဆုံးလုံးချင်းဝတ္ထု 'ပန်းကျောင်း' ကို ရေးသားထုတ်ဝေခဲ့။

၁၉၇၈ ။'အချစ်လားဟော့ဝင်ခဲ့လေကွယ်' ကဗျာစာအုပ်။
ဖခင် ဦးသာရ၊ အစ်ကိုများဖြစ်သော မောင်ဝဏ္ဏ၊ သုမောင်တို့နှင့် တွဲဖက်၍ သာရ အင် ဆန်း(စ) စာအုပ် ထုတ်ဝေခဲ့။

၁၉၇၉ ။ချစ်သောပန်းကလေး။
သူငယ်ချင်း ကဗျာဆရာများနှင့် တွဲဖက်၍ ကဗျာစာအုပ်များ။

၁၉၈၁ ။စန်းစန်းအောင် (တက္ကသိုလ်စာကြည့်တိုက်ဝန်ထမ်း)နှင့် လက်ထပ်ခဲ့၊ သမီး နှစ်ဦး ထွန်းကားခဲ့။
အချစ်သည် သက်တော်ရာကျော်ရှည်ပါစေသတည်း။
ငှက်ကလေး ... စာအုပ်များ ထုတ်ဝေခဲ့။

၁၉၈၂ ။နှစ်ကိုယ်ခွဲ

၁၉၈၃ ။သံယောဇဉ်အဖွဲ့၊ မိညီမ

၁၉၈၄ ။လွှမ်းရအောင်

၁၉၈၅ ။ကျွန်တော်ကျွန်မတို့သည်*၊ အချစ်အလွမ်း စွန့်စားခန်း။

၁၉၈၆ ။သူကလည်းသူ ကျွန်တော်ကလည်း ကျွန်တော်၊ မင်းမဆိုးပါဘူး၊ သူတို့ ပျော်ကြလေပြီ၊ ခုနစ်စဉ်အလွမ်း*။

၁၉၈၇ ။ချစ်မှာလားကွယ်ကြိုက်မှာလားကွယ်*၊ မေးစမ်းပါရစေ တိုးတိုးတိတ်တိတ်ရယ်သုံးနားညီ၊ ရယ်စရာ မောစရာ *။

၁၉၈၈ ။ရင်ခုန်သူများ။

၁၉၈၉ ။ရင်ထဲကဆောင်းရာသီ*၊ ဖော်ကွာဝေး။

၁၉၉၀ ။ဘာမှမတတ်နိုင်ဘူး၊ သူငယ်ချင်းတစ်ယောက်အကြောင်း။

၁၉၉၂ ။ဗီဒီယိုနှင့် ရုပ်ရှင်ဇာတ်ညွှန်းများ စတင်ရေးသား။

၁၉၉၄ ။အချစ်ရူးကြီး ရူးတော့သည်။

၁၉၉၅ ။လမ်းဖြတ်ကူးသောဝတ္ထုတိုများ၊ လွန်လေပြီးသောနှလုံးသား (မဂ္ဂဇင်းဝတ္ထုရှည်များ)

၁၉၉၆ ။ငိုအားနှင့်ရယ်အား၊ အချစ်သက်သက်ဝတ္ထုတိုများ၊ အတွေ့လေးရယ်မှ အိုအကြွေ*။

၁၉၉၇ ။ရင်မောခြင်းနှင့် ရယ်မောခြင်း။

၁၉၉၉ ။ပြောတိုင်းယုံတဲ့ ပုတ်သင်ညို၊ ယမကာလုလင်၊ ရယ်မောခြင်းလက်ရွေးစင်။

၂၀၀၀ ။အခြားဝတ္ထုတိုများ၊ ရေတမာ၊ အမည်မဖော်လိုသူအချစ်။

၂၀၀၁ ။စာပေလေလံပွဲ ။
ယခုအခါ မိသားစုနှင့်အတူ သဃ်န်းကျွန်း၊ သာဓုခြံရှိ မိခင်၏နေအိမ်တွင် နေထိုင်ရင်း ဝတ္ထု၊ ကဗျာ၊ အက်ဆေး၊ ဇာတ်ညွှန်းများရေးသားလျက်ရှိသည်။

[* ရုပ်ရှင်ဇာတ်ကားကြီးအဖြစ် ရိုက်ကူးခဲ့ပြီး အများစုကို ကိုယ်တိုင်ဇာတ်ညွှန်းရေးခဲ့သည်။]

www.burmeseclassic.com